
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက် | ၅၀၁၀၉၄၀၆၀၈ |
| မျက်နှာဖုံးခွင့်ပြုချက် | ၅၀၁၀၆၇၀၆၀၉ |
| အကြိမ် | ပထမအကြိမ်<br>၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၁၅၀/- |
| ထုတ်ဝေသူ | ဒေါ်ကေခိုင်ဦး (မြဲ-၀၃၇၆၉)<br>ရွှေသမင်စာပေ<br>၃၇၊ ၄၄-လမ်း၊<br>ဗိုလ်တထောင်မြို့နယ်၊<br>ရန်ကုန်တိုင်း။ |
| အတွင်း/အဖုံးပုံနှိပ်သူ | ဒေါ်မြင့်မြင့်ကြူ (မြဲ-၀၈၁၀၈)<br>မိုင်းကောင်းကင် အော့(ဖ်)ဆက်<br>အမှတ်(၁၂၀)၊ ၃၈/လမ်းအောက်၊<br>ကျောက်တံတားမြို့နယ်။ |




## ဒေသနလက်ဆောင်

လူတစ်ယောက် ဖြစ်လာလျှင် လူသိသော အမှားများရော၊ လူမသိသည့် အမှားများကိုပါ ကျူးလွန်ဖူးကြသည်။ သို့သော် ထိုအမှားများကို အရင်းတည်ပြီး အောင်မြင်မှုရ ရန် လုပ်နိုင်ဖို့ အရေးကြီးလှပေသည်။

မိမိသည်သာ ကိုးကွယ်ရာ... မိမိကိုယ်မိမိ အားကိုးချင်သော စိတ်ကို ရှင်သန် ကြီးထွားအောင် မလုပ်မချင်း ဘယ်တော့မှ သင်လိုချင်သည့် ပန်းတိုင်သို့ ရောက်မည် မဟုတ်ပေ။

မာနတရားသည် ပျက်စီးခြင်း၏ အကြောင်းတစ်ခုဖြစ်၏။ ထိုအခါ အသိဉာဏ်ဖြင့် ဖယ်ရှားရပါမည်။ အသိဉာဏ် ကြွယ်ဝမှုနှင့် မာနတရားသည် ဘယ်သော အခါမှ အတူတွဲ၍ မနေပေ။

အကြင်နာတရားရှိမှု...၊
မေတ္တာတရားကို အလေးထားမှု...၊
သစ္စာကို တန်ဖိုးထားမှုများအပြင်...
ဘဝတစ်ခုအတွက် ခိုင်မာမှု ရနိုင်ရန် ကြိုးစားမှုများသည် သင်လိုချင်သည့် 'အချစ်ဆိုသောအရာ'ကို ရရှိနိုင်သော နည်းလမ်းကောင်းများပင် ဖြစ်၏။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အများအားဖြင့်တော့ အပူဒဏ်ခံနိုင်တဲ့ ပန်းတွေဟာ ကြာရှည်ခံလေ့ ရှိပါတယ်။
လူ့ဘဝမှာလည်း ဘဝကြမ်းတဲ့လူတွေဟာ လောကခံရဲ့ ဒဏ်ကို ကြံ့ကြံ့ခံနိုင်ကြပါတယ်...။

ရွှေတစ်ခက်နဲ့ အမောမပြေနိုင်ပေမယ့် ရေတစ်ခွက်နဲ့တော့ အမောပြေနိုင်ပါတယ်။

ကိုယ့်အပေါ် မကောင်းတဲ့လူကို ခွင့်လွှတ်နိုင်ပေမယ့် ကိုယ့်ထက်သာတဲ့လူကို မုဒိတာ ထားနိုင်ဖို့ကတော့ ခက်ခဲလှပါတယ်။

လောကကြီးတွေရဲ့သဘောက အနိမ့်ဆုံးနေရာနဲ့ အမြင့်ဆုံး နေရာကို ဆက်သွယ်ပေးထားတာပါ။
တက်ဖို့ ဆင်းဖို့အတွက် ရွေးချယ်ဖို့ကတော့ သင့်တာဝန်ပါပဲ။

အလှမ်းစကားတွေကို ပန်းတံတားပေါ်မှာ ပြောချင်သူထက် တစ်ဘဝမ်းတစ်ခါးအတွက် အကြမ်းစားလုပ်နိုင်သူကိုသာ ရွေးချယ်လိုက်ပါ။





သင်ရောက်ချင်တဲ့နေရာကို သင့်ဘာသာ ရှာယူရတာပါ။ သူတစ်ပါးပေးတဲ့ နေရာဆိုတာ နိုင်ငြိမ်မှု မရှိပါဘူး။

နေအထွက်မှာ ရွှေခွက်နဲ့ ခံတာထက်
ရေအတက်မှာ လှေထွက်နိုင်ရင် ပင်းစာ ရနိုင်ပါတယ်။

ဘဝဆိုသော ကံကြမ္မာလှည်းဘီးကြီး (Lifes Great Wheel of Fortune) သည် သူ့တာဝန်က မှန်မှန် လည်ပတ်နေခြင်း ဖြစ်သည်။
အလှည့်ကျရန် စောင့်ဖို့ကတော့ ကြိုတင်ပြင်ဆင်မှုများဖြင့် အဆင်သင့်ရှိရန် လိုပါသည်။

အချို့သည် အခက်အခဲတစ်ခုနှင့် တွေ့ဆုံလိုက်ရုံနှင့် လျင်မြန်စွာ လက်မြှောက် အရှုံးပေးလိုက်ကြသည်။
အကြောင်းမှာ မိမိမှာရှိသော အရည်အသွေးနှင့် စိတ်ဓာတ်အင်အားကို မေ့လျော့နေခြင်းကြောင့်သာ ဖြစ်ပေ သည်။



www.burmeseclassic.com

www.burmeseclassic.com



# ပါဝင်သောအခန်းများ


အခန်း (၁) လျှို့ဝှက်သော လူသတ်ကောင်

အခန်း (၂) သံသယ သားကောင်

အခန်း (၃) ဗိညာဉ် ပုံရိပ်ပေလော

အခန်း (၄) ဝံပုလွေတောင်မှ ဝံပုလွေများ

အခန်း (၅) ကိုးသချိုင်းမှ အကူအညီပေးသူ

အခန်း (၆) မာယာ ထောင်ချောက်

အခန်း (၇) ပဟေဠိဆန်သော မိန်းကလေး

အခန်း (၈) ပင့်ကူနက်နှင့် ထူးဆန်းသော အဘိုးအို

အခန်း (၉) သွေးလွှမ်းသောည

အခန်း (၁၀) တောင်ညိုတောင်တန်းမှ ပဟေဠိကွင်းဆက်များ

အခန်း (၁၁) ဝံပုလွေများနှင့်နေသူ

အခန်း (၁၂) အမြုတေနှင့် ကိုးသချိုင်းသံစား

အခန်း (၁၃) ထူးဆန်းသော သံစားကျောက်နှင့် ကြမ္မာဆိုး

အခန်း (၁၄) ကိုးသချိုင်းစားနှင့် အားသစ်အလင်းရောင်များ

အခန်း (၁၅) သားရဲတွင်းမှ အကျဉ်းသား

အခန်း (၁၆) မန္တရိယနိဂုံး






အခန်း [၁]

## လျှို့ဝှက်သော လူသတ်ကောင်

ယခုတလော ဆန်ဂေါင်ရွာနှင့် အနီးအနားတစ်ဝိုက်တွင် သတင်းဆိုးတစ်ခု ရောက်လာသောကြောင့် တောင်ပေါ်တက်ကာ အသက်မွေးဝမ်းကျောင်း ပြုသောလူများအဖို့ အထိတ်ထိတ် အလန့်လန့် ဖြစ်နေကြရသည်။

တကယ်တော့ စပ်ဖန္ဒယ်လုံ တောင်ကြီးသည် ဆန်ဂေါင်ရွာသာမက အနီးဝန်းကျင် တစ်ဝိုက်မှ ရွာသူ၊ ရွာသားများအတွက်ပါ ရိက္ခာသိုလှောင်ရာ နေရာတစ်ခုဆိုက မမှားပေ။ ဆန်ဂေါင်ရွာမှာ တောင်ခြေတစ်ဝိုက်တွင် နေကြသော ရွာများအနက် အိမ်ခြေအများဆုံးရှိသော ရွာကြီးတစ်ရွာ ဖြစ်သည်။

အိမ်ခြေ တစ်ရာကျော် နှစ်ရာနီးပါးရှိကာ စည်ကားလှသော ရွာကြီးတစ်ရွာ ဖြစ်သည်။

www.burmeseclassic.com



ထိုရွာ၌ နေထိုင်ကြသူအများစုမှာ သစ်လုပ်ငန်း လုပ်သူများ၊ အမဲလိုက်သူများ၊ သစ်ခွပန်းနှင့် ဆေးမြစ်၊ ဆေးဥ ရှာဖွေကြသူများ၊ ရွှေတူးသူ၊ ကျောက်ရှာသူ စသည်ဖြင့် အများအပြား နေထိုင်ကြသည်။

ထို့ပြင်...

ရွာနှင့်မနီးမဝေး အရှေ့ဘက်တောင်ကုန်းပေါ်မှာ အစိုးရ သစ်လုပ်ငန်းမှ သစ်တောရုံး တစ်ရုံးလည်း ရှိပေသည်။ ထိုရုံးရှိသဖြင့်လည်း ဆန်ဂေါင်ရွာမှာ ပိုမိုစည်ကားသည်ဆိုက မှားပေ။

ထိုရုံးတွင် စခန်းရုံးတာဝန်ခံ ကိုအောင်နိုင် ဆိုသူနှင့် သစ်တောရုံးဝန်ထမ်း နှစ်ဆယ်ခန့် နေထိုင်ကြသည်။

ကိုအောင်နိုင်မှာ အသက်သုံးဆယ်ကျော် အရွယ်ခန့် ရှိပြီး ဘွဲ့ရ ပညာတတ် လူငယ်တစ်ဦးဖြစ်ပြီး ပုသိမ် သလပ်ခွာ သစ်တောစခန်းမှ ရွှေ့ပြောင်းလာခဲ့သူ ဖြစ်သည်။

ဆင်ဖနွယ်လို တောင်ကစ်ကြောရှိ သစ်တောများတွင် ကျွန်း၊ ပျဉ်းကတိုး သစ်များသာမက အများအားဖြင့် အထွက် များသောသစ်မှာ 'ကျိုးလန်'သစ် ဖြစ်သည်။ ကျိုးလန်သစ် ကို ခမ်းတီး ရှမ်းဘာသာစကားဖြင့် 'မိုင်းခြစ်' ဟုလည်း ခေါ်သည်။

ထိုကျိုးလန်သစ်အပြင် သစ်ပျော့အမျိုးအစား ဖြစ်သော အခြားသစ် များစွာတို့အပြင် ငိုင်ခနွာ ဟုခေါ်သည့် သစ်မှာ





တစ်မျိုးကိုလည်း ထိုနယ်တစ်ပိုက်မှလူများ အသုံးများကြ လေသည်။

ဆန်ဂေါင်ရွာမှ လူအပေါ်များများမှာ ရာသီဥတု မကောင်း၍ တောင်ပေါ် မတက်နိုင်သော အချိန်များတွင် သစ်တောအလုပ်များကို ဝင်ရောက် လုပ်ကိုင်ကြသည်။

ယခင်ကတော့ တောင်ပေါ်တက်ကြသူများမှာ သာမန် အနှောင့်အယှက် အန္တရာယ်များသာ ရှိကြသော်လည်း ယခုနှစ် ပိုင်း ကာလအတွင်းမှာ မမျှော်လင့်ဘဲ ဝင်ရောက်လာသည့် အန္တရာယ်ဆိုးကြီး တစ်ခုကြောင့် လူအသေအပျောက်များ ရှိလာခဲ့သည်။

ပထမတော့ တောင်ပေါ်တက်ရင်း သာမန်အန္တရာယ် များနှင့်တွေ့ကာ သေဆုံးခဲ့ကြသည်ဟု ထင်ကြသော်လည်း နောက်ပိုင်း၌ သေပုံသေနည်းနှင့် ဒဏ်ရာ ဒဏ်ချက်များ ရှုံ့ ရနည်းမှာ တစ်ပုံစံတည်း၊ တစ်ထေရာတည်း တူနေသည်ကို သတိပြုမိကြသောအခါ လူသတ်တရားခံမှာ တစ်စုံတစ်ယောက် တည်း ဖြစ်ရမည်ဟု ခန့်မှန်းမိကြသည်။ ဒါဖြင့် လူသတ်တရားခံ က ဘယ်သူလဲ။

ဘာကြောင့် လူတွေကို လိုက်သတ်နေတာလဲ ဟူသော အဖြေကို အားလုံးက သိချင်ကြသော်လည်း ယခုအချိန်ထိ အားလုံးက မသိရသေးသော ပြဿနာတစ်ခု ဖြစ်နေသည်။

သို့ကြောင့်...



www.burmeseclassic.com

www.burmeseclassic.com



ရွာလူကြီး ဦးထန်ဖုန်းရှိန်ကပင် တောင်ပေါ်တက်မည့်သူ၊ တောထဲ ဝင်မည့်သူများကို အစစအရာရာ သတိ ဝီရိယနှင့် လုပ်ကိုင်ကြရန် ခေါ်ယူ သတိပေးရလေသည်။

"အခု တောင်ပေါ်တက်တဲ့လူတွေ မကြာခဏ အသေအပျောက် ဖြစ်နေကြတယ်၊ ဘာကြောင့်သေတယ်၊ ဘယ်သူသတ်တယ်ဆိုတာကို အခုထိ အဖြေမသိရသေးပေမယ့် တစ်စုံတစ်ယောက်ရဲ့ လက်ချက် ဆိုတာကတော့ သိသာနိုင်တယ်"

"ဟုတ်တယ် ဆလိုင်း၊ သေတဲ့လူတွေ ကြည့်ရင် တစ်ကိုယ်လုံး ဓားထက်ထက်နဲ့ ခွဲထားသလို ရုပ်ပျက်ဆင်းပျက် ဖြစ်ပြီး သေကြတာပဲ"

"ဒဏ်ရာတွေကြည့်ရတာ တိရစ္ဆာန် တစ်ကောင်ကောင်ရဲ့ လက်ချက်ရော မဖြစ်နိုင်ဘူးလား"

"ကျားကိုက်တာ၊ ဆင်ထိုးတာ၊ ကျားသစ်ချီတဲ့ ဒဏ်ရာမျိုး မဟုတ်တာတော့ သေချာတယ်"

"ဝံကုတ်တာရော မဖြစ်နိုင်ဘူးလား"

"ဒဏ်ရာတွေက ဓားနဲ့ မွှန်းခွဲထားတာမျိုး ဆိုတော့ ဝံကုတ်တဲ့ လက်သည်းရာမျိုး ဖြစ်နိုင်သလို ဝက်တောင်းပက်တဲ့ အစွယ်ချက်မျိုးလည်း ဖြစ်နိုင်တယ်"

"ထားပါတော့... ဝံကုတ်တာပဲဖြစ်ဖြစ်၊ ဝက်တောင်းပက်တာပဲဖြစ်ဖြစ် ဘာကြောင့် ဒီလို လူတွေကို အကြောင်းမဲ့ လိုက်သတ်နေတာလဲ"





"အဲဒါကတော့ ဘယ်သိနိုင်မှာလဲ"

ထိုကဲ့သို့ တစ်ယောက်တစ်မျိုး ပြောနေကြသော်လည်း တိကျသော အဖြေကိုတော့ ဘယ်သူမှ မသိကြသေးပေ။

သို့ကြောင့်...

တောင်ပေါ် တက်မည့်သူ၊ တောဝင်မည့် သူများကို ၎င်းတို့၏ သက်ဆိုင်ရာ မိသားစုများက စိတ်မချနိုင်အောင် ဖြစ်နေကြလေသည်။

"တောင်ပေါ် တက်ရင်လည်း သတိ ဝီရိယထားပြီး လုပ်နော်၊ အခုတလော လူသတ်သမားက ဘယ်ကနေ ဘယ်လို ရောက်လာတယ် မသိဘူး၊ လူတွေကို တစ်ယောက်ပြီး တစ်ယောက် လိုက်သတ်နေသတဲ့"

"တောထဲမှာ သစ်ချသွားရင် လူသတ်သမားကို ဂရုစိုက်နော်၊ တော်ကြာ အရှင်လတ်လတ် ငါးခြောက်ခွဲသလို အခွဲခံရပြီး သေနေဦးမယ်"

ဟု သတိပေးကြသဖြင့် တောင်ပေါ် တက်မည့်သူ၊ တောဝင်မည့် သူများမှာ ယခင်ကကဲ့သို့ တစ်ယောက်ချင်း၊ နှစ်ယောက်ချင်း စွန့်ပြီး မတက်ဝံ့ကြတော့ဘဲ တောင်ပေါ်တက်ရင်လည်း အဖွဲ့လိုက်၊ တောထဲဝင်လျှင်လည်း အဖွဲ့လိုက် သွားလာကြရလေ့သည်။

ဆန်ဂေါင် ရွာသည် လူဦးရေ များပြားသည်က တစ်ကြောင်း၊ ဒေသထွက်ကုန်များ ပေါများ စည်ပင်လှသဖြင့်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အခြားဒေသမှ ကုန်သည်များ အဝင်အထွက်များသော နေရာလည်း ဖြစ်သည်။ ပြည်မဘက်မှလာသော ကုန်သည်များ အပြင် ပြည်ပနိုင်ငံများဖြစ်သော တရုတ် နယ်စပ်ဘက်မှ ကုန်သည်များနှင့် အိန္ဒိယနယ်စပ်ဘက်မှ ကုန်သည်များလည်း မကြာခဏဆိုသလို လာရောက်ပြီး ဒေသထွက် ပစ္စည်းများကို ဝယ်ယူကြလေသည်။

နွေဦးပေါက်ရာသီ ရောက်လာလျှင် စပ်ဖန္ဒယ်လုံ တောင်တန်းကြီးများပေါ်မှာ ရေခဲများ ပျော်ကျလာချိန် ရောက်လျှင် တောင်ပေါ်တက်ပြီး သဘာဝပစ္စည်းများ ရှာဖွေကြသူများပြားလေသည်။

ခန်းတောက်မြစ်၊ မချစ်ဥ၊ ရှီးပဒီး၊ အဆက်ကလူစီ ဆေးပင်၊ နွယ်ချို၊ ကရဝေး၊ သစ်မွှေး၊ သစ်ခွ၊ ပျားရည်၊ ကတိုးမွှေး အစရှိသော ဒေသထွက်ကုန်များမှာ အစဦးသဖြင့် ရေခဲများ ဖုံးလွှမ်းနေသည့် တောင်တန်းများပေါ်မှာ ရေခဲများ ပျော်ကျလာချိန်တွင် ပေါ်လာလေ့ရှိသည်။

ထိုသို့ ပစ္စည်းများ ရှာဖွေရချိန်တွင် စီးပွားရေး အကွက်မြင်သော ကုန်သည်များ ရောက်လာကြပြီး ၎င်းတို့ထံမှ ပါလာသော ပစ္စည်းများနှင့် ဒေသထွက်ကုန်များကို လဲလှယ်ယူကြလေသည်။

အချို့ကလည်း ငွေဖြင့် ဝယ်ယူကြသည်။

မည်သို့ပင်ဖြစ်စေ...





ကုန်သည်များက ၎င်းတို့အတွက် အမြတ်များများကျန်အောင် ဈေးနှိမ်ပြီး ဝယ်ယူလေ့ ရှိကြသည်။

ပစ္စည်းချင်း လဲလျှင်လည်း ၎င်းတို့ယူလာသော ပစ္စည်းများကို အဆမတန် ဈေးတင်ထားပြီး ဒေသထွက်ကုန်များကို ဈေးနှိမ်၍ လဲလှယ်ယူကြခြင်း ဖြစ်သည်။

ကုန်သည်များက အဝတ်အထည်၊ အစားအသောက်၊ အရက်နှင့် အခြားအသုံးအဆောင် ပစ္စည်းများကို ယူလာပြီး ဒေသခံထွက်ကုန်များနှင့် ပစ္စည်းချင်းထပ်ကာ လဲလှယ်ယူကြသည်။

ရွာသူ ရွာသားများကတော့ ပြောသမျှဈေးကို နည်းသည်များသည်ဟု မသိကြဘဲ ၎င်းတို့လိုချင်သော ပစ္စည်းများရလျှင်ပြီးရောဟု သဘောထားကာ လဲယူကြသည်။

အဘယ်ကြောင့် ဆိုသော်...

၎င်းတို့ထံမှ ဒေသထွက်ကုန်များက တောင်ပေါ်တက်ပြီး လုပ်အားစိုက်ရုံဖြင့် ရနိုင်သောကြောင့် ဖြစ်သည်။

ယခုလည်း ကုန်သည်တစ်ဖွဲ့သည် ဆန်ဂေါ်ရွာသို့ လာစဉ် လမ်းခရီး၌ ကြောက်မက်ဖွယ်ကောင်းသော အန္တရာယ်တစ်ခုနှင့် ရင်ဆိုင်ခဲ့ကြလေသည်။

၎င်းတို့သည် အိန္ဒိယနယ်ဘက်မှ ဖွန်ဂန် တောင်ကြားလမ်းမှ ဖြတ်ကာ ဆန်ဂေါ်ရွာဘက်သို့လာစဉ် လမ်း၌ ခရီးတစ်ထောက်နားနေစဉ် ညဘက်ရောက်သောအခါ စေနုးထဲသို့

www.burmeseclassic.com

ကြောက်မက်ဖွယ်ရာ ကောင်းလှသည့် လူသတ်ကောင်ကြီး ဝင်လာပြီး လူအတော်များများကို သတ်ဖြတ်သွားလေသည်။ ကုန်သည်အဖွဲ့၌ သေနတ်နှစ်လက်လောက် ပါလာသော်လည်း ၎င်းတို့လည်း ပစ်ခွင့်မသာပေ။

ထိုလူသတ်ကောင်ကြီးကို ပစ်ရန် သေနတ်ပြင်လိုက်စဉ်မှာပင် ဘယ်နေရာမှ ရောက်လာမှန်းမသိရသော အဆိပ်လှံမြားနှစ်ချောင်းက သေနတ်သမားများကို ဝင်ရောက် ထိမှန်ပြီး လဲကျသွားရာ ဘယ်လိုမှ မတတ်နိုင်တော့ဘဲ လူအတော်များများ သေဆုံးသွားခြင်း ဖြစ်သည်။

မသေဘဲ ကျန်ရစ်သူများလည်း ကြောက်လန့်တကြားဖြင့် ထွက်ပြေးသွားကြလေသည်။

တောင်ပေါ်မှာ ကုန်သည်အဖွဲ့ သေဆုံးနေသည်ကို ဆေးမြစ်၊ ဆေးဥ ရှာဖွေသော လူတစ်စုက တွေ့သဖြင့် ရွာလူကြီး ဦးထန်ဖုန်းရှိန်ကို လာရောက် အကြောင်းကြားကြလေသည်။

ဦးထန်ဖုန်းရှိန်ကလည်း အခြေအနေကို မေးမြန်းပြီး သာမန်သေဆုံးခြင်း မဟုတ်ဘဲ အခြားတစ်စုံတစ်ခု ပယောဂကြောင့် သေဆုံးသည်မှန်း သိသောအခါ ပူတာအို ဂတ်တဲစခန်းသို့ အကြောင်းကြားလိုက်ရာ ဌာနာအုပ် ဦးထင်ကျော်ကိုယ်တိုင် လိုက်လာလေသည်။

၎င်းနှင့်အတူ ပုလိပ်အချို့လည်း ပါလာလေသည်။





ဦးထင်ကျော်တို့က ဆန်ဂေါင်ရွာသို့ ရောက်သောအခါ ရွာလူကြီး ဦးထန်ဖုန်းရှိန် အိမ်မှာပဲ စတည်းချလေသည်။

"ဘယ်လိုလဲ ဆလိုင်း၊ ခင်ဗျားတို့ နယ်ထဲမှာလည်း လူသေမှု၊ လူသတ်မှုတွေကလည်း မကြာခဏ ဖြစ်နေပါလား"

ဟု ခရီးရောက်မဆိုက် အပြစ်တင်သော လေသံမျိုးဖြင့် ပြောလိုက်လေသည်။

"ကျုပ်လည်း ဘယ်လို ပြောရမှန်းတောင် မသိတော့ပါဘူး ဌာနာအုပ်မင်းရယ်၊ ဒီနှစ်ပိုင်းတွေမှာ ကျုပ်တို့နယ်ဘက်က လူတွေ ကြမ္မာဆိုးတွေ ဝင်နေသလိုပါပဲ၊ မကြာခဏ အဖြစ်ဆိုးတွေနဲ့ ကြုံနေရတယ်"

"ဒါတွေက ဒီနယ်ခံလူကြီးတွေက ဂရုစိုက်ရမှာ မဟုတ်ဘူးလား"

"ကျုပ်တို့လည်း ဂရုစိုက်ကြတာပါပဲဗျာ၊ ရွာကလူတွေဆိုရင် တစ်ယောက်ချင်း၊ နှစ်ယောက်ချင်း တောင်ပေါ်မတက်ဖို့ တောထဲမဝင်ဖို့ မှာထားပါတယ်၊ အခုဖြစ်တာ တခြားနယ်က ဝင်လာတဲ့ လူတွေဖြစ်တာဆိုတော့ ကျုပ်တို့လည်း မတတ်နိုင်အောင် ဖြစ်နေပြီ၊ ဒါကြောင့် အရေးရှိတာနဲ့ ဌာနာအုပ်မင်းတို့ကို လှမ်းပြီး အကြောင်းကြားရတာပေါ့"

"ကဲ... ဒီလိုဆိုရင်လည်း အခင်းဖြစ်တဲ့နေရာ လိုက်သွားကြရအောင်"


www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောကာ ဦးထင်ကျော်နှင့် ပုလိပ်အဖွဲ့သားများ၊ ဦးထန်ဖုန်းရှိန်နှင့် ရွာသူ၊ ရွာသားအချို့တို့ တောင်ပေါ် တက်လာကြလေသည်။

အလောင်းများကို အရင်ဆုံးတွေ့သော ရွာသားကိုပင် လမ်းပြခိုင်းလေသည်။

အလောင်းများတွေ့သော နေရာမှာ ဖွန်ဂန်တောင်ကြား လမ်းနှင့် မနီးမဝေး စပ်ဖန္ဒယ်လုံ တောင်ခြေတစ်နေရာတွင် ဖြစ်သည်။

ထိုအချိန်တွင် နှင်းများ ကျနေသောကြောင့် တောင်ခြေ တစ်ဝိုက်မှာ နှင်းသားများ ဖုံးလွှမ်းနေလေသည်။

အလောင်းများကိုပင် နှင်းများက အချို့တစ်ဝက် ဖုံးအုပ်ထားလေပြီ။ သေဆုံးနေသူမှာ ငါးယောက် ဖြစ်သည်။

သုံးယောက်က တစ်နေရာ၊ နှစ်ယောက်က တစ်နေရာ ဖြစ်သည်။ ထိုနှစ်ယောက်၏ အနားတွင် အမဲပစ် ရိုင်ဖယ် သေနတ်နှစ်လက်ကို တွေ့ရသည်။

ဦးထင်ကျော်က သေနတ်နှစ်လက်ကို သိမ်းယူလိုက်ပြီး သေဆုံးနေသူ နှစ်ယောက်ကို အသေအချာ စစ်ဆေးကြည့်သောအခါ ၎င်းတို့ ကျောပြင်တစ်နေရာ၌ ခြောက်လက်မခန့် အရှည်ရှိသည့် မြားတံ တစ်ချောင်းစီ စိုက်ဝင်နေလေသည်။ ဦးထင်ကျော်က လက်အိတ်ကိုစွပ်ပြီး ထိုမြားတံနှစ်ချောင်းကို နုတ်ယူလိုက်သည်။





မြားတံ ထိပ်ဖူးတစ်ဝိုက်တွင် ကပ်နေသော သွေးများမှာ အနီရောင် မဟုတ်တော့ဘဲ မည်းနက်နေသည်။

"ဒါ... အဆိပ်လူးမြားပဲ၊ မြားထိပ်မှာ သုတ်ထားတဲ့ မြားဆိပ်ဟာ ဘယ်လိုအဆိပ်မျိုးလဲ ဆိုတာတော့ မသိနိုင်ဘူး၊ မြို့မှာဆိုရင်တော့ ဓာတုဗေဒနဲ့ ဓာတ်ခွဲကြည့်ရင်တော့ သိနိုင်တယ်"

ထိုသို့ပြောသဖြင့် တစ်ချိန်က မုဆိုးအလုပ်ကို လုပ်ခဲ့ပြီး မြားဆိပ်အမျိုးမျိုးကို ဖော်စပ် အသုံးပြုခဲ့သည့် ဦးထန်ဖုန်းရှိန်က ယူပြီး အသေအချာ ကြည့်သော်လည်း မည်သည့် အဆိပ်မျိုးမှန်း မသိပေ။

"အင်း... ဒီမြားတံထိပ်ဖူးမှာ သုတ်လိမ်းထားတဲ့အဆိပ်က အတော်ပြင်းတဲ့ အဆိပ်အမျိုးအစားပဲ၊ ဒါပေမယ့် မုဆိုးအတော်များများ ဖော်စပ် အသုံးပြုတဲ့ တစ်ဆွေ့ခုန်၊ နှစ်ဆွေ့ခုန်၊ ထိသေအဆိပ်မျိုးတွေ မဟုတ်တာတော့ သေချာတယ်"

ဟုသာ မှတ်ချက် ချနိုင်လေသည်။ ထို့နောက်...

မလှမ်းမကမ်းနေရာ၌ လဲကျ သေဆုံးနေသော လူသုံးယောက်တို့၏ အလောင်းများကို နှင်းတောထဲမှ ဖော်ပြီး စစ်ဆေးကြည့်ကြလေသည်။

သုံးယောက်စလုံး တိုင်းရင်းသားများ မဟုတ်ကြဘဲ တရုတ်လူမျိုး သွေးပါသူများ ဖြစ်ကြသည်။ တစ်ကိုယ်လုံးတွင် ဓားထက်ထက်ဖြင့် ခွဲထားသည့် အစင်းကြောင်းကြီးများရှိနေပြီး ထိုဒဏ်ရာကြီးများကြောင့်ပင် သေဆုံးကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်ဆိုလျှင် မျက်နှာတစ်ခုလုံး စုတ်ပြတ်ထွက်နေပြီး မူလရုပ်ပင် မရှိတော့ပေ။ အခြားတစ်ယောက်ကတော့ ဝမ်းဗိုက်တစ်ခုလုံး ပွင့်ထွက်နေပြီး အူများပင် အခွေလိုက် ထွက်ကျနေသည်။ အခြားသူများမှာလည်း ကိုယ်ပေါ်၌ရရှိထားသော ဒဏ်ရာကြီးများမှာ မသေးလှပေ။

ထိုဒဏ်ရာဒဏ်ချက်များကို ကြည့်ပြီး ဦးထင်ကျော်က...

"ဒါ လူတစ်ယောက်က စိမ်ပြေနပြေ ဓားထက်ထက်နဲ့ မွှန်းသတ်တာတော့ မဟုတ်နိုင်ဘူး။ သတ္တဝါ တစ်ကောင်ကောင်ရဲ့ လက်ချက်ကြောင့် သေတာကတော့ သေချာတယ်၊ နှင်းဖုံးသွားတော့ သတ္တဝါရဲ့ခြေရာကို မမြင်ရတော့ဘူး၊ ဦးထန်ဖုန်းရှိန် ဘယ်လိုသတ္တဝါမျိုး ဖြစ်မယ်လို့ ခန့်မှန်းမိသလဲ"

ဟု ဦးထင်ကျော်က မေးလိုက်သည်။

"ဒဏ်ရာ အခြေအနေ ကြည့်ရတာ ကျားခဲတာ၊ ကျားသစ်ကုတ်တဲ့ ဒဏ်ရာမျိုးတော့ မဟုတ်ဘူး။ ဖြစ်နိုင်တာ နှစ်ချက်ပဲရှိတယ်၊ သတ္တဝါလက်ချက်ကြောင့် သေတယ်ဆိုရင်တော့ ဝက်တောင်းပက်တာနဲ့ ဝံလက်သည်းရာပဲ ဖြစ်ရမယ်"

"ဝက်တောင်းပက်တာက ဒီလောက် ဒဏ်ရာတွေ များနိုင်ပါ့မလား၊ နောက်ပြီး ဝက်စွယ်ကရော ဒီလောက် ထက်ပါ့မလား ဆရာလိုင်း"

"တောဝက်အစွယ်ဆိုတာ ဒီအတိုင်းနေရင် မထက်ပါဘူး၊ အတုံးကြီးပါပဲ၊ ဒါပေမယ့် မာန်ဝင်လာပြီ ဆိုတာနဲ့





သင်ဓုန်းဓားလိုပဲ ထက်လာတတ်ပါတယ်၊ နောက်ပြီး ဝက်တောင်းက လူကိုသတ်ရင် တစ်ချက်တည်း ထိုးကော်ပြီး သတ်တာ မဟုတ်ပါဘူး၊ မသေမချင်း အချက်ပေါင်းများစွာ ထိုးခွဲ သတ်တာဆိုတော့ ဒီလို ဒဏ်ရာဒဏ်ချက်မျိုးတွေ ရနိုင်ပါတယ် ဌာနာအုပ်မင်း"

ဟု ဦးထန်ဖုန်းရှိန်က ရှင်းပြလေသည်။

"ဒါဖြင့် ဝံကုတ်တာရော မဖြစ်နိုင်ဘူးလားဗျာ"

"ဝံကုတ်တာလည်း ဖြစ်တော့ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ဒီလက်သည်း ဒဏ်ရာလောက်ဆိုရင် အတော်ကြီးတဲ့ဝံ ဖြစ်ရမယ်၊ လက်သည်းတွေကလည်း ခြောက်လက်မလောက်ကို ရှည်ပါလိမ့်မယ်၊ လူတစ်ယောက် ဗိုက်ပေါက်အောင် ကုတ်နိုင်တဲ့ အစွယ်ဟာ အဲသည်လောက်ကို ရှည်မှဖြစ်မှာလား"

ဦးထန်ဖုန်းရှိန်က သူ့ထင်မြင်ချက်ကို ပြောပြသည်။

"ခင်ဗျားတို့ နယ်ဘက်မှာ အဲဒီလောက် အကောင်ကြီးတဲ့ ဝံရှိနေတာ ဒီရွာမှာရှိတဲ့ မုဆိုးတွေက မသိကြဘူးလား"

"အရင် နှစ်ပိုင်းတွေကတော့ အဲသည်လောက် အကောင်ကြီးတဲ့ဝံမျိုး မတွေ့မိပါဘူး၊ ဒီနယ်ဘက်မှာ ရှိတယ်လို့လည်း မကြားမိပါဘူး၊ နယ်ကျော်ပြီး ရောက်လာတာလည်း ဖြစ်နိုင်ပါတယ်"

"အေးဗျာ... ဘာပဲဖြစ်ဖြစ် ဒီနယ်ဘက်မှာ အခုလို လူသေမှု၊ လူသတ်မှုတွေ မကြာခဏ ဖြစ်နေတာကတော့


www.burmeseclassic.com

www.burmeseclassic.com



သိပ်မကောင်းလှဘူး၊ ကြာရင် အထက်အရာရှိတွေက ကျုပ်အပေါ်မှာ အပြစ်တင်ကြလိမ့်မယ်၊ ဒီတော့ အမှုမှန်ပေါ်အောင် ကျုပ်တို့ကလည်း ကြိုးစား ဖော်ထုတ်မယ်၊ ခင်ဗျားတို့ကလည်း တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းကူညီပေးကြဖို့တော့ လိုမယ်”

“စိတ်ချပါ ဌာနာအုပ်မင်း...၊ ကျုပ်တို့ အစွမ်းကုန် အကူအညီ ပေးပါ့မယ်၊ သဘင်းတွေ့ရင်လည်း ချက်ချင်း အကြောင်းကြားပေးပါ့မယ်”

လို့နောက်...

သူတို့တစ်ပေါ့သည် သေဆုံးနေသော အလောင်းများကို အသေအချာ စစ်ဆေးပြီး မှတ်တမ်းယူပြီးနောက် ရေခဲပြင်များအောက်သို့ တူးကာ မြှုပ်လိုက်ကြသည်။

သူတို့ သတိမမူမိလိုက်သော အချက်တစ်ချက်မှာ...

မြားဒဏ်ရာဖြင့် သေဆုံးနေသော လူနှစ်ယောက် မဟုတ်တဲ့ လက်သည်းဒဏ်ရာများကြောင့် သေဆုံးနေကြသည့် အလောင်းသုံးလောင်းစလုံး အနီရောင်ပါသော အဝတ်အစားများ ဝတ်ဆင်ထားသော အချက်ပင် ဖြစ်ပေသည်။





အခန်း [ ၂ ]

## သံသယ ဆားတောင်

သန့်ဂေါင်ရွာသည် ရွာနိုင်ကြီးဖြစ်ပြီး နိမောက်တို့ မောင်နှမ သုံးယောက် နေသောနေရာမှာ စပ်ဖန္တယ်လို့ တောင်တန်းကြီး များကို လှမ်းမြင်နိုင်သော အနောက်ဘက်အစွန်း၌ ဖြစ်သည်။

နိမောက်တို့မှာ မိဘနှစ်ပါး မရှိကြတော့ဘဲ မောင်နှမ သုံးယောက်သာ ကျန်တော့သည်။

အစ်မဖြစ်သူ ခင်မြမှာ အသက် ၂၉ နှစ်ခန့် ရှိပြီး နိမောင်က ၂၅ နှစ်ခန့်ရှိကာ ညီမအငယ်ဆုံး ခင်မြသူက အသက် နှစ်ဆယ်ဝန်းကျင်ခန့်သာ ရှိသေးသည်။

မိဘများမရှိတော့သည့်နောက်ပိုင်း မောင်နှမသုံးယောက်စလုံး မည်သူမှ အိမ်ထောင်မပြုကြသေးဘဲ လူပျိုအပျိုကြီး များဖြင့် နေထိုင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်မနှင့် ညီမဖြစ်သူ နှစ်ယောက်တို့က တောင်ယာ စိုက်ခင်းများ စိုက်ပျိုးကြပြီး နီမောင်ကတော့ တောင်ပေါ် တက်ပြီး ဆေးမြစ်၊ ဆေးဥရှာခြင်း၊ အမဲလိုက်ခြင်း၊ သစ်တော လုပ်ငန်း လုပ်ခြင်းနှင့် တစ်ခါတစ်ရံ လာရောက်ငှားရမ်းသူရှိလျှင် လမ်းပြလုပ်ငန်းကိုလည်း လုပ်ကိုင်လေသည်။

ထိုသို့ ရှာဖွေရရှိသော ငွေကြေးတို့ဖြင့် မောင်နှမ သုံးယောက် အပူအပင် သောကမရှိဘဲ နေနိုင်ကြလေသည်။ ခင်မြမူနှင့် ခင်မြသူတို့မှာ အရွယ်ကလည်း တင့်တယ်သော အရွယ် ရောက်လာပြီမို့ ရုပ်ရည်ကလည်း ချောမောလှပသူ ဖြစ်ရာ ရွာထဲမှ ကာလသားများ၏ ပိုးပန်းမှုကို ခံရသော်လည်း နှစ်ယောက်စလုံးက မောင်နှမသုံးယောက် လွတ်လပ် အေးချမ်းစွာ နေလိုသော ဆန္ဒကြောင့် မည်သူကိုမှ လက်မခံဘဲ နေကြလေသည်။

ခင်မြမူ၏ မေတ္တာကို ရရှိရန် ကြိုးပမ်းသူများထဲမှာ သစ်တောစခန်းရုံးမှ တာဝန်ခံ ကိုအောင်နိုင်လည်း ပါဝင်လေသည်။ ကိုအောင်နိုင်သည် လူပျိုလူလွတ်တစ်ဦး ဖြစ်သောကြောင့် ခင်မြမူကို စိတ်ဝင်စားနေလေသည်။

တစ်နေ့တွင် မောင်နှမသုံးယောက် အိမ်မှာရှိနေကြစဉ် ကိုအောင်နိုင် ရောက်လာသည်။

သူ့လက်ထဲမှာ အထုပ်အပိုးတွေ ပါလာသည်။

"ကိုနီမောင် တောင်ပေါ် မသွားသေးဘူးလား"





"မနက်လောက်တော့ တက်ဖို့ စိတ်ကူးထားပါတယ်"

"တောင်ပေါ်သွားရင်တော့ သတိ ဝီရိယလေးနဲ့ သွားနော်၊ ဖြစ်နိုင်ရင်တော့ အဖော်များများနဲ့သွားတာ ပိုကောင်းတယ်၊ ဟိုတလောကလည်း ကုန်သည်အဖွဲ့တစ်ဖွဲ့ အသတ်ခံလိုက်ရတယ်"

"လူသတ်တရားခံက ဘယ်လိုဖြစ်မလဲ၊ လူလား... ဒါမှမဟုတ် တိရစ္ဆာန် တစ်ကောင်ကောင်လား"

"စစ်ဆေး ကြည့်တာကတော့ ဘာမှ တိတိကျကျ အဖြေမရသေးဘူး၊ ဒါပေမယ့် သေတဲ့လူတွေရဲ့ ကိုယ်ပေါ်မှာ တွေ့တဲ့ ဒဏ်ရာဒဏ်ချက်တွေကတော့ တိရစ္ဆာန် တစ်ကောင်ကောင်ရဲ့ လက်သည်းရာ၊ ဒါမှမဟုတ် အစွယ်ရာတွေ ဖြစ်နိုင်တယ်လို့ သိရတယ်၊ အဲဒီဒဏ်ရာတွေမှာလည်း အတော်ကို ကြောက်ဖို့ကောင်းတဲ့ အဆိပ်တစ်မျိုး တွေ့ရတယ်"

"'ဒါဖြင့် အဆိပ်ရှိတဲ့ လက်သည်းနဲ့ ကုတ်သတ်ခံရတာ ဖြစ်မှာပေါ့"

"လောလောဆယ် တိတိကျကျ အဖြေမသိရသေးတော့ ဒီလိုပဲ တွေးရမှာပဲ၊ ပူတာအိုဂတ်တဲစခန်းက ဦးထင်ကျော်တို့ကတော့ အဲဒီ အဆိပ် နမူနာကိုယူပြီး ရန်ကုန်ကိုပို့ပြီး စမ်းသပ်ခိုင်းထားတယ်လို့ သတင်းကြားတယ်"

နီမောင်က ကိုအောင်နိုင်လာမှ သူသိချင်သော အကြောင်း အချို့ကို သိရသဖြင့် သဘောကျနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် တစ်ယောက်ယောက်က ကြံစည်ပြီး သတ်နေတာရော မဖြစ်နိုင်ဘူးလား အစ်ကို"

"ဖြစ်တော့ ဖြစ်နိုင်တယ်၊ ဒါပေမယ့် ဘယ်သူက ဒီလောက် အငြိုးကြီးကြီးနဲ့ လူတွေကို လိုက်သတ်နေတယ်ဆိုတာ စဉ်းစားရ ခက်လှတယ်၊ ဒါကြောင့် ကိုနီမောင်တို့ တောထဲ တောင်ထဲ သွားတဲ့အခါ သတိ ဝီရိယလေးနဲ့ သွားကြရင်တော့ ပိုကောင်းတာပေါ့"

"အခုလို သတိပေးတာ ကျေးဇူးပဲအစ်ကို၊ ကျွန်တော် ရွာထဲ ခဏသွားလိုက်ဦးမယ်၊ အိမ်ပေါ်မှာ အစ်မတို့ ရှိတယ်"

ဟု ပြောဆိုကာ နီမောင် ထွက်လာခဲ့သည်။ ရွာထဲ ရောက်တော့ တောသိန်းနှင့် မဲအောင်တို့နှင့် တွေ့သည်။

"နီမောင်... မင်း... ဘယ်သွားမလို့လဲ"

"ငါ မင်းတို့ဆီကိုလာတာ၊ မနက်ကို တောင်ပေါ် တက်မလို့ မင်းတို့ လိုက်ကြမလားလို့ လာမေးတာ"

"တောင်ပေါ်တက်တာ အသာထားဦး၊ အခု ရွာထဲမှာ ပြဿနာတစ်ခု ဖြစ်နေတယ်၊ ကိုယ်က မင်းကို လာရှာတာ"

"ဘာပြဿနာလဲ"

"ဟိုရောက်တော့ သိရလိမ့်မယ်၊ လာ...လာ... ရွာလူကြီးအိမ် သွားကြရအောင်၊ ရွာလူကြီးက တောင်ပေါ် တက်တဲ့လူတွေ၊ တောတက်တဲ့လူတွေကို သူ့အိမ် လာခဲ့ရမယ်လို့ မှာလားတယ်"





သို့ဖြင့်...

သုံးယောက်သား ရွာလူကြီး ဦးထန်ဖုန်းရှိန် အိမ်သို့ ထွက်လာကြသည်။ သူတို့ရောက်သွားတော့ ဦးထန်ဖုန်းရှိန် ခြံဝင်းထဲမှာ လူအချို့ ရောက်နေကြသည်။

တောထဲ တောင်ထဲမှာ အလုပ် လုပ်ကြသူအချို့ ရောက်နှင့်နေသည်ကို တွေ့ရလေသည်။

"မင်းတို့ကိုခေါ်ရတာ တခြားတော့မဟုတ်ဘူး၊ မနက်က ဒေါ်ခါဆိုကို ထွန်းခမိန်းမ ရောက်လာပြီး သူ့ယောကျ်ား တောင်ပေါ် တက်သွားတာ နှစ်ရက်၊ သုံးရက်ရှိနေတာ ပြန်ရောက်မလာလို့ လိုက်ရှာပေးဖို့ လာပြောတယ်"

ဟု ဦးထန်ဖုန်းရှိန်က ပြောသည်။

"ကိုထွန်းခက တောင်ပေါ်ကို ဘာသွားလုပ်တာလဲ"

"အမဲလိုက်သွားတာလို့ ပြောတယ်၊ တောင်ပေါ် မတက်ခင်က မုဆိုး ဖုန်းထန်နဲ့ အတူသွားမယ်လို့တော့ ပြောသွားတယ်လို့ သူ့မိန်းမက ပြောတယ်၊ အဲဒီတော့ မင်းတို့တစ်တွေ တောင်ပေါ်တက်ရင်းနဲ့ တွေ့လို့တွေ့ငြား ရှာကြည့်ပေးကြပါ၊ နောက်ပြီး အခုတလော တောင်ပေါ်မှာ လူတွေ တစ်ယောက်ပြီး တစ်ယောက် သေနေတယ်၊ အဲဒါ မင်းတို့တစ်တွေလည်း တောင်ပေါ် တက်တက်၊ တောထဲက်ပဲ ဝင်ဝင် သတိ ဝီရိယလေးတော့ ထားကြ၊ အကောင်းဆုံးကတော့ တစ်ယောက်ချင်း နှစ်ယောက်ချင်း သွားတာထက် အဖော်နဲ့သွားတာ ပိုကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မှာကြားလိုက်ပြီးနောက် နီမောင်တို့ သုံးယောက်သည် ဦးထန်ဖုန်းရှိန် ခြံဝင်းထဲမှ ပြန်ထွက်လာသည်။

လမ်းရောက်တော့ စောထီးက ပြောသည်။

"ကိုထွန်းခကြီးကလည်း ဘယ်လို စိတ်ကူးရှိလို့များ ဒီဖမုန်းထန်ဆိုတဲ့ လူကြီးနဲ့ ခရီးအတူတူ သွားတာလဲမသိဘူး၊ တကယ်တော့ ဖမုန်းထန်က စိတ်ကောင်းရှိတဲ့လူကြီး မဟုတ်ဘူး"

"ဘာကြောင့်လဲကွာ"

"ဒီလူကြီးအကြောင်းကို မင်းတို့ မသိကြဘူးလား၊ သူက စိတ်ကောင်းရှိတာမဟုတ်ဘူး၊ နောက်ပြီး မုဆိုးအချင်းချင်းတွေ အပေါ်မှာလည်း စည်းထားတာ မဟုတ်ဘူး"

"စောထီးပြောတာ ဟုတ်တယ် နီမောင်ရ၊ ဖမုန်းထန်က ရွာထဲမှာရှိသမျှ မုဆိုးတွေဆိုရင် သူ့ထက်သာတယ်လို့ ထင်ရင် သိပ်မကြိုက်ချင်ဘူး၊ ဒါကြောင့် တစ်ရွာလုံးနဲ့လည်း သူနဲ့ ဘယ်သူနဲ့မှ မတည့်ကြဘူး"

"ဒါကတော့ သူ မစ္ဆရိယစိတ်များတာပဲ၊ ငါစဉ်းစားနေတာက ကိုထွန်းခက ရွာထဲမှာ ဒီလောက် လူတကာနဲ့မတည့်တဲ့ ဖမုန်းထန်နဲ့ ဘာကြောင့် အဖော်လုပ်ပြီး သွားရသလဲဆိုတာလဲ မသိဘူး"

"ဒါကတော့ သူ့အကြောင်းနဲ့သူ ဖြစ်မှာပေါ့၊ ဒါထက် တို့က ဘယ်အချိန် တောင်ပေါ် တက်ကြမှာလဲ"





"မနက်စောစော ရွာက ထွက်ကြမယ်လေ၊ ဒါမှ နှင်းကွဲတဲ့အချိန် တောင်ပေါ်ရောက်မှာ အတော်ပဲပေါ့"

ဟု ပြောဆိုပြီး လူစုခွဲကြလေသည်။

နောက်တစ်နေ့ နံနက်စောစော နီမောင် တောင်ပေါ်တက်မည်ဆိုတော့ အစ်မဖြစ်သူနှင့် ညီမဖြစ်သူက လိုအပ်သော ပစ္စည်းများ ပြင်ဆင်ပေးရင်း စိတ်မချစွာဖြင့် မှာကြားနေသည်။

"မောင်လေး... နင် တောင်ပေါ်ကို ဘယ်သူနဲ့ သွားမှာလဲ"

"ကျွန်တော် တစ်ယောက်တည်းမဟုတ်ပါဘူး၊ စောထီးနဲ့ ငမဲအောင်တို့နဲ့ အတူတူသွားမှာပါ အစ်မရဲ့"

နီမောင်က လေးနှင့် မြားဘူးကို ပြင်ဆင်ရင်း အေးအေးဆေးဆေး အမူအရာဖြင့် ပြောလိုက်သည်။

"အဖော်နဲ့သွားတော့ ကောင်းတာပေါ့၊ အခုတလော တောင်ပေါ်တက်တဲ့သူတွေ၊ တောထဲဝင်တဲ့သူတွေ မကြာခဏ အန္တရာယ်တွေနဲ့ ကြုံနေရတယ်လို့ ကြားရတယ်၊ သတိဝီရိယလေးနဲ့ သွားနော်"

"စိတ်ချပါ အစ်မရယ်၊ ဒါထက် ကိုအောင်နိုင်ကြီး လာသေးလားဟင်"

"ဟိုတစ်နေ့က လာသွားတယ်လေ၊ ပြည်မက လက်ဆောင်ပစ္စည်းတွေ ပါလာလို့ လာပို့ပေးသွားတယ်လေ၊ ဟာ ဖြစ်လို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com

"ဘာမှမဖြစ်ပါဘူး။ ကျွန်တော် တောင်ပေါ်တက်နေတုန်း သူလာတော့ အစ်မတို့အတွက် အဖော်ရတာပေါ့"

"နင့်စကားကလည်းဟယ်..."

နီမောင်က မချိုမချဉ် မျက်နှာဖြင့် ပြောလိုက်ရာ ခင်မြမှု၏ ဖြူဝင်းသောမျက်နှာပေါ်ဝယ် ပန်းနုရောင် သမ်းသွားပြီး ရှက်ကိုး ရှက်ကန်းဖြင့် တစ်ဖက်သို့ မျက်နှာလွှဲသွားလေသည်။

ထို့နောက်...

စောထီးနှင့် ငမဲအောင်တို့ ရောက်လာသဖြင့် လက်နက်နှင့် ရိက္ခာထုပ်ကို ယူပြီး သုံးယောက်သား ခရီးထွက်ခဲ့ကြလေသည်။

စပ်ဖနွယ်လုံ တောင်တန်းကြီးမှာ ဆန့်ဂေါင်ရွာ၏ အနောက်ဘက်၌ ရှိလေသည်။

ရွာထဲမှထွက်တော့ သစ်လုံးများဖြင့် ပြုလုပ်ထားသော ရွာတံခါးကို ဖွင့်ထွက်ပြီး အသေအချာ ပြန်ပိတ်ကြရသည်။

၎င်းတို့ရွာသားများ၏ ချစ်စရာဓလေ့မှာ ရွာတံခါးကို ဖွင့်တဲ့သူက မပျက်မကွက် ပြန်ပိတ်ရသောစနစ် ဖြစ်သည်။

ရွာမှထွက်ခဲ့ကြပြီး လယ်ကွက်များမှ ဖောက်ထားသော ကန်သင်းရိုး လမ်းအတိုင်း လျှောက်ခဲ့ကြသည်။

လယ်ကွက်များကိုလွန်တော့ တောအုပ် တစ်ခုထဲသို့ ရောက်သွားကြသည်။





တောအုပ်ထဲမှာ အများအားဖြင့် မျောက်အုပ်များကို တွေ့ကြရသော်လည်း ပစ်ခတ်ခြင်း မပြုကြပေ။

သူတို့ တောင်ပေါ် တက်လာသော ရည်ရွယ်ချက်မှာ ကတိုးပစ်ရန် ရည်ရွယ်ချက်ဖြစ်ပြီး အဆင်ပြေပါက အဖိုးတန် ဆေးမြစ်၊ ဆေးဥများ ရှာဖွေယူသွားကြရန် ဖြစ်သည်။

တောင်ခြေနှင့် နီးလာသောဘက်သို့ ရောက်လာသော အခါ တောက နက်သည်ထက် ပိုနက်လာသည်။

သစ်ကြီး ဝါးကြီးနှင့် ဝါးရုံတောကြီးများက နေပြောက် မတိုးအောင် ရှိနေလေသည်။ တောနက်ထဲ ရောက်လာတော့ ဆင်ရိုင်းအုပ်များ၊ ကျားနှင့် ကျားသစ်အပါအဝင် လူကိုအန္တရာယ် ပေးနိုင်သော တောကောင်ကြီးများကို တွေ့လာရသည်။

အချို့နေရာများမှာတော့ သစ်လုပ်ငန်းမှာ အသုံးပြုသော ဆင်ယဉ်များလည်း တွေ့ရသည်။

တောဆင်ရိုင်းနှင့် ဆင်ယဉ်များ ကွာသော အချက်မှာ ဆင်ယဉ်များတွင် သံကြိုးစများနှင့် ဆင်ခလောက်များပါသော ကြောင့် အဝေးမှပင် အလွယ်တကူ သိနိုင်လေသည်။

သူတို့သည် တောင်ခြေနှင့် နီးသော တောနက် တစ်နေရာရှိ စမ်းချောင်းကလေးတစ်ခု နံဘေးတွင် ခေတ္တနားပြီး ပါလာသော အစားအသောက်များကို စားသောက်ကြရင်း မိမိတို့ရွာမှ လူများ သေဆုံးရသည့် ကိစ္စများနှင့် ပတ်သက်ပြီး တိုင်ပင် ဆွေးနွေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com

စားသောက်ပြီးသောအခါ နီမောင်က ရေသောက်ရန် အတွက် စမ်းချောင်းနံဘေးသို့ ဆင်းသွားလေသည်။

ကြည်လင်သောရေက တသွင်သွင် စီးဆင်းနေသည်။

နီမောင်က ချောင်းထဲမှရေကို ဝါးဆစ်ပိုင်းနှင့် ခပ်ယူပြီး မော့သောက်ရန် ပြင်လိုက်စဉ်မှာ နှာခေါင်းထဲမှာ ညှီစို့စို့အနံ့ တစ်ခုရသဖြင့် ချက်ချင်းမသောက်ဘဲ ရေကို ကြည့်လိုက်တော့ ရေမှာ သာမန်အဖြူရောင်မဟုတ်ဘဲ အနီရောင် သမ်းနေ သည်ကို သတိပြုမိလိုက်သည်။

"ဟင်..."

စမ်းချောင်းထဲကို အသေအချာ ငုံ့ကြည့်လိုက်တော့ ရေစီးကြောင်းထဲမှာ သွေးရောင်များ ရောနှော စီးဆင်းနေ သည်ကို သတိပြုမိလိုက်သဖြင့် ကျန်နှစ်ယောက်ကို အသာ ခေါ်ယူလိုက်သည်။ စောထီးနှင့် ငမဲအောင် ရောက်လာတော့ ချောင်းထဲမှာ အရောင်ပြောင်းနေသော ရေကို ပြသည်။

"ဟင်... ရေထဲမှာ သွေးရောင်တွေပါလား"

"ဟုတ်တယ်... တို့သုံးယောက် ချောင်းဖျားဘက်ကို တက်ကြည့်ရင် မကောင်းဘူးလား"

"ကောင်းတယ်... ဒါပေမယ့် သတိဝီရိယတော့ ထားမှ ဖြစ်မယ်"

ဟု ပြောဆို တိုင်ပင်ကာ ပစ္စည်းများကို ပြန်သိမ်းပြီး ချောင်းရိုးအတိုင်း အထက်ဘက်သို့ ဆန်တက်ခဲ့ကြသည်။





ကမ်းစပ်တစ်လျှောက် ကျောက်တုံး ကျောက်ခဲများ ရှိနေသည်။ ၎င်းတို့ အပေါ်မှ ဖြတ်လျှောက်ရသောအခါ သိပ်တော့ ခရီးမတွင်လှပေ။

ချောင်း၏ အထက်ပိုင်း ရောက်လာလေလေ တောက နက်လာပြီး ရှုပ်ထွေးလာလေလေ ဖြစ်၏။

ထိုအခိုက်မှာပင် သူတို့နှင့် မလှမ်းမကမ်း၌ ရှိသော ဝါးရုံတောဘက်မှ ဖျတ်ခနဲ လှုပ်ရှားသွားသော သဏ္ဍာန်တစ်ခု ကို မြင်လိုက်ရသဖြင့် နီမောင်က လေးနှင့်မြားကို ဖျတ်ခနဲ အသင့်ပြင်လိုက်သည်။

"ဘာလဲ... နီမောင်"

နီမောင်က ဘာမှမပြောဘဲ ဝါးရုံတော ရှိရာဘက်သို့ မေးငေါ့ပြလိုက်သည်။

စောထီးနှင့် ငမဲအောင်ကလည်း ၎င်းတို့တွင်ပါလာသော လေးမြားနှင့် ဓားလှံလက်နက်များကို အဆင်သင့်ဖြစ်စေရန် ပြင်ဆင်ပြီး နီမောင်ပြသည့် နေရာဘက်သို့ လှမ်းကြည့်လိုက် ကြသည်။ သို့သော်...

လေအဖိမှာ တအိအိနှင့် လှုပ်ရှားနေသည့် ဝါးရုံတောမှ လွဲပြီး အခြား ဘာမှ ထူးထူးခြားခြား မတွေ့ရပေ။ သို့ကြောင့်...

သုံးယောက်သား သတိကြီးစွာဖြင့် ဆက်လျှောက်လာ ခဲ့ကြရာ မကြာမီ ချောင်းဖျားတစ်နေရာရှိ ကွက်လပ်ရှိရာသို့ ရောက်လာကြသည်။


www.burmeseclassic.com

www.burmeseclassic.com

ထိုနေရာတွင် လူတစ်ယောက် ရှိနေလေသည်။

"ပ-င်"

မမျှော်လင့်ဘဲ ထိုလူကို တွေ့လိုက်ရသဖြင့် သုံးယောက်စလုံး အံ့သြသွားကြလေသည်။

ထိုသူမှာ အခြားမဟုတ်။

မုဆိုးကြီး ဖမုန်းထန်ပင် ဖြစ်သည်။

ဖမုန်းထန်သည် သွေးစွန်းနေသော ဝါး လုံယက်နက်များကို ချောင်းရေဖြင့် ဆေးကြောနေသောကြောင့် ရေစီးနှင့်အတူ သွေးညှီနံ့များ ပါလာခြင်း ဖြစ်သည်။

သူတို့လာတာမြင်တော့ ဖမုန်းထန်ကလည်း ၎င်း၏ လက်နက်ပစ္စည်းများကို သိမ်းဆည်းပြီး ကမ်းပေါ် ပြန်တက်လာသည်။

ဖမုန်းထန်သည် အသက် လေးဆယ်ကျော်အရွယ်ခန့်ရှိပြီး အရပ်ငါးပေကျော်ကျော်ခန့် မြင့်သည်။ ကိုယ်ခန္ဓာကြံ့ခိုင် သန်စွမ်းပြီး ကျားတစ်ကောင်လောက်ကို တစ်ယောက်တည်းနှင့် အနိုင်တိုက်ခိုက်နိုင်သူ ဖြစ်သည်။

နီကြောင်ကြောင်နှင့် အတန်ငယ် ရှည်နေသော ဆံပင်များကို နဖူးမှ သားရေပြားဖြင့် စည်းထားသည်။ မျက်လုံးတစ်ဖက်အပါအဝင် မျက်နှာပေါ်မှာ ကြီးမားလှသည့် ဒဏ်ရာကြီးတစ်ခု ရှိသည်။





ကတိုးသားရေဖြင့် ချုပ်ထားသော ကိုယ်ကျပ်အင်္ကျီနှင့် ဒူးဆစ်လောက် အထိသာ ရှည်သော ဘောင်းဘီပွကြီးကို ဝတ်ဆင်ထားသည်။

ခြေထောက်၌ ကြိုးဖြင့် သိုင်းချည်ထားသည့် ခြေသိုင်းဖိနပ်ကြီးကို စီးထားသည်။ ဖမုန်းထန်သည် ရုပ်ရည်ကြမ်းတမ်းသလောက် စိတ်ကလည်း ကြမ်းတမ်းခက်ထန်သူ ဖြစ်သည်။

၎င်းသည် တောထဲမှာ တစ်ယောက်တည်း နေထိုင်ပြီး အကြောင်းရှိမှသာ ရွာထဲ လာလေ့ရှိသည်။

တောတက်လျှင်လည်း အဖော်မရှာဘဲ တစ်ယောက်တည်း သွားလေ့ရှိပြီး ၎င်းမှာ အားကိုးရသည့် လက်နက်အချို့ ရှိလေသည်။

ဓား၊ လှံ လက်နက်များအပြင် အသွားတစ်တောင်၊ ဖြက်တစ်မိုက်ခန့် ရှိပြီး ထိုးခုတ်၍ရသော သံရိုးတပ်ထားသည့် ဓားလှံတစ်လက်နှင့်။

၎င်းကိုင်သော လေးကိုင်းကို သာမန်လူတို့ ညှို့ကြိုး မတင်နိုင်သည့် လေးတစ်လက် ရှိသည်။

ထိုလေးဖြင့်ပစ်လျှင် ဟိရဉ္ဇာန်တစ်ကောင်ကိုပင် မဆိုထားနှင့် သာမန်အရွယ်အစားရှိသည့် သစ်ပင်ကိုပင် ထုတ်ချင်းခတ် ဖောက်ထွက်နိုင်အောင် အားကောင်းလှသည်။

လေးညှို့ကြိုးကို သာမန်ကြိုးဖြင့် တပ်မရသော မြောင့်နွားနောက်သားရေကို ကျပ်တိုက်၊ ကျောက်ချယ်ထားပြီး


www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုင်းကျ လေးညို့ကြီး ရတော့မှ တပ်ဆင်ထားခြင်း ဖြစ်လေသည်။

ဖမုန်းထန်ကို လူကြမ်းကြီး တစ်ယောက်အဖြစ် သတ်မှတ်ထားသောကြောင့် လူအတော်များများက အဆက်အသံ မလုပ်ဝံ့ကြပေ။ နီမောင်တို့နှင့်ကတော့ မှဆိုးအချင်းချင်းမို့ သိနေကြသည်။

"နီမောင်တို့ပါလား... ဒီဘက်ကို ဘာလာလုပ်ကြတာလဲ"

ဟု ဖမုန်းထန်က လှမ်းမေးလိုက်သည်။ နီမောင်က မလှမ်းမကမ်း နေရာအထိ လျှောက်သွားပြီး...

"ရွာက လူတစ်ယောက် ပျောက်နေတယ် ဆိုလို့ လိုက်ရှာရင်းနဲ့ ကောင်ပေါ်တက်မလို့ ထွက်လာတာ ဆလိုင်း"

ဟု ပြောလိုက်သည်။

"ဘယ်သူ့လဲကွ"

"ကိုထွန်းခပါ... သူ ရွာကထွက်သွားတော့ ဆလိုင်းနဲ့ အဲတူတူ ထွက်သွားကြတာလို့ ပြောနေကြတယ်"

"အလို... ထွန်းခ သူ့ဘာသာ ရွာပြန်မလာတာ ငါ့အပေါ် ဥပဒ်ရောက်နေတဲ့ပုံပါလား၊ မင်းတို့ကရော ဒီသဘောမျိုးနဲ့ ဒီနေရာကို ရောက်လာကြတာလား"

ဖမုန်းထန်၏အသံက ဒေါသ သံကြောင့် ဟိန်းထွက်သွားလေသည်။





"အဲဒီသဘောမျိုးနဲ့ လာတာမဟုတ်ပါဘူး၊ ဆလိုင်းနဲ့ အတူတူ ထွက်သွားတယ်ဆိုတော့ အကျိုးအကြောင်း သိရမလားလို့ မေးကြည့်တာပါ"

နီမောင်၏ တည်တည်ငြိမ်ငြိမ် အမူအရာကို ကြည့်ပြီး ဖမုန်းထန်၏ တင်းမာ ခက်ထန်မှုများမှာ အနည်းငယ်တော့ လျော့ကျသွားသည်။

"ထွန်းခ ရွာကထွက်တုန်းက ငါနဲ့လိုက်လာတာ မှန်တယ်၊ ငါက အမဲလိုက်ရင်းနဲ့ မချစ်ဥတွေ အတော်များများ ရှိတဲ့နေရာကို တွေ့ထားတယ်၊ ဒါကြောင့် သူ ရှာယူချင် ယူပါစေဆိုပြီး လမ်းပြပေးလိုက်တာပဲ၊ တောင်ခြေ ရောက်ကတည်းက သူ့လမ်း သူသွား၊ ငါ့လမ်း ငါသွားကြတာပဲ"

"သူ ဘယ်ဘက်ကိုသွားတာလဲ ဆလိုင်း"

ဖမုန်းထန်က မြောက်ဘက်ကို လက်ညှိုးထိုးပြရင်း...

"မြောက်ဘက်မှာ ဝံပုလွေမျက်နှာမျိုးနဲ့ တောင်တစ်လုံး ရှိတယ်၊ အဝေးကကြည့်ရင် ဝံပုလွေခေါင်း ပုံစံမျိုးပဲ၊ အဲဒီ တောင်ကြောဘက်ကို သွားတာ"

ဟု ပြောပြသည်။

"ကျေးဇူးပါပဲ... ကျွန်တော်တို့ အဲဒီဘက်ကိုတက်ရင်းနဲ့ တွေ့လိုတွေ့ငြား လိုက်ရှာကြည့်လိုက်ဦးမယ်"

"ဘာ... မင်းတို့က အဲဒီဘက်ကို သွားမလို့ ဟုတ်လား"

"ဟုတ်တယ်လေ... ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"တခြားနေရာကို သွားစမ်းပါကွာ၊ အဲဒီတောင်ကြော ဘက်က အန္တရာယ် ဘယ်လောက်များတယ်ဆိုတာ မင်းတို့ သတင်းမကြားမိဘူးလား"

"ကြားတော့ ကြားမိပါတယ်၊ ဒါပေမယ့် မတတ်နိုင်ဘူး၊ တွေ့လိုတွေ့ငြား လိုက်ရှာကြည့်ရမှာပဲ"

ဟု ပြောဆိုကာ သုံးယောက်သား ထိုနေရာမှ ထွက်လာခဲ့ကြသည်။ လမ်းတစ်နေရာ ရောက်တော့မှ ငပဲအောင်က...

"ဒီလူကြီးကို ငါ သိပ်မသက်သာချင်ဘူး။ တစ်စုံတစ်ခုကို ဖုံးကွယ်ထားသလိုပဲ"

"ဟုတ်တယ် နီမောင်၊ သူ ကိုထွန်းခ အကြောင်းကို သိထားတဲ့ပုံပေါ်တယ်၊ ဘာကြောင့် ဖွင့်မပြောသလဲ ဆိုတာ တော့ ငါလည်း မစဉ်းစားတတ်အောင်ပဲ"

စောထီးကပါ မကျေမနပ်နှင့် ဝင်ပြောလေသည်။

"နောက်တစ်ချက်က တို့ သူနဲ့စကားပြောနေတုန်းက သစ်တောထဲမှာ တစ်ယောက်ယောက် ရှိနေတဲ့ပုံမျိုးနဲ့ စကား ပြောနေရင်းနဲ့ နောက်ကို မကြာခဏ လှည့်လှည့်ကြည့်နေ တာကို သတိပြုမိတယ်"

"ဟုတ်တယ် နီမောင်၊ ဒီလူကြီး ကိုထွန်းခကို ခေါ်သွားပြီး သတ်များပစ်လိုက်ပြီလား မသိဘူး"





စောထီးနှင့် ငပဲအောင်တို့က သူတို့ထင်မြင်ချက်များကို ပြောဆိုနေကြသည်။

"ဒါပေမယ့် လူတစ်ယောက်ကို အကြောင်းမရှိဘဲနဲ့ တော့ ဒီလိုလုပ်မယ် မထင်ပါဘူး။ အမှန်တရားဟာ အချိန် အကြာကြီး ဖုံးကွယ်လို့မရပါဘူး၊ တစ်နေ့တော့ အဖြေသိရ မှာပါ။ ကဲ... အချိန်ရှိတုန်း ခရီးဆက်ကြရအောင်"

ဟု ပြောဆိုကာ သုံးယောက်သား စပ်ဖန္တယ်လုံတောင် ပေါ်သို့ ခရီးဆက်ခဲ့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃ ]

## ဝိညာဉ်ပုံရိပ်ပေဆော

တောင်တက် ခရီးလမ်းသည် ချောချောမွေ့မွေ့တော့ မဟုတ်လှပေ။

တောင်ရင်ပြင်တစ်ဝိုက်မှာ နှင်းကြွင်းနှင်းကျန်များ ရှိနေသေးသောကြောင့် ငွေရောင် ဖျန်းထားသည့်နှယ် ရှိသည်။

နေရောင်ခြည်ထိသော နေရာဘက်မှာ အရောင်တလက်လက် တောက်ပလျက် ရှိသည်။

သူတို့တစ်တွေ တောင်ခြေတစ်ဝိုက်သို့ ရောက်လာတော့ နေရောင်ခြည် ရှိသေးသော နေ့လယ်ပိုင်းအချိန် ဖြစ်သည်။

သုံးယောက်သား သစ်တောစပ်မှ ထွက်ပြီးနောက် ကျောက်တောင် ဆင်ခြေလျှောနေရာမှစ၍ အပေါ်သို့ တက်ခဲ့ကြသည်။





ပတ်ဝန်းကျင်မှာတော့ နှင်းမှုန် နှင်းငွေ့များ ဝေ့ဆိုင်းနေသောကြောင့် မှုန်မှုန်မှိုင်းမှိုင်း ရှိနေသည်။

အရှေ့ဘက်သို့ မျှော်ကြည့်လိုက်သောအခါ သစ်ပင်၊ သစ်ညွှန့်များ အပေါ်မှ အဝေးဆီတွင် မီးခိုးငွေ့ကလေးများ တလူလူ ထွက်နေသော ဆန်ဂေါင်ရွာကို လှမ်းမြင်ရသည်။

တောင်ပေါ်ရောက်လာတော့ အနွေးဓာတ်နှင့်စာလျှင် အအေးဓာတ်က ပိုများလေသည်။

ရေခဲများ ဖုံးလွှမ်းနေသောဘက်မှ အဲအေးဓာတ်များကို သယ်ဆောင်လာသော လေက တဖြူးဖြူး တိုက်ခတ်လျက် ရှိသည်။ သူတို့ခေါင်းပေါ်မှာတော့ တောင်မြင့်ကြီးများက အပေါ်မှ မိုးထားသကဲ့သို့ ရှိနေသည်။

သူတို့သည် အနည်းငယ် ခတ်ပြေပြေ ဖြစ်နေသော တောင်မျက်နှာစာဘက်မှ အပေါ်သို့ရောက်အောင် ဆက်တက်ကြလေသည်။

"ဖမ့်နီးထန် ပြောလိုက်တဲ့ ဝံပုလွေတောင်ဆိုတာ တကယ်ရော ရှိရဲ့လား"

စောထီးက မေးလိုက်သည်။

"ရှိတယ်"

"ဘယ်ဘက်မှာလဲ"

"ဒီတောင်မြင့်ကြီးကို ကျော်ပြီး မြောက်ဘက်ကို ဆက်သွားရင် ရောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ရောက်ဖူးလား နီမောင်"

"အဖေရှိတုန်းကတော့ အဖေနဲ့ ကတိုး ပစ်လိုက်သွားရင်းနဲ့ ရောက်ဖူးတယ်"

"သူပြောသလို တောင်ပံ့စံက ဝံပုလွေဦးခေါင်းကြီးနဲ့ တူတယ်ဆိုတာရော ဟုတ်ရဲ့လား"

"အရှေ့ဘက်ကနဲ့ အနောက်ဘက်က ကြည့်ရင်တော့ တောင်ပံ့စံက ဝံပုလွေတစ်ကောင်ရဲ့ ဦးခေါင်းနဲ့ တူတယ်"

"ဒါဖြင့် အဲဒီမှာ ဝံပုလွေအုပ်စုတွေ ရှိသလား"

"ငါတို့ ရောက်တုန်းကတော့ မတွေ့ခဲ့ကြဘူး၊ ရှိချင်လည်း ရှိမှာပေါ့"

"မင်းရောက်ခဲ့တုန်းက ဘာတွေ တွေ့ခဲ့သလဲ"

"အဲဒီတောင်ပေါ်မှာ ဂူပေါက်တွေတော့ အများကြီး တွေ့ခဲ့တာပဲ"

ဟု ပြောဆိုကာ သုံးယောက်သား စကားတပြောပြောနှင့် တောင်တက်လမ်းအတိုင်း ဆက်တက်ခဲ့ကြရာ တောင်ရင်ပြင်တစ်နေရာသို့ ရောက်သောအခါ ခေတ္တနားပြီး ပါလာသော အစားအသောက်များကို စားသောက်ကြလေသည်။ အချိန်ကလည်း မွန်းလွဲပိုင်းအချိန် ကျော်လာပြီ ဖြစ်သောကြောင့် နေရောင်ခြည်ကလည်း အားနည်းသွားပေပြီ။

ထိုအတူ နှင်းများက အနည်းငယ်ပိုများလာပြီး အအေးဓာတ်ကလည်း ပိုလာသည်။





"တို့သုံးယောက် သိပ်မမှောင်ခင် ဂူတစ်ဂူထဲကိုဝင်ပြီး နေရာယူကြရင် ကောင်းမယ်၊ ဒီထက်ပိုမှောင်လာရင် သွားလို့လာလို့ သိပ်မကောင်းတော့ဘူး"

ဟု နီမောင်က ပြောပြီး ထမ်းညာတာ ဝင်ရောက်နားခိုနိုင်မည့် ဂူပေါက်တစ်ခုကို လိုက်လံရှာဖွေနေကြခြင်း မလှမ်းမကမ်းနေရာတွင် ဂူပေါက်ဝတစ်ခုကို လှမ်းမြင်ရပြီး ထိုဂူပေါက်ဝနှင့် မလှမ်းမကမ်း နေရာတွင် နေရောင်ခြည်ဖြင့် အရောင်တလက်လက် ထွက်နေသော အရာဝတ္ထုတစ်ခုကို လှမ်းမြင်ရသောကြောင့် သုံးယောက်သား ထိုနေရာဘက်သို့ တက်လာခဲ့ကြသည်။

လမ်းတစ်နေရာ ရောက်သောအခါ ကျောက်စွန်းတစ်ခုတွင် ငြိကျန်ခဲ့သော အဝတ်စ တစ်ခုကို တွေ့ရသဖြင့် နီမောင်က ကောက်ယူကြည့်လိုက်သည်။

အဝတ်စမှာ အနီရောင်ဖြစ်ပြီး လူတစ်ယောက် ဝတ်ထားသော အင်္ကျီမှ ငြိကျန်နေခဲ့ဟန် ရှိသည်။

ထိုအင်္ကျီစကိုယူပြီး ဂူပေါက်ဝဘက်သို့ ဆက်တက်လာကြတော့ စောစောက လှမ်းမြင်ရသည့် အလင်းရောင် ထွက်နေသည့်အရာမှာ အခြားမဟုတ်ဘဲ ဓားတစ်လက်ဖြစ်ကြောင်း တွေ့ကြရသည်။

ဂူပေါက်ဝနား ရောက်သောအခါ အတွင်းဘက်မှ သွေးညှီနံ့လိုလို အပုပ်နံ့လိုလိုရပြီး ဂူအတွင်းပိုင်းမှ ယင်မ



www.burmeseclassic.com

www.burmeseclassic.com



မည်းရိုင်းများ တဝေါဝေါဖြင့် ပျံ့နေသည်ကို ဂူ၏လိုဏ်သံဖြင့် ကြားနေရသဖြင့် သုံးယောက်သား လက်နက်များကို အဆင်သင့် ကိုင်ကာ အခြေအနေကို နားစွင့် ကြည့်သော်လည်း နောက်ထပ် ထူးထူးခြားခြား မကြားရသဖြင့် နီမောင်က အသင့်ပါလာသော ကညင်ဆီမီးကွင်းကို မီးရှို့ပြီး ဂူပေါက်ဝမှ အတွင်းသို့ ပစ်ထည့်လိုက်လေသည်။

အတွင်းမှာ ကညင်ဆီ မီးလောင်သံနှင့်အတူ အလင်းရောင်များ ရလာလေသည်။

အတန်ကြာသည်အထိ စောင့်ကြည့်နေကြသော်လည်း ဂူထဲမှ တစ်စုံတစ်ရာ ထူးခြားမှု မရှိသောကြောင့် နောက်ထပ် ကညင်ဆီမီးကွင်းကို တုတ်တပ်ပြီး မီးရှို့လိုက်သည်။

ထိုအလင်းရောင်ဖြင့် သုံးယောက်သား ဂူထဲသို့ ဝင်ခဲ့ကြလေသည်။ ဝါးနှစ်ပြန် သုံးပြန်ခန့် ဝင်မိသောအခါ ရုပ်ပျက်ဆင်းပျက် သေဆုံးနေသော လူသေအလောင်း တစ်လောင်းကို တွေ့ရလေသည်။

မီးရောင်ဖြင့် အသေအချာ ကြည့်သောအခါမှ ထိုအလောင်းမှာ အခြားမဟုတ်ဘဲ ဆန်ဂေါင်ရွာမှ ပျောက်နေသည်ဆိုသော ကိုထွန်းခ ဆိုသူဖြစ်ကြောင်း ကောင်းစွာ မှတ်မိကြလေတော့သည်။ ကိုထွန်းခ ဝတ်ဆင်ထားသော အနီရောင်အကျီမှာ အစိတ်စိတ် အမြွာမြွာ စုတ်ပြတ်နေပြီး ဒဏ်ရာဒဏ်ချက်များကလည်း တစ်ကိုယ်လုံး ပွနေလေသည်။





ဓားထက်ထက်နှင့် ခွဲထားသကဲ့သို့ ကွဲနေသော ဒဏ်ရာကြီးများက ကြောက်စရာ ကောင်းလှသည်။

အသားတစ်များပင် ထွက်ကျနေသည်။

ကျန်နှစ်ယောက်က လုပ်ဖော်ကိုင်ဖက်တစ်ဦးကို ယခုကဲ့သို့ မရှုမလှ သေဆုံးနေသည်ကို မကြည့်ရက်သဖြင့် မျက်နှာလွှဲထားကြသော်လည်း နီမောင်ကတော့ မီးတိုင်ကို ကိုင်ပြီး အလောင်းအနီးမှာထိုင်ကာ အသေအချာ လိုက်လံကြည့်ရှုနေလေသည်။

ဒဏ်ရာများမှာ အစွယ် ဒါမှမဟုတ် လက်သည်းချွန်များဖြင့် ထိုးခွဲထားသည့် ဒဏ်ရာများနှင့် တူလေသည်။

"အင်း... အခုတလော တောင်ပေါ်မှာ သေတဲ့လူတွေဟာ တစ်ပုံစံတည်းပဲ၊ လူသတ်တရားခံဟာ တစ်ယောက်တည်း ဖြစ်နိုင်တယ်၊ ဘာကြောင့် လူတွေကို လိုက်သတ်နေတာပါလိမ့်"

ဟု တွေးတောနေမိလေသည်။

ထို့နောက်...

ကိုထွန်းခ အလောင်းကို ဂူအပြင်သို့ ဆွဲထုတ်ယူလာပြီး တောင်စောင်း တစ်နေရာမှာ ကောင်းမွန်စွာ မြှုပ်နှံလိုက်ကြသည်။

အချိန်က နေဝင်သွားပြီမို့ ပတ်ဝန်းကျင်တစ်ဝိုက် အရောင်ရိပ်များ သမ်းလာချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နှင်းမှုန်နှင်းပွဲများက ကျဆင်းလာပြီမို့ အမဲအားစာတ်က များလာသည်။ လေသည် နှင်းမှုန်နှင်းခဲများကို သယ်ဆောင် တိုက်ခတ် လာသောကြောင့် အရေပြားကိုပင် ဖောက်ပြီး တိုးဝင်လာသလား ထင်ရလောက်အောင် အေးလှသည်။

သို့ကြောင့်...

သုံးယောက်သား လေကွယ် နှင်းကွယ် ရှိသော နောက်ထပ်ဂူတစ်ဂူကို ရှာဖွေပြီး တစ်ညတာ နားခိုရန်အတွက် ပြင်ဆင်ကြလေသည်။

အဆင်သင့်ပင် မလှမ်းမကမ်းနေရာတွင် ဂူပေါက်ဝတစ်ခု ကို တွေ့ရသဖြင့် အခြေအနေကို ကြည့်ပြီး ထိုဂူပေါက်ထဲမှာ ဝင်ပြီးနားကြရန် ဆုံးဖြတ်ကြသည်။

ဂူထဲ ဝင်ကြည့်တော့လည်း ဂူမှာ သိပ်မကျယ်ဝန်းလှတဲ နားခိုရန် သင့်လျော်သောကြောင့် သုံးယောက်သား မီးဖိုတစ်ဖို ဖိုနိုင်ရန် အလျှင်အမြန် စီစဉ် လုပ်ကိုင်ကြလေသည်။

စောထီးနှင့် ငမဲအောင်က မီးမွှေးရန်အတွက် ထင်း ခြောက် သွားရှာကြစဉ် နီမောင် ဂူထဲဝင်၍ အခြေအနေ ကြည့်သည်။

ဂူအတွင်းပိုင်း တစ်နေရာမှာတော့ လူ့အရိုးစုအချို့ကို တွေ့ရသဖြင့် အသေအချာ ကြည့်ရာ ဘယ်အခါ လပေါင်းများစွာက သေဆုံးခဲ့ဟန်ဖြင့် အရိုးများပင် ဆွေးနေလေပြီ။





"ဒီဝံပုလွေတောင်တစ်ပိုက်မှာ အရင်ကတည်းက လူတွေ သေခဲ့ကြဟန်ရှိတယ်၊ သတိတော့ ထားရမယ်"

ဟု တွေးတောရင်း အဝ,ပိုင်းသို့ ပြန်ထွက်လာစဉ် စောထီးနှင့် ငမဲအောင်တို့လည်း ထင်းခြောက်များ ပွေ့ပြီး ပြန်ရောက်လာကြလေသည်။

"အခြေအနေ ဘယ်လိုလဲဟေ့"

"အင်း... အခြေအနေကတော့ သိပ်မကြိုက်လှဘူး၊ တို့နောက်မှာ တစ်ယောက် ယောက်က နောက်ယောင်ခံပြီး လိုက်ကြည့်နေတဲ့ပုံမျိုး တွေ့ရတယ်"

"သေချာလို့လား... ဒီတောင်ပေါ်မှာ ဘယ်သူရှိမှာမို့လဲ"

"အဲဒါတော့ မသိဘူး၊ ငါ့စိတ်ထဲမှာ တစ်ယောက် ယောက်က နောက်ယောင်ခံ လိုက်ကြည့်နေတာကိုတော့ သိနေတယ်"

ဟု ငမဲအောင်က အသေအချာ ပြောသည်။

"အေးလေ... ဘာပဲဖြစ်ဖြစ် တို့က ရန်သူမှ မရှိတာ၊ တကယ်လို့ နောက်ယောင်ခံ လိုက်တယ်ဆိုရင်လည်း သူ့ အကြောင်းနဲ့သူ ဖြစ်မှာပါ။ ဒါပေမယ့် သတိ ဝီရိယတော့ ထားမှဖြစ်မယ်"

ဟု ပြောဆိုကာ သုံးယောက်သား မီးဖိုတစ်ဖို ဖိုပြီး ပါလာသော အစားအသောက်များကို ချက်ပြုတ် စားသောက် ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

မီးဖိုမှ မီးအပူရှိန်ကြောင့် အနွေးဓာတ်ရကာ အအေးဒဏ်မှ အတန်အသင့် သက်သာမှု ရကြလေသည်။

စားသောက်ရင်းနှင့် နီမောင်က...

"ဖမ္မန်းထန် ပြောလိုက်တဲ့အထဲမှာ စကားတစ်ခွန်းပါတာ မင်းတို့ သတိပြုမိလိုက်သလား"

ဟု မေးလိုက်သည်။

"ဘာလဲကွ"

"ဒီဝံပုလွေတောင်ပေါ်မှာ မချစ်ဦ အတော်များများရှိတဲ့နေရာကို သူတွေ့ထားလို့ ကိုထွန်းခကို လမ်းပြပေးလိုက်တာလို့ ပြောတယ်"

"အဲဒါ ဘာဖြစ်လဲကွ"

"အခု ကိုထွန်းခကို ဒီတောင်ပေါ်မှာ သေနေတာတွေ့ရတယ်၊ ဒီတော့ ကိုထွန်းခ သေတာနဲ့ ဖမ္မန်းထန်တွေ့ထားတယ်ဆိုတဲ့ မချစ်ဦတွေ ရှိတဲ့နေရာက ဆက်စပ်မှုများရှိနေမလားလို့ပါ"

"မင်းထင်တာက ဒီတောင်တစ်ဝိုက်မှာ မချစ်ဦ အတော်များများရှိတဲ့ နေရာတစ်ခု ရှိနိုင်တယ်လို့ ထင်နေတာလား"

စောထီးက မေးလိုက်သည်။

"ငါတော့ အဲဒီလို ထင်မိတယ်"

ထိုအခါ ငမဲအောင်က...





"မင်းက အဲဒီလို ရိုးရိုးတွေးနေတယ်၊ ငါတော့ ဒီလူကြီးကို သိပ်ကို မယုံချင်ဘူး။ ကိုထွန်းခကို မချစ်ဦတွေရှိတဲ့နေရာ ပြမယ်ဆိုပြီး သေတွင်းထဲ တွန်းပို့လိုက်တာရော မဖြစ်နိုင်ဘူးလား"

ဟု ပြောလိုက်ရာ နီမောင်နှင့် စောထီးတို့မှာ ထိုစကားအတွက် စဉ်းစားစရာ ဖြစ်သွားကြလေတော့သည်။

"အေလေ... ဘာပဲဖြစ်ဖြစ် အခု ရွာလူကြီး တာဝန်ပေးလိုက်တဲ့အတိုင်း ကိုထွန်းခ အလောင်းကို တွေ့ပြီဆိုတော့ အကျိုးအကြောင်း ပြန်ပြောလို့ရပြီ၊ ဒီတော့ မနက်လင်းတာနဲ့ ဒီတောင်တစ်ကြောမှာ နည်းနည်းပါးပါး လိုက်ရှာကြည့်ရင် မကောင်းဘူးလား"

နီမောင်စကား ကြားသောအခါ ကျန်နှစ်ယောက်က ဘာမှပြန်မပြောကြပေ။

အဘယ်ကြောင့် ဆိုသော်...

သူတို့သုံးယောက်မှာ ငယ်ပေါင်းကြီးဖက်များ ဖြစ်ကြသောကြောင့် တစ်ယောက်က ကောင်းတယ်ထင်၍ စိတ်ဦးလျှင် ကျန်နှစ်ယောက်က ဘယ်သောအခါမှ ငြင်းပယ်လေ့ မရှိသောကြောင့် ဖြစ်သည်။

ညစာ စားသောက်ပြီးနောက် နှစ်ယောက်အိပ်၊ တစ်ယောက်က ကင်းစောင့် တာဝန်ယူပြီး အလှည့်ကျ အိပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်မှာ ပင်ပန်းလာသည့် ဒဏ်ကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ရန် ကြိုးစားသော်လည်း တော်တော်နှင့် အိပ်မရဘဲ ဖြစ်နေလေသည်။

သူ့စိတ်ထဲမှာ ရုပ်ပျက် ဆင်းပျက် သေဆုံးနေသော ကိုထွန်းခ ရုပ်သွင်ကို မြင်ယောင်နေပြီး ဘာကြောင့် သေရသည်၊ ဘယ်သူ့လက်ချက်ကြောင့် သေရသည်ကို သိချင်နေသည်။ အပြင်ဘက်မှာ အမှောင်ထုက ပိတ်ဆီးနေသည်။ နှင်းမှုန် နှင်းခဲများက တဖွဲဖွဲ ကျဆင်းနေသည်။

ညဥ့်နက်ပိုင်း ရောက်လာသည်နှင့် အအေးဓာတ်က သိသိသာသာကြီး ပိုလာသည်။

နီမောင်မှာ အတွေးကောင်းနေသောကြောင့် အတော် ညဥ့်နက်ပိုင်းရောက်မှ မှေးခနဲ အိပ်ပျော်သွားသည်။

သူ အိပ်ပျော်သွားစဥ် အိပ်မက်တစ်ခု မြင်မက်လေသည်။

အိပ်မက်ထဲမှာ...

အနီရောင် အဝတ်အစားများကို ဝတ်ဆင်ထားသော ကိုထွန်းခ ရောက်လာသည်။

"ဟင်... ကိုထွန်းခ... ခင်ဗျား ဘယ်ကနေ ဒီကို ရောက်လာတာလဲ"

"ငါ မင်းတို့ကို ပြောစရာရှိလို့ လာခဲ့တာကွ"

"ရွာရောက်ရင် ငါ့မိန်းမနဲ့ ကလေးတွေကို ငါ ရှာတွေ့ထားတဲ့ မချစ်ဥတွေကို တူးပြီးပေးလိုက်ပါကွာ၊ နောက်ပြီး





ငါ့အတွက် ရည်စူးပြီးတော့ ကုသိုလ်ကောင်းမှု ပြုလုပ်ပြီးတော့ အမျှအတန်း ပေးဝေဖို့လည်း ပြောပေးပါ"

"ခင်ဗျား ရှာတွေ့ထားတဲ့ မချစ်ဥတွေက ဘယ်နေရာမှာလဲ"

"ဒီဝံပုလွေတောင်ရဲ့ ပါးစပ်ပေါက်နဲ့တူတဲ့ ဂူပေါက်ထဲမှာ ရှိတယ်၊ အထဲကို နည်းနည်းဝင်လိုက်တာနဲ့ နှင်းခဲတွေ ဖုံးနေတဲ့ ကျောက်ချပ်တွေကြားမှာ မချစ်ဥတွေ အများကြီး ရှိတယ်"

"အလွယ်တကူ ရှာတွေ့ပါ့မလား"

"မပူပါနဲ့... ငါ့အကျီ အပြဲအစုတ်တွေကို လမ်းမှာ ချထားပြပေးမယ်၊ အဲဒီအတိုင်း လိုက်သွားရင် တွေ့ပါလိမ့်မယ်။

"ဒါပေမယ့်... တစ်ခုတော့ သတိထားကြ"

"ဘာလဲ"

"အဲဒီဂူထဲမှာ အန္တရာယ်တွေ ရှိတယ်"

ကိုထွန်းခသည် ထိုစကားကို အထိတ်တလန့် ပြောနေဟန် ရှိသည်။

"ဘယ်လို အန္တရာယ်မျိုးတွေလဲ"

"အဲ...အဲဒါကို ပြောလို့မရဘူး၊ သူတို့သိရင် ငါ့ကို နှိပ်စက်ကြလိမ့်မယ်၊ ဟော... ပြောရင်း ဆိုရင်း သူတို့ လိုက်လာနေပြီ၊ ငါပြောတဲ့အတိုင်း လုပ်ဖို့ မမေ့ပါနဲ့ကွာ။ ငါ...ငါ... သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ထိတ်လန့် ကြောက်ရွံ့စွာဖြင့် ပြောဆိုကာ ကိုထွန်းခသည် အမှောင်ထဲသို့ ပြေးဝင်သွားလေတော့သည်။

ထိုအခိုက်မှာပင် သူ့နားထဲမှာ မာန်ဖီသံလိုလို၊ ဟိန်းဟောက်သံလိုလို ကြောက်မက်ဖွယ်ရာ ကောင်းသော အသံများကို ကြားလာရသည်။

"ဟင်... ဘာသံတွေလဲ"

ထိုအသံများကြောင့် အိပ်မက် မက်နေရာမှ လန့်နိုးလာသည်။ အိပ်ပျော်ရာမှ နိုးလာတော့လည်း ယိုအသံများကို ကြားနေရဆဲပင်။

"ဘာသံတွေလဲ"

"ဘာသံတွေလဲတော့မသိဘူး။ တို့ရောက်နေတဲ့ နေရာရဲ့ အောက်ဘက်က ကြားနေရတာယ်"

နီမောင်က အသေအချာ နားစွင့်ကြည့်သောအခါ ထိုကြောက်မက်ဖွယ် ကောင်းသော အသံမှာ သတ္တဝါတစ်ကောင်ကောင်၏ မာန်ဖီ ဟိန်းဟောက်သံမျိုး၊ ဒါမှမဟုတ် အော်ဟစ်နေသံမျိုး ဖြစ်ရမည်ဟု ခန့်မှန်းမိသည်။

"ဒီအောက်ဘက်မှာ လိုဏ်ခေါင်းတစ်ခု ရှိပုံရတယ်၊ ဒီအသံတွေဟာ လိုဏ်ခေါင်းထဲက လာနေတဲ့ အသံမျိုးပဲ"

"ဘာကောင်တွေ အော်နေတာလဲ"

"အဲဒါတော့ မသိဘူး၊ ဒါပေမယ့် တို့ ဒီတောင်ပေါ်မှာ ရှိနေတဲ့အခိုက်မှာ သတိတော့ ထားကြရမယ်၊ ကဲ...ကဲ...



မင်းတို့နှစ်ယောက် တစ်လှည့် အိပ်ကြဦး။ ငါ တစ်လှည့် စောင့်မယ်"

ဟု ပြောကာ နီမောင်က သူ၏လက်စွဲတော် ဓားလုံ့ကို ကိုင်ပြီး ဂူအဝ,ပိုင်းသို့ ထွက်သည်။

"ဖြစ်ပါ့မလား နီမောင်"

"ရပါတယ်... အကြောင်းရှိရင် ငါ ဝင်နှိုးမယ်"

ဟု ပြောတော့မှ စောထီးနှင့် မေမြအောင်က မီးပုံနံဘေးမှာ ပြန်အိပ်ကြလေသည်။

သူတို့ ရောက်နေသော နေရာမှာ ဂူပေါက်ဝနှင့် မဝေးလှပေ။ ဂူပေါက်ဝဘက်မှာတော့ နှင်းများ ကျနေသည်ဆိုသော်လည်း အလင်းရောင် ရှိနေသည်။

အပြင်မှာ လရောင် ရှိနေသည်။

သူတို့ရောက်နေသော နေရာအောက်ဘက်မှ ကြားနေရသည့် အသံကတော့ ပြန်ငြိမ်သွားသည်။

နီမောင်သည် လေးနှင့် မြားဘူးကို ကျောမှာလွယ်ပြီး ဓားလုံ့ကို ကိုင်ကာ ဂူပေါက်ဝသို့ ထွက်လာသည်။

အပြင်မှာ နှင်းများကျနေသဖြင့် မှုန်ဝါးနေသော်လည်း လ,ရောင် ရှိသောကြောင့် ပတ်ဝန်းကျင်ကိုတော့ ကောင်းစွာ မြင်နိုင်လေသည်။

အပြင်မှာ အအေးဓာတ် များသောကြောင့် အပေါ် အကျီကို ဆွဲစေ့လိုက်သည်။

www.burmeseclassic.com



"ညက အိပ်မက်ထဲမှာ ကိုထွန်းခပြောသွားတဲ့ ဝံပုလွေခေါင်းနေရာဆိုတာ အခု လှမ်းမြင်နေရတဲ့ နေရာပဲဖြစ်မယ်၊ ညဘက် နှင်းတောထဲမှာ ကြည့်တော့ ဝံပုလွေဦးခေါင်းနဲ့ ပိုတူတယ်"

သူရပ်နေသောနေရာမှ အရှေ့ဘက်သို့ လှမ်းကြည့်လိုက်လျှင် တောင်မကြီးမှ အရှေ့ဘက်သို့ ထိုးထွက်နေသော တောင်နှာမောင်းတစ်ခုမှာ ဝံပုလွေတစ်ကောင်၏ ဦးခေါင်းပိုင်းနှင့် အတော်တူလှပေသည်။

လည်ပင်း၊ ဦးခေါင်း၊ နားရွက်၊ နှုတ်သီး နေရာတို့မှာ ပန်းပုဆရာတစ်ယောက် ထုထားသည့်အတိုင်း ဝံပုလွေတစ်ကောင်၏ ဦးခေါင်းနှင့် တူလေသည်။

မာန်ဖီနေသောအသွင်နှင့် ပါးစပ် ဟထားပုံမှာ အသက်ဝင်လှပေသည်။

"ကိုထွန်းခ ပြောသွားတဲ့ မချစ်ဥတွေ အများကြီးရှိတယ်ဆိုတာ ပါးစပ်ပေါက်နဲ့တူတဲ့ ဂူပေါက်ထဲမှာလို့ ပြောသွားတာပဲ၊ ဟုတ် မဟုတ်တော့ မနက်လင်းမှပဲ သွားကြည့်ရမှာပဲ"

ဟု တွေးနေစဉ် တောင်နှာမောင်းပေါ်သို့ တရွေ့ရွေ့နှင့် တက်လာသော မည်းမည်းသဏ္ဌာန်ကြီး တစ်ခုကို လှမ်းမြင်လိုက်ရသဖြင့် ကျောက်တုံး တစ်တုံးနောက်ကွယ်သို့ ဝင်ကပ်နေလိုက်လေသည်။ ပထမတော့ ကျားတစ်ကောင် တက်လာသည်ဟု ထင်လိုက်မိသည်။





သို့သော်...

အသေအချာ ကြည့်တော့မှ မဟုတ်မှန်း သိရသည်။

တောင်နှာမောင်းပေါ်သို့ တက်လာသော သတ္တဝါမှာ လူ့ခါးစောင်းခန့် အရပ်အမောင်းရှိပြီး ကျားတစ်ကောင်လောက် အလုံးအထည်ကြီးသော ဝံပုလွေကြီးတစ်ကောင်ပင် ဖြစ်လေသည်။

တောင်နှာမောင်းပေါ်သို့ တရွေ့ရွေ့ တက်လာသော ဝံပုလွေကြီး တောင်စွန်းပေါ်သို့ ရောက်သောအခါ လရောင်ရှိရာဘက်သို့ ဦးခေါင်းမော့ပြီး ဆွဲဆွဲငင်ငင် အူလိုက်လေသည်။

"အူ...ူ...ူ...ူ..."

ထိုအသံကို ကြားရသောအခါ နှလုံးသားကို လက်သေးကြီးဖြင့် ဆုပ်ကိုင်လိုက်သလို စိမ့်ခနဲဖြစ်သွားပြီး တစ်ကိုယ်လုံး ကြက်သီး မွေးညင်းများ ထောင်ထလာသလို ခံစားလိုက်ရသည်။

"အူ...ူ...ူ...ူ..."

"အူ...ူ...ူ...ူ..."

ဝံပုလွေကြီးက သုံးကြိမ်ပြည့်အောင် အူလိုက်သောအခါ အခြားနေရာမှ၊ အခြားနေရာ အနှံ့အပြားမှ ဝံပုလွေအသံ အများအပြားကို ကြားလာရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် လေပြင်းတစ်ချက် တိုက်ခတ်လာသဖြင့် လေနှင့်အတူ နှင်းမှုန်နှင်းခဲများ ပါလာသောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး မှုန်မှုန်မှိုင်းမှိုင်း ဖြစ်သွားသောကြောင့် ဝံပုလွေကြီးရှိရာသို့ လှမ်းမမြင်ရတော့ပေ။

အူသံလည်း ပျောက်သွားသည်။

အတန်ကြာမှ နှင်းများ ပြန်ကွဲသွားသောအခါ တောင်စွန်းနေရာတွင် ဝံပုလွေကြီးကို မတွေ့ရတော့ပေ။

"ဟင်... ဘယ်ရောက်သွားပါလိမ့်"

သို့သော်...

ထိုနေရာတွင် ဝံပုလွေကြီး မရှိတော့သော်လည်း အံ့ဩဖွယ်ရာ ကောင်းလှသည့် မြင်ကွင်းတစ်ခုကို လှမ်းမြင်ရလေသည်။

ထိုတောင်နှာမောင်း အစွန်းနေရာ၌ မိန်းကလေးတစ်ယောက် ရပ်နေလေသည်။

"ဟင်... စောစောက မြင်နေရတဲ့ ဝံပုလွေကြီးက ဘယ်ရောက်သွားပြီး ဒီမိန်းကလေးက ဘယ်ကနေ ရောက်လာတာလဲ၊ ငါ့ကို နာနာဘာဝတွေကများ အမျိုးမျိုး ဖန်ဆင်းလှည့်စား နေရောသလား"

ဟု တွေးလိုက်မိသည်။

မိန်းကလေးသည် လ,ရောင် ရှိရာဘက်သို့ မျက်နှာမူလျက် လက်နှစ်ဖက်ကို ဘေးသို့ဆန့်တန်းကာ ဦးခေါင်းကို





အထက်သို့ မော့ပြီး ရပ်နေသောကြောင့် သူမ၏ ရှည်လျားလှသည့် ဆံပင်များက လေနှင့်အတူ နောက်ဘက်သို့ တလူလူလွင့်နေလေသည်။

ကိုယ်ပေါ်မှာ ပါးလွှာသော ပဝါစ,တစ်ခုကို ပတ်ခြုံထားသည်မှလွဲပြီး အခြားအဝတ်အစား ပါဟန်မရှိပေ။

"မဟုတ်ကာမှလွဲရော... ဒါ... နာနာဘာဝတွေက ငါ့ကို လှည့်စားပြနေတာပဲ ဖြစ်ရမယ်၊ ဒီအချိန် ဒီနေရာမျိုးမှာ လူအစစ်ကတော့ ဘယ်နည်းနဲ့မှ အခုလို နေနိုင်မယ် မထင်ဘူး"

နီမောင် တစ်ယောက်တည်း အစဉ်းစားရ ခက်နေစဉ် ကောင်းကင်ပေါ်မှာ တိမ်လိပ်တစ်ခုက တက်လာပြီး လရောင်ကို ဖုံးအုပ်လိုက်သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းသွားလေသည်။ အတော်ကြီးကြာမှ တိမ်မည်းများ လွင့်သွားပြီး လရောင်က ပြန်လင်းလာတော့သည်။

တောင်စွန်း ပေါ်မှာတော့ မိန်းကလေးကို မတွေ့ရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၄ ]

## ဝံပုလွေတောင်မှ ဝံပုလွေများ

နောက်တစ်နေ့ နံနက်လင်းတော့ ညက ကိုထွန်းခကို အိပ်မက် မက်သည့်အကြောင်းကို စောထီးနှင့် ငမဲအောင်တို့ကို ပြောပြလိုက်သည်။

"မင်း စိတ်ထဲက စွဲနေလို့ မက်တာ ဖြစ်မှာပါကွာ၊ ဖြစ်နိုင်ပါ့မလား"

စောထီးက ဖခါးရည်တစ်ခွက် ငုံ့သောက်ရင်း ပြောလိုက်သည်။

"ဟုတ် မဟုတ် ဆိုတာကတော့ သွားကြည့်မှ သိရမှာပဲ၊ ငါ့သဘောကတော့ သွားကြည့်ချင်တယ်"

"မင်းသွားချင်ရင် သွားပေါ့ကွာ၊ တို့နှစ်ယောက်ကတော့ ဘာပဲဖြစ်ဖြစ် မကြောက်ပါဘူး"





ငမဲအောင်က အေးအေးဆေးဆေး ပြောသည်။

သူတို့နှစ်ယောက်၏ပုံစံမှာ အန္တရာယ်တွင်းပင် ဖြစ်စေဦးတော့ နီမောင်သာ ရှေ့မှ ဦးဆောင်ပြီး ဆင်းမည်ဆိုပါက မကြောက်မရွံ့ဖြင့် နောက်မှ လိုက်မည့်သူများ ဖြစ်ကြသည်။

သို့ကြောင့်...

နံနက်စောစောမှာပင် အစာကို ဝမ်းဝ,အောင် စားလိုက်ကြပြီး ဂူပေါက် အပြင်ဘက်သို့ ပြန်ထွက်ခဲ့ကြသည်။

အပြင်ဘက်မှာ အလင်းရောင် ရနေပြီ။

သို့စေကာမူ မြူနှင်းများကြောင့် ဝေဝေဝါးဝါး ရှိနေဆဲပင်။

သူတို့သည် လှမ်းမြင်နေရသော ဝံပုလွေ ဦးခေါင်းပုံသဏ္ဍာန် ရှိသော တောင်နှာမောင်း ရှိရာဘက်သို့ ထွက်လာကြသည်။

တစ်နေရာ ရောက်တော့ နှင်းတောထဲမှာ ကျနေသည့် အနီရောင် အဝတ်စ တစ်စကို တွေ့ရသည်။

"ဟောဒီမှာ... တွေ့ပြီ"

နီမောင်က အဝတ်နီစကို ကောက်ယူလိုက်သည်။

"အဲဒါ... ဘာလဲ"

"အိပ်မက်ထဲမှာ ကိုထွန်းခ ငါ့ကိုပြောသွားတဲ့ အဝတ်နီစလေ၊ ဒီအဝတ်နီစတွေရှိတဲ့ လမ်းအတိုင်း လိုက်သွားရင် မချစ်ဦတွေ ရှိတဲ့နေရာကို တွေ့နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



နီမောင့်စကားကြောင့် ကျန်နှစ်ယောက်က ဖဝေဖဝါ ဖြစ်သွားကြသည်။

"ဟော... ဒီနေရာမှာ လှုခြေရာ တစ်ခုပါလား"

ငမဲအောင်က နှင်းသားပြင်ပေါ်မှာ ခပ်ရေးရေး ပေါ်နေသော လူ့ခြေရာကို လက်ညှိုးထိုးပြလိုက်သည်။

နီမောင် စိတ်ထဲမှာတော့ ညက တွေ့လိုက်ရသည့် မိန်းကလေး ခြေရာများလားဟု ထင်လိုက်မိသည်။

သို့သော်...

ကျန်နှစ်ယောက်ကိုတော့ ထိုအကြောင်းကို မပြောတော့ပေ။

ထိုနေရာမှ ဆက်ပြီး လျှောက်လာပြန်သောအခါ နောက်တစ်နေရာ ရောက်သောအခါ နောက်ထပ် အဝတ်နီအပိုင်းစ တစ်ခုကို ထပ်တွေ့ရပြန်သည်။

ဤသို့ဖြင့် အဝတ်နီစကလေးများ တွေ့သည့်လမ်းအတိုင်း ဆက်လိုက်သွားကြရာ ဝံပုလွေဦးခေါင်းနှင့်တူသော တောင်နှာမောင်းအပေါ်သို့ ရောက်သွားကြသည်။

"ပါးစပ်ပေါက်နဲ့ တူတဲ့နေရာမှာ ဂူပေါက် ရှိလိမ့်မယ်"

"မင်း... ဘယ်လိုသိတာလဲ"

"အိပ်မက်ထဲမှာ ပြောသွားတာ"

"ကြည့်လည်း လုပ်ပါဦးကွာ"

ပြောသာ ပြောကြသည်။





နှစ်ယောက်စလုံးကတော့ ထိုနေရာကို စိတ်ဝင်စားနေကြဟန် ရှိလေသည်။

တောင်နှာမောင်းမှာ တောင်မကြီးမှ အပြင်ဘက်သို့ ထိုးထွက်နေသောကြောင့် ပတ်ဝန်းကျင်မှာ လေဟာနယ်နှင့် အောက်ဘက်မှာ ချောက်ကမ်းပါးကြီးသာ ရှိလေသည်။

ဘေးတစ်ဖက်မှာတော့ အောက်ဘက်သို့ ခပ်ပြေပြေ လျှောလျှော ဆင်းသွားနိုင်သော လမ်းကလေး တစ်လမ်း ရှိသည်။

ထိုလမ်းကလေးအတိုင်း ဆင်းသွားလျှင် ကျောက်ပါးစပ်ကြီးထဲသို့ ဝင်နိုင်သော နေရာသို့ ရောက်သွားသည်။

ပါးစပ်ပေါက်ကဲ့သို့ ဖြစ်နေသော ဂူပေါက်ကြီးမှာ အတော်ကျယ်သည်။ ဂူအမိုးအထိ ရှစ်ပေ ကိုးပေခန့် အမြင့်ရှိသည်။ ဂူပေါက်ဝ တစ်ဝိုက်သာ အလင်းရောင်ရှိပြီး အထဲမှာတော့ မှောင်နေလေသည်။

ကြမ်းပြင် တစ်ဝိုက်မှာတော့ နှင်းခဲများ ရှိနေသည်။

အတွင်းဘက်သို့ နည်းနည်းဝင်ကြည့်တော့ ကြမ်းပြင်ပေါ်မှာ အနီရောင် အဝတ်စ တစ်စကို တွေ့ရပြန်သည်။

နီမောင်က ကောက်ယူလိုက်သည်။

"အဲဒါ ဘာလဲ"

"ကိုထွန်းခ လမ်းပြပေးတဲ့ အနီရောင် အဝတ်စတွေလေ၊ တို့သုံးယောက် ဂူထဲဝင်ကြရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ ဟုတ်ရော ဟုတ်ရဲ့လားကွာ၊ ကိုထွန်းခက တို့သုံးယောက်ကို သူရှိတဲ့ သေမင်းပြည်ကိုများ လမ်းပြခေါ်နေ ရော့သလား"

ငမဲအောင် စကားကြောင့် ကျန်နှစ်ယောက်က သဘော ကျစွာ ပြုံးလိုက်လေသည်။

"မင်းကတော့ မဟုတ်တာ အတော်ပြောတယ်၊ ဘာလဲ ကြောက်နေပြီလား"

"ဝေးသေးတယ်... ကြောက်သွားပါရင် ဇာဂနာနဲ့ ဆွဲနုတ်ပစ်မယ်၊ ငမဲအောင်အကြောင်းကို မင်းတို့နှစ်ယောက် အသိဆုံးပါကွာ"

"ကဲ... ဒါဖြင့်လည်း အတွင်းကို ပင်ကြမယ်"

ဟု ပြောကာ ကညင်ဆီမီးတိုင်ကို မီးထွန်းပြီး ဓားလှံ များကို အဆင်သင့်ကိုင်ပြီး ဂူအတွင်းပိုင်းသို့ ဝင်ခဲ့ကြလေသည်။

ဂူပေါက်မှာ အတွင်းပိုင်းရောက်လေ ကျယ်လာလေ ဖြစ်သည်။ အတွင်းပိုင်းတွင် အေးမြသော လေနှင့် နှင်းခဲ နှင်းစက် အချို့ကို တွေ့ရသောကြောင့် သူတို့ဝင်လာသော အပေါက်အပြင် ဂူအမိုးဘက်မှ ဝင်နိုင်သော အပေါက်များ လည်း ရှိလိမ့်ဦးမည်ဟု ခန့်မှန်းမိကြသည်။

တစ်နေရာ ရောက်သောအခါ အပေါ်ဘက်တွင် ဟင်းလင်းပေါက်ကြီး တစ်ပေါက်ကို တွေ့ရပြီး ထိုနေရာမှ ကြည့်လျှင် ကောင်းကင်ပြင်ကို လှမ်းမြင်ရသည်။





လေနှင့်နှင်းများမှာ ထိုဂူပေါက်မှ ဝင်လာကြဟန် ရှိသည်။

ထိုနေရာ ရောက်တော့ အပေါ်မှဝင်လာသော အလင်း ရောင်ကြောင့် ပတ်ဝန်းကျင်ကို ကောင်းစွာ မြင်နိုင်လေသည်။

ဂူကြမ်းပြင်၏ အောက်ခြေ အနိမ့်ပိုင်းဘက်မှာ တသွင် သွင် စီးဆင်းနေသော စမ်းချောင်း တစ်ချောင်းကို လှမ်းမြင်ရပြီး ကမ်းစပ် တစ်လျှောက်မှာတော့ ရောင်စုံ ကျောက်တုံးကျောက်ခဲ ကလေးများ ရှိသည်။

အရောင်အသွေး အမျိုးမျိုး ရှိသော ကျောက်တုံး ကျောက်ခဲများမှာ အချို့မှာ အလုံးအရွယ်အစား အတော် ကြီးလေသည်။

ထိုကမ်းစပ် တစ်လျှောက်မှာလည်း နှင်းသားများ ဖုံးနေသည်ကို တွေ့ရသည်။

ထိုစမ်းချောင်းနှင့် အပေါ်ဘက်မှာတော့ ဂူပေါက်ဝ များစွာရှိလေသည်။

"လာဟေ့... ဟိုစမ်းချောင်းရဲ့ ကမ်းဘေးတစ်လျှောက် မှာ စိမ်းစိမ်းအရွက်တွေ လှမ်းမြင်ရတယ်၊ အောက်ဘက်ကို ဆင်းကြည့်ရအောင်"

ဟု ပြောဆိုကာ ကျောက်ထစ်များကိုနင်းကာ အောက်သို့ ဆင်းခဲ့ကြလေသည်။

စမ်းချောင်းမှာ အတော်ကျယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေမှာ ကြည့်စိမ်းနေပြီး အောက်ဘက်သို့ တသွင်သွင်စီးနေလေသည်။ ကျောက်တုံးများမှာ အနီးကပ် ကြည့်သောအခါမှ အရောင်အသွေး မျိုးစုံရှိမှန်း သိရဟော့သည်။

အချို့ကျောက်တုံးများမှာ အရောင် တလက်လက်တောက်ပနေသည်။

အချို့ကျောက်တုံးများမှာ ရေနှင့် ထိလိုက်သောအခါ အရောင် ပြောင်းသွားတတ်လေသည်။

ထိုကျောက်တုံးများကြားဝယ် ကျောက်ကြမ်းပိုးများစွာတို့ကို တွေ့ရလေသည်။

ကျောက်ကြမ်းပိုးသည် လူနှင့်နီးသော အရပ်ဒေသများမှာ သိပ်မနေဘဲ ယခုကဲ့သို့ လူသူမနီးသော နေရာများမှာ နေတတ်ကြသည်။

ကျောက်ကြမ်းပိုး ဆိုသည်မှာ ကျောက်တုံးများကြား၌ ခိုအောင်းနေတတ်သော ပိုးကောင်တစ်မျိုး ဖြစ်သည်။

အရွယ်မှာ လက်မဝက်ခန့် ရှိသည်။

အတောင်ပံပါပြီး ကိုယ်ခန္ဓာမှာ ပြားသည်။

အနံ့မှာ ကြမ်းပိုးနံ့ကဲ့သို့ နံလည်းနံ ပြင်းလည်းပြင်းသည်။

ထိုကျောက်ကြမ်းပိုးကို အတောင် ချွတ်ပြီး ကြော်၍ စားကြသည်။ လော်၍ စားကြသည်။





ရင်အုပ်၌ရှိသည့် အဆိပ်ဥကိုထုတ်ပြီး အစိမ်းသုပ်၍လည်း စားကြသည်။

ထိုအဆိပ်ဥသည် လွန်စွာစပ်ပြီး စားမိပါက လျှာကိုထုံကျဉ်စေသည်။

ကျောက်ကြမ်းပိုးအသေကို စားမိပါက တုန်ဖျား ဖျားပြီးမူးဝေ အော့အန်တတ်သည်။

ကယောင်ကတမ်း ဖြစ်တတ်သည်။

ပီလောပီနံ့ဥနှင့်မှ လုံးဝမတည့်ပေ။

ကျောက်ကြမ်းပိုး ရှာဖွေရရှိချိန်မှာ နှစ်စဉ် နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိ လေးလမျှသာ ကျောက်ကြမ်းပိုး ပေါ်တတ်လေသည်။

ထို့ကြောင့်...

ဆောင်းရာသီ ရောက်လာ၍ ကျောက်ကြမ်းပိုးပေါ်ချိန်ရောက်လာလျှင် ကျောက်ကြမ်းပိုးကို ကြိုက်နှစ်သက်ကြသော ကလေး၊ လူကြီးတို့ ကျောက်ကြမ်းပိုး ရှိနိုင်သောနေရာကို လှည့်လည်၍ ရှာဖွေ ဖမ်းဆီးကြလေသည်။

မြေပြန့်ဒေသတွင် ပုရစ်ဖမ်းခြင်း၊ တွင်းပိုးဖမ်းခြင်း၊ သင်ပေါင်းပိုး ရှာဖွေဖမ်းဆီးခြင်းတို့နှင့် ဝလေ့တူပါသည်။

တကယ်တော့...

ကျောက်ကြမ်းပိုးသည် ဒေသထွက် [illegible]၊ စားသောက်စရာ တစ်မျိုးပင် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်တို့ သုံးယောက်သည် ကျောက်ဂူထဲမှ ချောင်းစပ်နံဘေးမှာ ကြီးချင်တိုင်း ကြီးနေကြသော ကျောက်ကြမ်းပိုးကြီးများကို မြင်သောအခါ ဖမ်းချင်စိတ် ဖြစ်ပေါ်ကြသော်လည်း အရေးကြီးသောကိစ္စနှင့် လာကြသောကြောင့် စိတ်ကိုလျှော့ပြီး ချောင်းကမ်းစပ်တစ်လျှောက် မြေပြန့်အနှံ့အပြားတွင် အများအပြား ပေါက်နေသော မချစ်ဥပင်များကို တွေ့ရလေတော့သည်။

"ဟင်… ဖေမုန်းထန် ပြောတဲ့အတိုင်း ဝံပုလွေတောင်မှာ မချစ်ဥတွေ အများကြီး ရှိတယ်ဆိုတာ အမှန်ပါလား"

"တို့သုံးယောက်တော့ ပွပေါက်တိုးတာပဲ နီမောင်ရေ"

"သိပ်လည်း ဝမ်းသာမနေကြနဲ့ဦး၊ ကိုထွန်းခကြီးလည်း ဒီမချစ်ဥတွေကို လာရှာရင်းနဲ့ သေသွားပုံရတယ်၊ သတိဝီရိယလည်း ထားကြဦး"

"အေးပါ"

ထို့နောက်…

သုံးယောက်သား အချိန်ဆွဲမနေတော့ဘဲ ဓားလုံနှင့် မီးတိုင်ကို မလှမ်းမကမ်းနေရာမှာ စိုက်ထားပြီး မချစ်ဥပင်များကို နုတ်ယူကြလေတော့သည်။

ခန်းတောက်မြစ်နှင့် မချစ်ဥမှာ မြန်မာနိုင်ငံ မြောက်ဖျားရေခဲတောင်များပေါ်တွင် ထွက်သည့် အဖိုးတန် ဆေးမြစ်၊ ဆေးဥများ ဖြစ်ကြသည်။





အဆက်ကလူစီ ခေါ် မသေဆေးပင်နှင့် ရှီးပဒီး ခေါ် ပိုးကောင်ခြောက်လ၊ နွယ်ပင်ခြောက်လ နေသော ဆေးပင်တို့မှာ တန်ဖိုးရှိပြီး အစွမ်းထက်သော်လည်း ရှားပါးလှပေသည်။

အင်္ဂလိပ် နယ်ချဲ့များ လက်အောက်မှ လွတ်မြောက်လာပြီး နောက်ပိုင်းတွင် ခန်းတောက်မြစ်နှင့် မချစ်ဥဆေးပင်များအကြောင်းကို လူသိများလာပြီး ဈေးကောင်း ပေးဝယ်လာကြသည်။

အဘယ်မျှ ဈေးကောင်းသလဲ ဆိုလျှင် ရွှေဈေးနှင့် ဘန်းတူထားပြီး ဈေးဖြတ်ကာ ဝယ်ယူကြသည်။

ခန်းတောက်ပင်က အရွက်ထက် အမြစ်ကို အသုံးပြုသည်။ အနည်းဆုံး သုံးနှစ်သက်တန်းရှိ ခန်းတောက်ပင်၏ အမြစ်မှာ ခြောက်လက်မမှ ရှစ်လက်မခန့် ရှိလေသည်။ နနွင်းတက် အတွင်းသားကဲ့သို့ အဝါရောင်ဖြစ်သည်။ အရသာမှာ လွန်စွာခါး၏။

မချစ်ဥမှာ အပင်ထက် ဥကို အသုံးပြုသည်။

ဥမှာ ကြက်သွန်ဖြူဥနှင့် ဆင်ဆင်တူသော်လည်း အရသာမှာ လွန်စွာခါးလေသည်။

နှစ်မျိုးစလုံးမှာ ရေခဲများဖုံးလွှမ်းနေသည့် တောင်တန်းကြီးများပေါ်မှာ ပေါက်လေ့ရှိပြီး ရေခဲများ ပျော်ကျ၍ အပင်များပေါ်လာချိန်မှာ သက်စွန့်ကြိုးပမ်း နုတ်ယူကြရခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မချစ်ဥကို ရဝမ်ဘာသာဖြင့် မဂျစ်၊

လီဆူးဘာသာဖြင့် ပို့မိုး၊

ခန္တီး ရှမ်းဘာသာဖြင့် ယာဖလိုနွယ်၊

တရုတ်ဘာသာစကားဖြင့် လမုံဟု ခေါ်ဆိုကြပြီး မြန်မာဘာသာစကားဖြင့် မချစ်ဥ၊ မသေဆေးဥ၊ ဂမုန်းသက်ရှည်ဥဟု ခေါ်ကြလေသည်။

ခန်းတောက်မြစ်နှင့် မချစ်ဥ ပေါ်ချိန်တွင် ရေခဲတောင်များပေါ်မှာ လူစည်ကားနေတတ်လေသည်။

ထိုအချိန်တွင် ဆေးမြစ်၊ ဆေးဥများက ရွှေဈေးနှင့်အပြိုင် ဈေးကောင်းလှသောကြောင့် အပင်အကြီးအသေး၊ အနုအရင့် မရွေးတော့ဘဲ တွေ့သမျှ ခုတ်ယူကြတော့သည်။

၎င်းဆေးဖက်ဝင် အပင်များကို တရုတ်လောပန်များက အဝယ်များလေသည်။

၎င်းတို့မှ တစ်ဆင့်ပြီး တစ်ဆင့် ပြောင်းသွားလေရာ ခန်းတောက်မြစ်နှင့် မချစ်ဥတို့၏ ပျံ့နှံ့မှုကား ရှည်လျားလှပေသည်။

ခန်းတောက်မြစ်သည် အရသာ ခါး၏။

ရေတွင်စိမ်၍ သောက်ရသည်။

အဖျားနှင့် ငှက်ဖျားရောဂါကို ပျောက်ကင်း ချမ်းသာစေသည်။ သွေးထွက်သံယိုဖြစ်လျှင် ဒဏ်ရာကို ကြိတ်၍ အုံပေးပါက အနာမရင်းဘဲ လျင်စွာ ပျောက်လေသည်။





မချစ်ဥမှာလည်း လွန်စွာခါးသော အရသာရှိလေသည်။

အပူဓာတ်ရှိသဖြင့် ပျားရည်၊ အရက်တို့နှင့် စိမ်သောက်လေ့ ရှိကြသည်။

အားဆေး အဖြစ်လည်းကောင်း၊ မသေဆေးအဖြစ်သော်လည်းကောင်း အမြတ်တနိုး မှီဝဲသုံးဆောင်ကြလေသည်။

ခန်းတောက်မြစ်၊ မချစ်ဥ၊ ရှီးပဒီး၊ အဆက်ကလူစီ၊ မရှော့ရွက်၊ ကတိုးမွှေး၊ တောင်ဆိတ် အစရှိသော အဖိုးတန် ဆေးဖက်ဝင် သစ်ပင်များနှင့် တိရစ္ဆာန်များမှာ မြန်မာပြည် မြောက်ဘက်ဖျားရှိ ရေခဲများ ဖုံးလွှမ်းနေသော ခါကာဘိုရာဇီ၊ စပ်ဖန္ဒယ်လုံ၊ ဒင်ဒေါ်ရာဇီ၊ ရှီအင်တလာဝါဇီ၊ ဝမ်လန်ရာဇီ၊ ဖုန်ကန်ရာဇီ အစရှိသော တောင်တန်းကြီးများပေါ်မှာ သုံးမကုန်အောင် ပေါများလှပေသည်။

ဝံပုလွေတောင် လိုဏ်ခေါင်းထဲမှာ နိုမောင်တို့သုံးယောက် ရှာဖွေတွေ့ကြသော မချစ်ဥပင်များမှာ နှစ်ချို့အပင်ကြီးများ ဖြစ်ကြောင်း ဥကိုကြည့်ရုံဖြင့် သိနိုင်ကြသောကြောင့် သုံးယောက်သား ဝမ်းသာအားရ နုတ်ယူနေကြစဉ် ၎င်းတို့ အထက်ဘက်ရှိ ဂူပေါက်အချို့မှ မာန်ဖီသံများ ကြားလိုက်ရသောကြောင့် လုပ်လက်စ အလုပ်ကို ရပ်တန့်ပြီး ချထားသော ဓားလှံများကို အသီးသီး ကောက်ယူလိုက်ကြသည်။

အသံကြားရာသို့ လှမ်းကြည့်လိုက်တော့ အမှောင်ရိပ်ထဲမှာ ရဲရဲနီနေသော မျက်လုံးအစုံတို့ကို လှမ်းမြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အကောင်အထည်ကို မမြင်ရသေးသော်လည်း မျက်လုံး အရောင်ကို ကြည့်ရုံမျှဖြင့် မိမိတို့ကို ရန်မူတော့မည့် တိရစ္ဆာန်များ ဖြစ်ကြောင်း သိလိုက်ကြသည်။

သို့ကြောင့်...

ချောင်းစပ်မှနေ၍ အပေါ်ဆင့်ကို ပြန်တက်ရန် ဟန်ပြင်လိုက်ကြစဉ် ဂူပေါက်ဝတစ်ခုထဲမှ ဝံပုလွေသုံးကောင် ပြေးထွက်လာသည်။

ဝံပုလွေများမှာ သာမန် အရွယ်အစားသာသာ ရှိသော်လည်း နီရဲသော မျက်လုံးနှင့် ဖြူဖွေးသော အစွယ်တို့ကို အတိုင်းသား မြင်နေရသည်။

နီမောင်တို့ သုံးယောက်က လူချင်း ပူးကပ်နေရာမှ ခွဲပေးလိုက်ပြီး ဓားလှံများကို ရှေ့သို့ ခင်းပေးထားသည်။ မလှမ်းမကမ်းသို့ ရောက်သောအခါ ဝံပုလွေများက လွှားခနဲ လွှားခနဲ ခုန်ဝင်လာသည်။

ထိုသို့ ခုန်ပင်လာရာ အပေါ်သို့ ရောက်သည်နှင့် ခင်းထားသော ဓားလှံကို ဖျတ်ခနဲထောင်၍ ဝမ်းဗိုက်ကို ဆောင့်ထိုးကာ ဝင်လာသော အရှိန်ဖြင့် လွှဲပစ်လိုက်ရာ အတော်ဝေးဝေးနေရာ ရောက်သွားပြီး 'ဘုန်း' ခနဲ ပစ်ကျသွားလေတော့သည်။

"လာကြဟေ့... နောက်ထပ် ဂူထဲက ဝံပုလွေတွေ ထွက်မလာခင် ဂူထဲက အမြန်ဖွက်ကြရအောင်"





ဟု ပြောကာ သုံးယောက်သား ကျောက်လှေကားများမှ အပေါ်ဆင့် ရောက်အောင် ပြေးတက်ခဲ့ကြသည်။

နီမောင်တို့ ကိုင်သော ဓားလှံမှာ အသွားထက်ထက်၊ အဖျားချွန်ချွန်နှင့် လှံကဲ့သို့ ထိုးနိုင်ပြီး ဓားကဲ့သို့ ခုတ်နိုင်သော လက်နက်မို့ အားကိုးလောက်ပေသည်။

သူတို့ သုံးယောက် အပေါ်ဆင့်သို့ ရောက်ကာမှ နောက်ထပ် ဝံပုလွေနှစ်ကောင် သုံးကောင် ထပ်ထွက်လာပြန်သဖြင့် တိုက်ခိုက်ကြပြီး ဂူပေါက်ဝမှ အပြင်သို့ ထွက်ကာ တောင်ကြောပေါ်သို့ ပြန်တက်ခဲ့ကြသည်။

"ဒီနေရာက အန္တရာယ် မကင်းဘူးဟေ့၊ တောင်အောက် ပြန်ဆင်းကြမယ်"

ဟု ပြောဆို တိုင်ပင်ကာ တောင်အောက်သို့ ခပ်သုတ်သုတ် ပြန်ဆင်းခဲ့ကြသည်။

တောင်ခြေသို့ ရောက်သောအခါမှ နောက်ဘက်သို့ လှည့်ကြည့်လိုက်သောအခါ ဝံပုလွေ ဦးခေါင်းသဏ္ဍာန် တောင်စွန်းပေါ်၌ ခါးထောက်ပြီး မိမိတို့ ရှိရာကို လှမ်းကြည့်နေသော မိန်းကလေး တစ်ယောက်၏ ပုံသဏ္ဍာန်တစ်ခုကို လှမ်းမြင်ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၅ ]

## ကြီးသချိုင်းမှ အကူအညီပေးသူ

ဖားဖိုကိုဆွဲသော လက်ကိုင်ကွင်းကို ခပ်မှန်မှန် ဆွဲနေရာမှ မီးတောက်များမှာ တဖြည်းဖြည်းနှင့် အရှိန်ရလာလေသည်။ မီးဖိုမှ မီးအပူရှိန်ကြောင့် တစ်ကိုယ်လုံး ချွေးပြန်နေသော်လည်း သံကိုးမျိုးကို ထည့်ကာ ကျိုနေသောအလုပ်သည် ပြီးမြောက် အောင်မြင်ကာ နီးနေလေပြီ။

ဦးဗန်ကောင်း သူလုပ်ချင်သော ရည်ရွယ်ချက်တစ်ခု အောင်မြင်တော့မည်မို့ စိတ်ထဲမှ ကြိတ်ကာ ဝမ်းသာကျေနပ်နေမိလေသည်။

ဦးဗန်ကောင်းသည် ဆေးဆရာကြီး တစ်ဦးဖြစ်ပြီး အသက် ငါးဆယ်ကျော် အရွယ်ခန့်ရှိသည်။

အရပ်မြင့်မြင့်နှင့် ကြံ့ခိုင်သော ကိုယ်နေဟန် ရှိသည်။





ခေါင်းတုံးကို ပြောင်အောင် တုံးထားပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးနှင့် ခန့်ညားသောသွင်ပြင် ရှိသည်။

သူသည် ဆေးကုသသော အလုပ်အပြင် ဗိုဒိုးသော အလုပ်ကိုလည်း လုပ်ကိုင်လေသည်။ ဆေးမြစ်၊ ဆေးဥ ရှာခြင်း၊ ဆေးကုသခြင်း အလုပ်မရှိလျှင် အမြဲတစေ ဗိုဒိုးနေလေ့ရှိသည်။

ချင်းပြည်နယ်၊ ကချင်ပြည်နယ် တစ်ဝိုက်မှ လူများက ဦးဗန်ကောင်းကို သိကြသည်။ ရောဂါဖြစ်လျှင် ဦးဗန်ကောင်းကို လာခေါ်ကြသည်။

ဦးဗန်ကောင်းကလည်း ဆေးကုသဖို့လာခေါ်လျှင် နေ့ညမရှောင် အချိန်မရွေး၊ အရပ်မရွေး လိုက်သွားပြီး ကုသပေးလေ့ရှိသည်။

ဦးဗန်ကောင်းသည် ဆေးဝါးပညာ၊ ဓာတ်ပညာများ အပြင် ဂမ္ဘီရပညာများကိုပါ တတ်ကျွမ်းသူ ဖြစ်၏။

သူတတ်ကျွမ်းသော ဂမ္ဘီရပညာများကို နယ်သူ နယ်သား အတော်များများက မှော်အတတ်ပညာဟု ထင်မြင် ယူဆကြသည်။ အချို့ ရိုးသားသူများကဆိုလျှင် စုန်းအတတ်ပညာ၊ အောက်လမ်းပညာ ဟုပင် မှတ်ထင်ကြလေသည်။

ဦးဗန်ကောင်း တတ်ကျွမ်းသော ဓာတ်ပညာများကို အချို့က ကြောက်စရာကောင်းသော စုန်းပညာများဟု ထင်မှတ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဇန်ကောင်းကလည်း မိမိ ရှင်းပြလည်း နားလည် သဘောပေါက်မည် မဟုတ်သောကြောင့် ရှင်းမပြတော့ပေ။

အချို့ကလည်း ပညာစမ်းသည့် အနေဖြင့်...

"ဆရာကြီး... ဆရာကြီးရဲ့စုန်းပညာ သိပ်စွမ်းတယ်လို့ သတင်းကြားရတယ်၊ ကျုပ်တို့ကို တစ်ခုလောက်ပြပါ"

ဟု တောင်းဆိုကြသည်။

ထိုအခါ ဦးဇန်ကောင်းက...

"ငါ့ပညာတွေက သိပ်စွမ်းတယ်၊ လူကိုစမ်းရင် လူသေသွားလိမ့်မယ်"

ဟု ပြန်ပြောလိုက်သည်။

"ဒီလိုဆိုရင် ခြံထဲက သစ်ပင် တစ်ပင်ကိုပဲ စမ်းပြပါ"

ဦးဇန်ကောင်းက ခြံထဲကို မျက်လုံး ဝေ့ကြည့်လိုက်တော့ ခြံထောင့် တစ်နေရာမှာ အသီးတွေ ပွတ်ခဲနေသော ပိန္နဲပင် တစ်ပင်ကို တွေ့ရသည်။

"ကောင်းပြီ... ဟိုပိန္နဲပင်ကိုပဲ ပြုစားပြမယ်၊ ငါ သစ်သား တစ်ချောင်းကို မန်းမှုတ်ပြီး သစ်ပင်ကို ရိုက်ခဲ့မယ်၊ တစ်ရက် နှစ်ရက်ကြာရင် အသီးတွေအားလုံး ကြွေသွားလိမ့်မယ်"

ဟု ပြောသောအခါ...

"လုပ်ပြပါ" ဟု ပြောလေသည်။

သို့ကြောင့်...





ခြံထဲမှ အင်သား တစ်ချောင်းကို မန်းမှုတ်ဟန်ပြုပြီး ပိန္နဲပင်မှာ သွားထောက် ထားလိုက်သည်။

နောက်တစ်ရက် နှစ်ရက်ကြာတော့ အပင်မှအသီးတွေ တစ်လုံးပြီးတစ်လုံး ကြွေကျကုန်လေတော့သည်။

ထိုအခါမှ ဦးဇန်ကောင်းဆီလာပြီး...

"ဆရာကြီးရဲ့ပညာကို ယုံပါပြီ ဆရာကြီး၊ ပညာကို လျှော့လိုက်ပါတော့"

ဟု လာပြောကြသည်။

ဓာတ်ပညာအရ အသီးသီးနေသော ပိန္နဲပင်ကို အင်သား ဖြင့် ထောက်ပေးလိုက်လျှင် အသီးများ ကြွေကျကုန်ခြင်းမှာ စုန်းအတတ်ပညာ မဟုတ်ပေ။

ဓာတ်ခိုက်သော ပညာသာ ဖြစ်၏။

ဓာတ်ခိုက်တော့ နတ်တိုက်တာထက် ဆိုးသည်ဟူသော ပညာမှာ ဓာတ်ပညာပင် ဖြစ်ပါသည်။

ပိန္နဲပင်၌ (နဲ)သည် ပါပဖြစ်သည်။ အင်သား၌ (အင်)သည် ပါပဖြစ်သည်။ ပါပ ပါပချင်း နာမ်လုပ်ရမည်ကို နာမ်မလုပ်ဘဲ ရုပ်လုပ်သဖြင့် ဓာတ်ချက်၊ ဖဆေးချက် မှားသောကြောင့် အသီးကြွေရလေသည်။

အင်သားကို ပိန္နဲပင်တွင်းသို့ ရိုက်သွင်းလျှင် ပိုမို၍ အသီး သီးနိုင်သည့် သဘောလည်း ရှိပါသည်။ အကြောင်းကား နာမ်ကို နာမ်လုပ်သောကြောင့် ဖြစ်သည်။

www.burmeseclassic.com



(နဲ)နှင့် (အင်)လည်း (အန္တော)ခေတ်ဖို ခေတ်မလည်း ဖြစ်သောကြောင့်ပင်။

နောင်သောအခါ ဦးဖန်ကောင်းက ထိုအင်သားကို အဖျားချွန်၍ ပိန္နဲပင်စည်ထဲသို့ ရိုက်သွင်း ထည့်ထားခဲ့လေရာ အသီးများ ပိုမိုအသီးသီးလာသည်ကို တွေ့မြင်သောအခါ တိုင်းရင်းသားများက...

"ဆရာကြီးရဲ့ဆေးတုတ်က အတော့်ကို အစွမ်းထက်လှပါပေတယ်၊ ပိန္နဲသီးတွေကို သီးအောင်လည်း လုပ်နိုင်တယ်၊ ကြွေအောင်လည်း လုပ်နိုင်တယ်"

ဟု ဝိုင်းဝန်း ချီးကျူးကြပြီး နောက်ဆိုလျှင် ဦးဖန်ကောင်းကို ပညာ မစမ်းဝံ့ကြတော့ပေ။

ဦးဖန်ကောင်းသည် ဆေးကုသရန် အလုပ်မရှိလျှင် ထူးဆန်းသောပစ္စည်းများ ရှိနိုင်သော နေရာများကို လှည့်လည်သွားလာတတ်လေသည်။

ယခုလည်း ကိုးသချိုင်းမှ သံတိုသံစများ ရလာသောကြောင့် စုပေါင်း၍ သံရည်ကျိုနေခြင်း ဖြစ်သည်။

ကိုးသချိုင်းသံဆိုလို့ ကိုးမြို့ ကိုးသချိုင်း လှည့်လည်၍ ရှာစရာမလိုဘဲ မြို့တစ်မြို့ထဲမှာ သချိုင်းကိုးခုရှိသော နေရာမှ စုဆောင်းရလာခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၌ မြို့တစ်မြို့ထဲမှာ သချိုင်းကိုးနေရာရှိသော နေရာတစ်ခု ရှိလေသည်။





ထိုမြို့မှာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဖြစ်သည်။ မြစ်ကြီးနား မြို့မသုသာန်သည် ကိုးသုသာန် ပေါင်းထားသော သုသာန်ဖြစ်သည်။

(၁) မြန်မာသုသာန်၊

(၂) နှစ်ခြင်းခရစ်ယာန်သုသာန်၊

(၃) ကာသောလိပ်သုသာန်၊

(၄) ဟိန္ဒူသုသာန်၊

(၅) မွတ်စလင်သုသာန်၊

(၆) နတ်စားကချင်သုသာန်၊

(၇) တရုတ်လက်တိုသုသာန်၊

(၈) တရုတ်လက်ရှည်သုသာန်၊

(၉) ဒုတိယ ကမ္ဘာစစ်အတွင်းက ကျဆုံးခဲ့သည့် စစ်သည်တို့ကို မြှုပ်နှံသော ကမ္ဘာ့သုသာန်များ ဖြစ်လေသည်။

ထိုနေရာတွင် မြို့မသုသာန်၌ သီတင်း သုံးနေသော ဆရာတော် အကြောင်းကိုလည်း အနည်းငယ် ပြောပြရန် လိုပေသည်။

ဆရာတော်သည် ယော ဗမာအမျိုးသားဖြစ်ပြီး ဘွဲ့တော်မှာ ဦးသောဘိတ ဖြစ်သည်။

ဆရာတော်သည် ရေမသပ္ပာယ် (ရေမချိုး)သည်မှာ နှစ်ပေါင်းလေးဆယ်ကျော် ငါးဆယ်နီးပါး ရှိခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



၁၉၇၁–ခုနှစ်က ရေမချိုးတာ ၄၅ နှစ် ရှိပြီဖြစ်၏။ မြစ်ကြီးနားမြို့ သုသာန်သို့ မရောက်မီ မြစ်ကြီးနား တစ်ဖက်ကမ်း ခတ်ချိုသုသာန်၌ (၁၆)ဝါ သီတင်းသုံးခဲ့ပြီး သချိုင်းကိုးခုစုထားသော မြို့မသုသာန်သို့ ရွှေ့ပြောင်း သီတင်းသုံးခြင်း ဖြစ်သည်။

မြို့မသုသာန်၌ သီတင်း သုံးနေသည်မှာပင် နှစ်ပေါင်း ၃၀ ကျော်ပြီ ဖြစ်သည်။

ဆရာတော်သည် သုသာန်၌ တစ်ပါးတည်း သီတင်းသုံးနေပြီး ဇရပ်ထဲတွင် ခွေး ငါးကောင်နှင့် ကြောင် နှစ်ဆယ့်ငါးကောင် မွေးထားလေသည်။

ဦးဗန်ကောင်း ရောက်သွားတော့ အရုဏ်တက်ချိန် သာသာခန့်ပင် ရှိသေးသည်။

"ဘယ်သူလဲ"

ဆရာတော်က ကျောင်းတံခါးဖွင့်ရင်း မေးသည်။

"တပည့်တော် ဆန်ဂေါင်ဘက်က လာတာပါဘုရား၊ ဒီသုသာန်မှာ အဓိဋ္ဌာန်ဝင်ဖို့ လာတာပါ"

"အဓိဋ္ဌာန်လည်းဝင်ရင်း ပစ္စည်းလည်းရှာရင်း မဟုတ်လားကွာ"

ဟု ပြောရင်း တံခါးချပ်ကို ဆွဲဖွင့်လိုက်သည်။

ဦးဗန်ကောင်း စိတ်ထဲမှာတော့ ဆရာတော်၏ အမြင်အာရုံ ရှိပုံကို သဘောကျသွားလေသည်။





"မင်း... ဝင်လာတာကို ငါ့ကျောင်းက ခွေးတွေက တစ်ကောင်မှ မဟောင်ကြဘူးလား"

"မဟောင်ပါဘူး ဘုရား၊ တပည့်တော် ဝင်လာတော့ အမြီးတောင် နှံ့ပြကြသေးတယ်"

"အင်း... မင်းလည်း ခေသူတစ်ယောက်တော့ မဟုတ်ဘူး၊ ငါ့ကျောင်းက ခွေးတွေက ကိုက်တာတော့ ကိုက်ခဲတယ်၊ ဒါပေမယ့် ကျောင်းထဲကို လူစိမ်းဝင်လာရင်တော့ နားကွဲလောက်အောင်ကို ဟောင်တော့တာပဲ"

ဟု မိန့်ကြားလေသည်။

အမှန်တော့ သုသာန်သို့မသွားမီကတည်းက ထိုသုသာန်အတွင်းအပြင်၌ ရှိကြကုန်သော မြင်အပ်သောပုဂ္ဂိုလ်၊ မမြင်အပ်သောပုဂ္ဂိုလ်၊ မြင်အပ်သောသတ္တဝါ၊ မမြင်အပ်သောသတ္တဝါတို့ကို မှန်းဆ၍ ကြိုတင် မေတ္တာပို့ခဲ့သော အကျိုးကြောင့် ဖြစ်သည်ကိုတော့ ဆရာတော်အနေနှင့် သိနိုင်လောက်ပေသည်။

"ဆရာတော်ဘွဲ့တော်က ဘယ်လိုခေါ်ပါလဲ ဘုရား"

"မူလဘွဲ့ကတော့ ဦးသောဘိတလို့ ခေါ်တယ်၊ ဒါပေမယ့် အများကတော့ ဦးပေါက်ဆိန်လို့ ခေါ်ကြတယ်၊ ငါ့ကို တားပြဲတွေက ပေါက်ဆိန်နဲ့ ပေါက်သတ်တာ မသေဘဲ ကျန်လို့ ဦးပေါက်ဆိန်လို့ ခေါ်ကြတာပဲ၊ နောက်တစ်ချက်က ငါက စကားပြောရင် ချိုချိုသာသာ မပြောတတ်ဘူး၊ ပေါက်ဆိန်ပေါက်သလို ပြောတတ်တယ်၊ ဒါကြောင့် ခေါ်တာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်ဖြစ်မှာပေါ့၊ အခုခေတ်က ချိုချိုသာသာ ပြောရင် သိပ်သဘောမပေါက်ကြဘူး"

ဟု မိန့်ကြားလေသည်။

ရင်းပြောကြားသော တရားနှင့် စကားများမှာ…

"မိခင်ရှိရင် မိခင်ကို လုပ်ကျွေးပြုစုပြီးမှ ရဟန်းဝတ်ပါ၊ မိဘတွေရဲ့ ကျေးဇူးက ကြီးလှတယ်၊ ငါ့ဆိုရင် ငါ့အမေနဲ့ နှာမည်တူသူတွေ၊ မိဘလုပ်ကျွေးတဲ့လူတွေ့ရင် ဆုငွေချတယ်"

ဟု ထူးထူးဆန်းဆန်း စကားကို ပြောသည်။

ထို့နောက်…

"ဒီသုသာန်မှာ နေ့စဉ်လိုလို လူသေ တွေ့ရတယ်၊ ပုဆွေးသောက ရောက်ကြတာတွေကို တွေ့မြင်ရတယ်၊ လင်သေ၊ မယားသေ၊ သားသမီးသေ၊ ဘိုးဘွားသေ၊ ဆွေမျိုး မောင်နှမတွေသေလို့ ငိုကြတဲ့လူတွေ တွေ့ရင် ငါ ဝမ်းမနည်းပါဘူး၊ တချို့ သိပ်တရားလွန်လွန်းလာရင် အော် တောင် ထုတ်လိုက်သေးတယ်၊ အရွယ်ကောင်းတုန်း လင်တွေ မယားတွေ သေလို့ ဖျပ်ဖျပ်လူး တက်ကြ ချက်ကြနဲ့ ငိုတဲ့ လူတွေကိုလည်း တွေ့ဖူးပါရဲ့၊ အဲဒီလူတွေဟာ သိပ်မကြာပါဘူး နောက်တစ်ခါ အသုဘလာပို့လို့ပါလာရင် နောက်ယောက်ျား နောက်မိန်းမတွေ ယူထားတာကို တွေ့ရတာပဲ"

အဲ… အဖေ အမေသေလို့ ငိုတဲ့လူတွေ့ရင် ငါ့ရင်ထဲမှာ အလိုလို ဝမ်းနည်းလာတတ်တယ်ကွာ၊ ဩော်… သူတို့





တစ်သက်မှာ နောက်ထပ် မိဘအစားမရတော့ပါလား ဆိုတဲ့ အသိကြောင့် ရင်ထဲမှာ သူတို့နဲ့ထပ်တူ ခံစားရတယ်"

ဟု ဆက်ပြောသည်။

ဦးဇန်ကောင်းကတော့ ထူးထူးဆန်းဆန်း ပြောပြနေသော သုသာန်ဆရာတော်ကို တအံ့တသြ ကြည့်နေလေသည်။

"မင်းက ဒီသုသာန်ကို ဘာလုပ်ဖို့လာတာလဲ"

"အဓိဋ္ဌာန်ဝင်ဖို့ လာတာပါ ဘုရား"

"အဓိဋ္ဌာန် ဝင်တာလည်း ဝင်ကြပါ၊ မင်းသိအောင် တစ်ခုတော့ ကြိုပြောထားရဦးမယ်၊ သုသာန်မှာ ပရိတ်ရွတ်လို့ မရဘူး၊ မေတ္တာသုတ်၊ မင်္ဂလသုတ်ပဲ ရွတ်လို့ရတယ်၊ အခြား တန်ခိုးကြီးတဲ့ အစွမ်းထက်တဲ့ ဂါထာတွေလည်း မရွတ်နဲ့"

"အဲဒါ ဘာကြောင့်လဲ ဘုရား"

"ဒီသင်္ချိုင်းက တခြားသင်္ချိုင်းနဲ့ မတူဘူး၊ ဘာသာ ပေါင်းစုံ၊ လူမျိုးပေါင်းစုံတွေ စုနေတဲ့ ကိုးသင်္ချိုင်းဆိုတော့ ကိုယ့်ဘာသာရဲ့ တန်ခိုးကြီးတဲ့ ပရိတ်တွေ၊ ဂါထာတွေရွတ်ရင် ကျန်တာတွေက မခံနိုင်ဘူး"

"ဒီသုသာန်မှာ ဘာတွေရှိသလဲ ဘုရား"

"ဒီသုသာန်ထဲမှာ သရဲတော့ မရှိပါဘူး၊ ရက်လည်ဆွမ်း မကပ်သေးလို့၊ အမျှအတန်း မရသေးလို့ ခဏတစ်ဖြုတ် ဖြစ်နေတဲ့ ပြိတ္တာတွေတော့ ရှိတယ်၊ ဒီတစ္ဆေ ပြိတ္တာမျိုးတွေက



www.burmeseclassic.com

www.burmeseclassic.com

တရားဟောလိုက်ရင် ခဏလေးနဲ့ ကျွတ်သွားတယ်၊ သရဲက မကျွတ်ဘူး"

သုသာန်ဘုန်းကြီး ဦးသောဘိတ၏ မျက်လုံးနှစ်လုံးမှာ တစ်လုံးကအနက်၊ တစ်လုံးကအဖြူ ဖြစ်သည်။

တရားကျင့်သည့်အခါ ညမှောင်ပြီး လူခြေတိတ်သော အခါမှ ဂူတွေကြားထဲမှာ သွားရောက်ကာ တရားကျင့်သည်ကို တွေ့ရသည်။

ဦးဗန်ကောင်း သူလိုချင်သောသံ မရမချင်း ကိုးသချႋုင်း မြို့မသုသာန်၌ တစ်ပတ်ခန့်ကြာအောင် နေရလေသည်။

ထိုသို့နေစဉ် အဖောတာအတွင်း သည်အတိုင်းနေ၍ မဖြစ်သဖြင့် ၎င်းလည်း အဓိဋ္ဌာန်ဝင် တရားအားထုတ်ရ လေသည်။

ထိုသို့ တရားအားထုတ်စဉ် ကြောက်မက်ဖွယ်၊ ထိတ်လန့်ဖွယ် ကောင်းသော အဖြစ်အပျက်များကို ကြုံတွေ့ရသည်။

ဦးဗန်ကောင်းသည် အခြားသုသာန် များသို့သွားကာ မေတ္တာကမ္မဋ္ဌာန်းပွားခြင်း၊ မြင်အပ် မမြင်အပ်သူများအား မေတ္တာပို့ အမျှအတန်း ပေးဝေခြင်းများ ပြုသောအခါ သူလိုချင်သော သံစ,များကို ရှာဖွေရလေတော့သည်။

သချႋုင်း ကိုးနေရာမှ သံစ,များရသောအခါ ဆရာတော် ဦးသောဘိတအား နှုတ်ဆက်ရင်း ကန်တော့သောအခါ ဆရာတော်က...





"မင်း... မဆိုးဘူး၊ ငါက ဒီလောက်လွယ်လွယ်နဲ့ ရမယ်ကို မထင်တာ"

ဟု ဘာကို ရည်ရွယ်ပြောမှန်းမသိသော စကားတစ်ခွန်း ကို ပြောလေသည်။

မြစ်ကြီးနားမှ ဆန်ဂေါင်သို့ ပြန်ရောက်သောအခါ သချႋုင်းကိုးနေရာမှ ရှာဖွေရလာသော သံစများကို အရည် ကျိုလေတော့သည်။

ဦးဗန်ကောင်းသည် ဖားဖိုတစ်လုံးနှင့် သံရည်ကျိုနေစဉ် နီမောင် ရောက်လာလေသည်။

"အဘ... ဘာတွေလုပ်နေတာလဲ"

"ဟာ... နီမောင်... အတော်ပဲကွာ၊ ဒီမှာ ဖိုဝိုင်းဆွဲ ပေးစမ်းကွာ"

ဟု ပြောသဖြင့် နီမောင်က ဦးဗန်ကောင်း လက်ထဲမှ ဖားဖိုကြိုးကို ယူပြီး ဆွဲပေးလေသည်။

"အဘ... ဟိုတလောက ဘယ်သွားနေတာလဲ"

"ခရီးထွက်နေတာပါ"

"တောင်ပေါ်တက်ပြီး ဆေးမြစ်၊ ဆေးဥ သွားရှာနေ တာလား"

"မဟုတ်ဘူး... မြစ်ကြီးနားက ကိုးသချႋုင်းရှိတဲ့ဆီကို သွားနေတာ"

"ဟင်... ကိုးသချႋုင်းသွားပြီး ဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သံသွားရှာတာ... အခုအရည်ကျိုနေတဲ့ သံလေ"

နီမောင်က လုံအိုးထဲမှာ ပွက်ပွက်ဆူနေသော သံရည်များကို တစ်ချက် လှမ်းကြည့်လိုက်သည်။

ဦးဗန်ကောင်းက အလုပ် လုပ်နေရင်းမှ ထိုသံများရအောင် မည်သို့မည်ပုံ ရှာဖွေခဲ့ရသည်ကို ပြောပြနေသည်။

"အဘ အဲဒီကိုးသချိုင်းသံတွေနဲ့ ဘာလုပ်မှာလဲဟင်"

"လက်နက်တစ်ခု လုပ်မလို့ကွ"

"လက်နက်... ဘာလက်နက် လုပ်မှာလဲဟင်"

"မင်းအတွက် ကိုးသချိုင်းသံတွေနဲ့ ဓားလုံလက်နက်တစ်ခု လုပ်ပေးမလို့ နီမောင်ရဲ့"

"ဟင်... ကျွန်တော့်အတွက် လုပ်ပေးမှာ... ဟုတ်လားအဘ"

"ဟုတ်တယ် နီမောင်ရဲ့၊ မင်းက ငါ့အတွက်ဆိုရင် အမြဲ အကူအညီပေးနေတာ မဟုတ်လား၊ တောင်ပေါ်က ဆေးပင်၊ ဆေးဥတွေ တွေ့ရင်လည်း ယူလာပေးတယ်၊ နောက်ပြီး တခြားအကူအညီလိုရင်လည်း မညည်းမညူ လုပ်ပေးနေတာဆိုတော့ မင်းအတွက် လက်နက် ကောင်းကောင်း တစ်လက် လုပ်ပေးမယ်လို့ စိတ်ကူးထားတယ်"

ထိုစကားကြောင့် နီမောင်မှာ ဝမ်းသာသွားလေသည်။

"ကိုးသချိုင်းသံနဲ့ လုပ်တာဆိုတော့ တခြားသံနဲ့ရော လုပ်လို့ မရဘူးလား အဘ"





"ရတော့ ရတာပေါ့ကွာ၊ အခြားသံနဲ့လုပ်တော့ ရိုးရိုးလက်နက်ပဲရမှာပေါ့၊ ကိုးသချိုင်းကရတဲ့သံနဲ့ လုပ်ထားတော့ အမှောင့်ပယောဂ၊ အတိုက်အခိုက်၊ အစီအရင် မှန်သမျှတွေကို နိုင်နင်းတာပေါ့"

ထိုစကားကို စိတ်ဝင်စားမိလေသည်။

"ဘယ်လိုအစီအရင်နဲ့ လုပ်တာလဲ အဘ၊ နည်းနည်းလောက် ရှင်းပြပေးပါဦး"

"အချို့က အစီအရင်တွေနဲ့ လုပ်ထားရင် သာမန်ဓားလုံလက်နက်တွေနဲ့ ထိုးခုတ်လို့ ဘယ်လိုမှမရနိုင်ဘူး၊ ဓားပြီးလုံပြီး သဘောမျိုးပေါ့၊ အချို့ သေနတ်မီး မကူးနိုင်တဲ့ အစီအရင်တွေတောင် ရှိတယ်... ကြားဖူးလား"

"ဟုတ်ကဲ့... ကြားဖူးတယ်"

"ဥပမာ ချိုးအမြီးတော၊ မိုးကြိုးသွားလို ပစ္စည်းမျိုးတွေပါတဲ့ အစီအရင်တွေဟာ သေနတ်နဲ့ပစ်ရင်တောင် မီးမကူးနိုင်ဘူး၊ အဲဒီလို လက်နက်မျိုးတွေကို ကိုးသချိုင်းသံနဲ့ လုပ်ထားတဲ့ လက်နက်နဲ့ ခုတ်ရင် မခံနိုင်ဘူး၊ ပိုင်းခနဲ ပြတ်ကျသွားနိုင်တယ်"

ဟု ဦးဗန်ကောင်းက ပြောပြလေသည်။

ထိုစကားကြားသောအခါ နီမောင်မှာ များစွာရွှင်လန်းဝမ်းမြောက်သွားလေသည်။

"ဟန်ကျတာပဲ... ဘယ်တော့ပေးမှာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလက်နက်လုပ်ပြီးရင်လည်း မင်းလက်ထဲကို ပေးသားလို့ မဖြစ်သေးဘူး၊ တော်ကြာ မင်း စိတ်တစ်မျိုး ပြောင်းသွားရင် ခက်မယ်၊ အရေးအကြောင်းရှိမှ ပေးမယ်"

နီမောင်ကတော့ ဘယ်အချိန်မှပဲရရ သူ့အတွက် လက်နက်ကောင်းတစ်လက် ရတော့မှာမို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ ဖိုကြီးကို အားကြိုးမာန်တက် ဆွဲလေရာ မီးတောက်များမှာ ရဲခနဲ ရဲခနဲ တက်လာလေတော့သည်။

သူ့ရင်ထဲမှာလည်း...။





အခန်း [ ၆ ]

## မာယာဆောင်ချောက်

ကိုအောင်နိုင် ခြံဝင်းထဲ ဝင်သွားတော့ နီမောင်ကို မတွေ့ရပေ။ ခင်မြသူနှင့် ခင်မြမှူ ညီအစ်မနှစ်ယောက်တို့သာ ခြံဝင်းထောင့် တစ်နေရာမှာ မုံညင်းရွက်များ လှမ်းနေကြသည်ကို လှမ်းမြင်ရသည်။

သူ့ကိုမြင်တော့ ခင်မြသူက အလုပ်ကို ဆက်လုပ်နေပြီး ခင်မြမှူက လျှောက်လာသည်။

"ဆရာ ဘယ်က လှည့်လာတာလဲ"

"ဘယ်မှ မလှည့်ပါဘူး၊ ဒီကိုပဲ သက်သက်လာခဲ့တာပါ၊ ဒါထက် ကိုနီမောင်လည်း မမြင်ပါလား"

"မောင်လေး အဘဦးဖန်ကောင်းဆီသွားမယ်လို့ ပြောသွားတယ်၊ ကိစ္စရှိလို့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်တော့မရှိပါဘူး၊ သူတို့ တလောက တောင်ပေါ်မှာ တွေ့ကြုံခဲ့တာလေးတွေ မေးချင်လို့ပါ"

"ဒီလိုဆိုရင်လည်း ခဏစောင့်ပါလား၊ သူ မကြာခင် ပြန်လာမှာပါ၊ ထိုင်ဦးနော်... ကျွန်မ ဖခါးရည် သွားယူလိုက်ဦးမယ်"

ဟု ပြောဆိုကာ အိမ်ပေါ်တက်သွားသည်နှင့် ကိုအောင်နိုင်က အိမ်အောက်ဘက်မှာရှိသော ကွပ်ပျစ်ပေါ်မှာ ဝင်ထိုင်လိုက်သည်။ ခဏကြာတော့ ခင်မြမှူ ပြန်ဆင်းလာသည်။

သူမကိုယ်ကို အနည်းငယ် ပြင်ဆင်မွမ်းမံလာပြီး ဖခါးရည် အိုး တင်ထားသော ဗန်းကို ကိုင်ပြီး ပြန်ဆင်းလာသည်။

"မခင်မြမှူတို့က မောင်နှမသုံးယောက်တည်း နေကြတာဆိုတော့ အတော့်ကို အေးချမ်းမှု ရှိတာပဲနော်"

ခင်မြမှူက လက်ဖက်ရည်ဗန်းကို ရှေ့မှာချပြီး ကိုအောင်နိုင်နှင့် မလှမ်းမကမ်းမှာ ဝင်ထိုင်လိုက်လေသည်။

"ကျွန်မကို ခင်မြမှူလို့ပဲ ရင်းရင်းနှီးနှီး ခေါ်နိုင်ပါတယ် ဆရာ"

"ကျေးဇူးတင်ပါတယ်၊ ဒီလိုဆိုရင် ကျွန်တော့်ကိုလည်း ဆရာလို့မခေါ်ဘဲ ကိုအောင်နိုင်လို့ပဲ ခေါ်နိုင်ပါတယ်"

ခင်မြမှူက ထိုစကားကြောင့် သဘောကျစွာ ပြုံးလိုက်လေသည်။





"အေးချမ်းတယ်ဆိုတာ အပူ မရှိလို့ပေါ့၊ အပူဆိုတာ ကိုယ်ရှာမှ ရတာမဟုတ်ဘူးလားဟင်"

"ဟုတ်ပါတယ်၊ လူတွေဟာ ပူပင်သောကရောက်နေကြတယ်ဆိုတာ အပူကို ရှာယူနေကြလို့ပါပဲ၊ တကယ်လို့ အေးချမ်းမှုကိုလိုချင်ရင် အပူနဲ့ကင်းအောင် နေလို့ရပါတယ်"

"ဘာလဲ အစ်ကိုက စိပ်ပုတီးနဲ့ ရိပ်ကြီးခိုဖို့ အစီအစဉ်များ ရှိနေလို့လား"

ဟု ခင်မြမှူက ပြုံးစ,စ,နှင့် မေးသည်။

"အသက်အရွယ်ကလည်း ငယ်သေးတော့ အဲဒီလောက်တော့ အစီအစဉ် မရှိသေးပါဘူး"

"ကေန္တ အစ်ကိုမှာ နောက်ဆံတင်းစရာတွေ ရှိနေပြီနဲ့ တူတယ်၊ မြေပြန့်မှာ သံယောဇဉ်တွေ ကျန်နေခဲ့ပြီနဲ့ တူတယ်"

ထိုစကားကြားသောအခါ ကိုအောင်နိုင်မှာ အနည်းငယ် စိတ်ကို တင်းလိုက်ဟန်ဖြင့်...

"သံယောဇဉ်ဖြစ်စရာက မြေပြန့်မှာ မကျန်ခဲ့ပါဘူး၊ ဒီ ဆန်ဂေါင်ရောက်မှ ရှိလာတာပါ"

ဟု ခင်မြမှူ မျက်နှာကို မကြည့်ဘဲ ပြောလိုက်သည်။

ထိုအခါ ခင်မြမှူက စကားလမ်းကြောင်းကို ပြောင်းလိုက်သည့်အနေဖြင့်...

"အစ်ကို ဖခါးရည်တွေ အေးကုန်မယ်၊ သောက်လိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။

သူမ ကိုယ်တိုင်ကလည်း ဖခါးရည်အိုးထဲမှ ဖခါးရည်ကို ခွက်ထဲသို့ထည့်ပြီး ကိုအောင်နိုင်ရှေ့တွင် ချပေးလိုက်သည်။

ကိုအောင်နိုင်က ဖခါးရည်ခွက်ကိုယူပြီး တစ်ငုံသောက်သည်။

"အစ်ကိုက ဆန်ဂေါင်ရောက်ကာမှ သံယောဇဉ် ဖြစ်စရာ ရှိနေပြီဆိုတော့ အဆန်းပါလား"

"ဟုတ်တယ်... အရင်က ကျွန်တော် အဲဒါတွေကို ရင်ထဲမှာ မထည့်ဖြစ်ပါဘူး၊ ပညာသင်ချိန်မှာ ပညာသင်ခဲ့ပြီး ဘွဲ့ရပြီးလို့ အလုပ်ဝင်ပြန်တော့လည်း အနယ်နယ် အရပ်ရပ်ကို လှည့်ပြီး တာဝန်ထမ်းဆောင်ရပြန်တော့ အဲဒါတွေကို စိတ်ဝင်စားဖို့ အချိန်မရဖြစ်ခဲ့ပါဘူး၊ အခု ဆန်ဂေါင်ရွာ ရောက်မှပဲ ကျွန်တော့်ရင်ထဲက အိပ်မောကျနေတဲ့ သံယောဇဉ်ကို လှုပ်နှိုးနိုင်တဲ့သူကို တွေ့ရတော့တယ်၊ အဲဒါ ဘယ်သူလို့ ခင်မြမှု ထင်သလဲ"

ဟု ပွင့်ပွင့်လင်းလင်း မေးလိုက်တော့ ခင်မြမှုမှာ ရှက်သွေးဖြာသော မျက်နှာလေးကို အောက်သို့ငုံ့သွားပြီး...

"ကျွန်မက ဘယ်သိမှာလဲ"

ဟု အသံကလေး ကတုန်ကယင်ဖြင့် ပြောလိုက်လေသည်။ ကိုအောင်နိုင်က ပြောလက်စနှင့် မထူးတော့ပြီမို့ ခင်မြမှု လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်ရင်း...





"အဲဒါ တခြားသူ မဟုတ်ဘူး ခင်မြမှုပဲ၊ ကျွန်တော် ဒီရွာရောက်ကတည်းက ခင်မြမှုကို စိတ်ဝင်စားမိတယ်၊ ချစ်နေမိခဲ့တယ်"

ဟု ပွင့်ပွင့်လင်းလင်း ဖွင့်ပြောလိုက်သောအခါ ခင်မြမှု၏ ဖြူဖွေးသော မျက်နှာပြင်ပေါ်မှာ ချယ်ရီပွင့်ဖတ်များ တင်လိုက်သကဲ့သို့ ပန်းနုရောင် သမ်းသွားလေတော့သည်။

"ကျွန်တော့်ကို အခွင့်အရေး ယူတယ်လို့ ထင်သွားသလား၊ စိတ်ဆိုးသွားသလား ခင်မြမှု"

ခင်မြမှုက ခေါင်းငုံ့ထားရင်းမှ ခေါင်းခါပြလေသည်။

"ဒါဖြင့် တစ်ခုခု ပြန်ပြောဦးလေ"

"ကျွန်မက ဘာပြောရမှာလဲ"

"ကျွန်တော့် သဘောထားကို သိပြီဆိုတော့ ဘယ်လို ဆုံးဖြတ်မယ်ဆိုတာ ပြန်ပြောဦးမှပေါ့"

"ချက်ချင်းကြီးတော့ ဘယ်လို အဖြေတတ်ပါ့မလဲ၊ အချိန်နည်းနည်းတော့ ပေးဦးမှ စဉ်းစားရဦးမှာပေါ့"

"ကောင်းပါပြီ၊ ကျွန်တော် ဒီတစ်ပတ် သစ်ကွက်တွေ ထဲကို လှည့်ပြီးလို့ ပြန်လာရင် ဒီကို တစ်ခေါက်လာခဲ့ပါဦးမယ်၊ အဲဒီအချိန်ကျရင်တော့ ကျွန်တော့်ကို အဖြေတစ်ခုခု ပေးနိုင်ဖို့ ကြိုးစားပေးပါနော်"

ဟု ပြောကာ ခင်မြမှု လက်ကလေးကို ပြန်လွှတ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို တောထဲသွားရင် သတိဝီရိယ ထားပြီးသွားနော်၊ အခုတလော တောင်တက်တဲ့ သူတွေ၊ တောဝင်တဲ့ သူတွေ မကြာခဏ အသတ်ခံနေရတယ်လို့ သတင်းကြားတယ်၊ ဒီရွာက ပျောက်သွားတဲ့ ကိုထွန်းခကြီးတောင် အဲဒီလိုပဲ အသတ်ခံလိုက်ရတယ်လို့ မောင်လေး ပြောတယ်"

"စိတ်ချပါ… ကျွန်တော်တို့ အဖွဲ့တွေက လူအင်အားလည်း တောင့်တယ်၊ သေနတ်တွေလည်း ပါတာပဲ၊ ဘာမှ စိုးရိမ်စရာ မရှိပါဘူး၊ အခုလို ကျွန်တော့်အတွက် စိတ်ပူပေးဖော်ရတာ ကျေးဇူးတင်ပါတယ်"

"အစ်ကို့စကားကလည်း သူစိမ်းဆန်လိုက်တာ"

ဟု မျက်စောင်းကလေးခဲကာ ပြောလိုက်ရာ လူပျိုကြီး ကိုအောင်နိုင်ရင်ထဲမှာ အကျေနပ်ကြီး ကျေနပ်သွားလေတော့သည်။ ထိုအချိန်မှာပင် နီမောင် ပြန်ရောက်လာသည်။

"ဆရာ… ရောက်နေတာကိုး"

"ကျွန်တော် ကိုနီမောင်ကို မေးစရာလေးရှိလို့ လာစောင့်နေတာပါ"

"ဘာမေးမှာလဲ ဆရာ"

နီမောင်က ကိုအောင်နိုင် အနီးမှာ ဝင်ထိုင်သည်နှင့် ခင်မြမှုက ထသွားလေသည်။

"တခြားတော့မဟုတ်ပါဘူး၊ တစ်လောက ကိုနီမောင်တို့ ဝံပုလွေတောင်ဘက် ရောက်သွားတုန်းက တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံလေးတွေ သိချင်လို့ပါ"





ထိုအခါ နီမောင်က ဝံပုလွေတောင် ရောက်ခဲ့စဉ်က သူတို့ ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများကို ပြောပြလိုက်လေသည်။

"ဒါဖြင့် ဝံပုလွေတောင်ဆိုတာ နာမည်နဲ့လိုက်အောင် ဝံပုလွေတွေ တကယ် ရှိနေတာပေါ့"

"ရှိတယ် ဆရာ"

"ဒါဖြင့် တောင်ပေါ်မှာ သေဆုံးကြတဲ့ လူတွေဟာ ဝံပုလွေတွေ သတ်လို့ သေကြတာ ဖြစ်နိုင်သလား"…

"အတိအကျတော့ ပြောလို့ မရသေးဘူး၊ သေတဲ့ လူတွေရဲ့ ကိုယ်ပေါ်မှာ တွေ့တဲ့ဒဏ်ရာတွေကတော့ သာမန် ဝံပုလွေတစ်ကောင် ကိုက်တဲ့ဒဏ်ရာမျိုးတော့ မဖြစ်နိုင်ဘူး"

"အင်း… စိတ်ဝင်စားစရာပဲ"

"နောက်တစ်ချက်က ဟိုအရင် လပိုင်းလောက်က စပ်ဖနွယ်လုံ တောင်ပေါ်မှာ ကုန်သည်တစ်ဖွဲ့ အသတ်ခံလိုက်ရတယ်၊ သုံးယောက်က သတ္တဝါတစ်ကောင်ရဲ့ လက်ချက်ကြောင့် သေတာဖြစ်ပေမယ့် ကျန်တဲ့နှစ်ယောက်က မြားနဲ့ပစ်သတ်ခံရတာ"

"အင်း… ဒါဖြင့် တစ်ယောက်ယောက် လက်ချက်ဆိုတာ ထင်ရှားတာပေါ့၊ အဲဒီမြားမှာ သုတ်ထားတဲ့အခါက အတော် ကြောက်စရာကောင်းတယ်လို့ ပြောသံကြားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပူတာအို ဂတ်တဲက ကိုယင်ကျော်တို့ကတော့ အဲဒီမြားဆိပ် နမ့်နာယူပြီး ခါတ်ခွဲခိုင်းထားတယ်လို့ ပြောသံ ကြားတယ်"

"ကျွန်တော့်အထင် ပြောရရင်တော့ အန္တရာယ်ဟာ အဲဒီ ဝံပုလွေတောင် တစ်ဝိုက်လောက်မှာ ရှိနိုင်တယ်"

ဟု နီမောင်က သူ့ထင်မြင်ချက်ကို ပြောသည်။

"အဲဒါကြောင့် အခု ကိုနီမောင်ဆီကို လာကြတာပါ။ အခုတစ်ပတ် သစ်ထုတ်ဖို့ သစ်ကွက်ရိုက်မယ့် နေရာတွေက ဝံပုလွေတောင်နဲ့ အတော်နီးနေတယ်၊ ဒါကြောင့် အခြေအနေ သိချင်လို့ပါ"

"အကောင်းဆုံးကတော့ လူအင်အား တောင့်တောင့်၊ လက်နက် ကောင်းကောင်းနဲ့ သတိဝီရိယ ထားနိုင်လေ ကောင်းလေပါပဲ"

"အခုလို ပြောပြတာ ကျေးဇူးပါပဲ"

ကိုအောင်ခိုင် သစ်တောစခန်း ပြန်ရောက်တော့ သူ့ အတွက် စာတစ်စောင်နှင့် အထုပ်တစ်ထုပ် ရောက်နေလေ သည်။

"ဘယ်ကစာလဲကွ"

"မသိဘူးဆရာ... ဆရာ မရှိတုန်း လူတစ်ယောက် လာပေးသွားတာပဲ"

ဟု ပြောသဖြင့် စာကို ပေါက်ကြည့်လိုက်သည်။





သစ်တောစခန်း တာဝန်ခံ၊
သစ်ကွက်တွေထဲမှာ သစ်ခိုးဂိုဏ်းတွေ ရှိတယ်၊
၎င်းတို့အား လက်ပူးလက်ကြပ် ဖမ်းမိနိုင်ရန် သတင်း ပေးပါမည်၊
ကျွန်ုပ်နှင့် ဆက်သွယ်ပါ။
ကျွန်ုပ်နှင့် ဆက်သွယ်သည့်အခါ စာနှင့်အတူ ပို့လိုက် သော အင်္ကျီကို ဝတ်လာခဲ့ပါ၊
လာမယ့် လပြည့်နေ့ညမှာ ဝံပုလွေ တောင်ခြေက စောင့်နေမယ်၊

ပုလွေဖြူ...

ဟု၍ ရေးထားပြီး အထုပ်ထဲမှာတော့ အဝတ်စကို ဆေးအနီ ဆိုးထားသော အင်္ကျီတစ်ထည်ကို တွေ့ရလေသည်။

အင်္ကျီမှာ အဝတ်စကို ခါးနဲ့ဖြတ်ပြီး လက်ချုပ်အပ်ဖြင့် ဖြစ်သလို ချုပ်ထားသော အင်္ကျီမျိုး ဖြစ်သည်။

"သတင်းပေးတဲ့လူက အင်္ကျီထည့်ပေးတာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်၊ ဘာအဓိပ္ပာယ်လဲ"

ဟု တောအုပ်ကြီး ဦးမွန်ထော်က ပြောသည်။

"သူတို့ချိန်းတဲ့လူ ဟုတ် မဟုတ် အဝေးက ကြည့်ရင် ်နိုင်အောင်လို့ သူတို့ သိနိုင်လောက်တဲ့ အမှတ်အသား ုးလိုက်တာ ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အခု စာပို့တဲ့လူတွေက ဘယ်သူတွေလဲ"

"အဲဒါလည်း မသိရသေးဘူး၊ ကျွန်တော်တို့ အကျိုးကို လိုလားတဲ့လူတွေ ဖြစ်မှာပေါ့"

ကိုအောင်နိုင်က ခပ်ပေါ့ပေါ့ပင် ပြန်ပြောလိုက်သည်။

တောအုပ်ကြီး ဦးမွန်ထော်က ကွမ်းတမြုံ့မြုံ့ဝါးရင်းမှ မျက်မှောင်ကြုတ်ကာ စဉ်းစားနေသည်။

"ထောင်ချောက်ဆင်တာတစ်ခုခု ဖြစ်နိုင်မလား ဆရာ"

"ဒါလည်း စဉ်းစားရမှာပဲ၊ သွားရင်တော့ သတိဝီရိယနဲ့ သွားရမှာပဲ"

"ဆရာက သွားဖို့ စိတ်ကူးသလား"

"သွားရင်တော့ အဖြေတစ်ခု၊ ဒါမှမဟုတ် အခြေအနေ တစ်ခုခု သိနိုင်တယ်လို့ ထင်တာပဲ"

"ဒီလိုဆိုရင်လည်း အစစအရာရာ ပြင်ဆင်ပြီးမှ သွားကြတာပေါ့"

ဟု ပြောသည်။

ဦးမွန်ထော်မှာ အသက်လည်းကြီး၊ လုပ်သက်အတွေ့ အကြုံကလည်း များသူမို့ ၎င်း၏စကားကို ရာထူးအဆင့်မြင့်သော ကိုအောင်နိုင်တို့ကပင် နားထောင်ကြရသည်။

သို့ဖြင့်. . . လပြည့်နေ့သို့ ရောက်သောအခါ လက်နက်နှင့် အခြား ကိရိယာများကို ယူဆောင်၍ ဝံပုလွေတောင်ခြေသို့ စတင် ခရီးထွက်ကြလေသည်။





ကိုအောင်နိုင်က အဝေးမှကြည့်လျှင် အလွယ်တကူ လှမ်းမြင်နိုင်ရန် ၎င်းတို့ပေးပို့သော အင်္ကျီအနီကို ယူနီဖောင်း အင်္ကျီပေါ်မှ ထပ်ဝတ်လာသည်။

ညနေပိုင်း အချိန်လောက်တွင် ဝံပုလွေတောင်ခြေသို့ ရောက်ခဲ့ကြသည်။

ကိုအောင်နိုင်တို့ အဖွဲ့မှာ ဆယ်ယောက်ရှိသည်။

သေနတ် သုံးလက်နှင့် ဓားလှံလက်နက်များ ပါလာကြသည်။ ဝံပုလွေတောင်ခြေရှိ သစ်တောများမှာ လူသူ အရောက် အပေါက်နည်းသည့် သစ်တောများ ဖြစ်သောကြောင့် ညို့နေလေသည်။

နေစောင်းသွားသည်နှင့် တောရိပ် တောင်ရိပ်ကြောင့် အမှောင်ရိပ်များက သမ်းလာလေသည်။

သူတို့တစ်တွေသည် တောစပ်တစ်နေရာတွင် စခန်းချနေကြပြီး ပတ်ဝန်းကျင်ကို သတိဖြင့် ကြည့်နေကြသည်။

သူတို့စခန်းချနေရာမှ လှမ်းကြည့်လျှင် ဝံပုလွေတောင် ကြောကို လှမ်းမြင်နေရသည်။

တောထဲမှာ မှောင်သွားပြီဖြစ်သော်လည်း နေဝင်ပြီးစ အလင်းရောင် တစ်စွန်းတစ်စ ရှိနေသောကြောင့် ဝံပုလွေ တောင်ကြောပေါ်ကိုတော့ မြင်နေရသေးသည်။

ကိုအောင်နိုင်တို့အဖွဲ့မှာ တကူးတက သတင်းပေးမှုကို စိတ်ဝင်စားသည်က တစ်ကြောင်း၊ သစ်ကွက် အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



များကို ကြည့်ရှုရန် လာခဲ့ကြခြင်းဖြစ်ရာ ထိုနေရာသို့ ရောက်သောအခါမှ သစ်တောများမှာ အသုံးဝင်သော သစ်အမျိုးအစား မြောက်မြားစွာရှိကြောင်း တွေ့ကြရလေသည်။

တဖြည်းဖြည်းနှင့် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များ ဖုံးလွှမ်းသွားလေရာ ဘာမှ မမြင်ရတော့သော်လည်း အမှောင်ထဲမှာပင် သည်အတိုင်း နေကြသည်။

ညဦးပိုင်းအချိန် ရောက်တော့ အရှေ့ဘက်မှ လရောင်ထွက်လာသည်။ နှင်းမှုန်နှင်းဖွဲများ ရှိနေသော်လည်း လပြည့်ည၏ လရောင်မို့ ပတ်ဝန်းကျင်ကို အတော်အတန် မြင်ရလေသည်။

ခဏကြာတော့ တောင်ကြောပေါ်မှ တရွေ့ရွေ့နှင့် ဆင်းလာသည့် သဏ္ဍာန်တစ်ခုကို လှမ်းမြင်ရသည်။

"ဟော... ဟိုမှာ... လာပြီ"

တစ်ယောက်က တိုးတိုးပြောသည်။

လရောင်ရှိနေသောကြောင့် ဆင်းလာသောသဏ္ဍာန်ကို ကောင်းစွာ မြင်နေရသည်။

"ဟင်... မိန်းကလေးတစ်ယောက်ရဲ့ ပုံသဏ္ဍာန်ပါလား"

အံ့သြဖွယ်ရာ မြင်ကွင်းကြောင့် ကိုအောင်ခိုင် ပါးစပ်မှ လွှတ်ခနဲ အသံထွက်သွားသည်။

"ဟုတ်ရဲ့လား"





ဦးမွန်ထော်က လူကြီးဖြစ်သောကြောင့် သဲသွဲကွဲကွဲ မရှိလှသဖြင့် မေးလိုက်သည်။

"သေချာတယ်အဘ၊ တောင်ပေါ်က ဆင်းလာတာ မိန်းကလေး တစ်ယောက်ပဲ၊ သူ့ဆံပင်ကို ဖားလျားချထားတယ်"

"အဲဒါဆိုရင်တော့ ထူးဆန်းတယ်၊ သတိဝီရိယ ထားကြ"

ဟု ဦးမွန်ထော် သတိပေးလို့မှမဆုံးမီ ကြည့်နေရင်းမှပင် တောင်ပေါ်မှ မိန်းကလေးကို မတွေ့ရတော့ပေ။

"ဟင်... ဘယ်ရောက်သွားပြီလဲ"

အားလုံး တအံ့တသြ ဖြစ်နေကြစဉ် သူတို့စခန်းချနေသော ပတ်ဝန်းကျင်တစ်ဝိုက်ရှိ တောထဲမှ တောတိုးလာသံကို အရင် ကြားရသည်။

တစ်ဆက်တည်း ကြောက်မက်ဖွယ်ရာ ကောင်းသော မာန်ဖီသံများကို ကြားရပြန်သည်။

"အန္တရာယ်တွေ ရောက်လာပြီ၊ အားလုံး လက်နက်တွေကို ပြင်ထားကြ၊ ဘာပဲဖြစ်ဖြစ် တွေ့တာနဲ့ လက်မနှေးကြစေနဲ့"

ဦးမွန်ထော်က ပြောပြောဆိုဆိုနှင့် သေနတ်ကို ကောက်ကိုင်ပြီး ကျည်ထိုး မောင်းတင်လိုက်သည်။

ကိုအောင်ခိုင်ကလည်း သေနတ်ကို အဆင်သင့်ပြင်လိုက်စဉ် ကျန်လူများကလည်း ပါလာသော ဓားလှံလက်နက်များကို ကောက်ကိုင်လိုက်ကြပြီး အခြေအနေကို ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



စဉ်မှာ တောထဲမှ မာန်ဖီသံများနှင့်အတူ ဝေါခနဲ ဝေါခနဲ ခုန်ထွက်လာသော ဝံပုလွေအုပ်စုများကို တွေ့လိုက်ကြသည်။

"ဒိုင်း...ဒိုင်း...ဒိုင်း..."

သေနတ်သုံးလက်မှ တစ်ပြိုင်နက်တည်းလိုလို အသံများ ထွက်သွားပြီး ဝင်လာသော ဝံပုလွေသုံးကောင် နောက်လန် ကျသွားသည်။

ကျန်လူများကလည်း ပါလာသော ဓားလှံလက်နက်များ ဖြင့် မကြောက်မရွံ့ ထိုးခုတ် တိုက်ခိုက်ကြသည်။

ဝံပုလွေကြီးများမှာ အကောင် အတော်ကြီးသည်။ မျက်လုံးနီနီ၊ ပါးစပ်ပြဲပြဲ၊ အမြီးဖွားဖွားနှင့် တွေ့သမျှလူကို မလွတ်တမ်း ဝင်ရောက် ကိုက်ခဲကြသည်။ ၎င်းတို့အစွယ်ဖြင့် တစ်ချက်ကိုက်မိလျှင် အဝတ်အစားများ စုတ်ပြတ်ကုန်ပြီး အသားများပင် အကွင်းလိုက် ပြတ်ထွက်ကုန်လေသည်။

အထူးသဖြင့် ဝံပုလွေများသည် သေနတ်ကို ကြောက် ကြသော်လည်း အနီရောင်အင်္ကျီ ဝတ်ထားသော ကိုအောင် နိုင် ရှိရာသို့ သဲကြီးမဲကြီး ဝင်ရောက် တိုက်ခိုက်ကြသည်။ အခြေအနေကို ရိပ်မိသော ဦးမွန်ထော်က...

"မောင်အောင်နိုင်... မင်းကိုယ်ပေါ်က ဝတ်ထားတဲ့ အင်္ကျီအနီကို အမြန်ချွတ်ပစ်လိုက်"

ဟု လှမ်းအော်သဖြင့် ကိုအောင်နိုင်က ချွတ်ပြီး အဝေးသို့ လွှင့်ပစ်လိုက်သည်။





ထိုအခါ...

ဝံပုလွေများသည် လူကို တိုက်ခိုက်ရမည့်အစား ထိုအနီရောင် အင်္ကျီရှိရာသို့ အလုအယက် ပြေးသွားပြီး ဝိုင်းဝန်း ကိုက်ခဲကြရာ ခဏချင်းမှာပင် အစိပ်စိပ် အမွှာမွှာ ပြိကာ စုတ်ပြတ်သွားလေတော့သည်။

ထိုသို့ဖြစ်တော့မှ မသေဘဲကျန်သော ဝံပုလွေများသည် တောထဲသို့ ဝင်ပြေးသွားကြလေတော့သည်။

ခဏကြာတော့ တောထဲမှာ ပြန်လည် ငြိမ်သက်သွား လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၇ ]

## ပဟေဠိဆန်သော မိန်းကလေး

"မင်းတို့ ပြောပုံ ထောက်ကြည့်ရတာတော့ တစ်စုံတစ်ယောက်က ဥပါယ်တံမျဉ်နဲ့ ဝံပုလွေတောင်ရောက်အောင် ခေါ်ပြီးတော့ အားလုံးသေအောင် ကြံစည်တာ ဖြစ်မယ်"

ဟု ဦးဗန်ကောင်းက မှတ်ချက်ချသည်။

ဒဏ်ရာရလာသော အလုပ်သမားများကို ဦးဗန်ကောင်းက ဆေးကုပေးသည်။

ဝံပုလွေများကိုက်သော ဒဏ်ရာများမှာ အချို့က အကွင်းလိုက် ပြတ်ပါသွားပြီး အချို့မှာ စုတ်ပြတ် ပြဲပေါက်ကုန်လေသည်။

အချို့ဒဏ်ရာများမှာ အရိုးများ ထိခိုက်ကြေမွကုန်သည်အထိ ပြင်းထန်လေသည်။





အရိုးကျိုးကြေ သွားသူများကို ဆေးမြစ်၊ ဆေးဥများဖြင့် ကျပ်စည်းပေးလေသည်။

အားလုံးကိုတော့ အဆိပ်ပြေရန် မရှော့ရွက်နှင့် စိစဥ်ထားသော ဆေးများကို တိုက်သည်။

ကိုအောင်နိုင် ကိုယ်တိုင်ပင် တစ်ကိုယ်လုံး ဒဏ်ရာများ ရထားသဖြင့် ဆေးလိမ်းတန်လိမ်း၊ ဆေးစည်းတန်စည်း လုပ်နေရသည်။ ထိုသတင်းကို ကြားသဖြင့် နီမောင်လည်း ရောက်လာသည်။

"ကျွန်တော် တွေးမိတာကတော့ ဆရာ့ဆီကို ပို့လိုက်တဲ့ အကျီအနီပဲ၊ ဒီအနီရောင်အကျီဟာ ဝံပုလွေတွေရဲ့ ပစ်မှတ်တစ်ခု ဖြစ်နိုင်တယ်၊ ဘာကြောင့်လဲဆိုတော့ ကိုထွန်းခ အလောင်း တွေ့တုန်းက အလောင်းနံဘေးနားမှာ အနီရောင် အဝတ်စတွေ တွေ့ရတယ်"

နီမောင်စကား ကြားသောအခါ ဦးဗန်ကောင်းက...

"ဒါ ဖြစ်နိုင်တဲ့အချက်ပဲ၊ တိရစ္ဆာန်တွေဟာ အရောင်နဲ့ အနံ့ကို မှတ်မိလွယ်တယ်၊ အနံ့ဆိုရင်လည်း ရန်သူအနံ့၊ မိတ်ဆွေအနံ့ ဆိုပြီး ခွဲသိနိုင်တယ်၊ အရောင်ကိုလည်း ဒီအတိုင်းပဲ"

"အဲဒါ ဘယ်လိုလေ့ကျင့်တာလဲ အဘ"

"စစ်မြေပြင်မှာသုံးတဲ့ ခွေးတွေ၊ အမဲလိုက်ခွေးတွေဆိုရင် အရောင်ပြပြီး လေ့ကျင့်ပေးတာတို့၊ အနံ့ခံနိုင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်ပေးတာတို့ ရှိတယ်၊ ငါ စဉ်းစားကြည့်တာတော့ ဒီဝံပုလွေတွေကို တစ်စုံတစ်ယောက်က အနီရောင်ဆိုရင် အသေကိုက်သတ်ဖို့ လေ့ကျင့်ထားတာ ဖြစ်နိုင်တယ်"

"အဲဒါ ဘယ်သူက လုပ်နေတာလဲဟင်"

"ဒါတော့ ငါဘယ်သိပ့်မလဲ ကောင်လေးရ"

"အခု ဆရာပြောတာကို နားထောင်ကြည့်တော့ သူတို့ဆီကို ဝံပုလွေတွေ ရောက်မလာခင်မှာ တောင်ပေါ်က မိန်းကလေးတစ်ယောက် ဆင်းလာတာ တွေ့လိုက်တယ်လို့ ပါတယ် အဘ"

"အေး... အဲဒါတော့ ဆန်းသလိုပဲ"

"ကျွန်တော်တို့ ဝံပုလွေတောင် ရောက်တုန်းကလည်း အဲသည်လို မြင်ခဲ့ရသေးတယ်၊ လရောင်အောက်မှာ ဝံပုလွေကြီး တစ်ကောင်ကို တွေ့ရတယ်၊ နောက် မိန်းကလေး တစ်ယောက်ကိုလည်း တွေ့ရသေးတယ်၊ အဲဒီလိုမြင်ရပြီး ဝံပုလွေတွေနဲ့ တိုက်ခိုက်ရတာပဲ၊ ကျွန်တော် ထင်တာတော့ အဲဒီ တောင်ရဲ့ တစ်နေရာမှာ ဝံပုလွေတွေရှိသလို ဝံပုလွေတွေနဲ့ ပတ်သက်တဲ့ လူတွေလည်း ရှိမယ် ထင်တယ်"

"အင်း... ဖြစ်နိုင်တာပေါ့၊ ဒါပေမယ့် ဘာကြောင့် အခုလို လူတွေကို သတ်ပစ်နေတယ် ဆိုတာကတော့ နားမလည်နိုင်စရာပဲ"





"ဒါလည်း အကြောင်းတစ်ခုတော့ ရှိမှာပေါ့၊ ဒါကို သိဖို့အတွက် ကျွန်တော်တို့ တစ်ခုခု လုပ်ရင်ကောင်းမယ်"

"မင်းက ဘယ်လိုလုပ်ချင်လို့လဲ"

"လူစုပြီးတော့ ကျွန်တော် တစ်ခေါက် ဝင်ကြည့်ချင်တယ် အဘ"

ထိုစကား ကြားသောအခါ ဦးဗန်ကောင်းက အတန်ကြာအောင် စဉ်းစားနေသည်။

"ဒီကိစ္စက အန္တရာယ်တော့များတယ်၊ ဒါပေမယ့် ဂူထဲကို ဝင်ကြည့်နိုင်ရင်တော့ တို့သိချင်တာ သိရနိုင်တယ်"

ဟု ပြောသောအခါ ကိုအောင်နိုင်က...

"ဒီလိုဆိုရင် ဒဏ်ရာ သက်သာတာနဲ့ ကျွန်တော်ပါ လိုက်ပါရစေ၊ ဒီနယ်မြေ မအေးချမ်းရင် ကျွန်တော်တို့ သစ်တော လုပ်ငန်းတွေလည်း ဖြောင့်အောင် လုပ်နိုင်မှာမဟုတ်ဘူး"

ဟု ပြောသဖြင့် ကိုအောင်နိုင်တို့ ဒဏ်ရာများ သက်သာပြီးမှ သွားကြရန် တိုင်ပင်ဆုံးဖြတ်ပြီး နီမောင်လည်း သစ်တောစခန်းရုံးမှ ပြန်လာခဲ့လေသည်။

ရွာလမ်းအဝင်အဝ တံခါးနားရောက်သောအခါ တောင်းတစ်လုံး ဦးခေါင်းပေါ်မှာရွက်ပြီး လျှောက်လာသော မိန်းကလေး တစ်ယောက်ကို တွေ့ရသည်။

မိန်းကလေးကလည်း ရွာထဲသို့ ဝင်မည်ဟန်ဖြင့် တံခါးပေါက်ဝသို့ လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ဆတ်သားကောင်းကောင်း ရောင်းဖို့ပါတယ်၊ ယူလိုက်ပါဦးလား"

ဟု အပြုံးလေးနှင့် ပြောသဖြင့် နီမောင်က အံ့ဩသွားသည်။

"ဆတ်သား... မင်းက ဘယ်က လာရောင်းတာလဲ"

"ကျွန်မက တောင်ညိုတောင်တန်းဘက်က လာရောင်းတာပါ"

"ဟင်... တောင်ညိုတောင်တန်းဆိုတာ ဒီရွာနဲ့ အတော်ဝေးတာပဲ၊ မင်းတို့ရွာမှာ မရောင်းဘဲ ဘာကြောင့် ဒီရွာမှာ လာရောင်းတာလဲ"

"ကျွန်မတို့ရွာမှာ မရောင်းရလို့ ဒီမှာ လာရောင်းရတာပါ။ အစ်ကိုက ဒီရွာကလားဟင်"

"အေး... ဟုတ်တယ်"

"ဒီလိုဆိုရင် ကျွန်မကို နည်းနည်းလောက် အကူအညီပေးပါလား အစ်ကိုရယ်"

"ဘယ်လို ကူညီရမှာလဲ"

"ကျွန်မ ရွာထဲကို ဒီအသားတွေ ဝင်ရောင်းချင်တယ်၊ အစ်ကို နည်းနည်းလောက် ဝိုင်းကူ ရောင်းပေးပါလားဟင်"

မိန်းကလေးက သနားစဖွယ် မျက်နှာငယ်လေးဖြင့် ပြောနေသည်။





"မင်းဘာသာ ဝင်ရောင်းရင်လည်း ရတာပဲ၊ တို့ရွာက လူတွေက ဈေးရောင်းလာတဲ့ လူတွေကိုတော့ အကြောင်းမဲ့ မောင်းမထုတ်တတ်ကြပါဘူး"

"ကျွန်မ တစ်ယောက်တည်းဆိုရင် လူစိမ်းဆိုတော့ မယုံသင်္ကာအကြည့်နဲ့ ဝိုင်းကြည့်နေကြလို့ ဈေးရောင်းရမှာ မဟုတ်ဘူး၊ အစ်ကိုပါလာတော့ အဆင်ပြေတာပေါ့"

ဟု တောင်းပန် ပြောဆိုနေသဖြင့် နီမောင်မှာ တစ်နယ်တစ်ကျေးမှ စွန့်စွန့်စားစား တစ်ယောက်တည်း ဈေးရောင်းလာသော မိန်းကလေးကို သနားသွားသောကြောင့် ရွာထဲသို့ ခေါ်သွားကာ မိမိ အသိအိမ်များသို့ လှည့်ကာ တစ်အိမ်တက်ဆင်း လိုက်လံ ရောင်းချပေးရာ အချိန်သိပ်မကြာဘဲ မိန်းကလေး တောင်းထဲမှ ဆတ်သားများ ကုန်သလောက် ဖြစ်သွားတော့သည်။

"ဒီလက်ကျန် ဆတ်သားကိုတော့ မရောင်းတော့ဘူး၊ အစ်ကိုတို့အိမ်စားဖို့ ချန်ထားလိုက်မယ်"

မိန်းကလေးက သူယူလာသော ဆတ်သားတွဲများ အမြန်ကုန်သွားသဖြင့် ဝမ်းသာအားရ အမူအရာဖြင့် ပြောလိုက်လေသည်။

"ရပါတယ်ကွာ... တို့အိမ်က စားမယ့်သူလည်း [illegible]မရှိပါဘူး၊ မင်းပဲ ရောင်းသွားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ရင် ဘယ်ကောင်းမလဲ အစ်ကိုရဲ့၊ အစ်ကို မစားလည်း အိမ်က ကလေးတွေ စားမှာပေါ့"

"ငါ့မှာ အစ်မတစ်ယောက်နဲ့ ညီမတစ်ယောက်ပဲ ရှိပါတယ်ကွာ၊ ကလေးလည်း မရှိပါဘူး၊ ဪ... ဒါပေမယ့် မင်းပြန်ရမယ့်ခရီးက မနီးလှဘူး၊ အိမ်မှာ ထမင်းစားသောက်ပြီးမှ ပြန်ပေါ့၊ လာ... အိမ်ကို လိုက်ခဲ့"

"ကျေးဇူးပါပဲ အစ်ကိုရယ်"

ဤသို့ဖြင့်...

နီမောင်က တောင်ညို တောင်တန်းဘက်မှ ဈေးလာရောင်းသည် ဆိုသော မိန်းကလေးကို အိမ်သို့ ခေါ်သွားလေသည်။

ခင်မြမူနှင့် ခင်မြသူတို့က နီမောင်နှင့် မိန်းကလေး တစ်ယောက် ပါလာသည်ကို မြင်သောအခါ အံ့သြနေကြသည်။

နီမောင်က အကျိုးအကြောင်း ပြောပြတော့မှ သူမ ပါလာသော ဆတ်သားနှင့်ပင် ထမင်းဟင်းများ ချက်ပြုတ်ကျွေးမွေးကြသည်။ ထမင်းစားရင်းနှင့် သူမအကြောင်းကို မသိမသာ မေးကြည့်သောအခါ...

သူမ၏ အမည်မှာ 'နှင်းဖြူ' ဖြစ်သည်။

နှင်းဖြူသည် အသက် ၁၉ နှစ်၊ ၂၀ ဝန်းကျင်ခန့်ရှိပြီး အသားဖြူဖြူ၊ မျက်လုံးမျက်ခုံး ကောင်းကောင်းနှင့် နှာတံပေါ်သူ





ဖြစ်သည်။ နက်မှောင်သော ဆံပင်မှာ ရှည်လျားဟန်ရှိပြီး တစ်ပတ်လျှိုထုံးကာ ကျောဘက်မှာ ချထားလေသည်။

"ကျွန်မတို့ မြေးအဘိုးက အရင်တုန်းက ဟိမဝန္တာ တောင်ခြေဘက်က ရွာကလေးတစ်ရွာမှာ နေကြတာပါ"

"မင်းမှာ အဘိုး ရှိသေးတယ်လား"

"ရှိပါတယ်၊ ကျွန်မရဲ့အဘိုးနာမည်က ဦးရယ်တန်လို့ ခေါ်ပါတယ်၊ ရွာမှာနေကြတုန်းက နတ်ဆရာကြီး တစ်ဦးပါ၊ တစ်နေ့တော့ ပျားနတ်တင်တာ မှားသွားတာနဲ့ ကျွန်မတို့ မြေးအဘိုး ဒုက္ခရောက်ကြတော့တာပဲ"

"ဘယ်လို ဒုက္ခရောက်တာလဲ၊ ပြောပြပါဦး"

"ဟိမဝန္တာတောင်ခြေတစ်ဝိုက်မှာ နေကြတဲ့လူတွေဟာ နှစ်စဉ် တပို့တွဲ၊ တပေါင်း၊ တန်ခူးလတွေရောက်ရင် ပျားဖွပ်ဖို့အတွက် တောတက်ကြလေ့ ရှိတယ်၊ အများအားဖြင့် တောပန်းပေါင်းစုံပွင့်ဖူးပြီး ခြေခင်းလက်ခင်းသာတဲ့ တပေါင်းလ ဆိုရင် ပျားရည် အရ,များတတ်ပါတယ်၊ ပျားဖွပ်တဲ့ရာသီ ရောက်တော့မယ်ဆိုရင် တစ်ရွာလုံးက ပျားနတ်ရှင်မကို ပူဇော် ပသ,ကြရတယ်"

"အဆန်းပါလား... ဘာတွေနဲ့ ပူဇော်ရတာလဲ"

"ပန်းပေါင်းစုံ၊ အမွှေးနံ့သာနဲ့ စားသောက်စရာတွေ ပါရတယ်၊ ပျားနတ်ရှင်မကို ပူဇော်တာ ကျေနပ်မှ အန္တရာယ်ကင်းပြီး ပျားရည်များများရတယ်လို့လည်း ယုံကြည်ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တော့ ဘယ်လိုဖြစ်ကြတာလဲ"

"ရွာထဲမှာ ပျားနတ်ရှင်မ တင်နေတုန်း အဘကို မကြိုက်တဲ့ လူတွေက ပျားနတ်ရှင်မ မနှစ်သက်တာတွေ လုပ်ကြလို့ ရွာထဲကို ပသန်ပျားများ အုပ်စုလိုက် ဝင်လာပြီး လူတွေရော တိရစ္ဆာန်တွေပါ တုပ်ကြလေရာ ရွာပျက်လုမတတ် ဖြစ်ခဲ့ရတယ်"

ပသန်ပျား ဟုခေါ်သော ပျားနသန်ကောင်များသည် အခြားသာမန်ပျားများကဲ့သို့ အိမ်ဖွဲ့နေသော ပျားမျိုးမဟုတ်ပေ။ ဝတ်ရည်ထက် သားစားကြူးသော ပျားတစ်မျိုး ဖြစ်သည်။ လက်ညှိုး လက်မခန့် အကောင်ကြီးပြီး နီညိုရောင်နှင့် အနက်ရောင် ရောစပ်ထားလေသည်။

ပျားဆိပ်မှာ မြွေဆိပ်ကဲ့သို့ ပြင်းထန်လေသည်။

လူ မဆိုထားနှင့်။ နွားမတမ်းပင် ဘိုင်းခနဲ လဲကျပြီး ဆန့်ငင်ဆန့်ငင် ဖြစ်လောက်အောင် အဆိပ်ပြင်းသော ပျားမျိုး ဖြစ်သည်။

အချို့ အရွယ်အစားကြီးသော ပျားကောင်များမှာ ပိတုံးလောက်ပင်လျှင် အရွယ်အစားကြီးမားပြီး လူတစ်ယောက် ကို တုပ်လိုက်လျှင် တုံးခနဲ လဲကျသွားနိုင်သည်။

ပသန်ပျားမျိုးသည် အခြားပျားများနှင့်မတူဘဲ ရန်သူကို လိုက်လျှင် ရေဆုံးရေဖျား လိုက်လေ့ရှိသည်။

တောထဲဝင်ပြေး တောထဲဝင်လိုက်၊





တောင်ပေါ်တက်ပြေး တောင်ပေါ်တက်လိုက်၊

ရေထဲဆင်းပြေးလျှင်လည်း ရေအောက် ငုပ်နေပါက ရေပေါ်မှ ပျံဝဲစောင့်နေပြီး ပေါ်လာတာနှင့် လိုက်တုပ်တတ်သည်။ အချို့ဆိုလျှင် ပြေးမလွတ်တော့သဖြင့် အိမ်ပေါ်တက်ကာ ခြင်ထောင်ထဲ ဝင်နေရတာမျိုး၊ စပါးကျီထဲဝင်ပြီး ပုတ်မှောက် ထားရသည်မျိုး ရှိသည်။

ပသန်ပျား အတုပ်ခံရလျှင် ပျားဆိပ်ကြောင့်တော့ ချက်ချင်း မသေသော်လည်း ပျားဆိပ်ကြောင့် အဖျားဝင်ပြီး သေတတ်လေသည်။

ပသန်ပျားများ ဝင်လာလျှင် ထောင်နှင့် သောင်းနှင့် ဝင်လာတတ်သလို အုပ်စုများလျှင် သိန်းဂဏန်းအထိ အကောင် ရေ များလေရာ လူမဆိုထားနှင့် ဘယ်လိုသတ္တဝါမျိုးမှ မခံနိုင်ဘဲ ထွက်ပြေးကြရလေသည်။

ဦးရယ်တန်တို့ အပါအဝင် တောတက်မည့်သူများက ပျားနတ်ရှင်မကို ပူဇော်ပသနေကြစဉ် ရွာထဲသို့ ပျားနသန် ကောင်များ ထောင်သောင်းမက ဝင်လာပြီး လူရော တိရစ္ဆာန်ပါ တွေ့သမျှ လိုက်တုပ်ကြလေတော့သည်။

အချို့ ပျားအုပ်ကြီးများမှာ အပြင်မှာ လှမ်းထားသော သားရေပြားချပ်များ၊ အသားတုံးများပေါ်သို့ အုပ်စုလိုက် ဝင်နားပြီး ဝေါခနဲ ပြန်ထွက်သွားသောအခါ ဘာမှ မကျန်ခဲ့ တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွဲနွားများ၊ လားများကို ဝင်တုပ်လိုက်လျှင် ဘိုင်းခနဲ ဘိုင်းခနဲ လဲကျသွားကြလေသည်။

ဆောက်တည်ရာမရ အော်ဟစ် ပြေးလွှားနေကြသည့် ကလေးငယ်များမှာ ပသန်ပျားကြီးများ အတုပ်ခံရလျှင် ဘိုင်းခနဲ ဘိုင်းခနဲ လဲကျကုန်သည်။

အချို့ဆိုလျှင် နေရာမှာပင် သေဆုံးသွားကြသည်။

ဤသို့ဖြင့်...

တစ်ရွာလုံး ပြေးကြ လွှားကြ၊ အော်ကြ ဟစ်ကြနှင့် ဆောက်တည်ရာမရ ဖြစ်ကုန်ကြပြီးနောက် တောင်ခြေရွာကလေးမှာ ရွာပျက်သွားတော့သည်။

ထိုအခါ ရွာသူ၊ ရွာသားများက ဦးရယ်တန် နတ်တင်တာ အမှားအယွင်း ရှိသည်ဟုဆိုကာ ရွာမှ နှင်ထုတ်လိုက်ကြလေတော့သည်။

ထိုအခါ ဦးရယ်တန်က...

"မင်းတို့ ငါ့ကို အပြစ်မရှိ အပြစ်ရှာပြီး ရွာကနှင်ထုတ်ကြတယ်၊ ငါ့အကြောင်း သိစေရမယ်ဟေ့"

ဟု ပြောဆို ကြိမ်းမောင်းကာ မြေးမလေးကို လက်ဆွဲ၍ ဟိမဝန္တာတောင်ခြေမှ ထွက်ခဲ့ကြလေသည်။

"တောင်ညို တောင်တန်းဘက် ရောက်လာတော့လည်း ကံဆိုးချင်တော့ ကျွန်မတို့မြေးအဘိုးကို မကောင်းတဲ့အတိတ်နိမိတ်တွေ သယ်ဆောင်လာတဲ့ လူတွေလို့ စွပ်စွဲကြပြီး





ရွာထဲမှာ နေခွင့်မပေးဘူး၊ ရွာအပြင်မှာပဲ နေရတယ်၊ ကျွန်မတို့ ရောင်းတဲ့ ပစ္စည်းဆိုရင်လည်း ဘယ်သူကမှ ဝယ်မစားကြဘူး၊ ဒါကြောင့် ရတဲ့ပစ္စည်းတွေကို အခြားရွာတွေကို လှည့်ရောင်းနေရတာပါ"

ဟု သနားစဖွယ် ပြောပြလေရာ နီမောင်တို့ မောင်နှမသုံးယောက်မှာ နှင်းဖြူ ဆိုသော မိန်းကလေးကို သနားသွားကြသည်။

ရုပ်ရည်ကလေး သနားကမား ရှိသလောက် ဘဝမလှခဲ့သော သူမအတွက် စာနာမိကြသည်။

"ကဲ... နှင်းဖြူ၊ အချိန်လည်းသိပ်မရှိတော့ဘူး၊ မင်းတို့နေတဲ့နေရာက ဝေးတော့ တစ်ယောက်တည်းပြန်လို့ မသင့်တော်ဘူး၊ ဒီတော့ ဒီတစ်ညတော့ ဒီမှာပဲ အိပ်သွား၊ မနက်လင်းမှပဲ မင်းရွာကို မင်းပြန်ရင် သင့်မယ်"

ဟု နီမောင်က ပြောလေရာ ခင်မြမူနှင့် ခင်မြသူတို့ကလည်း တစ်ညနေပြီးမှ ပြန်ရန် ဝိုင်းဝန်း ပြောဆိုကြသဖြင့် နှင်းဖြူက သဘောတူလေသည်။

နှင်းဖြူ ဆိုသော မိန်းကလေးသည် မမျှော်လင့်ဘဲ သူတို့ဆီသို့ ဧည့်သည်အဖြစ် ရောက်လာသော်လည်း ရိုးသား၍ ခင်မင်ဖွယ် ကောင်းသောကြောင့် အချိန်တို အတွင်းမှာပင် နီမောင်တို့ မောင်နှမသုံးယောက်နှင့် ခင်မင် ရင်းနှီးသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုတို့က မောင်နှမသုံးယောက်တည်း နေတာလားဟင်"

"ဟုတ်ပါတယ်... ကျွန်တော်တို့မှာ မိဘတွေ မရှိကြတော့ပါဘူး၊ ဒါက အစ်မကြီး ခင်မြမူ၊ သူက ညီမလေး ခင်မြသူလို့ ခေါ်တယ်၊ ကျွန်တော့်နာမည်က နီမောင်ပါ"

ညဦးပိုင်း စကားထိုင်ပြောရင်း နီမောင်က ပြောပြလေသည်။

"အစ်ကိုတို့ မောင်နှမသုံးယောက်ကို မြင်ရတာ စိတ်ချမ်းသာဖို့ ကောင်းလိုက်တာ၊ ကျွန်မမှာ ငယ်ငယ်ကတည်းက တစ်ကောင်ကြွက်ဘဝနဲ့ နေလာရတော့ အဲဒီသံယောဇဉ်တွေရဲ့ ပျော်ရွှင် ချမ်းမြေ့မှုကို တစ်ခါမှ မရခဲ့ပါဘူး"

ဟု ဝမ်းနည်းသော လေသံဖြင့် ပြောလိုက်သဖြင့် နီမောင်တို့မှာ သူမအတွက် ကိုယ်ချင်းစာ သနားသွားမိလေသည်။

"စိတ်မကောင်း မဖြစ်ပါနဲ့ နှင်းပြုရယ်... မင်းကတို့မောင်နှမ သုံးယောက်နဲ့ မိတ်ဆွေဖြစ်သွားပြီပဲ၊ နောက် ဒီရွာတွေဘက်ကို ရောက်ရင် မကြာခဏ ဝင်လည်ပေါ့၊ တို့တစ်တွေကလည်း မင်းတို့ရွာတွေဘက်ကို ရောက်ရင် မင်းတို့ဆီကို ဝင်လည်ပါ့မယ်၊ ကဲ... မင်းလည်း ခရီးပန်းလာတယ်၊ အိပ်ပေတော့...မနက်စောစောမှပဲ ထပြီးပြန်ပေတော့၊ မင်းပြန်တာ သိပ်နောက်ကျနေရင် မင်းအဘ စိတ်ပူနေလိမ့်မယ်"





ဟု ပြောဆိုကာ အိပ်ရာ ဝင်ခဲ့ကြလေသည်။

ထိုညက ညဦးပိုင်း လရောင် မရှိပေ။

သို့ကြောင့်...

ဆန်ဂေါင်တစ်ရွာလုံး အမှောင်ထုအောက်မှာ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

သန်းခေါင်ယံ အချိန်ရောက်သောအခါ လ.ထွက်လာသည်။

လရောင်မှာ တစ်ခြမ်းသာရှိသောကြောင့် အလင်းရောင်က အားနည်းလှသည်။

မြူနှင်းများကို အားယူ၍ ထိုးဖောက် ဆင်းလာရသောလရောင်သည် မြေပြင်သို့ ရောက်သောအခါ အရောင်ခပ်ဖျော့ဖျော့သာ ရှိနေတော့သည်။

ညဥ့်နက်ပိုင်း ရောက်သောအခါ တောင်တန်းများရှိရာဘက်ဆီမှ ဝံပုလွေအူသံများ ပေါ်ထွက်လာသည်။

ထိုအသံများကို ဆန်ဂေါင်ရွာမှ လူအချို့က ကြားရလေသည်။ ဝံပုလွေ အူသံများမှာ ရွာဘက်ဆီသို့ တစ်စတစ်စ နီးလာသည်ကိုလည်း သတိပြုမိကြသည်။

ခါတိုင်းလည်း ရွာထဲမှ ကြက်၊ ဝက်၊ သိုး စသော တိရစ္ဆာန်များကို ချောင်းမြောင်းရန် ဝံပုလွေများသာမက မြေခွေး၊ ခွေးအ စသော တိရစ္ဆာန်များ တစ်ခါတစ်ရံ ရောက်လာတတ်သောကြောင့် သိပ်တော့ အထူးအဆန်းမဖြစ်လှပေ။



www.burmeseclassic.com

www.burmeseclassic.com

ဆန်ဂေါင်တစ်ရွာလုံးကို သစ်လုံး ခြံစည်းရိုးများ စေ့နေအောင် ကာရံထားပြီး ရွာတံခါးမှာလည်း သစ်လုံးတံခါးဖြစ်သောကြောင့် ခိုင်ခံ့လှပေရာ ပြင်ပမှ တော်ရုံတိရစ္ဆာန်များ ဝင်ရောက်ဖို့ရာ မလွယ်လှပေ။

သန်းခေါင်ယံ အချိန်လောက် ရောက်သောအခါ ရွာခြံစည်းရိုးနှင့် မနီးမဝေး နေရာလောက်မှ ကြောက်မက်ဖွယ်ရာကောင်းသော ဟိန်းဟောက်သံကြီး ပေါ်ထွက်လာလေသည်။

"ဟင်"

ထိုအသံကြီးကြောင့် အိပ်ပျော်နေသော နီမောင်ပင် လန့်နိုးလာလေတော့သည်။

သူသည် မလှမ်းမကမ်း၌ ထောင်ထားသော ဓားလှံကို ယူလိုက်ပြီး နေရာမှ ထလိုက်သည်။

ထိုမျှ ကြောက်မက်ဖွယ် ကောင်းသော အသံမျိုးကို ဝံပုလွေတောင်သို့ ရောက်ခဲ့စဉ်က တစ်ကြိမ် ကြားဖူးလေသည်။

ထိုအချိန်တွင် အိပ်ခန်းထဲမှာ ခင်မြမှုတို့ ညီအစ်မနှစ်ယောက်နှင့်အတူ အိပ်နေသော နှင်းဖြူမှာ ဝုန်းခနဲ ထ,လာသောကြောင့် နံဘေးနားမှာ အိပ်နေကြသော ညီအစ်မနှစ်ယောက်စလုံး လန့်နိုးသွားလေတော့သည်။

"နှင်းဖြူ... နှင်းဖြူ... ဘာဖြစ်တာလဲ"

"မမ... မမနှင်းဖြူ... သတိထားလေ"





နှင်းဖြူဆိုသော မိန်းကလေးမှာ အိပ်ရာပေါ်မှ ဝုန်းခနဲ ထထိုင်လာသော်လည်း ကောင်းစွာ သတိရဟန်မတူသေးပေ။

မျက်စိကိုပိတ်ထားပြီး တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်လျက်ရှိကာ ပါးစပ်မှလည်း ဂူးဂူးဝါးဝါးနှင့် ဗလုံးဗထွေး ရေရွတ် ပြောဆိုနေလေသည်။

"ညီမလေး... ဘာဖြစ်နေတာလဲ"

နီမောင်က အပြင်ဘက်မှ လှမ်းမေးလိုက်သည်။

"ဘာဖြစ်တာလဲ မသိဘူး အစ်ကို၊ သူ့တစ်ကိုယ်လုံး တုန်နေပြီး ပါးစပ်ကလည်း ဗလုံးဗထွေးနဲ့ ပြောနေတယ်"

ဟု ပြန်ပြောသဖြင့် နီမောင်က မီးတိုင်ကို ထွန်းပြီး အခန်းထဲသို့ ဝင်သွားသည်။

နှင်းဖြူကို ခင်မြမှု၊ ခင်မြသူတို့ ညီအစ်မနှစ်ယောက်တို့က တစ်ဖက်တစ်ချက်စီ ထိန်းကိုင်ပေးထားသည်။

"နှင်းဖြူ... နှင်းဖြူ"

နီမောင်က သူမ ပခုံးနှစ်ဖက်ကို ကိုင်ပြီး ခပ်ကြမ်းကြမ်း လှုပ်ကာ ခေါ်လိုက်သည်။

"နှင်းဖြူ... နှင်းဖြူ... ဘာဖြစ်နေတာလဲ"

နီမောင်၏ ခပ်ကြမ်းကြမ်း လှုပ်ခါလိုက်မှုကြောင့် သူမ ခေါင်းမှ တစ်ပတ်လျှို ထုံးထားသော ဆံပင်မှာ အထွေးလိုက် လျှောခနဲ ပြေကျလာသည်။

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ သူမ၏ဆံပင်မှာ တစ်ကိုယ်လုံး လွှမ်းခြုံလောက်အောင် ရှည်လျား များပြားလှသည်ကို သတိပြုမိကြသည်။

"နှင်းဖြူ... သတိရပြီလား"

"ဟင်..."

ထိုအခါမှပင် နှင်းဖြူမှာ သတိပြန်ရလာသည်။

"မင်း... ဘယ်လိုဖြစ်နေတာလဲ"

"ကျွန်မ အိပ်မက်မက်ပြီး ဘယ်လိုဖြစ်သွားမှန်းမသိဘူး၊ အစ်ကိုတို့ကို အားနာလိုက်တာ"

ဟု ပြောကာ နေရာမှ လူးလဲထပြီး ပြေကျနေသော ဆံပင်များကို ကပျာကယာ ပြန်ထုံးလေသည်။

"အပြင်ဘက်မှာ ဝံပုလွေအော်သံတွေလိုလို ကြားရတယ်၊ မင်း ဘယ်လိုဖြစ်မှန်းမသိတော့ တို့က စိတ်ပူသွားတာ"

"ကျွန်မက ယယ်ယယ်ကတည်းက ဒီလိုပဲ၊ ကြောက်စရာ လန့်စရာတွေကို ကြားရ မြင်ရရင် ဒီလိုပဲဖြစ်တတ်တယ်"

"ဒီမှာတော့ ဘာမှကြောက်စရာမရှိပါဘူး၊ စိတ်ချလက်ချ သာ ပြန်အိပ်ကြပေတော့"

ဟု ပြောဆိုကာ နီမောင် အပြင်သို့ ပြန်ထွက်လာသည်။

သို့သော်...

သူ့စိတ်ထဲမှာတော့ ဇဝေဇဝါ ရှိနေသည်။





အခန်း [ ၈ ]

## ပင့်ကူနက်နှင့် ထူးဆန်းသော အဘိုးအို

နီမောင်တို့တစ်တွေ ဝံပုလွေတောင်ခြေကို ရောက်တော့ ဆွမ်းခံပြန်ချိန်လောက်သာ ရှိနေသည်။

ကံကောင်းထောက်မစွာ နေရောင်ခြည်ရှိနေသောကြောင့် ပတ်ဝန်းကျင်ကို ကောင်းစွာ မြင်နိုင်သည်။

ယခုတစ်ပတ် ခရီးထွက်လာကြရာတွင် ဦးဗန်ကောင်းပါ လိုက်ပါလာသဖြင့် အားရှိစရာ ဖြစ်သည်။ ကိုအောင်နိုင်တို့ အဖွဲ့သားများမှာ သေနတ်များ ပါလာကြသည်။

"ဝင်ပေါက်က ဘယ်နေရာလဲ"

ဦးဗန်ကောင်းက မေးသဖြင့် နီမောင်က ဝံပုလွေနှုတ်သီး နှင့်တူသော တောင်နှာမောင်း နေရာကို လက်ညှိုး ထိုးပြ လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ နှုတ်သီးနေရာမှာ ပါးစပ်နဲ့တူတဲ့ အပေါက်တစ်ပေါက် ရှိတယ်၊ အဲဒီက အထဲကို ဝင်ရတာ"

"အချိန်ရှိတုန်း အတွဲဝင်ကြည့်ရအောင်"

ဟု ပြောပြီး တောင်ပတ်လမ်းမှ တစ်ဆင့် ဝံပုလွေဦးခေါင်းနှင့်တူသော တောင်နှာမောင်းပေါ်သို့ တက်ခဲ့ကြသည်။

တက်လမ်း၊ ဆင်းလမ်းမှာ ကျဉ်းသောကြောင့် တစ်ယောက်ချင်း တန်းစီပြီး တက်ကြရသည်။

ဦးဇန်ကောင်းက တွေ့သမျှ အရာဝတ္ထုမှန်သမျှ သတိဝီရိယနှင့် လိုက်ကြည့်နေလေသည်။

လမ်းတစ်နေရာ ရောက်သောအခါ ထိုကွက်လပ်၌ ခဏဝင်နားကြလေသည်။

ထိုကွက်လပ်အပေါ်၌ ကျောက်ချပ်ကြီးများ ရှိသည်။

ထိုကျောက်ချပ်ကြီးများအောက်၌ အဖြူရောင် ချွဲပျစ်ပျစ်နှင့် အရည်စက်အချို့ကို တွေ့ရလေသည်။

ဦးဇန်ကောင်းက ထိုအရည်များကို တုတ်ဖြင့်တို့ယူကာ အသေအချာကြည့်သည်။

ပြီးလျှင်...

ကျောက်ကလပ်သဖွယ် ဖြစ်နေသော ကျောက်ထပ်များကြားသို့ မော့ကြည့်သည်။ ကျောက်ချပ်များဆီမှ 'ကျလိကျလိ' ဟူသော မသဲမကွဲ အသံများကို ကြားလိုက်ရသည်။





"ဒီနေရာမှာ နားလို့မဖြစ်ဘူးဟေ့၊ ဒီကျောက်ချပ်တွေနဲ့လွတ်တဲ့နေရာကို ရွှေ့ကြ"

ဟု အလောတကြီး လေသံဖြင့် ပြောလိုက်သဖြင့် နှီးမောင်တို့ နေရာမှပြန်ထကာ ကျောက်ထပ်များနှင့် လွတ်ကင်းရာ နေရာသို့ ရွှေ့ကြလေသည်။

"ဘာဖြစ်လို့လဲ အဘ"

"မင်းတို့တစ်တွေ မြားဆိပ်ဖော်ကြတာ တစ်ဆွေ့ခုနစ်အဆိပ်၊ နှစ်ဆွေ့ခုနစ်အဆိပ်၊ တောင်ကျော်အဆိပ်၊ ထိသေအဆိပ်ဆိုပြီး ရှုပ်နေတာပဲ၊ အဲဒီအဆိပ်တွေထက် ပြင်းတဲ့အဆိပ်ဟာ အခု ငါ တုတ်နဲ့ကော်ယူလာတဲ့ အဆိပ်ပဲ"

ဦးဇန်ကောင်းက တုတ်ကို မြှောက်ပြသည်။

"အဲဒါ ဘာအဆိပ်လည်း အဘ"

"ဒါ ပင့်ကူနက် အဆိပ်လို့ ခေါ်တယ်၊ လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ် ထိလိုက်တာနဲ့ တုံးခနဲလဲကျပြီး သေမှာပဲ၊ ငါ လက်တွေ့ပြမယ်"

ဟု ပြောကာ အဝတ်စတစ်စပေါ်သို့ ထိုအဆိပ်ရည်ကို အစက်ချပေးလိုက်သည်။

ခဏကြာတော့ ထိုအဝတ်စမှာ မီးစနှင့် ထိုးလိုက်သကဲ့သို့ အမည်းကွက်ပေါ်လာပြီး ပေါက်ထွက်သွားလေတော့သည်။

"တယ်ကြောက်စရာကောင်းပါလား အဘ၊ ဒီအဆိပ်သာ မြားဦးမှာ တပ်ပစ်လိုက်ရလို့ကတော့ ဘယ်လိုသတ္တဝါမှ ခံနိုင်မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စားသောက်ဖို့ပစ်တဲ့သားကောင်တွေကိုတော့ ဒီအဆိပ်မျိုး သုံးလို့မရဘူး။ ဒီအဆိပ်မျိုးသုံးပြီးရင် အဲဒီအသားက စားလို့ မရတော့ဘူး။ ဒီအဆိပ်မျိုးက အန္တရာယ်ပေးမယ့် သတ္တဝါတွေကို ပစ်ဖို့ကောင်းတယ်၊ နောက်တစ်ချက်က လူတွေက လူသတ်တဲ့နေရာမှာ သုံးကြတယ်"

ထိုစကားကြားသောအခါ ကိုအောင်နိုင်ရော နီမောင်ပါ အံ့သြသွားကြလေသည်။

"ဒါဖြင့် တလောက အသတ်ခံလိုက်ရတဲ့ ကုန်သည် ငါးယောက်မှာ နှစ်ယောက်ရဲ့ကျောမှာ မြားနှစ်ချောင်း စိုက်နေတာ တွေ့ရတယ်၊ ဒီလိုအဆိပ်မျိုးသုံးတာဖြစ်မယ်"

နီမောင်က သူ့ထင်မြင်ချက်ကို ပြောသည်။

"ငါတော့ မမြင်လိုက်ဘူး၊ ဒါပေမယ့်... မင်းတို့ပြောပုံ ထောက်ကြည့်တာကတော့ မြားတံထိပ်မှာ ပင့်ကူနက် အဆိပ်မျိုး သုတ်ထားတာ ဖြစ်ဖို့များတယ်"

"အတော်ကြောက်စရာ ကောင်းပါလား"

"မင်းတို့ သတိထားရမှာက ကြောက်စရာကောင်းတဲ့ ဝံပုလွေတွေချည်း မဟုတ်ဘူး၊ အကြံပက်စက်တဲ့ လူသတ်သမားကိုပါ သတိထားပြီး ရှာရမှာ"

ဟု ပြောသည်။

သူတို့အဖွဲ့သည် တောင်စောင်းလမ်းတစ်နေရာမှ ခေတ္တနားပြီး တောင်ထိပ်ပေါ်သို့ ဆက်တက်ခဲ့ကြသည်။ ဝံပုလွေ





ဦးခေါင်းသဏ္ဍာန် တောင်ထိပ်ပေါ်သို့ ရောက်သောအခါ ပါးစပ်ပေါက်နှင့်တူသည့် ဂူပေါက်ဝထဲမှ အတွင်းသို့ ဝင်ကြလေသည်။

ထိုဂူထဲသို့ နီမောင်တို့က တစ်ခေါက် ရောက်ခဲ့ဖူးသောကြောင့် အခက်အခဲမရှိ ဝင်နိုင်ကြသည်။

အထဲမှာ အနည်းငယ် မှောင်နေသောကြောင့် အသင့်ယူဆောင်လာသော မီးတိုင်များကို ထွန်းပြီး ဝင်ကြသည်။

အပေါ်တည့်တည့်မှ ဟင်းလင်းပေါက်ကြီး နေရာသို့ ရောက်သောအခါ ခဏရပ်ပြီး အခြေအနေကြည့်တော့ ဂူကြီးတစ်ခုလုံးမှာ ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်နေသည်မှလွဲ၍ အခြားဘာမှ မတွေ့ကြရပေ။

သို့ကြောင့်...

အောက်ဘက်မှ ချောင်းကလေးရှိရာသို့ ဆင်းလာကြသည်။

"ကျွန်တော်တို့ ဝင်တုန်းက ဝံပုလွေ ဝိုင်းတိုက်တာ ဟိုရှေ့နားမှာပဲ၊ အဲဒီနေရာမှာ မချစ်ဥတွေ အများကြီးရှိတယ်"

ဟု ပြောကာ မချစ်ဥပင်များ ပေါက်နေသော နေရာသို့ လာခဲ့ကြရာ ထိုနေရာ ရောက်တော့ မချစ်ဥပင်များ တစ်ပင်တလေမှပင် မရှိတော့ပေ။

"နီမောင် တို့လာတုန်းက ဒီနေရာမှာ မချစ်ဥပင်တွေ အများကြီးကျန်ခဲ့တယ် မဟုတ်လား"

စောယီးက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး...ကျန်ခဲ့တယ်လေ"

"အခု တစ်ပင်မှမရှိတော့ပါလား၊ ဘယ်သူက နုတ်ယူသွားပြီလဲ"

"ထူးဆန်းလိုက်တာ၊ တို့သုံးယောက် တွေ့တုန်းက အများကြီးပဲ၊ တို့နုတ်ယူသွားတဲ့အပြင် ဒီနေရာမှာ အတော်ကျန်ခဲ့တာပဲ၊ အခု တစ်ပင်မှ မရှိတော့ဘူး"

နီမောင်တို့တစ်တွေမှာ စိတ်မကျေနပ်သောကြောင့် ရေခဲများ ဖုံးနေသောနေရာ၊ ကျောက်ကျို ကျောက်ကြားပါ မကျန် လိုက်လံရှာဖွေကြည့်တော့လည်း မချစ်ဥပင်များမှာ အစို့အညှောက်မျှပင် မကျန်တော့ပေ။

"မင်းတို့ အရင်တစ်ခေါက် လာတုန်းက ဝံပုလွေတွေ ထွက်တိုက်ခံရတာ ဒီနေရာလား"

"ဟုတ်တယ် အဘ"

"ဘယ်နေရာက ထွက်လာတာလဲ"

နီမောင်က ချောင်းအထက်နားမှာရှိသော ဂူပေါက်ဝများကို လက်ညှိုးထိုးပြရင်း...

"အဲဒီအပေါက်ဝတွေက ထွက်လာတာ"

"ထူးဆန်းလိုက်တာ၊ အခုတော့လည်း ငြိမ်နေပါလား"

"အထဲဝင်ကြည့်ရင် မကောင်းဘူးလား အဘ"

"ဝင်တော့ဝင်ရမှာပဲ၊ ဒါပေမယ့် ထောင်ချောက်ထဲကို ဝင်သွားမိသလို ဖြစ်မှာစိုးရတယ်၊ သတိတော့ ထားကြရမယ်"





ကိုအောင်ခိုင်တို့ အဖွဲ့သားတွေကလည်း ထိုဂူပေါက်များထဲသို့ ဝင်ကြည့်ရန် စိတ်အားထက်သန်နေကြသည်။

"ဘာမှစိတ်မပူနဲ့ အဘ...၊ ဂူထဲမှာ ဒီကောင်တွေကို အစုလိုက် အပြုံလိုက် တွေ့လို့ကတော့ ကျွန်တော်တို့ဆီမှာ ဒိုင်းနမိုက်တွေပါလာတယ်၊ ဂူပေါက်ဝကနေ ဒိုင်းနမိုင်းတွေနဲ့ ခွဲပြီး သတ်ပစ်မယ်"

ဟု ကြံမ်းမောင်း ပြောဆိုနေသည်။

တို့နောက်...

သူတို့တစ်တွေသည် စမ်းချောင်းလေးဆီမှ အထက်သို့ တက်နိုင်သော ကျောက်ထစ်များအတိုင်း အပေါ်သို့ တက်ခဲ့ကြသည်။ ကျောက်ဂူပေါက်ဝများမှာ တစ်နေရာနှင့် တစ်နေရာ မဝေးလှပေ။

ဂူပေါက်ဝများ၌ရပ်ကာ ပါလာသော လက်နှိပ်ဓာတ်မီးများဖြင့် အတွင်းသို့ ထိုးကြည့်သောအခါ မီးရောင်တ,ဆုံးအထိတော့ ဘာမှမတွေ့ကြရပေ။

သို့စေကာမူ ဂူပေါက်ဝများထဲမှ ထွက်လာသောလေမှာ ညှီစို့စို့ ပုပ်အက်အက် အနံ့များ ပါလာလေသည်။

"တို့တစ်တွေ လူစုခွဲပြီး အထဲဝင်ကြည့်ကြမယ်၊ အကြောင်းရှိလို့ အချက်ပေးလိုက်ရင် အဲဒီနေရာကို ကျန်တဲ့လူတွေက အရောက်သွားပြီး ဝိုင်းကူကြမယ်၊ အဖွဲ့တစ်ဖွဲ့မှာ သေနတ်သမား တစ်ယောက်နှစ်ယောက်တော့ ပါစေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးဗန်ကောင်းက ပြောသဖြင့် ကိုအောင်နိုင်က တစ်ဖွဲ့၊ နီမောင်တို့ကတစ်ဖွဲ့၊ ဦးမွန်ထော်တို့က တစ်ဖွဲ့ခွဲကာ ဂူပေါက်ဝထဲသို့ ဝင်ကြလေသည်။

ဂူပေါက်ဝများမှာ တစ်နေရာနှင့် တစ်နေရာ မဝေးလှသည့်အပြင် အရွယ်အစားချင်းကလည်း မကွာလှပေ။

အဖွဲ့တစ်ဖွဲ့တွင် သေနတ်သမားနှင့် အားကောင်းလှသည့် လက်နှိပ်မီးများ ပါလာသောကြောင့် အားရှိစရာပင်။

ဂူထဲရောက်လေလေ အညှီနံ့၊ အပုပ်နံ့များ လှိုင်နေသည်မှလွဲပြီး အခြား ဘာမှတော့ ထူးထူးခြားခြား မတွေ့ရပေ။

ဒါပေမယ့် ဂူကြမ်းပြင်တစ်လျှောက်မှာတော့ သတ္တဝါများ အကြိမ်ကြိမ် လျှောက်သွားတားဟန်ဖြင့် မြေကြီးများမှာ ဖုန်ထနေလေသည်။

အတွင်းပိုင်းရောက်တော့ သတ္တဝါတို့၏ အရိုးစုအပိုင်းအစများကို နေရာအနှံ့အပြားမှာ တွေ့လာရသည်။

အရိုးများမှာ အချို့က ကြာမြင့်နေဟန်ရှိပြီး အချို့က လတ်လတ်ဆတ်ဆတ် စားသောက်ပြီး ပစ်ထားဟန် ရှိလေသည်။

ဂူလမ်းများမှာ သိပ်တော့ မရှည်လှပေ။

နာရီဝက်ခန့် လျှောက်မိသောအခါ တစ်ဖက်အပေါက်သို့ ရောက်သွားကြသည်။

"ဟင်"



သူတို့ရောက်သွားသောနေရာမှာ ဒယ်အိုးဖင်သဏ္ဍာန် ချိုင့်နေသော ကျင်းကြီး၏ နှုတ်ခမ်းစပ်နေရာ ဖြစ်လေသည်။

အဖွဲ့သုံးဖွဲ့စလုံး တစ်နေရာစီမှာ ရောက်သွားသော်လည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ လှမ်းမြင်ကြရလေသည်။

ထိုနေရာသည် ဂူအတွင်းပိုင်း ဖြစ်သော်လည်း အလင်းရောင်အချို့ ရှိနေသောကြောင့် ဂူထဲမှ အခြေအနေကို ကောင်းစွာမြင်ကြရသည်။

ထိုကျင်းကြီးထဲမှာတော့ အရိုးစုများက တောင်ပုံရာပုံ ရှိနေလေသည်။

တိရစ္ဆာန်များ၏ အရိုးများအပြင် လူ့အရိုးအမြောက်အမြားကိုပါ တွေ့ကြရသည်။

"ဒါဟာ ကြောက်စရာကောင်းလှတဲ့ ဝံပုလွေ သားရဲတွင်းပဲ"

ဦးဗန်ကောင်းက အခြေအနေကိုကြည့်ပြီး ပြောသည်။

"ဝံပုလွေ သားရဲတွင်းဆိုပြီး ဝံပုလွေတွေလည်း တစ်ကောင်မှ မတွေ့ရပါလား အဘ"

"အဲဒါ ဆန်းတာပေါ့၊ ဒီလို နေ့လယ်ဘက် အချိန်တွေမှာ ဝံပုလွေတွေ အုပ်စုလိုက် အစာရှာထွက်တဲ့ အချိန်လည်း မဟုတ်ပါဘူး"

"ဒါဖြင့် ဒီဂူကြီးရဲ့တစ်နေရာမှာ ဝင်ပုန်းနေတာဖြစ်မယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီသားရဲတွင်းက လမ်းဆုံးနေပြီ၊ ဒီဂူပေါက်တွေက ပြန်သွားရင်လည်း စမ်းချောင်းလေးရှိတဲ့ အပြင်ဘက်ကို ပြန်ရောက်သွားမှာပဲ"

ထိုသို့ ပြောနေစဉ် ကိုအောင်နိုင်က သူကို့ရှိရာသို့ ရောက်လာသည်။

"အဘ... ဟိုဘက်က ဂူပေါက် တစ်ပေါက်ထဲမှာ အဘိုးကြီးတစ်ယောက် တွေ့ရတယ်"

ဟု လာပြောသဖြင့် ထိုနေရာသို့ လာခဲ့ကြသည်။

ကိုအောင်နိုင်တို့ တွေ့သော ဂူပေါက်မှာ သိပ်မကျယ်လှပေ။ ထိုဂူထဲရှိ ကျောက်တုံးကြီး တစ်တုံးပေါ်မှာ အဘိုးအို တစ်ဦး ထိုင်နေသည်။

အသက်အရွယ် ကြီးရင့်ဟန်ရှိပြီး မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများက ဆွတ်ဆွတ်ဖြူနေသည်။

အဖြူရောင်အဝတ်များကို ဝတ်ထားပြီး ကျောက်တုံးကြီးပေါ်မှာ ငြိမ်သက်စွာ ထိုင်နေသည်။

သူထိုင်နေသော ကျောက်တုံးကြီး၏ ဘေးပတ်ဝန်းကျင်မှာလည်း အရိုးစုများက ပြန့်ကြဲလျက် ရှိသည်။

သူတို့အထဲမှ တစ်ယောက်က အဘိုးအို၏မျက်နှာကို လက်နှိပ်ဓာတ်မီးဖြင့် လှမ်းထိုးကြည့်လိုက်သည်။

အားကောင်းသည့် လက်နှိပ်မီးရောင်ကြောင့် တရား ထိုင်နေသည့် အဘိုးအိုက မျက်လုံးပွင့်လာသည်။





"ဟင်..."

"ဟာ..."

သူတို့ အံ့သြသွားကြလေသည်။

အဘိုးအို၏ မျက်လုံးနှစ်ဖက်စလုံးမှာ အနက်ရောင်လုံးဝမပါဘဲ အဖြူသက်သက်ချည်း ဖြစ်နေသောကြောင့်ပင်။

"ဘယ်က လာကြတာလဲ"

အဘိုးအိုက လှမ်းမေးသည်။

"ဆန်ဂေါင်ရွာဘက်ကပါ အဘ"

"ဒီဂူထဲကို ဘာလာရှာတာလဲ"

"ရန်သူ လာရှာတာပါ"

ဦးဗန်ကောင်းက အဖြေပေးလိုက်သည်။

"လောကမှာ မိတ်ဆွေရှာရင် မိတ်ဆွေ တွေ့ရတယ်၊ ရန်သူရှာရင် ရန်ကို တွေ့ရလိမ့်မယ်"

"ကျွန်တော်တို့က ရန်သူကို မရှာချင်ပါဘူး၊ ဒါပေမယ့် ရန်သူက ကျွန်တော်တို့ကို အမျိုးမျိုး ဒုက္ခပေးနေလို့ မရှာချင်ဘဲ ရှာရတာပါ"

"အချိန်တန်တော့လည်း အားလုံးက သူ့သဘော သူ ဆောင်ပြီး ပြီးသွားမှာပါ"

ဟု ပြောပြီး မျက်လုံး ပြန်မှိတ်သွားလေသည်။

နီမောင်တို့တစ်တွေလည်း တရား အားထုတ်နေသူ၏ အနှောင့်အယှက် မပေးလိုတော့သဖြင့် ဝံပုလွေသားရဲတွင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို လှည့်ပတ်ကြည့်ပြီး ဝင်လာသော ဂူပေါက်လမ်းအတိုင်း ပြန်ထွက်ကြရာ လမ်းခုလတ်နေရာ ရောက်သောအခါ မမျှော်လင့်သော အန္တရာယ်များက ဝင်လမ်းတစ်လျှောက်မှ ဆီးကြိုနေလေတော့သည်။

"ဟင်..."

"ကျလိ...ကျလိ...ကျလိ"

လမ်းတစ်လျှောက်လုံး ဆေးစက်များ စွန်းထင်းနေသကဲ့သို့ မည်းမည်းသဏ္ဍာန်များကို လှမ်းမြင်ရသဖြင့် လက်နှိပ်မီးရောင်များဖြင့် လှမ်းထိုးကြည့်လိုက်သောအခါ ပင့်ကူနက်များကို တွေ့ကြရလေသည်။

ပင့်ကူနက်များမှာ အကောင် အရွယ်အစား အမျိုးမျိုး ပါလေရာ လက်ညှိုး လက်မလောက်မှ လင်ဗန်းအရွယ်လောက်အထိ အရွယ်အစား ကြီးမားသော အကောင်ကြီးများကို လှမ်းမြင်ရသည်။

တစ်ကိုယ်လုံး အနက်ရောင်များဖြစ်ပြီး မျက်လုံးများက ဟသ်ပြဒါးကဲ့သို့ ရဲရဲနီနေလေသည်။

အမှောင်ထဲမှာပင် အနီရောင် အလင်းစက်များကို လှမ်းမြင်နေရသည်။

"ပင့်ကူနက်တွေပါလား၊ ဂူကြမ်းပြင်တစ်ခုလုံး ပြည့်နေတာပဲ၊ ဒီလောက်များတဲ့ ပင့်ကူနက်တွေ ဘယ်နေရာက ရောက်လာတာလဲ"





"အဲဒါတော့မသိဘူး၊ ဒီကောင်မျိုးတွေက သွေးစုပ်ပြီး အသားစားတဲ့ သတ္တဝါတွေဆိုတော့ သွေးနံ့ရလို့ ထွက်လာတာဖြစ်မှာပေါ့"

"အဲဒါက အရေးမကြီးဘူး၊ ဒီလောက်များတဲ့ သတ္တဝါတွေကို သေနတ်၊ ဓားလှံလက်နက်တွေနဲ့ ဘယ်လိုမှ တတ်နိုင်မှာ မဟုတ်ဘူး"

"ဒီသတ္တဝါမျိုးတွေက မီးကိုကြောက်တော့ မီးတုတ်၊ မီးကွင်းတွေ များများရအောင်သာ လုပ်ကြပေတော့"

ဟု ပြောကာ ပါလာသော မီးကွင်းများကို တုတ်တပ်ပြီး မီးရှို့ကြသည်။

တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ မီးရှို့လိုက်သဖြင့် ဂူလမ်းကြောင်း တစ်လျှောက်လုံး လင်းသွားလေတော့သည်။

မီးခိုးများကလည်း ပတ်ဝန်းကျင်တစ်ဝိုက် ပျံ့နှံ့သွားလေတော့သည်၊ ထိုအခါမှ ရှေ့သို့တိုးလာရန် ဟန်ပြင်နေသော ပင့်ကူနက်များမှာ အနည်းငယ် တန့်သွားသည်။

"ကျလိ...ကျလိ...ကျလိ"

သွားကြိတ်သံကဲ့သို့ တကျွိကျွိနှင့် မြည်သံများကိုတော့ အဆက်မပြတ် ကြားနေရသေးသည်။

နီမောင်တို့လည်း အနည်းငယ် အားရှိလာကာ ရှေ့သို့ တစ်လှမ်း နှစ်လှမ်း တိုးကြည့်တော့ ပင့်ကူနက်များက အနည်းငယ် နောက်ဆုတ်ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပင့်ကူနက်တွေ အကိုက်မခံရအောင် သတိထားကြ၊ သူတို့ရဲ့အဆိပ် လုံးဝမထိစေနဲ့၊ ဂူပေါက်ဝနီးလို့ သူတို့ လှမ်းရှဲ့ပေးရင် တရကြမ်း ဖောက်ထွက်ကြမယ်၊ ဘာကြောင့်လဲ ဆိုတော့ ဒီမီးတုတ်တွေ ကုန်သွားလို့ မီးငြိမ်းသွားရင် တို့အတွက် ထွက်ပေါက် ပိတ်သွားလိမ့်မယ်"

"ဟုတ်ကဲ့ အဘ"

မီးတုတ်များ မီးအရှိန် ကောင်းနေစဉ် ပင့်ကူနက်များ ရှိရာသို့ ရဲရဲတင်းတင်းဝင်သွားပြီး မီးတုတ်ဖြင့် ရမ်းကြည့်ရာ တကျွိကျွိ မြည်သံများဖြင့် ဘေးတစ်ဖက်တစ်ချက်သို့ ရှဲသွားရာ အလယ်ခေါင်မှာ လူသွားလမ်းကဲ့သို့ ပေါ်လာသည်။

"ကဲ... အချိန်မရှိဘူး၊ ဒီလမ်းက အပြင်ရောက်အောင် ထွက်ကြပေတော့၊ ကျုပ်တော် မီးတုတ်နဲ့ရမ်းပြီး ဟန့်ထားပေးမယ်"

ဟု ပြောကာ မီးတုတ်နှင့် ရမ်းနိုက် ပင့်ကူနက်များ ရှဲသွားစဉ် တစ်ယောက်ချင်း အပြင်သို့ ပြေးထွက်ကြသည်။

ထိုသို့ ပြေးထွက်နေစဉ်မှာပင် တစ်စတစ်စနှင့် မီးတုတ်များက အရှိန်လျော့ကျလာသည်။

နောက်ဆုံးတော့ ဂူထဲမှာ နီမောင်၊ ကိုအောင်နိုင်နှင့် စောထီးတို့ သုံးယောက်သာ ကျန်တော့သည်။

"မီးတုတ်တွေ ငြိမ်းတော့မယ်၊ အချိန်မရဘူး... ဆရာ အရင် ထွက်ပေတော့"





"နှစ်ယောက်တည်းနဲ့ ရပါ့မလား"

"ရတယ်... သွားတာ သွားပါ"

ဆိုတော့မှ ကိုအောင်နိုင်က အရင်ပြေးထွက်သည်။

နီမောင်နှင့် စောထီးတို့လက်ထဲမှာ ကိုင်ထားသော မီးတုတ်များကလည်း တစ်စတစ်စ အရှိန်လျော့စ ပြုလာပြီ။

သို့ကြောင့်...

နှစ်ယောက်သား တစ်ယောက်နှင့် တစ်ယောက် မျက်ရိပ်ပြပြီး မီးတုတ်များကို ဝှေ့ရမ်းကာ ဂူပေါက်ဝဘက်သို့ ပြေးကြလေသည်။

အပေါက်ဝ ရောက်သည်နှင့် လက်ထဲမှ မီးတုတ်များကလည်း ငြိမ်းသွားလေတော့သည်။

အပြင်ဘက်ရောက်မှ နောက်ဘက်သို့ လှည့်ကြည့်လိုက်သောအခါ သူတို့ထွက်လာသော ဂူပေါက်ဝတစ်ခုလုံး ပင့်ကူနက်များဖြင့် ပြည့်နေလေသည်။

ခဏကြာတော့ ထိုဂူပေါက်ထဲမှ လူတစ်ယောက် ထွက်လာပြီး အပေါက်ဝမှာရပ်၍ သူတို့ရှိရာသို့ လှမ်းကြည့်နေလေသည်။

ထိုသူမှာ ဂူထဲမှာ တွေ့ခဲ့ရသည့် တရားအားထုတ်နေသော အဘိုးအိုပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၉ ]

## သွေးရှမ်းသောည

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ပြီးနောက် လအနည်းငယ်ကြာသည်အထိ နောက်ထပ် မည်သည့်အန္တရာယ်မှ ထပ်မံကြုံတွေ့ခြင်း မရှိကြတော့သဖြင့် ဆန်ဂေါင်ရွာသူ၊ ရွာသားများမှာလည်း စိတ်အေးလက်အေး ပြန်ဖြစ်သွားပြီး တောင်တက်သူကလည်းတက်၊ တောဝင်သူကလည်း ဝင်၊ လယ်ယာလုပ်သူကလုပ်၊ တောင်ယာစိုက်သူက စိုက်နှင့် ပုံမှန်အတိုင်း ပြန်ဖြစ်သွားကြလေသည်။

ထိုရက်အတွင်းမှာပင် ကိုအောင်နိုင်နှင့် ခင်မြမူတို့နှစ်ယောက်၏ အချစ်ရေးမှာလည်း ပွင့်ပွင့်လင်းလင်းနှင့် အဆင်ပြေ သွားကြသောကြောင့် မင်္ဂလာပွဲပြုလုပ်ရန် စီစဉ်ကြလေသည်။





ကိုအောင်နိုင်၏ မိဘများမှာ မြစ်ကျွန်းပေါ်ဘက်မှဖြစ်သဖြင့် တောင်တန်းဒေသများသို့ မလိုက်နိုင်သောကြောင့် ကိုအောင်နိုင်ဘက်မှ ဦးပွန်ကော်တို့ကပင် မိဘအရာ နေရာမှ ဆောင်ရွက်ပေးပြီး မိဘ မရှိတော့သော နီမောင်တို့ဘက်မှ ဦးဖန်ကောင်းက ကမကထ ပြုကာ ဆောင်ရွက်ပေးလေသည်။

ကိုအောင်နိုင်ရော ခင်မြမူပါ အသက်သုံးဆယ်ဝန်းကျင်အရွယ် အပျိုကြီး၊ လူပျိုကြီးများ ဖြစ်ကြသောကြောင့် မင်္ဂလာပွဲကိုလည်း တခမ်းတနား မလုပ်လိုကြဘဲ အချည်းချုံးကာ စီစဉ်ကြလေသည်။ သို့သော်လည်း...

တောအရပ်ဒေသတို့၏ ထုံးစံအတိုင်း သာရေး၊ နာရေးကိစ္စရှိလျှင် မိမိရွာသာမက အခြားရွာများက အသိမိတ်ဆွေများက လာရောက် ဝိုင်းဝန်းလုပ်ကိုင်ပေးကြသဖြင့် မင်္ဂလာပွဲရက်မတိုင်ခင်ကလည်း ထမင်းဟင်းများကို ချက်ပြုတ်ကျွေးမွေးရုံသာမက ခေါင်ရည်အိုးများကိုပါ လိုလေသေး မရှိအောင်ထားပေးရသည်။

အချို့က မင်္ဂလာပွဲ မတိုင်ခင်ကတည်းက လက်ဆောင်ပစ္စည်းများကို ကြိုတင် ယူဆောင်လာကြသည်။

မြို့ကြီးပြကြီးများမှ မင်္ဂလာဆောင်များလို အသုံးအဆောင်ပစ္စည်းများကို ပါကင်ထုပ်ပိုးတာမျိုး မဟုတ်ဘဲ ဒေသထွက်စားကုန်သောက်ကုန် အသုံးအဆောင် ပစ္စည်းများကိုပေးပို့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆန်၊ စပါး၊ ငရုတ်၊ ကြက်သွန်၊ ပြောင်း၊ ကြက်၊ ဝက်၊ သိုး၊ ဆိတ်၊ ကိုယ်တိုင်ရက်လုပ်ကြသော အဝတ်အထည်များကို လက်ဆောင်ပေးကြသည်။

အချို့မိဘများက မြေကွက်၊ လယ်ကွက်၊ တောင်ယာ စိုက်ခင်း၊ ကျွဲ၊ နွား၊ အိမ် စသည်တို့ကို လက်ဖွဲ့ပစ္စည်းအဖြစ် ပေးကမ်းကြသည်။

မင်္ဂလာပွဲကျင်းပရန် တစ်ရက်သာလိုသောအခါ ပူတာအို ဂတ်တဲစခန်းမှ ဌာနာအုပ် ဦးထင်ကျော်တို့အဖွဲ့အပြင် ပူတာအို သစ်တောရုံးမှ သစ်တောဝန်ထောက်နှင့် အဖွဲ့သားများပါ ရောက်လာကြသောကြောင့် ပိုမိုစည်ကားသွားလေသည်။

"ကျုပ်တို့ လူပျိုကြီးတော့ တစ်သက်လုံး မစွံခဲ့တာ ဆန်ဂေါင် ရောက်မှပဲ စွံပေတော့တယ်၊ ကေန္တ ဆေးမိသွားပုံ ရတယ်ဗျို့"

သစ်တောဝန်ထောက် ကိုဘဇံက လူလတ်ပိုင်းသာ ရှိသေးပြီး ကိုအောင်နိုင်နှင့် ရင်းနှီးနေသူမို့ ရောက်တာနှင့် ပြောလေတော့သည်။

"ဟုတ်တယ်... ကျွန်တော်က ဒီရွာရောက်မှ ခင်မြမူရဲ့ ဆေး မိသွားတာဗျ"

"တယ်ဟုတ်ပါလား... ဘယ်လိုဆေးလဲဗျ"

"အချစ်ဆေးလေဗျာ"





"ဟာ... အဟုတ်မှတ်လို့ နားထောင်နေတာ၊ ခင်ဗျား အတော်နောက်တဲ့ လူပဲ"

ထိုညနေ မြို့မှ ရောက်လာသော ဧည့်သည်များရော၊ ရွာခံများပါ နီမောင်တို့ ခြံဝင်းထဲမှာ ပျော်ပျော်ပါးပါး စိုင်းဖွဲ့ စားသောက်နေကြလေသည်။

ထိုညက လဆန်းရက် ဖြစ်သောကြောင့် ကောင်းကင် ပြင်၌ လရောင်က ရှိနေသည်။

ဖွဲဖွဲလေးသာ ကျဆင်းနေသော နှင်းသားများကို ဖောက် ထွင်းဆင်းလာသော လရောင်သည် ဆန်ဂေါင် ရွာကလေး ပေါ်သို့ ငွေရောင်ဆမ်းထားသည့်နှယ် ခပ်ပါးပါးလေး ဖြာကျ နေသည်။

အိမ်ခြံဝင်းထဲရှိ တောင်ဇလပ်ပင်ကြီး အောက်မှာတော့ ရွာခံ ယောကျ်ားကလေးများ၊ မိန်းကလေးများ တစ်သိုက် တို့သည် ဂစ်တာပိုင်းဖြင့် မင်္ဂလာသီချင်းများ သီဆိုနေကြ လေသည်။

ဘုရားကျောင်းတက်လျှင် သီဆိုနေကျ၊ တီးခတ်နေကျမို့ ၎င်းတို့၏တေးသံများက သာယာနာပျော်ဖွယ်ရာ ရှိလေသည်။

ငါတို့ကို ကယ်တင်ရှင်ရှိပေ...၊ ရှေ့ဆောင်လုပ်နေ...၊
လောကမိတ်ဆွေနည်းပါး၊ ချစ်ဖွယ်ရှင်တကား...၊
ယခု ကိုယ်တော်သိမ်မွေ့စွာ...
သင့်ဖို့လည်း ဖြစ်ပါစေ...၊



www.burmeseclassic.com

www.burmeseclassic.com



သင်တို့အတွက်... ငါဆုတောင်းပေးနေ...။
သင်တို့အတွက်... ငါဆုတောင်းပေးနေ...။
သင်တို့အတွက်... ငါဆုတောင်းပေးနေ...။
ထာဝရမျှော်သင့်ရန် မင်္ဂလာမှန်ကန်
ပေးသော ငါ၏ အဘခမည်းတော်ရှိပေ...။
မကြာမီခေါ်ယူမည်၊ ကိုယ်တော်မြတ်ကိုဖူးရန်
ငါနှင့်အတူသွားရန် သင့်ကိုလမ်းပြပါစေ...။
ဖြစ်လိုငြိမ်သာယာ ငြိမ်သက်ခြင်းငါ့မှာရှိ
ထိုငြိမ်သက်ခြင်း၊ လောကီစွဲသူလျှင်းသိ၊

ငါ့ကိုကယ်ချွတ် သင်သာပိုင်သောကြောင့် ပေးနိုင်၏၊
သင့်ကိုလည်းပေးကြောင်း ငါအလွန်ကြားသိလိုသည်။

......ရှင်သည် သင့်ကို ရှာတွေ့သောအခါ...
ချစ်မွှယ်ရှင်... သင့်ကိုကယ်တင်ကြောင်း ပြောရမည်၊
ကိုယ်တော်... ဘုန်းလူတို့တွင်ထင်ရှားရန် ဆုတောင်းပါ၊
သင်တို့အတွက် ဆုတောင်းသော် သင်တို့လည်းရမည်၊

သင့်အတွက် ငါ ဆုတောင်းနေ...။
သင့်အတွက် ငါ ဆုတောင်းနေ...။
သင့်အတွက် ငါ ဆုတောင်းနေ...။
သင့်အတွက် ငါ ဆုတောင်းနေ...။
သင့်အတွက် ငါ ဆုတောင်းနေ...။





ဓမ္မတေးသီချင်းများကို ကချင်ဘာသာဖြင့် သံပြိုင်သီဆိုနေကြခြင်း ဖြစ်သည်။

တိတ်ဆိတ် အေးချမ်းလှသော ညချမ်းအချိန်တွင် ဂီတသံနှင့် သီချင်းသံများက ငြိမ့်ငြောင်းသာယာစွာ ပေါ်ထွက်နေသည်။

လူကြီးများက ဖခါးရည်သောက်ရင်း စကားဝိုင်းဖွဲ့နေကြသလို လူငယ်လူရွယ် အများစုကတော့ ခေါင်ရည်တစ်ကျိုက်၊ တေးသီချင်းအလိုက်ကို ညည်းညူရင်း မနက်ဖြန် မင်္ဂလာပွဲတွင် ကျွေးမွေးဧည့်ခံရန် စီစဉ်ဆောင်ရွက်နေကြလေသည်။

နီမောင်တို့တစ်တွေပင်လျှင် တစ်ချက်ကလေးမှ မအားရအောင် ရှိနေကြသည်။

ခွင်ပေါ်တွင် တင်ထားသော ဖခါးရည်အိုးကြီးကို မီးမပြတ်စေရန် ထိုးပေးနေသော ခင်မြသူ ရှိရာသို့ စောထီးတစ်ယောက် မယောင်မလည်နှင့် ရောက်လာလေသည်။

"ခင်မြသူ... နှင် ထင်းလိုသေးလား၊ ငါ သယ်ခဲ့ပေးမယ်လေ"

"ရှိပါတယ်ဟ"

ရှိတယ်ဆိုသော်လည်း စောထီးက ခင်မြသူနှင့် မလှမ်းမကမ်းမှာ ဝင်ထိုင်လေသည်။

"နှင်တို့ မောင်နှမသုံးယောက်ရှိတာ အခုလို တစ်ယောက် မင်္ဂလာဆောင်သွားတော့ နှင် ဘယ်လိုခံစားရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ခံစားရမှာလဲဟ၊ အချိန်တန် အရွယ်ရောက်လို့ အိမ်ထောင်ပြုတာပဲ၊ ဘာဆန်းသလဲ"

"နင့်အလှည့်ကရော ဘယ်တော့ရောက်မှာလဲ"

"ငါ့အလှည့်က ဘယ်တော့မှ မရောက်ဘူး။ အစ်ကို နီမောင် အိမ်ထောင် မပြုသေးမချင်း ငါက အဲဒါတွေကို စိတ်မကူးသေးပါဘူး"

ခင်မြသူက စောထီး၏ စကားလမ်း ဦးတည်ချက်ကို ရိပ်မိသဖြင့် ပိတ်ပြောလိုက်သည်။

"နီမောင်က ဒီတစ်သက် မိန်းမယူမယ့်ကောင် မဟုတ်တော့ နင်ကတော့ ဒီတစ်သက် အပျိုကြီးလုပ်ဖို့သာ စိတ်ကူးပေတော့"

"အဲဒါ နင့်အပူ မဟုတ်ပါဘူး"

စောထီးက ဘာဆက်ပြောရမှန်း မသိသဖြင့် စိတ်ပျက်လက်ပျက်ဖြင့် ထိုင်နေစဉ် နီမောင် လှမ်းခေါ်သံ ကြားရသည်။

"စောထီးရေ... အဲဒီမှာ အလုပ်မရှိရင်လည်း ဒီကို လာဟေ့၊ ဒီဘက်မှာ အလုပ်ရှိတယ်"

ဟု ခေါ်သံကြားတော့မှ မအီမသာ အမူအရာဖြင့် ထသွားလေရာ ခင်မြသူမှာ ပြုံးစိစိ အမူအရာဖြင့် ကျန်ရစ်ခဲ့လေသည်။ ညဦးနက်ပိုင်း ရောက်လာတော့ လရောင်က မြင့်တက်လာသည်။ ထို့အတူ နှင်းမှုန် နှင်းစက်များက တဖွဲဖွဲ ကျဆင်းလာသောကြောင့် ပတ်ဝန်းကျင် တစ်ဝိုက်မှာ





မှုန်မှုန်မှိုင်းမှိုင်း ရှိနေလေသည်။ အအေးဓာတ်က များလာသောကြောင့် မီးပုံများ အနီးသို့ တိုးကပ်ကာ အနွေးဓာတ်ယူကြရသည်။ ထိုအခိုက်မှာပင်. ...

သူတို့အတွက် မမျှော်လင့်သော အန္တရာယ်ဆိုးကြီးက ဝင်ရောက် လာလေတော့သည်။

နှင်းတောထဲမှ ဝေါခနဲ ထိုးဝင်လာသည့် ဝံပုလွေအုပ်ကို မြင်လိုက်ရသောအခါ နီမောင်တို့တစ်တွေမှာ ဘယ်လိုလုပ်ရမှန်း မသိအောင် အံ့အားသင့်သွားကြသည်။

သူတို့က သွားတိုက်ကြတာ မဟုတ်သောကြောင့် လက်နက်များကလည်း အဆင်သင့် မရှိကြပေ။

ရုတ်တရက် ဝင်လာသော ဝံပုလွေများက တွေ့သမျှ လူများကို လိုက်လံ ကိုက်ဆွဲလေရာ ပြေးလွှားသံ၊ အော်ဟစ်သံများဖြင့် ဆူညံသွားလေတော့သည်။

ဝံစောစောက အေးချမ်း တိတ်ဆိတ်နေသော နေရာလေးမှာ တစ်မုဟုတ်ချင်း ငရဲပွက်သံအလား ပြောင်းလဲသွားတော့သည်။

ဝံပုလွေအုပ်များက ထွက်ပြေးသောလူများကို နောက်မှ အုပ်စုလိုက် ပြေးလိုက်သွားပြီး ဝိုင်းအုံကိုက်ခဲကြရာ ခဏချင်းမှာပင် အသက်ပျောက်သွားလေတော့သည်။

ထိုအချိန်မှာ ပူတာအိုဂတ်တဲမှ ရောက်နေကြသော ဗွာနာအုပ် ဦးထင်ကျော်နှင့် ပုလိပ်အဖွဲ့တွင် သေနတ်များ



www.burmeseclassic.com

www.burmeseclassic.com



ပါလာသဖြင့် ၎င်းတို့က သေနတ်များဖြင့် ပြန်လည်ပစ်ခတ်ကြသဖြင့် ဝံပုလွေအုပ်စုများ အနည်းငယ် အရှိန်တန့်သွားစဉ် နီမောင်တို့တစ်တွေက ၎င်းတို့၏ လက်နက်များကို အပြေးအလွှား သွားရောက်ယူပြီး ပြန်တိုက်ကြမှ တိုက်ပွဲအခြေအနေက မျှတသွားလေတော့သည်။

ကိုအောင်နိုင်တို့ သစ်တော ဝန်ထမ်းများကလည်း သေနတ်များဖြင့် ပစ်ခတ်ကြလေသည်။

ထိုအခိုက်မှာပင်...

နှင်းတောထဲမှ ကြောက်မက်ဖွယ်ရာ ကောင်းသော ဟိန်းဟောက် မာန်ဖီသံကြီး ပေါ်ထွက်လာပြီးနောက် သာမန် ဝံပုလွေများထက် သုံးလေးဆခန့်ကြီးသော ဝံပုလွေကြီး တစ်ကောင် လွှားခနဲ ခုန်ဝင်လာပြီး သေနတ်သမားများကို လိုက်လံ တိုက်ခိုက်လေတော့သည်။

ဝံပုလွေကြီး၏ အရပ်အမောင်း၊ အလုံးအထည်မှာ ကိုးတောင်ကျားတစ်ကောင် နီးပါးရှိပြီး နီရဲနေသောမျက်လုံးနှင့် ပါးစပ်၊ ထိုပါးစပ်ထဲမှ ထွက်နေသော အစွယ်နှင့် သွားများအပြင် ၎င်း၏ ခြေသည်း လက်သည်းများမှာ နက်မှောင်နေသည့် အဆိပ်လက်သည်းများ ဖြစ်သည်။

ဝံပုလွေကြီး ပါးစပ်နှင့် တစ်ချက် ကိုက်မိလိုက်လျှင် အကွင်းလိုက် ပြတ်ပါသွားပြီး ၎င်း၏ လက်သည်းများနှင့် ကုတ်ချလိုက်လျှင် ဓားလက်ထက်နှင့် ခွဲထားသကဲ့သို့ အစင်း





ကြောင်းကြီးများ ဖြစ်ကာ အဆိပ်တက်ပြီး ချက်ချင်းသေဆုံးသွားကြလေသည်။

သေနတ်ရှိသူများက ထိုဝံပုလွေကြီးကို မဲပစ်ကြလေသည်။ သို့သော်...

ဝံပုလွေကြီးကပဲ လျင်လို့လား၊ သေနတ်ပစ်တဲ့ လူတွေကပဲ စိတ်လှုပ်ရှားနေ၍လား မပြောတတ်ပေ။

တစ်ချက်မှမထိဘဲ ဝံပုလွေကြီး လက်ချက်ကြောင့်သာ တစ်ယောက်ပြီး တစ်ယောက် သေဆုံးသွားကြလေတော့သည်။

"ဒါဟာ ရိုးရိုးဝံပုလွေတစ်ကောင် မဟုတ်ဘူး၊ မိစ္ဆာတွေရဲ့ ဝိညာဉ်တွေ ပူးကပ်နေတဲ့ မိစ္ဆာကောင်ကြီးပဲ"

နီမောင်က တအံ့တသြဖြင့် ရေရွတ်လိုက်သည်။

တစ်ကြိမ်တွင်...

ဒေါသကြီးနေသော ဝံပုလွေကြီးက ကြောက်လန့်တကြားဖြင့် ဆောက်တည်ရာမရ ပြေးလွှားနေသော ခင်မြမူရှိရာသို့ ပြေးလာရာ ကိုအောင်နိုင်က ကြားထဲမှဝင်ပြီး သေနတ်ဖြင့် ပစ်သည်။

သို့သော် မထိပေ။

ဝံပုလွေကြီးက ကိုအောင်နိုင် အပေါ်သို့ လွှားခနဲ ခုန်ဝင်လာရာ ကိုအောင်နိုင်က ဘေးသို့ လိမ့်ရှောင်ပေးလိုက်ရာ မလွတ်မလပ် ဖြစ်သွားသောကြောင့် ပခုံးစွန်းမှာ လက်သည်း ကုတ်ရာ ထိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်နိုင် ပြန်မထနိုင်ခင်မှာ ဝံပုလွေကြီးမှာ ပန်းရောင်အဝတ်အစားများဖြင့် ကြောက်လန့်တကြား ပြေးလွှားနေသော ခင်မြမှုအား ခုန်အုပ်၍ ကိုက်ချီကာ နှင်းတောထဲသို့ ပြန်ထွက်သွားလေတော့သည်။

ထိုဝံပုလွေကြီး ပြန်ထွက်သွားသည်နှင့် အခြားဝံပုလွေများလည်း တစ်ကောင်ပြီး တစ်ကောင် ပြန်ထွက်သွားလေတော့သည်။

နီမောင်တို့ ခြံဝင်းအပါအဝင် ဆန်ဂေါင် တစ်ရွာလုံးမှာတော့ ဝံပုလွေ အသေကောင်များ၊

ရုပ်ပျက်ဆင်းပျက် သေဆုံးနေသော လူသေအလောင်းများ၊

သွေးကွက်များ၊ သွေးညှီနံ့များဖြင့် အကျည်းတန်အရုပ်ဆိုးဖြစ်ကာ ကျန်ရစ်ခဲ့လေတော့သည်။

နှင်းဖျန်း၍ လရောင် ဆမ်းထားသောညသည် အနိဋ္ဌာရုံများဖြင့် ပြည့်နှက်နေလေသည်။





အခန်း [၁၁]

## တောင်ညိုတောင်တန်းမှ ပဟေဠိ ကျွင်းဆက်များ

နောက်တစ်နေ့ အလင်းရောင် ရလာသောအချိန်တွင် ရွာအတွင်းအပြင်သို့ လိုက်ကြည့်ကြသောအခါ ဝံပုလွေများ လက်ချက်ကြောင့် လူအတော်များများ သေဆုံးနေကြသလို မသေသေးဘဲ ဒဏ်ရာပြင်းထန်စွာ ရသူများကိုလည်း တွေ့မြင်ကြရသဖြင့် ဦးဗန်ကောင်းတို့ တစ်တွေမှာ မိမိတို့မှာရှိသော သဘာဝဆေးမြစ်၊ ဆေးဝါးများဖြင့် ပြုစု ကုသပေးရသည်။

ဒဏ်ရာ ပြင်းထန်သူများကိုတော့ ဌာနာအုပ် ဦးထင်ကျော်နှင့် သစ်တောဝန်ထောက် ဦးဘဖုံတို့ စီးလာသော ကားများဖြင့် ပူတာအိုဆေးရုံသို့ ပို့ပေးရန် စီစဉ်ကြရလေသည်။

အနီးအနားတစ်ဝိုက်သို့ နေရာအနှံ့ လိုက်လံရှာဖွေကြသော်လည်း ညက ဝံပုလွေကြီး ကိုက်ချီသွားသော ခင်မြမှု၏ အလောင်းကို ရှာမတွေ့ကြပေ။



www.burmeseclassic.com

www.burmeseclassic.com

ကိုအောင်နိုင်မှာ လက်ထပ်မည့်ဆဲဆဲ ပျောက်ဆုံးသွားသော ချစ်သူအတွက် ပြေမဆည်နိုင်အောင် ပူဆွေးသောက ရောက်နေရသလို နီမောင်မှာလည်း အစ်မဖြစ်သူအတွက် ယူကျုံးမရ ဖြစ်နေမိလေသည်။

"နီမောင်ရာ… မင်းတို့မောင်နှမအတွက် တို့တစ်တွေ စိတ်မကောင်းပါဘူးကွာ"

"ဟုတ်တယ်… ဒီအန္တရာယ်တွေကို လက်စားမချေနိုင်မချင်း တို့တစ်တွေ တာဝန်ကျေမှာမဟုတ်ဘူး၊ ဒီတော့ မင်းကောင်းသလိုသာ စီစဉ်ပါ၊ တို့တစ်တွေ နောက်ကလိုက်ဖို့ အဆင်သင့်ပဲ"

ဟု စောထီးနှင့် ငမဲအောင်က စိတ်မကောင်းစွာ ပြောကြလေသည်။

"ကဲတရားပေါ့ကွာ… ဘယ်တတ်နိုင်ပါ့မလဲ၊ ငါ မင်းတို့စေတနာကို နားလည်ပါတယ်"

နီမောင့်ရင်ထဲမှာ ဆို့နေသောကြောင့် တိုစကားမျှသာ ပြန်ပြောနိုင်လေသည်။

ကိုအောင်နိုင်၏ မင်္ဂလာပွဲကို အားပေးရန် ရောက်နေပြီး ကံကောင်း ထောက်မစွာ အသက်ဘေးမှ လွတ်ခဲ့ရသော သစ်တောဝန်ထောက် ကိုဘဖဲကလည်း…

"ကိုအောင်နိုင်… ခင်ဗျားအတွက် ကျွန်တော်တို့ စိတ်မကောင်းပါဘူးဗျာ၊ ကျွန်တော်တို့ သစ်ကွက်တွေနဲ့နီးတဲ့





နယ်ထဲမှာ ဒီလိုကြောက်စရာကောင်းတဲ့ အန္တရာယ်တွေရှိနေတာတော့မကောင်းဘူးဗျ၊ သစ်တော အလုပ်သမားတွေအတွက် အချိန်မရွေး နောက်ထပ် အန္တရာယ်တွေ တွေ့လာနိုင်တယ်၊

ဒီတော့ အထက်ရုံးကို အမိန့်ခံပြီး လူအင်အားများများ လက်နက်အင်အားများများနဲ့ အမြစ်ပြတ်အောင် ရှင်းပစ်နိုင်မှ ကောင်းမယ်"

ဟု ပြောလေသည်။

"ဦးဘဖဲ ပြောတာ မှန်တယ်၊ ကျုပ်တို့ အုပ်ချုပ်ရတဲ့ နယ်ထဲမှာ မကြာခဏ ဒီလိုသာ လူတွေသေနေရင် မဖြစ်ဘူး၊ ကြာရင် အထက်လူကြီးတွေက ကျုပ်ကို ကြိမ်းမောင်းကြတော့မယ်၊ ဒီတော့ ခင်ဗျားတို့တစ်တွေ လိုအပ်တဲ့ အကူအညီရှိရင် ပြောပါ၊ ကျုပ်တို့ လူအင်အား၊ လက်နက်အင်အားနဲ့ အကူအညီ ပေးပါ့မယ်"

ဟု ဌာနာအုပ် ဦးထင်ကျော်ကလည်း ဝင်ပြောလေသည်၊

ထိုသို့ ပြောနေကြစဉ်မှာပင် ရွာသားတစ်ယောက်က လာပြောသည်။

"ညတုန်းက ရွာထဲကို ဝံပုလွေတွေ ဝင်လာလို့ ကျုပ် ရွာအပြင်ဘက်ကို ထွက်ပြေးရင်း တောင်ကုန်းတစ်ခုဘေးကို ရောက်သွားတယ်၊ အဲဒီနေရာမှာ ပုန်းနေတုန်း ရွာထဲက ဝံပုလွေတွေ ပြန်ထွက်သွားတော့ အဲဒီဝံပုလွေတွေနဲ့အတူ မိန်းမတစ်ယောက် ပါသွားတာ တွေ့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောသောအခါ နီမောင်က...

"ဟုတ်တယ်... ညတုန်းက ကျုပ်အစ်မကို ဝံပုလွေ ချီ သွားတယ်"

ဟု ပြောသောအခါ ထိုရွာသားက...

"ကျုပ်တွေ့လိုက်တာက ဝံပုလွေတွေက ချီသွားတာ မဟုတ်ဘူး၊ ဝံပုလွေတွေနဲ့အတူ ဒီအတိုင်း ပြေးလိုက်သွားတာ"

ထိုစကားကို ကြားသောအခါ အားလုံးက အံ့သြသွားကြ လေသည်။

"ညက လရောင်ကလည်း ရှိနေတယ်၊ ကျုပ်ပုန်းနေတဲ့ နေရာကလည်း သူရှိနေတဲ့နေရာနဲ့ မဝေးလှတော့ သူ့မျက်နှာ ကို ကောင်းကောင်းမြင်လိုက်ရတယ်၊ သူက ကျုပ်တို့ရွာက မဟုတ်ဘူး၊ ဒါပေမယ့် သူ့မျက်နှာကို ကျုပ် တစ်ခါ တွေ့ လိုက်ဖူးတယ်"

"ဘယ်မှာ တွေ့ဖူးတာလဲ"

"တလောက ကျုပ်တို့ရွာကို ဆတ်သား လာရောင်း သွားတဲ့ မိန်းကလေးမျက်နှာနဲ့ အတော်တူတယ်၊ အဲဒီတုန်းက ကိုနီမောင်တောင် ပါလာသေးတာပဲ"

"ဟင်..."

ထိုစကားကြားသောအခါ နီမောင်ရင်ထဲမှာ တုန်လှုပ် သွားမိလေသည်။





မိမိတို့ တစ်ရွာလုံးကို ဒုက္ခပေးသွားသူမှာ လှပ ချောမောလှသည့် နှင်းဖြူ ဆိုသော မိန်းကလေးဆိုတာ ဟုတ်နိုင်ပါ့မလား။

"ဘာပဲဖြစ်ဖြစ် အဲဒီမိန်းကလေးကတော့ မသင်္ကာစရာ ကောင်းတာအမှန်ပဲ၊ ဘာကြောင့်လဲဆိုတော့ တို့ရွာထဲကို အပြင် က တိရစ္ဆာန်တွေ ဝင်ဖို့ဆိုတာ သိပ်မလွယ်လှဘူး၊ ဝင်ပေါက် တံခါးကို တစ်ယောက်ယောက်က ဖွင့်ပေးမှပဲ ဝင်နိုင်တယ်"

ဟု ဦးထန်ဖုန်းရှိန်က ပြောသည်။

"ကျုပ် ထင်တာတော့ ဒီမိန်းကလေး ကျုပ်တို့ရွာကို ထူးထူးဆန်းဆန်း ရောက်လာပြီးမှ အခုလို ဝံပုလွေတွေ ရောက်လာတယ် ဆိုတာတော့ အတော်ထူးဆန်းတယ်"

"သူ ဘယ်ရွာကလာတာလို့ ပြောသွားသလဲ နီမောင်"

စောထီးက မေးလိုက်သည်။

"တောင်ညိုတောင်တန်းဘက်က လာတာလို့ ပြောသွား တာပဲ"

"တို့ အဲဒီရွာကို လိုက်သွားပြီး အခြေအနေ စုံစမ်း ကြည့်ရင် မကောင်းဘူးလား"

"ဟုတ်တယ် နီမောင်၊ တို့လိုက်သွားပြီး စုံစမ်းကြည့်ရင် သူပြောတာ မှန်မမှန် သိနိုင်မယ်"

ဟု မဲအောင်ကပါ တိုက်တွန်းသောကြောင့် သုံးယောက် သား တောင်ညိုတောင်တန်းဘက်သို့ လိုက်သွားကြရန် ပြင် ဆင်ကြလေသည်။


www.burmeseclassic.com

www.burmeseclassic.com



တောင်ညိုတောင်တန်းမှာ ဆန်ဂေါင်ရွာ၏ အနောက်ဘက် ယွန်းယွန်းဘက်၌ရှိပြီး ကြားထဲမှာ တောင်တစ်လုံးနှစ်လုံးလောက် ကျော်သွားရသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့ ဓားလုံ့ လေးမြားလက်နက်တို့ကိုယူပြီး နောက်တစ်နေ့ နံနက်စောစောတွင် ဆန်ဂေါင်ရွာမှ ထွက်ကြလေသည်။

ရွာမှ ထွက်ကာနီးတွင် ဦးမွန်ထော်က...

"တောင်ညိုတောင်တန်း ရောက်ရင် ငါ့ရဲ့မိတ်ဆွေ ဘိုးပန်းမြ ဆိုတာရှိတယ်၊ သူ့ကို တွေ့အောင်ရှာပြီး အကျိုးအကြောင်း မေးကြည့်ပေါ့"

ဟု မှာလိုက်လေသည်။

နီမောင်တို့ သုံးယောက်သည် ရွာမှ နံနက်စောစော ထွက်ခဲ့ကြပြီး လမ်းတွင် ပေတစ်ထောင်ကျော် နှစ်ထောင်လောက် ခန့်သာမြင့်သော တောင်ပုကလေး နှစ်လုံးခန့် ကျော်ဖြတ်ရသည်။

အများအားဖြင့်တော့ တောင်တန်းများပေါ်မှ လျှောက်ကြရသော်လည်း အန္တရာယ် တစ်စုံတစ်ရာတော့ မတွေ့ကြရပေ။ သူတို့သုံးယောက်စလုံး တောင်ညိုတောင်တန်းဘက်သို့ မရောက်ဘူးသောကြောင့် လမ်းမှာတွေ့သမျှကို မေးသွားကြရသည်။

သို့ဖြင့်...





ညနေပိုင်း အချိန်လောက်မှ ရွာစုကို လှမ်းမြင်ရလေသည်။ သုံးယောက်သား သစ်ပင်ရိပ်အောက်မှာ ဝင်နားကြရင်း ပါလာသော ရေနှင့် အစားအသောက်ကို စားရင်း အမောဖြေကြလေသည်။

"တို့ ယောက်ျားခြေထောက်နဲ့တောင် တစ်နေကုန်ခရီးလောက် လာရတယ်၊ ဟိုမိန်းကလေး တောင်ညိုတောင်တန်းကနေ ဆန်ဂေါင်ရွာကို ဆတ်သား လာရောင်းတာကတော့ အံ့သြစရာပဲ"

"ဒီမိန်းကလေး တို့ရွာကို ရိုးရိုးသားသား လာတာမှဟုတ်ရဲ့လား မသိဘူး၊ သူ့မှာ အကြံအစည်ရှိလို့များ တမင်လာတာလား"

"ဘာပဲဖြစ်ဖြစ် တောင်ညိုတောင်တန်း ရောက်ရင်တော့ အဖြေတစ်ခု သိရမှာပါ"

သုံးယောက်သား ခဏ နားကြပြီးနောက် နေမဝင်မီ တောင်ညိုတောင်တန်းသို့ ရောက်ရန် ခရီးဆက်ကြပြန်သည်။

စပ်ဖန့်ယယ်လုံ့ တောင်တန်းပေါ်သို့ နေရောင်ခြည် မေးတင်စ ပြုသောအချိန်တွင် ရွာခြေသို့ ရောက်သွားကြသည်။

တောင်ညိုတောင်တန်းမှာ ရွာဟုသာ ခေါ်ရသော်လည်း အိမ်ခြေ အနည်းငယ်စုနေသော နေရာတစ်ခု ဖြစ်သည်။

ရွာတံခါးဝတွင် နွားကျောင်းပြီး ပြန်လာသော လူတစ်ယောက်ကို တွေ့သဖြင့် 'ဘိုးပန်းမြတို့အိမ် ဘယ်နားမှာလဲ' ဟု လှမ်းမေးတော့ ရွာလယ်ပိုင်းဘက်သို့ လက်ညှိုးထိုးပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာကဲ ရောက်ပြီး တဖြည်းဖြည်းနှင့် မေးသွားရာ ရောက်ဆုံးတော့ လှကစ်ယောက်က လိုက်ပို့ပေးသောကြောင့် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားလေသည်။

"ဘကြီးမြ... ညှိသည်ဗျို့"

"အေး...အေး"

အိမ်ထဲမှ အသက်အရွယ် ကြီးလှပြီဖြစ်သော လူကြီး တစ်ဦး ထွက်လာသည်။

"ဘယ်သူတွေလဲဟ"

"ကျွန်တော်တို့ ဆန်ဂေါင်ရွာက လာကြတာပါ အဘ"

"ဆန်ဂေါင်က ဆိုတော့ ကျွန်တော်တို့ နေတဲ့ရွာက ပေါ့၊ ကဲ... အိမ်ထဲလာကြ"

ဟု ခေါ်သဖြင့် သုံးယောက်သား အိမ်ထဲသို့ လိုက် သွားကြသည်။

"ခရီးဝေးက လာကြတာပဲ၊ အဘက တစ်ယောက် တည်း နေတာဆိုတော့ စားစရာကတော့ အဆင်သင့်မရှိဘူး၊ ညစာ စားဖို့ ကိုယ့်ဘာသာ ချက်စားကြပါကွယ်"

ဟု တောဝလေ့ ထုံးစံအတိုင်း အိမ်ရှင်ဝတ္တရားနဲ့အညီ ပြောသည်။

"ကျွန်တော်တို့မှာ စားစရာပါလို့ စားပြီးခဲ့ကြပါပြီ အဘ"

"ကိုင်း... ဒီကိုလာတဲ့ ကိစ္စကိုလည်း ပြောကြပါဦး"





"အခြားတော့ မဟုတ်ပါဘူး အဘ၊ ကျွန်တော်တို့ရဲ့ အာဒိမိတ်ဆွေ တစ်ယောက် ဒီရွာမှာ ရှိတယ်ဆိုလို့ လာရှာ တာပါ"

"ဘယ်သူများလဲကွယ်"

"သူတို့က မြေးအဘိုးနှစ်ယောက် နေကြတယ်၊ အဘိုး က ဦးရယ်တန်လို့ ခေါ်တယ်၊ မြေးမလေးက အသက်နှစ်ဆယ် လောက် ရှိထယ်၊ သူ့နာမည်က နှင်းဖြူလို့ ပြောတယ်"

နီမောင့်စကား ကြားသောအခါ ဘိုးပန်းမြက သူ့ ပြောပြသော နာမည်များကို တဖွဖွ ရေရွတ်ရင်း စဉ်းစားနေ လေသည်။

"အင်း... တစ်ခုခုတော့ လွဲနေပြီနဲ့တူတယ်၊ ငါလည်း ဒီရွာမှာ တစ်သက်လုံးနေလာတာပါပဲ၊ မင်းတို့ပြောတဲ့ နာမည် မျိုးတွေလည်း တစ်ခါမှ မကြားမိပါလား"

"ဟင်"

"ဟုတ်တယ်... နေရာလွဲရင်လွဲ၊ ဒါမှမဟုတ် နာမည် လွဲတာများ ဖြစ်လေမလား။ သူတို့နဲ့က ဘယ်မှာ တွေ့ကြ တာလဲ"

ထိုအခါ နီမှောင်က နှင်းဖြူ ဆိုသော မိန်းကလေးနှင့် တွေ့ရပုံကို ဘိုးပန်းမြကို ပြောပြလိုက်သည်။

"သူတို့က ဟိမဝန္တာဘက်က ဒီမှာလာနေကြတယ်လို့ ပြောသွားသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အဘ"

"အဲသည်လိုဆိုရင်တော့ ဟိုး... တောင်ကုန်းနားမှာ ဟော်နန်းပျက်ကြီးတစ်လုံး ရှိတယ်၊ အဲဒီမှာတော့ နယ်ခြားဘက်က ပြေးလာတဲ့လူတွေ နေကြတာရှိတယ်"

"သူတို့က ဘယ်လိုပြေးလာတာလဲ အဘ"

"ဟိုဘက်နယ်က နှင်ထုတ်လိုက်လို့လား၊ ဒါမှမဟုတ် ဘယ်လိုအကြောင်းနဲ့ ဒီဘက်ပြေးလာကြတာလဲ မသိဘူး၊ တို့က ရွာထဲကို အဝင်မခံတာနဲ့ အဲဒီတောင်ကုန်းပေါ်က ဟော်နန်းပျက်ကြီးထဲမှာ ဝင်ခိုနေကြတာပဲ၊ ဒီလူတွေ ဒီနယ်ဘက် ရောက်လာတာ သိပ်တော့မကောင်းလှဘူး"

"ဘာကြောင့်လဲ အဘ"

"သူတို့ရောက်လာပြီးမှ တို့ရွာက ကျွဲနွားတွေ၊ သိုး ဝက်ဆိတ်တွေ မကြာခဏ ပျောက် ပျောက်သွားတယ်၊ စုံစမ်းကြည့်တော့ သူတို့က ဝံပုလွေတွေနဲ့ အမျိုးတော်တယ်ဆိုလား ဘာဆိုလားပဲ၊ သူတို့ရှိတဲ့ နေရာကို ဝံပုလွေတွေက မကြာခဏ လာတယ်၊ သူတို့ကလည်း ဝံပုလွေတွေရှိတဲ့ သားရဲတွင်းတွေကို သွားကြတယ် ထင်တယ်"

ထိုစကား ကြားသောအခါ သုံးယောက်သား အံ့သြသွားကြလေသည်။

"သူတို့ ဒီလိုလုပ်နေတာကို အဘတို့ ရွာသူ ရွာသားတွေက ဒီအတိုင်းပဲ ကြည့်နေကြသလား၊ ဒီနေရာက နှင်ထုတ်မပစ်ကြဘူးလား"





"ပထမတော့ အဲသည်လိုလုပ်ဖို့ စိတ်ကူးကြသေးတယ်၊ ဒါပေမယ့် သူတို့ထက် သူတို့ဆီလာတဲ့ ဝံပုလွေတွေကို ပိုကြောက်ရတာနဲ့ မကြိုက်ပေမယ့် ဒီအတိုင်းပဲ ကြည့်နေကြရတာပဲ၊ ဒါကြောင့် တစ်ခါတစ်ရံ သူတို့ဆီက အမဲသား ငါးတွေ လာရောင်းရင်လည်း တစ်ရွာလုံးက ဘယ်သူကမှ ဝယ်မစားကြဘူး၊ သူတို့လူမျိုးတွေက ဆေးဝါး အစီအရင်တွေလည်း အတော်ကလေး တတ်ကျွမ်းကြတယ်လို့တော့ ပြောသံကြားရတယ်"

ဟု ဘိုးပန်းမြက သူသိသမျှကို နီမောင်တို့အား ပြောပြလေသည်။

ထိုစကား ကြားရသောအခါ မိမိတို့ရွာသို့ ဆတ်သားလာရောင်းသွားသော မိန်းကလေးမှာ ထိုအုပ်စုထဲမှ ဖြစ်တန်ရာသည်ဟု ခန့်မှန်းလိုက်ကြသည်။

"အဲဒီဟော်နန်းပျက်ကြီးက ဘယ်သူပိုင်တာလဲ အဘ"

"အရင်ကတော့ စော်ဘွားတွေ နေခဲ့ကြတာပေါ့၊ စစ်ကာလရောက်တော့ ခေတ်ပျက်သွားတာနဲ့ ဘယ်သူမှ မနေဘဲ ပစ်ထားခဲ့တာ နှစ်ပေါင်းကို ကြာပေါ့ကွယ်"

"ဒါဖြင့် ကျွန်တော်တို့ သွားကြည့်လိုက်ဦးမယ် အဘ"

"မှောင်နေပြီ... အချိန် မရှိတော့ဘူးကွယ်၊ ဒီအချိန်မျိုးမှာ ရွာအပြင်ဘက်ကို မထွက်တာ အကောင်းဆုံးပဲ၊ ဘာကြောင့်လဲဆိုတော့ အခုလို မှောင်နေတဲ့အချိန်မှာ ဝံပုလွေ



www.burmeseclassic.com

www.burmeseclassic.com



တွေ လာလေ့ရှိတယ်၊ ငါ့မြေးတို့ သွားချင်လည်း မနက်ခင်း မြင်မြင်ထင်ထင်ရှိမှပဲ သွားချင်သွားကြပေါ့"

ဟု လူကြီးပီပီ စိတ်ပူစွာ တားသောကြောင့် ထိုညက ဘိုးပန်းမြအိမ်မှာပင် တစ်ညအိပ်ကြရသည်။

ညဉ့်နက်ပိုင်း ရောက်သောအခါ ဘိုးပန်းမြ ပြောသကဲ့သို့ တောင်ကုန်းများဘက်ဆီမှ ဝံပုလွေများအော်သံကို ကြားကြရလေသည်။ သုံးယောက်သား အိပ်မရသောကြောင့် စကား ထိုင်ပြောရင်း မိုးလုံ့နေကြသည်။

"နီမောင်"

"ဟင်..."

"အဘပြောသလို ဝံပုလွေတွေက လူတွေနဲ့ ရောပြီး နေလို့ရနိုင်ပါ့မလား၊ အဲဒါ ဘယ်လိုဟာလဲ"

"ငါလည်း သိပ်တော့မသိဘူး၊ အဘ ဦးဇန်ကောင်း တစ်ခါက ပြောဖူးတယ်၊ ခြင်္သေ့နဲ့ အတူနေတဲ့လူတွေ၊ ကျားနဲ့ အတူနေတဲ့လူတွေ၊ မိကျောင်းနဲ့ အတူတူနေနိုင်တဲ့ လူတွေ ကမ္ဘာပေါ်မှာ အများကြီးရှိတယ်တဲ့၊ သူတို့က အဲဒီ တိရစ္ဆာန်တွေနဲ့ အမျိုးတော်တယ်လို့ ယုံကြည်ပြီး အတူနေနိုင်ကြတာတဲ့၊ အချို့နေရာတွေမှာဆိုရင် ဝက်ဝံတွေနဲ့ အတူနေပြီး ပွဲတော်ရက်ရောက်ရင် အဲဒီဝက်ဝံကို သတ်ပြီး ဝေမျှစားသောက်ကြရတယ်လို့ ရှိတယ်၊ သူတို့လည်း ဝံပုလွေတွေနဲ့ နေနိုင်တာ အဲသည်လိုမျိုး ဖြစ်မှာပေါ့"





နီမောင်က သူ မှတ်မိသမျှ ပြန်ပြောလိုက်ခြင်းဖြစ်သည်။

မနုဿဗေဒ ပညာရှင်တို့က ယုံကြည်စွဲလမ်းမှုကြောင့် ဖြစ်ပေါ်လာသော တိုတမ်ပါဒကို ကမ္ဘာအနှံ့အပြားတွင် ရှိနေသည်ဟု သတ်မှတ်ထားကြသည်။

အချို့သော သုတေသီတို့က တိုတမ်ဝါဒကို ရှေးအကျဆုံးသော ဘာသာရေးတစ်ခု ဖြစ်သည်ဟု သတ်မှတ်ကြသည်။

အချို့ကတော့ မသတ်မှတ်ကြပေ။ ထိုအထဲမှာ မနုဿဗေဒ ပညာရှင် ဝီလျှံဟောင်းဝဲလ်က...

"တိုတမ်ဝါဒမှာ ဘာသာရေး မဟုတ်ချေ။

သစ်ပင် သို့မဟုတ် တိရစ္ဆာန်တစ်မျိုးမျိုးနှင့် ပတ်သက်၍ စွဲလမ်းယုံကြည်မှု၊ အလေးထား လေးစားလွန်းမှု၊ သစ်ပင် တိရစ္ဆာန်တို့နှင့် ဆွေမျိုးနွယ်စပ်နေသည်ဟု ထင်သည်၊ စိတ်ကူးယဉ် တွေးခေါ်မှုသာ ဖြစ်သည်"

ဟု ပြောသည်။

ဥပမာ– ခြင်္သေ့ တိုတမ်ဝါဒကို ယုံကြည်နေသူများသည် မိမိတို့သည် ခြင်္သေ့မျိုးနွယ်မှ ဆင်းသက် ပေါက်ဖွားလာသည်ဟု စွဲစွဲလမ်းလမ်း ယုံကြည်နေကြသည်။

ခြင်္သေ့များသည် မိမိတို့နှင့် ဆွေမျိုးတော်သည်ဟု လုံးဝ ယုံကြည်ထားကြသည်။ သို့ကြောင့် ခြင်္သေ့များသည် သူတို့အတွက် လုံးဝအန္တရာယ်မရှိ။

သူတို့ကလည်း လုံးဝမကြောက်ရွံ့ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူတို့သည် ခြသေ့်တောထဲမှာ ရဲဝံ့စွာ သွားလာခဲ့ကြသည်။ ထို့အတူ...

မိကျောင်း တိုတမ်ဝါဒီများသည် မိကျောင်းများ ပေါများသည့် မြစ်ချောင်းများထဲသို့ ရဲဝံ့စွာ ကူးသန်း သွားလာခဲ့ကြသည်။ မိကျောင်းများသည် သူတို့ကို လုံးဝ အန္တရာယ်မပြုနိုင်ဟု ယုံကြည်ထားကြလေသည်။

ထို့ပြင်...

ဝက်ဝံ တိုတမ်ဝါဒီ ရှိသူများသည်လည်း ဝက်ဝံများကို မကြောက်ကြပေ။ နှစ်စဉ် ပွဲတော်ရက်များရောက်လျှင် သီးသန့်မွေးမြူထားသော ဝက်ဝံကို သတ်၍ အသားကို အနည်းငယ်စီဝေမျှ စားသောက်ကြလေသည်။

သမန်းကျား အယူအဆနှင့် ပတ်သက်၍လည်း ထိုအတိုင်းပင်ဖြစ်၏။ လူစင်စစ်မှ ကျားအသွင် ပြောင်းသွားခြင်းမဟုတ်ဘဲ ကျားစိတ်သွင်း၍ မိမိကိုယ်ကို ကျားတစ်ကောင်ကဲ့သို့ မာန်မျိုးဖြင့် သားကောင်လိုက်ခြင်း၊ ကလဲ့စားချေသတ်ဖြတ်ခြင်းများကို ပြုလုပ်ကြခြင်း ဖြစ်၏။

ယခုလည်း ဝံပုလွေများနှင့် အတူနေထိုင်သူများမှ ဝံပုလွေ တိုတမ်ဝါဒီရှိသူများ ဖြစ်ရမည်ဟု ခန့်မှန်းနိုင်ပေသည်။ ထိုညက သုံးယောက်သား စကားပြောနေကြစဉ် ဘိုးပန်းမြပြောသော ဟော်နန်းပျက်ကြီး ရှိသည်ဆိုသည့် တောင်ကုန်းဘက်မှ ဝံပုလွေအော်သံ၊ အူသံများကို ကြားကြရသည်။





ထိုညက ကောင်းစွာ မအိပ်ကြရဘဲ နံနက်ပိုင်း အလင်းရောင် ရလာသည်နှင့် ဘိုးပန်းမြကို နှုတ်ဆက်ပြီး ဟော်နန်းပျက်ကြီးရှိရာ တောင်ကုန်းရှိရာဘက်သို့ ထွက်လာခဲ့ကြသည်။

ဟော်နန်းပျက်ကြီးရှိသော နေရာမှာ ရွာနှင့် အတန်ငယ်ဝေးပြီး သစ်တောများဖြင့် အုပ်ဆိုင်းလျက်ရှိသည်။

ထိုနေရာသည် တောင်ကုန်းတစ်ခုလည်း ဖြစ်သည်။

ရေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သော အိမ်ကြီးတစ်ဆောင်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ ရာသီဥတုဒဏ်၊ လေမိုးဒဏ်များ ခံခဲ့ရသောကြောင့် ပြိုပျက်လျက်ရှိနေပြီ။ တစ်အိမ်လုံး အမည်းရောင်များ ဖုံးလွှမ်းနေပြီး အဝေးမှကြည့်လျှင် မကောင်းဆိုးဝါးကြီးတစ်ကောင် ငုတ်တုပ် ထိုင်နေပုံနှင့်တူလေသည်။

"အထဲမှာ ဘာရှိမယ် မသိရသေးခင်မှာဘဲ အိမ်ကြီးကိုကြည့်ရတာ အသည်းယားစရာပဲ"

ငမဲအောင်က ပြောလိုက်သည်။

"ဘာလဲ... မင်းက ကြောက်[illegible]လား"

စောထီးက မခံချင်အောင် မေးလိုက်သည်။

"ဘာကြောက်စရာ ရှိသလဲကွာ... တိရစ္ဆာန်ပဲဖြစ်ဖြစ်၊ လူပဲဖြ[illegible]ဖြစ် အသက်တစ်ချောင်းပဲ ရှိကြတာပဲ၊ သူသေရင်သေ၊ မသေရင် ကိုယ်သေပဲပေါ့၊ ဘာမှ မကြောက်ဘူး"

www.burmeseclassic.com

မဲအောင်က သူ့ဝသီအတိုင်း ခပ်မာမာ ပြန်ပြောသည်။

ထို့နောက်...

သုံးယောက်သား တောင်ကုန်းပေါ်သို့ တက်လာကြသည်။

ပေါ်နန်းပျက်ကြီး မလှမ်းမကမ်း ရောက်လာသည်အထိ မည်သည့် လှုပ်ရှားမှုမှ မတွေ့ရသေးပေ။

အိမ်ကြီး ပတ်ဝန်းကျင် တစ်ဝိုက်မှာတော့ သစ်တောအုပ်များဖြင့် ညို့မှိုင်းနေလေသည်။

သုံးယောက်သား ယူဆောင်လာသော လက်နက်များကို အဆင်သင့် ကိုင်ဆောင်ပြီး အိမ်ကြီး၏ တံခါးပေါက်ရှိရာသို့ လျှောက်လာကြသည်။ တံခါးရွက်များမှာ ကျွန်းသားကို ကနုတ်ပန်းများဖြင့် ပြုလုပ်ထားသော်လည်း ပျက်စီးနေပေပြီ။

သူတို့လည်း ပျက်စီးနေသော တံခါးရွက်များကြားမှ အတွင်းသို့ လှမ်းကြည့်လိုက်သောအခါ လူရိပ်လူခြည် မတွေ့ရသလို လှုပ်ရှားမှု အရိပ်အယောင်ကိုလည်း မမြင်ရပေ။

သို့ကြောင့်...

ထိုတံခါးပေါက်မှ အထဲသို့ ဝင်သွားကြသည်။

အတွင်းရောက်တော့လည်း လူနေသည့် အရိပ်အယောင် လက္ခဏာမျိုး မတွေ့ရသဖြင့် ဇဝေဇဝါ ဖြစ်သွားကြသည်။

စောထီးနှင့် မဲအောင်တို့က ပိတ်ထားသော တံခါးပေါက်များကို လိုက်လံ တွန်းဖွင့်ကြည့်နေကြသည်။





နီမောင် အနည်းငယ် မှောင်နေသော နောက်ဘက်အခန်းဘက်သို့ ဝင်လာခဲ့သည်။

နောက်ဘက်အဆောင်ရှိရာသို့ ရောက်သောအခါ အခန်းတစ်ခုထဲမှ ထွက်လာသော မိန်းကလေး တစ်ယောက်ကို တွေ့ရလေသည်။

နှင်းဖြူ ဆိုသော မိန်းကလေးပင်ဖြစ်၏။

"ဟင်... အစ်ကိုပါလား"

နီမောင်ကတော့ ကြိုတင် မျှော်လင့်ထားသည့်အတိုင်း နှင်းဖြူကို တွေ့လိုက်ရတော့ သိပ်အံ့သြမှု မဖြစ်တော့ပေ။

"မင်း တစ်ယောက်တည်းလား နှင်းဖြူ"

"ဟုတ်... ဟုတ်ပါတယ်၊ အစ်ကို ကျွန်မဆီ လာလည်တာလား"

"ငါ မင်းဆီကို တမင် အလည်လာတာ မဟုတ်ဘူး၊ သိချင်တာတွေရှိလို့ လာတာ"

"ဘာသိချင်လို့လဲ အစ်ကို"

"အခု မင်းအဘရော ဘယ်မှာလဲ"

"အဘ... တရားအားထုတ်ဖို့ တောင်ပေါ်တက်သွားပါတယ်"

"ဝံပုလွေတွေရဲ့ သားရဲတွင်းထဲမှာ တရားအားထုတ်ပြီး ဝံပုလွေတွေနဲ့ အတူနေဝံ့တဲ့ မင်းတို့ကိုတော့ အံ့သြမိပါတယ်၊ ဒါထက်... ငါ မသိလို့ မေးပါရစေ၊ တို့မောင်နှမ



www.burmeseclassic.com

www.burmeseclassic.com



တွေက မင်းတို့ကို ဘာများဒုက္ခပေးမိလို့ မင်းတို့က တို့တစ်တွေကို လာပြီး ဒုက္ခပေးရတာလဲ"

"အစ်ကို ဘာတွေ လာပြောနေတာလဲ၊ ကျွန်မ ဘာမှ မသိရပါလား"

နှင်းဖြူက ထိတ်လန့်တကြား ငြင်းနေလေသည်။

နှင်းဖြူ၏ အမူအရာကို ကြည့်ပြီး နီမောင်က မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

"မင်း အတော် ဟန်ဆောင်ကောင်းတယ်၊ ငါတို့အိမ်မှာ လာပြီး တစ်ညအိပ်တုန်းက ဝံပုလွေတွေရဲ့ အသံကြားတော့ မင်း ဝံပုလွေစိတ် ဝင်လာကတည်းက ရိပ်မိဖို့ ကောင်းတယ်၊ ခုတော့ မင်းပြောသမျှ ယုံမိလို့ ငါ့အစ်မနဲ့ အပြစ်မဲ့တဲ့ ရွာသူ ရွာသားတွေ သေခဲ့ရတယ်"

"အစ်ကိုရယ်... ကျွန်မကို အထင်မလွဲပါနဲ့၊ အစ်ကို ပြောနေတာတွေကို ကျွန်မ ဘာမှမသိရပါလား"

ဟု မျက်ရည်စက်လက်ဖြင့် တောင်းပန်နေလေသည်။

"တော်တော့... နှင်းဖြူ၊ ငါတို့ မင်းကို ယုံမိလို့ တစ်ခါခံရပြီးပြီ၊ နောက်တစ်ကြိမ် ထပ်မခံပါရစေနဲ့တော့၊ ငါ မင်းကို ဘယ်လိုမှ သဘောမထားပါဘူး၊ အေး... ဒါပေမယ့် တစ်ခုတော့ ပြောခဲ့မယ်၊ ဝဋ်ကြွေး... ကျေးဇူးကြွေးဆိုတာ မကျေမချင်း ဘဝအဆက်ဆက် ပေးဆပ်ရမယ် ဆိုတာကို မင်း မြဲမြဲမှတ်ထားပါ"





ဟု ပြောကာ နီမောင် အပြင်သို့ ပြန်ထွက်လာသည်။

သူ ထွက်လာတာမြင်တော့ နောက်မှ စောထီးနဲ့ ငမဲ အောင်တို့ကပါ ထွက်လိုက်လာသည်။

အိမ်ပျက်ကြီး တစ်နေရာမှာတော့ နှင်းဖြူ ဆိုသော မိန်းကလေးက မျက်ရည်စက်လက်ဖြင့် သူတို့ရှိရာသို့ လှမ်းကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း [ ၁၁ ]

## ဝံပုလွေများနှင့် နေသူ

ဝံပုလွေတောင်၏ တစ်နေရာ၌ ကျောက်တုံးကြီးများဖြင့် ပိတ်ဆို့ထားသော အပေါက်များ ရှိသေးသည်။

ထို့အပြင် ဂူအတွင်း၌လည်း မြေအောက်ခန်းများ ရောက်အောင် ဆင်းနိုင်၊ တက်နိုင်သော အပေါက်များ၊ လမ်းများ ရှိလေသည်။

ဂူကြီးအတွင်းဘက်တွင် မျက်စိမမြင်သော အဘိုးအို တရားထိုင်နေသော ဂူအတွင်းမှ ကျောက်တုံးကြီးအောက်နှင့် အဆိပ်ပြင်းလှသည့် ပင့်ကူနက်များရှိသော ဂူအတွင်း၌ အောက်သို့ ဆင်းနိုင်၊ တက်နိုင်သည့် လျှို့ဝှက်လမ်းများ ရှိပေသည်။

ဒါကိုတော့ အပြင်မှလူများ ဘယ်လိုမှ မသိနိုင်ပေ။





အခြားသူများ မဆိုထားနှင့် ထိုဂူ အတွင်းပိုင်းသို့ တစ်ခေါက် နှစ်ခေါက် ရောက်ဖူးခဲ့သော နီမောင်တို့ပင် မသိသေးပေ။

ထိုဂူပေါက်ဝများကို အလွယ်တကူ မတွေ့နိုင်စေရန် အပေါက်ဝကို ကျောက်တုံးကြီးများဖြင့် ပိတ်ထားလေသည်။

ထိုအပေါက်များမှ အောက်သို့ ဆင်းသွားလျှင် ဂူအောက်ဘက်မှာရှိသည့် အခန်းကျယ်ကြီး ရှိရာသို့ ရောက်သွားနိုင်သည်။ အပေါ်နှင့် အောက်သို့ အဆင်းအတက် ပြုလုပ်နိုင်ရန် ကျောက်လှေကားထစ်များကို ပြုလုပ်ထားသည်။

အောက်ဘက်ရှိ အခန်းမှာ အတော်ကျယ်ပြီး ဂူနံရံများတွင် အပေါက်များရှိသည်။

အချို့အခန်းများတွင် လူများရှိပြီး အချို့အခန်းထဲမှာတော့ ဝံပုလွေများ ရှိကြလေသည်။

ဝံပုလွေတို့၏ ပင်ကိုယ်သဘာဝမှာ ရက်စက် ကြမ်းကြုတ်ပြီး လူနှင့် တိရစ္ဆာန်များကို ရန်မူလေ့ရှိကြသော်လည်း ထိုလူများနှင့် ဂူတစ်ဂူထဲမှာ အတူနေကြသော်လည်း ဘယ်လိုမှ ရန်မမူဘဲ အိမ်မှာမွေးထားသည့် ယဉ်ပါးနေသော ခွေးများ ပမာ နေထိုင်ကြလေသည်။

လူများ၏ ပုံပန်းသဏ္ဌာန်မှာလည်း သာမန်လူများနှင့် မတူကြပေ။ ဆံပင်စုတ်ဖွားဖွား၊ အသားနီစပ်စပ်နှင့် မျက်တွင်း နှင့် ပါးရိုးနားရိုးများမှာ ချိုင့်ဝင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပေါ်တွင် အရှက်လုံရုံ အဝတ်အစား အနည်းငယ်သာရှိပြီး လက်ပြင်ကုံးကုံး ခြေတံလက်တံ ရှည်ရှည်နှင့် ရုတ်တရက် ကြည့်လျှင် လူလိုလို မျောက်လိုလို ပုံစံမျိုးဖြစ်၏။

နံရိုးပြိုင်းပြိုင်းနှင့် အရိုးပေါ် အရေတင် ပိန်လှီလှသော်လည်း နီရဲသော မျက်လုံးများကတော့ ပြူးလှသည်။

ဂူထဲမှာ လူကတော့ များများစားစား မရှိပေ။

စုစုပေါင်း ဆယ်ယောက် ကျော်ကျော်ခန့်သာ ရှိသည်။

သူတို့သည် အမှောင်ထဲမှာ အနေများသောကြောင့် ညအမှောင်ထဲမှာ သာမန်လူ တစ်ယောက်ထက် ပိုမြင်နိုင်ပြီး ခြေတံလက်တံများ ကောင်းသောကြောင့် ကျောက်တောင်ကျောက်တုံးများပေါ်သို့ ပြေးလွှားတက်ရာမှာလည်း မျောက်တစ်ကောင်ကဲ့သို့ လျင်မြန်လှသည်။

ဂူထဲမှာတော့...

ညက ဝံပုလွေများ ကိုက်သိုလာသော အမဲတစ်ကောင်ကို လူတစ်စုက ဝိုင်းဖျက်နေကြသည်။

အခြားတစ်စုကတော့ ဖျက်ယူလာသော အသားများကို အဝေမတည့်သောကြောင့် လုနေကြရင်းမှ ဗလုံးဗထွေး ပြောဆိုနေကြရာ ဆူနေတော့သည်။

အမဲသားကို တစ်ယောက်နှင့် တစ်ယောက် လုယက်နေကြပုံမှာ ဝံပုလွေများ အစာ ဝိုင်းလုနေသည့် ပုံစံမျိုး ဖြစ်သည်။





တစ်နေရာမှာတော့ အဘိုးအိုတစ်ဦးက ဖားဖိုတစ်ခုဖြင့် မြှားတံများ ပြုလုပ်နေသည်။

မြှားထိပ်ဖူး၌ တပ်သော သံချွန်များမှာ ဝံပုလွေသားရဲတွင်းမှ ရသော ခြသံဖြင့် ပြုလုပ်နေခြင်းဖြစ်၏။

ခြသံသည် ရခိုင်အခေါ် ခဲဝါ ဟုခေါ်သော မြေခွေးသားရဲတွင်းနှင့် ဝံပုလွေသားရဲတွင်းများ၌ ရရှိတတ်ပေသည်။

အဘိုးအိုမှာ အသက် ငါးဆယ်ကျော် ခြောက်ဆယ်ဝန်းကျင်ခန့်ရှိပြီး ဆံပင်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများကဖြူနေသလို မျက်လုံး နှစ်ဖက်စလုံးမှာလည်း အနက်ရောင်မရှိဘဲ အဖြူရောင် ဖြစ်နေသည်။

သို့သော်...

သူ့မျက်လုံးက နေ့အလင်းရောင်ရှိသည့် အချိန်၌သာ သဲကွဲစွာ မမြင်ရသော်လည်း ညအမှောင်ထဲမှာတော့ ကောင်းစွာမြင်ရလေသည်။

သူ့အမည်မှာ ဦးရယ်တန် ဖြစ်သည်။

ဦးရယ်တန်တို့၏ မူလနေသော နေရာမှာ ဟိမဝန္တာတောင်ခြေ တစ်နေရာတွင် ဖြစ်သည်။

သူတို့နေထိုင်ရသော နေရာမှာ လူသူ မနီးလှသော တောထဲ၌ဖြစ်ပြီး ထိုမှာနေစဉ်ကပင် ဝံပုလွေများနှင့် အ[illegible]တဝင် ရှိခဲ့ကြသည်။

အတူတကွ နေထိုင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရရှိသောအမဲများကို ဝံပုလွေများနှင့် ခွဲဝေစားသောက်ကြသည်။

ဝံပုလွေများကလည်း တောထဲမှ ရရှိလာသည့် သားကောင်များအား ၎င်းတို့ရှိရာသို့ ယူဆောင်လာလေ့ ရှိသည်။

အခြားရွာသူ ရွာသားများက သူတို့ကို ဝံပုလွေလူသားများဟု သတ်မှတ်ကာ အဆက်အဆံ မလုပ်ကြပေ။

ကြာလာတော့ ဝံပုလွေများက ရွာများတွင် မွေးထားသော ဝက်၊ ဆိတ်၊ သိုး၊ ကြက် အစရှိသည့် တိရစ္ဆာန်များကိုသာမက တောစပ်၌ စားကျက်လွှတ်ထားသည့် နွားများကိုပင် သတ်၍ ယူလာသောကြောင့် အနီးတစ်ဝိုက်ရှိ ရွာများမှ မခံနိုင်တော့ဘဲ လူစုကာ သူတို့လူစုကို လိုက်လံ တိုက်ခိုက်ပြီး နှင်ထုတ်လိုက်သောကြောင့် စပ်ဖန္ဒယ်လုံ အနီးရှိ မွန်ဂန်တောင်ကြား ဝင်ပေါက်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်လာကြပြီး ဝံပုလွေတောင် တစ်ဝိုက်တွင် နေထိုင်ကြလေသည်။

ထိုသို့ နေထိုင်ရာတွင် ယခင်က ဆေးဆရာတစ်ဦးဖြစ်ခဲ့ဖူးသော ဦးရယ်တန်နှင့် သူ့မြေးမလေး နှင်းဖြူတို့က လူအများနှင့် အဆက်အသွယ်ရစေရန် တောင်ညိုတောင်တန်း ရွာနှင့် မဝေးလှသည့် ဟော်နန်းပျက်ကြီးထဲမှာ နေကြပြီး ဝံပုလွေများနှင့် သူ့လူများကိုတော့ ဝံပုလွေတောင်ရှိ သာရဲတွင်းကြီးအတွင်းမှာ လျှို့ဝှက်စွာ ထားလေသည်။





ဦးရယ်တန်သည် ဆေးဝါး ကျွမ်းကျင်သည်။

အဆိပ်နှင့် ပတ်သက်ပြီး နိုင်နင်းသူဖြစ်သောကြောင့် ၎င်းတို့အသုံးပြုသည့် မြားတံထိပ်ဖူးနဲ့ ပင့်ကူနက်မှရသော အဆိပ်များကို အသုံးပြုလေ့ရှိသည်။

ပြင်းထန်လှသော ထိုအဆိပ်များကြောင့် သူ့မျက်လုံးမှ အနက်ရောင်များ ပျောက်ကွယ်သွားခြင်း ဖြစ်၏။

ဦးရယ်တန်သည် ဝံပုလွေများကို ရင်းနှီးစွာနေသူဖြစ်သောကြောင့် ဝံပုလွေများကို ရန်ပြုသူဆိုလျှင် မုန်းတီးလေ့ရှိသည်။

ဝံပုလွေတစ်ကောင်ကို သတ်လျှင် မိမိ ဆွေမျိုးသားချင်း တစ်ယောက်ကို သတ်သကဲ့သို့ ခံစားရသည်။

ဝံပုလွေကို သတ်သူကိုလည်း မရမနေ လိုက်လံ ကလဲ့စားချေလေ့ရှိသည်။

သူသည် ဂူထဲမှာနေထိုင်ကြသော လူများကို လေးနှင့်မြား ပစ်တတ်အောင် လေ့ကျင့် သင်ကြားပေးထားသည်။

ပင့်ကူနက် သုတ်ထားသော အဆိပ်လူးမြားများကို ပေးထားသည်။

ထို့ပြင်...

ဝံပုလွေများကိုလည်း ရန်သူကိုတွေ့လျှင် အသေအကြေ တိုက်ခိုက်နိုင်ရန် လေ့ကျင့်ပေးထားလေသည်။

သူ လေ့ကျင့်ထားပုံမှာ...



www.burmeseclassic.com

www.burmeseclassic.com



ကောက်ရိုး၊ မြက်ခြောက်၊ သစ်ရွက်ခြောက်၊ သစ်ကိုင်း၊ သစ်ခက်များဖြင့် ပြုလုပ်ထားသည့် လူပုံစံပြုလုပ်ထားသော အရုပ်ကို အဝတ်စ,အနီ ပတ်ပေးပြီး ရန်သူအနေဖြင့် တိုက်ခိုက် ဖျက်ဆီးနိုင်းခြင်း ဖြစ်၏။

ဝံပုလွေများက အနီရောင် အဝတ်စ ပတ်ထားသော လူရုပ်အား ရန်သူသဖွယ် သတ်မှတ်ကာ တစ်စစီ တစ်မွစီ ဖြစ်အောင် ကိုက်ခဲ ဖျက်ဆီးနိုင်းလေသည်။

သို့ကြောင့်...

ဝံပုလွေများသည် လူအများစုကို တိုက်ခိုက်ရလျှင် အနီရောင်ပါသည့် အဝတ်အစားကို ဝတ်ထားသောလူကို တွေ့ပါက သဲကြီးမဲကြီး ဝိုင်းဝန်း တိုက်ခိုက်ကြခြင်းဖြစ်သည်။

အကယ်၍...

ဝံပုလွေများက တိုက်ခိုက်၍ အရေးမသာလျှင် ဦးရယ်တန်၏ ဝံပုလွေလူသားများက အဆိပ်လူးမြားများဖြင့် ချောင်းမြောင်း ပစ်ခတ်ကြလေသည်။

သို့ကြောင့်...

သေဆုံးသူအချို့၌ အဆိပ်လူးမြားများ စိုက်ဝင်နေခြင်း ဖြစ်သည်။

ဦးရယ်တန်သည် အဆိပ်လူးမြားတံများကို စိတ်တိုင်းကျ ပြုလုပ်ပြီးနောက် နေရာမှထပြီး အမဲဖျက်နေသူများဆီသို့ လျှောက်သွားလေသည်။





"ငါ့အတွက် အမဲသား ရပြီလား၊ ငါ့သားကြီး ဆာလှရော့မယ်"

ဟု ပြောသောအခါ အမဲဖျက်နေသူများက အမဲ၏ အူ အသည်းများနှင့် အသားများကို ပေးလေသည်။

ဦးရယ်တန်သည် အမဲဖျက်နေသူများ ပေးသော အမဲသားများကို ယူပြီး ဂူပေါက် တစ်ပေါက်ထဲသို့ ဝင်သွားလေသည်။

ဂူအတွင်းမှာ အလင်းရောင် အနည်းငယ်သာရှိပြီး မှောင်နေလေသည်။ ထိုအမှောင်ထဲရောက်မှ ဦးရယ်တန်၏ မျက်လုံးက ကောင်းစွာမြင်လာရသည်။

အတွင်းဘက်မှာ သံတိုင်ကြီးများစိုက်ပြီး တံခါးပေါက်နှင့် ပြုလုပ်ထားသော လှောင်အိမ်ကြီးတစ်ခု ရှိသည်။

လှောင်အိမ်၏ သံတိုင်များကို ဂူပေါက်ဝ,နှင့် အပြည့် ပြုလုပ်ထားလေသည်။

သူဝင်သွားတော့ လှောင်အိမ်ထဲမှာ သတ္တဝါကြီးက မာန်ဖီသည်။ ဦးရယ်တန်က အသံပေးလိုက်တော့မှ မာန်ဖီသံ ငြိမ်သွားသည်။

ထိုလှောင်အိမ်ထဲ၌ ကြီးမားသော ဝံပုလွေကြီးတစ်ကောင် ရှိသည်။

ခင်မြမှုတို့ မင်္ဂလာပွဲသို့ လာရောက် တိုက်ခိုက်သော ဝံပုလွေအုပ်စုထဲမှာ ပါလာသော ဝံပုလွေကြီးဖြစ်ပြီး သေနတ်



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် ဝိုင်းပစ်သော်လည်း မထိမှန်ဘဲ နောက်ဆုံး ခင်မြမှုကို ကိုက်ချီ ထွက်ပြေးသွားသော ဝံပုလွေကြီးပင် ဖြစ်၏။

ဝံပုလွေကြီးမှာ သာမန်ဝံပုလွေများထက် အလုံးအထည်များစွာကြီးပြီး ကိုးတောင်ကျားသဖွယ် ရှိသည်။

နီရဲနေသော မျက်လုံးအစုံမှာ အမှောင်ထဲမှာပင် ဝင်းဝင်းတောက်နေလေသည်။

တဂီးဂီး တဂဲဂဲနှင့် မာန်ဖီလိုက်စဉ် ပါးစပ်ထဲမှာ ချွန်ထက်နေသော အစွယ်များကို အတိုင်းသား မြင်ရသည်။

၎င်း၏ခြေသည်း လက်သည်းများမှာ ပင့်ကူနက်အဆိပ်များ သုတ်လိမ်းထားသဖြင့် နက်မှောင်နေသည်။

ဝံပုလွေကြီး၏ လည်ပင်း၌ သားရေပြားဖြင့် ပတ်ချည်ထားသော ပစ္စည်းတစ်ခုရှိသည်၊ ထိုပစ္စည်းမှာ အခြားမဟုတ်ပေ။

ဦးရယ်တန်ကိုယ်တိုင် ဟိမဝန္တာတောထဲမှ အမှတ်မထင်ရလာသော 'ဝက်တောင်းမာန်စွယ်' ပင်ဖြစ်သည်။

ဆင်မာန်စွယ်၊ ဝက်တောင်းမာန်စွယ် စသော ပစ္စည်းများမှာ ရနိုင်ခဲပြီး သိဒ္ဓိရှိသော ပစ္စည်းမျိုးလည်း ဖြစ်သည်။

ဝက်စွယ်ဖြစ်စေ၊ ဆင်စွယ်ဖြစ်စေ သာမန်ဆိုလျှင် သိဒ္ဓိမဝင်ပေ။

ရန်သူနှင့် တိုက်ခိုက်စဉ် အားနှင့်မာန်နှင့် ထိုးပက်လိုက်စဉ် ကျောက်တုံး သစ်တုံးများနှင့် ထိခိုက်မိပြီး ကျိုးကျန်နေခဲ့သော အစွယ်မှ သိဒ္ဓိရှိလေသည်။





ဦးရယ်တန်သည် ဟိမဝန္တာ၌ နေစဉ်က ဂမုန်းဥရှာရန် တောထဲသို့သွားစဉ်မှာ ကျားနှင့် ဝက်တောင်း တစ်ကောင်တို့ တိုက်ခိုက်ရန် မာန်စောင်နေသည်ကို လှမ်းမြင်ရသောကြောင့် သစ်ပင်ကွယ် တစ်နေရာမှ စောင့်ကြည့်နေလေသည်။

ကျားမှာ ထိပ်ကွက်နေပြီး ကိုးတောင်ကျား ဖြစ်သည်။

ဝက်တောင်းကလည်း အကောင်အတော်ကြီးပြီး အစွယ်နှစ်ချောင်းက အပြင်သို့ ကော့ထွက်နေသည်။

ကျားကလည်း ဝက်ကိုတွေ့တော့ စားနေကြဆိုတော့ အလွယ်ပေးလိုဟန် မရှိပေ။

ဝက်ကလည်း ကျားကို မျက်ခြည်ပြတ်မခံဘဲ မြေကျင်းကို အလျင်အမြန် ခတ်နေလေသည်။

နှုတ်သီးဖြင့် ထိုးကော်လိုက်တိုင်း မြေစိုင်မြေခဲများက ဖွားခနဲ ဖွားခနဲ ထွက်လာသည်။

ကျားက ဝက်ကို နောက်မှ ပတ်ချောင်းသည်။

ဝက်ကလည်း တစ်စက်ကလေးမှ အလစ်မပေးဘဲ ကျားသွားရာကို ဦးခေါင်းလှည့်ကာ မြေကျင်းကို ဆက်တူးသည်။

အတန်ကြာတော့ သူ့တစ်ကိုယ်စာ ဝပ်နိုင်သော မြေကျင်းတစ်ခု ရသွားလေသည်။

တောဝက်သည် သူ့ကိုယ်သူ မြေကျင်းထဲမှာ ဆင်းဝပ်ပြီး ဦးခေါင်းကို ကျင်းနှုတ်ခမ်းပေါ် မေးတင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျားက စက်ဝိုင်းသဏ္ဍာန် ပတ်ချောင်းသည့်အတိုင်း သူ့ဦးခေါင်းကလည်း ပတ်ချာလိုက် လှည့်နေသည်။

ကြာတော့ ကျားက စိတ်မရှည်ချင်တော့။

ခုန်အုပ်ရန် ဟန်ပြင်လိုက်သည်။

ဝက်တောင်းကလည်း ထိုးပက်ရန် ဟန်ပြင်လိုက်သည်။

တစ်ကြိမ်တွင် တောထဲမှ မျောက်မောင်းမများ တစ်ပြိုင်နက်တည်း အော်လိုက်သော အသံကြောင့် အနီးပတ်ဝန်းကျင် တစ်ဝိုက်ရှိ သစ်ပင်များပေါ်တွင် ရှိနေကြသော ကျေးတစ်အုပ် ဆူဆူညံညံဖြင့် ထ,ပျံသွားကြရာ တောလှုပ်နှိုးလိုက်သကဲ့သို့ ရှိလေတော့သည်။

ထိုအခွင့်ကောင်းကို ယူကာ ကျားက ဝေါခနဲ ခုန်ဝင်လာသည်။ ဝက်တောင်းကလည်း အမြောက်မှ ပစ်လွှတ်လိုက်သော ကျည်ဆန်လို ဝေါခနဲ ခုန်ထွက်လာရာ လေထဲမှာပင် ကျားနှင့်ဝက်တို့ ဆုံတွေ့သွားသည်။

ထို့နောက်...

ကျားက ဝက်စွယ်နှင့် အပက်ခံလိုက်ရသဖြင့် ဝမ်းဗိုက်တစ်ခုလုံးပွင့်ပြီး အူများ အခွေလိုက်ထွက်ကာ တစ်ဖက်သို့ ဝုန်းခနဲ ပြုတ်ကျသွားသလို တောဝက်ကလည်း မလှမ်းမကမ်းမှာရှိသော ကနစိုးပင်နှင့် ဦးခေါင်း ဆောင့်မိသောကြောင့် ဦးခေါင်းကြေကာ တစ်ဖက်သို့ ဘုန်းခနဲပြုတ်ကျပြီး နှစ်ကောင်စလုံး သေလေသည်။





ထိုအခါမှ ဦးရယ်တန်သည် နေရာမှ ထွက်သွားပြီး တောဝက်ရှိရာသို့ အရင်သွားကြည့်သောအခါ ယာဘက်အစွယ်တစ်ချောင်း အရင်းမှ ကျိုးနေသည်ကို တွေ့ရသည်။

"ဟင်..."

စိတ်လှုပ်ရှားစွာဖြင့် ကနစိုးပင်သို့ သွားကြည့်သောအခါ သစ်ပင်၏ ပင်စည်၌ စိုက်ဝင်နေသည့် ဝက်တောင်းမာန်စွယ်ကို တွေ့ရလေသည်။

သို့ကြောင့်...

ဝမ်းသာအားရ နုတ်ယူလိုက်သည်။

မိမိအတွက် အားကိုးရသည့် ဝံပုလွေကြီး၏ လည်ပင်း၌ သားရေပြားဖြင့် ထုပ်ကာ ပတ်ဆွဲပေးထားလိုက်သည်။

ဦးရယ်တန်သည် ယူလာသော အမဲသားများကို တံခါးပေါက်ဝမှ အတွင်းသို့ ပစ်ချပေးလိုက်သည်။

ဝံပုလွေကြီးက တစ်ကောင်တည်း ရှိပါလျက် အစားအသောက်များကို မာန်ဖီလျက် စားသောက်နေစဉ် ဦးရယ်တန်က အပြင်သို့ ပြန်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၁၂ ]

## အမြုတေနှင့် ကျိုးသင်္ချိုင်း သံစား

ဝံပုလွေဂူ၏ အခန်း တစ်ခန်းထဲမှာတော့ အမျိုးသမီး တစ်ယောက် ရှိနေသည်။

အခြားမဟုတ်ပေ...။

ဝံပုလွေကိုက်သော ဒဏ်ရာများကြောင့် အပြင်းဖျား နေသော ခင်မြမှုပင် ဖြစ်သည်။

ခင်မြမှုကို ဝံပုလွေကြီး ချီယူလာပြီး ကိုက်သတ်ရန် ပြင်နေစဉ်မှာပင် နှင်းဖြူက ကယ်တင်ထားခြင်း ဖြစ်သည်။

ခင်မြမှုမှာ ဝံပုလွေ ကိုက်ချီသွားကတည်းက သတိမေ့ နေရာ ဝံပုလွေဂူထဲသို့ မည်သို့မည်ပုံ ရောက်ခဲ့ရသည်ကိုပင် မသိရှာပေ။

နှင်းဖြူက ခင်မြမှုကို ဂူထဲသို့ ခေါ်သွားပြီး ဆေးဝါးများ ဖြင့် ပြုစုပေးခဲ့ရာ အဖျားဝင်နေသောကြောင့် သတိကောင်းစွာ





မရသေးသည့်မှလွဲပြီး သက်အန္တရာယ်အတွက် စိုးရိမ်ရသော အခြေအနေ မရှိတော့ပေ။

ဦးရယ်တန်ကတော့ ခင်မြမှုကို ယခုကဲ့သို့ ကယ်ဆောင် ထားခြင်းကို မနှစ်သက်ပေ။

ခင်မြမှုကို ပြန်လွှတ်လိုက်လျှင် မိမိတို့အကြောင်းနှင့် မိမိတို့နေသော နေရာကို လူတွေသိသွားပြီး အန္တရာယ်ပေး မည်ကို စိုးရိမ်နေလေသည်။

သူ့သဘောအရ ဆိုလျှင်ပင် ခင်မြမှုကို အရှင်မထား လိုပေ။

ဝံပုလွေအစာ ကျွေး၍ သတ်ပစ်ချင်နေသည်။

ထိုအကြံအစည်ကို နှင်းဖြူက လုံးဝ လက်မခံပေ။

"အဘ...သူ့ကို သတ်မယ်ဆိုရင်တော့ ကျွန်မ လုံးဝ လက်မခံနိုင်ဘူး၊ သူက ကျွန်မရဲ့ ကျေးဇူးရှင်ပဲ၊ သူတို့ရွာကို ရောက်တော့ ထမင်းတစ်လုပ်ကျွေးခဲ့ဖူးတဲ့ ကျေးဇူး ကျွန်မ အပေါ်မှာရှိတယ်၊ ဘာပဲဖြစ်ဖြစ် ဒီကျေးဇူးကြောင့် သူ့အသက် ကိုတော့ ကယ်ရမှာပဲ"

ဟု ဖွင့်ပြောလေသည်။

နှင်းဖြူ၏ အမူအရာနှင့် စကားကို ကြားသောအခါ ဦးရယ်တန်က စိတ်ပျက်လက်ပျက်နှင့် ခေါင်းခါလိုက်သည်။

"နှင်းဖြူ... နင်အခုမှ ဘယ်လိုဖြစ်နေတာလဲ၊ လူတွေက တို့အပေါ်မှာ ဘယ်တုန်းက ကောင်းခဲ့ဖူးလို့လဲ၊ သူတို့တစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် တို့တစ်တွေ အခုလို တောထဲ တောင်ထဲမှာ နေကြရတာ မဟုတ်လား"

"ဒါပေမယ့် အဘ ထင်သလို လူတိုင်းက ကျွန်မတို့အပေါ်မှာ မကောင်းကြတာမဟုတ်ဘူး၊ လူအချို့က မကောင်းခဲ့တာကြောင့် လူတိုင်းကို လိုက်ပြီး ဒုက္ခပေးနေတာတော့ အဘ မတရားပါဘူး"

"တော်စမ်းပါ နှင်းဖြူရယ်...၊ လူဆိုတာ အတ္တကြီးတဲ့အမျိုးပဲ၊ ကိုယ့်အတွက်ကလွဲပြီး ကျန်တဲ့လူတွေအပေါ်မှာ မကောင်းကြဘူး။ ငါ့အပေါ်မှာ ငါမွေးထားတဲ့ ဝံပုတွေလောက်မှ မကောင်းခဲ့ကြဘူး"

"အဘရယ်... အဘ ထင်ထားသလို လူတိုင်းဟာ အဲဒီလို သဘောမျိုး မရှိကြပါဘူး၊ တစ်ဦး တစ်ယောက် မကောင်းတာနဲ့ လူတွေအားလုံးကို ဒုက္ခမပေးသင့်ပါဘူး၊ ဒီအတ္တစိတ်တွေကြောင့် တစ်နေ့ကျရင် အဘ ဒုက္ခရောက်လိမ့်မယ်၊ ဒီအလုပ်နဲ့ ဒီသတ္တဝါတွေကိုစွန့်ပြီး ကျွန်မတို့ တစ်နေရာကို သွားပြီး အေးအေးဆေးဆေး နေကြရအောင်နော် အဘ"

"တော်စမ်းပါ မိနှင်းဖြူ... နင့်စကားတွေကို ရပ်လိုက်စမ်း၊ လူမမယ် အရွယ်ကတည်းက ပြုစု ကျွေးမွေးလာခဲ့တဲ့ ကျေးဇူးတွေကြောင့် ငါ့ကို ဒီစကားမျိုး ပြောတာလား"

ဦးရယ်တန်၏ အသံမှာ ဒေါသသံကြောင့် ဝံပုလွေတစ်ကောင်၏ မာန်ဖီသံကဲ့သို့ ဂူထဲမှာ ဟိန်းထွက်နေသည်။





"ဒီသဘောမျိုးနဲ့ ပြောတာ မဟုတ်ပါဘူး အဘရယ်၊ ကျွန်မက အဘကို ကောင်းစေချင်လို့ပါ"

"မလိုဘူး... ငါ့ဘဝမှာ ငါ့ကို ဒုက္ခပေးခဲ့တဲ့ လူတွေကို လုလုပပ ဒုက္ခပြန်ပေးနိုင်မှ ကျေနပ်မယ်၊ နင့်ကို တစ်ခုတော့ ပြောထားမယ်၊ အခု ဂူထဲမှာ ခေါ်ထားတဲ့မိန်းမကို နင်ပြောတဲ့အတိုင်း ငါမသတ်ဘဲ ထားမယ်၊ ဒါပေမယ့် သူက တို့ရဲ့ လျှို့ဝှက်ချက်တွေကို သိသွားပြီဆိုတော့ ပြန်လွှတ်ပေးဖို့တော့ လုံးဝ စိတ်မကူးလေနဲ့"

ဟု ကြိမ်းမောင်းပြောဆိုကာ ထွက်သွားလေတော့သည်။

ထို့နောက်...

နှင်းဖြူသည် ဝံပုလွေဂူထဲမှ အများအပြား ပေါက်နေသော မချစ်ဥ အချို့ကိုယူ၍ ရေနွေးပူပူနှင့်ကျိုကာ ခင်မြမူ ရှိရာသို့ ယူသွားလေသည်။

ထိုအချိန်မှာ သတိပြန်ရနေပြီ ဖြစ်သည်။

အဖျားအရှိန်ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည်။ ဝံပုလွေကိုက်ထားသည့် ဒဏ်ရာများမှလည်း အဆိပ်အရှိန်ကြောင့် တဆစ်ဆစ်နှင့် ရှိနေကြသည်။

သူမသည် သားရေပြားချပ် ခင်းထားသည့် အိပ်ရာပေါ်မှ ထလိုက်သည်။

"ငါ ဘယ်ရောက်နေတာပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



ဂူတဲမှာ မှောင်နေသည် ဆိုသော်လည်း အလင်းရောင်နှင့် လေကတော့ ရနေသည်။

သူမကိုယ်ပေါ်မှ ဒဏ်ရာများကို အချို့သေးစည်းထားပြီး အချို့ကို ဆေးလိမ်းပေးထားသည်ကို တွေ့ရသဖြင့် အံ့ဩနေလေသည်။

"ဟင်... ဒါတွေ ငါ့ကို ဘယ်သူ လာလုပ်ပေးထားတာလဲ၊ ဒီလိုဆိုရင် ငါ မသေသေးဘူးပေါ့"

တစ်ယောက်တည်း ဖဝေဖဝါ ဖြစ်နေစဉ်မှာပင် ဂူထဲသို့ လူတစ်ယောက်ဝင်လာသည်ကို တွေ့လိုက်ရသဖြင့် လန့်သွားလေသည်။ အနားသို့ရောက်လာမှ နှင်းဖြူမှန်း သိရသောအခါ များစွာ အံ့ဩမိလေသည်။

"ဟင်...နှင်...နှင်"

"အစ်မ သတိရပြီလား... ကျွန်မ ဆေးယူလာတယ်၊ သောက်လိုက်ပါဦး"

နှင်းဖြူက ဆေးရည် ထည့်ထားသောခွက်ကို ခင်မြမှူ ရှေ့သို့ ချပေးလိုက်သည်။

"နှင်တို့ ငါ့ကို ဘာကြောင့် ဒီလိုလုပ်ရတာလဲ"

ဒေါသသံဖြင့် မေးသည်။

"ကျွန်မကို အထင်မလွဲပါနဲ့ မမရယ်၊ နောက်တော့ ကျွန်မ ရှင်းပြပါ့မယ်၊ အခုတော့ မမ နေကောင်းသွားအောင် ဆေးသောက်လိုက်ဦးနော်"





ခင်မြမှူက ဘာမှပြန်မပြောဘဲ နှင်းဖြူကို ဒေါသမျက်လုံးများဖြင့် စိုက်ကြည့်နေလေသည်။

"မမကို ကျွန်မ နောက်တော့ အကြောင်းစုံ ပြောပြပေးပါ့မယ်၊ အခုတော့ ကျွန်မကို မုန်းချင်လည်း မုန်းပါ၊ ဒီဆေးတစ်ခွက်တော့ သောက်ပါ"

"သေချင် သေပေစေ...၊ နှင် တိုက်တဲ့ဆေးကို ငါ မသောက်ဘူး"

နှင်းဖြူက မျက်ရည် အဝိုင်းသားဖြင့် ခင်မြမှူ အနားမှ ပြန်ထွက်သွားလေသည်။

ထိုသို့ထွက်သွားတော့မှ ခင်မြမှူက နှင်းဖြူအကြောင်းကို စဉ်းစားနေမိလေသည်။ သူတို့က ဘယ်သူတွေလဲ။

ဘာကြောင့် ဒီနေရာမျိုးမှာ နေကြတာလဲ။

ဝံပုလွေတွေကလည်း သူတို့နဲ့ ဘယ်လို ပတ်သက်နေတာလဲ။

ငါ့ကိုရော ဘာကြောင့် ဖမ်းထားတာလဲ။

ဟူသော အတွေးများက ချာလည်လည်နေလေသည်။

နေ့လယ်ဘက် ရောက်သောအခါ နှင်းဖြူ ရောက်လာပြီး မချစ်ဉနှင့် ပြုတ်ထားသော အသားပြုတ်များ လာပေးပြန်သည်။

"မမ ကျွန်မတိုက်တဲ့ဆေးနဲ့ ဒီအစားအစာတွေကို စားပါ၊ ဒါမှ အားရှိလာမယ်၊ မမ ဒီစခန်းက ထွက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ကူညီပေးပါမယ်၊ ဒါပေမယ့် အားမရှိရင် ဘယ်လိုမှ ပြေးနိုင်မှာ မဟုတ်ဘူး''

ဟု ပြောတော့ ခင်မြမှူ ဝမ်းသာသွားသည်။

"နင် ငါ့ကို ပြန်လွှတ်ပေးမယ်ဆိုတာ တကယ်လား"

"တကယ်ပြောတာပါ မမရယ်...၊ ကျွန်မတို့က ကံအကြောင်း မကောင်းခဲ့လို့ အခုလိုဘဝမျိုး ရောက်နေပေမယ့် ကျေးဇူးတရားကိုတော့ မမေ့တတ်ပါဘူး၊ မမတို့ရဲ့ ကျေးဇူးကို ကျွန်မ ပြန်ဆပ်ပါ့မယ်"

ခင်မြမှူသည် ထိုအခါမှ စိတ်ထဲမှာ အနည်းငယ် ကျေနပ်သွားကာ နှင်းဖြူယူလာသော ဆေးနှင့် အစားအစာများကို စားသောက်လေတော့သည်။

နောက်တစ်ရက် နှစ်ရက်ကြာသောအခါ အဖျားရောဂါ ပျောက်သွားပြီး ကျန်းမာလာလေသည်။

တစ်ခါတစ်ရံ ဂူထဲမှာနေရတာ ငြီးငွေ့လာသောကြောင့် အပြင်ဘက်သို့ ထွက်ချင်စိတ် ပေါက်သော်လည်း မသွားဝံ့ပေ။ မိမိမျက်စိဖြင့် မမြင်ရသော်လည်း ဝံပုလွေများ၏ ဟိန်းဟောက်မာန်ဖီသံများကို ကြားရသောအခါ ကြောက်ရွံ့ ထိတ်လန့်မှု ဖြစ်မိလေသည်။

ဝံပုလွေဂူထဲမှာ ခင်မြမှူတစ်ယောက် ထိုကဲ့သို့ အဖမ်းခံနေရပြီး တစ်ပတ်ခန့် ကြာသောအခါ နီမောင်ဆီသို့ စာတစ်စောင် ရောက်လာသည်။





စာကို ဖောက်ကြည့်တော့ မိန်းကလေးလက်ရေးဖြင့် မညီမညာ ရေးထားသည်ကို တွေ့ရသည်။

အစ်ကို...
ခင်မြမှူ အသက်မသေဘဲ ရှိနေသေးတယ်၊
မကြာခင် ရွာကို ပြန်ရောက်လာမယ်၊
စိတ်မပူပါနဲ့...

ဝံပုလွေရှင်မ...

ဟု ရေးသားထားသည်ကို တွေ့ရသဖြင့် နီမောင်မှာ အံ့သြဝမ်းသာမှု ဖြစ်သွားမိလေသည်။

"ဟင်... မမ မသေဘူးတဲ့၊ ဒီစာကို ဘယ်သူ ရေးလိုက်တာပါလိမ့်"

ထိုအကြောင်းကို မိမိ မိတ်ဆွေများကို ပြောပြသောအခါ အားလုံးက ဝမ်းသာကြလေသည်။

ကိုအောင်နိုင် ဆိုလျှင် ပျောက်သွားသော ပစ္စည်းကို ပြန်ရသဖြင့် ဆွေ့ဆွေ့ခုန်မတတ် ဝမ်းသာနေသော ကလေးငယ် တစ်ယောက် ပုံစံမျိုးလို ဖြစ်နေတော့သည်။

"ဒါ ဘယ်လိုဖြစ်တာလဲ၊ သူ့ကို ဝံပုလွေချီသွားတာ မဟုတ်ဘူးလား၊ ဝံပုလွေ အကိုက်ခံရပြီးမှ မသေဘူးဆိုတော့ သူ့ကို ဘယ်သူ ကယ်ထားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ အဖြေမသိရသေးဘူး၊ ဒါပေမယ့် မကြာခင်မှာတော့ သိရမှာပါ၊ သူ မသေဘူးဆိုတာတော့ အံ့ဩစရာပဲ"

"သေကံမရောက် သက်မပျောက် ဆိုတဲ့စကား အတော်မှန်တာပဲ၊ ဝံပုလွေတွေရဲ့ သားရဲတွင်းရောက်သွားပြီးမှ မသေတဲ့ကျွန်တာ ဒီတစ်ယောက်ပဲ ရှိမယ်ထင်တယ်"

ထိုသို့ ဝိုင်းပြောကြသည်။ ဦးဗန်ကောင်းက...

"နီမောင် ဒါဟာ တို့အတွက် နောက်ထပ် တိုက်ပွဲတစ်ခု ကြုံကြရဦးမယ့် လက္ခဏာပဲ၊ မင်းအစ်မ မသေသေးဘူးဆိုပေမယ့် ဒီအတိုင်းတော့ ပြန်လာလို့ရမယ် မထင်ဘူး၊ သူရှိတဲ့နေရာကို သိရရင် တို့တစ်တွေ သွားကယ်ရမယ်ထင်တယ်"

ဟု ပြောလိုက်သည်။

"ဒီလိုဆိုရင် ဝံပုလွေတွေနဲ့ နောက်ထပ် တိုက်ခိုက်ကြရဦးမှာပေါ့... ဟုတ်လား... အဘ"

စောထီးက မေးလိုက်သည်။

"ဒီအတိုင်းပဲ ဖြစ်မှာပါ၊ ဝံပုလွေဆိုတာ တိရစ္ဆာန်တွေထဲမှာ တခြားတိရစ္ဆာန်တွေနဲ့ မတူအောင် ရက်စက် ကြမ်းကြုတ်တဲ့ သတ္တဝါမျိုးဖြစ်သလို အစာကိုလည်း ခုံမင်လေ့ရှိတယ်၊ ဒါကြောင့် သူတို့ရထားတဲ့ အစာကို ဒီအတိုင်းတော့ ချမ်းသာပေးမယ် မထင်ဘူး"

"ဒီလိုဆိုရင်လည်း ကောင်းတာပေါ့ အဘရယ်၊ ကျွန်တော့်အစ်မကို ဒုက္ခပေးတဲ့ ဝံပုလွေတွေ၊ ကျွန်တော်တို့





ရွာသားတွေကို ဒုက္ခပေးသွားတဲ့ အဲဒီသတ္တဝါတွေကို ဒီတစ်ခါတွေ့ရင်တော့ ကောင်းကောင်းကြီး ကလဲ့စား ချေပစ်ရမယ်"

နီမောင်က ဝင်ပြောလိုက်သည်။

"အဲဒါက အရေးမကြီးဘူး၊ အဲဒီဝံပုလွေတွေနဲ့ ပါလာတဲ့ ဝံပုလွေကြီးတစ်ကောင်က သေနတ်နဲ့ ပစ်လို့တောင် မမှန်ဘူးဆိုတော့ တို့မှာရှိတဲ့ ဓားတွေ လှံတွေနဲ့ တိုက်လို့ နိုင်ပါ့မလား"

ငမဲအောင်က မေးလိုက်သည်၊ ထိုအခါ စောထီးကပါ...

"ဟုတ်တယ် နီမောင်၊ ဒီသတ္တဝါကြီးက ဝိဉာဉ်တွေ ပူးကပ်နေတဲ့ မိစ္ဆာကောင်ကြီး ဖြစ်လေမလားမသိဘူး၊ အဲဒီညက သေနတ်တွေနဲ့ အနီးကပ်ပစ်တာ တစ်ချက်မှ မထိဘူးလို့ ပြောကြတယ်၊ သေနတ်မီးမကျူးတဲ့၊ ဓားလှံလက်နက်တွေ ပြီးတဲ့ ဆေးတွေများ ရှိလေရော့သလား"

ဟု ဝင်ပြောလေသည်။

ထိုစကား ကြားသောအခါ ဦးဗန်ကောင်းက...

"မင်းတို့ပြောတာ နားထောင်ကြည့်ရတာ ဒီသတ္တဝါမှာ သိဒ္ဓိဝင်နေတဲ့ အမြုတေတစ်ခုခု ရှိလို့ဖြစ်မယ်"

ဟု ပြောလိုက်သည်။

"ဝံပုလွေမှာ အမြုတေ ရှိနိုင်ပါ့မလား အဘ"

"ဝံပုလွေမှာတော့ သိဒ္ဓိရှိတဲ့ အမြုတေမျိုး မရှိနိုင်ဘူးပေါ့၊ ဒါပေမယ့် အခြားက သိဒ္ဓိရှိတဲ့ အမြုတေလို ဟာမျိုးတစ်ခုခု သူ့ဆီမှာရှိတာတော့ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမြုတေဆိုတာ ဘယ်လိုသတ္တဝါမျိုးတွေမှာ ရှိတတ်သလဲ အဘ"

"အမြုတေဆိုတာ သိဒ္ဓိရှိတဲ့ ရတနာတစ်ပါးပဲ၊ တိရစ္ဆာန်တိုင်းမှာတော့ မရှိနိုင်ဘူးပေါ့၊ ငါကြားဖူးတာကတော့ တိရစ္ဆာန်က ရတဲ့ သိဒ္ဓိရှိတဲ့ ပစ္စည်းနဲ့ အမြုတေ ဆိုတာကတော့ ကြောင်နက် အမြုတေ၊ ချိုးအမြုတေ၊ မိကျောင်းအမြုတေ၊ ဆင်မာန်စွယ်၊ ဝက်တောင်း မာန်စွယ်တွေဟာ သိဒ္ဓိရှိကြတယ်"

"တခြား သိဒ္ဓိရှိတာတွေရော ရှိသေးလား အဘ"

"အများကြီး ရှိတာပေါ့၊ ကျောက်မှာလည်း ရှိတယ်၊ သစ်ပင်မှာလည်း ရှိတယ်၊ အဲဒီအထဲမှာ ခုံညင်းပင်ကဖြစ်တဲ့ အဆီကိုရရင် တစ်သက် ချမ်းသာလောက်တာပေါ့"

ဟု ထူးထူးဆန်းဆန်း စကားကို ပြောလေသည်။

"ခုံညင်းဆီ တစ်ခါမှ မကြားဘူးပါလား၊ ခုံညင်းပင်ဆိုတာ အသီးဆံက ယိုထိုးစားလို့ရတယ်၊ ခုံညင်းထိုးတမ်းကစားကြတယ်၊ အဲဒီအပင်မျိုးလား အဘ"

"ဟုတ်တယ်"

"ဟာ... အဲဒီအပင်တွေက တောထဲမှာ လိုက်ရှာရင် အများကြီးရှိတာပဲ၊ ခုံညင်းပင်က အဆီထွက်တယ်လို့ မကြားမိပါဘူး၊ ဘယ်လို ရှာရတာလဲ အဘ"

"ခုံညင်းပင်တိုင်းမှာတော့ အဆီမရှိနိုင်ဘူးပေါ့၊ နှစ်ပေါင်း တစ်ရာကျော် သက်တမ်းရှိတဲ့အပင်မှ အဆီရနိုင်တယ်"





"ဘယ်လို ရှာယူရတာလဲ အဘ"

"ခုံညင်းဆီဆိုတာ အပင်ရဲ့အမြစ်အောက်မှာ ရေနံချေးလို၊ ကျောက်ကျောလို အနည်ထိုင်နေတတ်တယ်၊ အလင်းရောင်နဲ့ ထိလို့မရဘူး၊ လေနဲ့ထိလို့မရဘူး၊ အဲဒီလို ထိလိုက်ရင် ချက်ချင်းမည်းပြီး ခဲသွားတတ်တယ်"

"အဆန်းပါလား"

"ခုံညင်းဆီကိုတွေ့ရင် လေမတိုက်တဲ့အချိန်၊ အလင်းရောင် မရှိတဲ့အချိန်မှာ တူးဖော်ယူပြီး လေလုံအောင် ထုပ်ပတ်ထားရတယ်၊ ခုံညင်းဆီကိုတွေ့လို့ လက်နဲ့ထိရင် ထိတဲ့လက်ပြတ်တယ်၊ ခြေနဲ့ထိရင် ခြေပြတ်တယ်"

"အဲဒါ ဘာကြောင့်လဲ အဘ"

"ခုံညင်းပင်က ဥဏှာဓာတ်၊ အပူလွန်ကဲတဲ့ အပင်မျိုးပဲ၊ ဒါပေမယ့် သူ့အဆီကတော့ သီတဓာတ်လွန်ကဲတယ်၊ ကြောက်စရာကောင်းတဲ့ ဓာတ်တွေထဲမှာ အအေးလွန်ကဲတဲ့ဓာတ်လည်း ပါတယ်၊ အေးလွန်းရင် လူရော၊ တိရစ္ဆာန်ရော ကမ္ဘာပေါ်မှာ ရှိရှိသမျှ သစ်ပင်တွေအားလုံး သေစေနိုင်တယ်"

"ခုံညင်းဆီက ဘယ်လို အစွမ်းသတ္တိမျိုးရှိတာလဲ အဘ"

"အလွန်မာတဲ့ ညှံချောင်း တစ်ချောင်းကို ခုံညင်းဆီနဲ့ ထိလိုက်ရင် ချက်ချင်း ဖယောင်းလို ပျော့ပျောင်းသွားပြီး ပျက်စီးသွားနိုင်တယ်"

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောကမှာ ရုပ်ဝတ္ထုတွေမှန်သမျှ သံနဲ့ကင်းတဲ့ ပစ္စည်း မရှိသလောက်ပါပဲ၊ သံတိုင်တွေနဲ့ ဆောက်ထားတဲ့ အဆောက်အအုံတစ်ခုကို ခုံညင်းဆီနဲ့ထိလိုက်ရင် ဘယ်လို ဖြစ်မယ် ထင်သလဲ"

"ဖယောင်းကို မီးနဲ့ မြှိုက်လိုက်သလို အရည်ပျော်ပြီး ပြိုကျသွားနိုင်တာပေါ့"

"အေး... ဟုတ်တယ်၊ ဒီလိုပဲ သံတွေနဲ့ တည်ဆောက်ထားတဲ့ လေယာဉ်ပျံတွေ၊ မော်တော်ကားတွေ၊ မီးရထားတွေ၊ သင်္ဘောတွေ စတဲ့ ယာဉ်တွေအပါအဝင် လက်နက်ပစ္စည်းတွေ မှန်သမျှ သံတွေနဲ့ လုပ်ထားတာဆိုတော့ ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတာ စဉ်းစားသာ ကြည့်ပေတော့၊ ဒါကြောင့် နိုင်ငံခြားကလူတွေက ခုံညင်းဆီကိုရရင် ဒေါ်လာတွေ သောင်းနဲ့ သိန်းနဲ့ချီ ပေးကြတယ်၊ ဒါပေမယ့် သူတို့ကတော့ အကျိုးပြုတဲ့လုပ်ငန်းတွေမှာ အသုံးပြုကြမှာပါ"

ဟု ဦးဖန်ကောင်းက လွန်စွာ လူသိနည်းလှသော ခုံညင်းဆီ အကြောင်းကို ထိုမျှသာပင် ပြောပြသည်။

ဦးဖန်ကောင်းကတော့ လူကြီးပီပီ ခုံညင်းဆီရလျှင် အကျိုးပြုသည့် လုပ်ငန်းတွေမှာ သုံးမည်ဟု ပြောသည်။

အချို့ကတော့ ကိုယ့်အတွေးနှင့်ကိုယ် ပင်လယ်ကူး သင်္ဘောကြီးတစ်စင်း၊ ဒါမှမဟုတ် လေယာဉ်ပျံကြီးတစ်စင်းကို ခုံညင်းဆီနှင့် ထိလိုက်လျှင် အခက်ပဲဟု ကြံကြံဖန်ဖန် တွေးမိကြသည်။





"အဘ ပြောသလိုဆိုရင် တကယ်လို့ ဝံပုလွေကြီးဆီမှာ သိဒ္ဓိရှိတဲ့အမြုတေ၊ ဒါမှမဟုတ် မာန်စွယ်တစ်မျိုးမျိုး ရှိနေရင် အခက်ပဲ၊ ကျွန်တော်တို့ တိုက်လို့ နိုင်ပါ့မလား အဘ"

"ဒီအတွက်မပူပါနဲ့၊ ဘယ်လို အမြုတေပဲဖြစ်ဖြစ်၊ မာန်စွယ်ပဲဖြစ်ဖြစ် နိုင်တဲ့ လက်နက်တစ်မျိုး ငါ စီစဉ်တာ အောင်မြင်လုနီးပါပြီ"

"ဟင်... ဟုတ်လား အဘ၊ ဘာလက်နက်လဲဟင်"

"ကိုးသချိုင်းကရတဲ့ သံနဲ့လုပ်ထားတဲ့ ဓားလုံပဲ၊ လက်နက်ကတော့ လုပ်လို့ပြီးပါပြီ၊ သိဒ္ဓိတင်တဲ့အနေနဲ့ အဓိဋ္ဌာန်ဝင်နေတာ မပြည့်သေးဘူး"

"ကိုးသချိုင်းကသံနဲ့ လုပ်ထားတဲ့ ဓားလုံက ဘယ်လို စွမ်းသလဲ အဘ"

"သိဒ္ဓိရှိတဲ့ အမြုတေတွေ၊ မာန်စွယ်တွေကို နိုင်တယ်၊ ဘယ်လောက်ဓားပြီးတဲ့ လူပဲဖြစ်ဖြစ် ကိုးသချိုင်း သံနဲ့ လုပ်ထားတဲ့ ဓားနဲ့ခုတ်ရင် တိခနဲ ပြတ်ကျသွားနိုင်တယ်"

"ဟန်ကျတာပဲ... ဒီတစ်ခါ ဝံပုလွေတွေနဲ့ တွေ့တဲ့အခါ ကိုးသချိုင်းသံနဲ့ လုပ်ထားတဲ့ လက်နက်နဲ့ တိုက်ရမယ်၊ ဒါမှနိုင်မယ်"

ဟု ဝမ်းသာအားရ ပြောဆိုနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၁၃ ]

## ထူးဆန်းသော သံစားကျောက်နှင့် ကြွမ္မာခိုး

သည်နေရာတွင် ဖမုန်းထန်အကြောင်းကိုလည်း ဖော်ပြရန် ရှိပေသေးသည်။

ဖမုန်းထန်သည် တစ်ကိုယ်တော်မုဆိုးတစ်ဦးဖြစ်သည်။

သူသည် တစ်ကိုယ်တည်း တောင်တက်၍ ဆေးမြစ်၊ ဆေးဥနှင့် ကတိုးကောင်များ ရှာဖွေဖမ်းဆီးလေ့ ရှိသည်။

တစ်နေ့သ၌ စပ်ဖန္ဒယ်လုံ တောင်ကြောပေါ်တက်၍ ကတိုးလိုက်ရှာရင်းမှ နယ်ကျွံသွားပြီး ဝံပုလွေတောင် ရှိရာဘက်သို့ ရောက်သွားလေသည်။

သူသည် ဝံပုလွေတောင်၏ သတင်းကိုသာ ကြားဖူးပြီး တစ်ခေါက်မှ မရောက်ဖူးသောကြောင့် ထိုတောင်အကြောင်းကို ဂဃနဏ မသိလှပေ။





ထိုသို့ ရောက်သွားသောအခါမှ တောင်၏ ထူးခြားလှသည့် ပုံပန်းသဏ္ဌာန်ကို တွေ့ပြီး အံ့ဩနေမိလေသည်။

"ဟင်... ဝံပုလွေတောင် ဆိုတဲ့အတိုင်း တောင်ရဲ့ ပုံသဏ္ဌာန်ကလည်း ဝံပုလွေတစ်ကောင်ရဲ့ ခေါင်းပုံစံ အတိုင်း ပါပဲလား၊ ဒါကြောင့် ဝံပုလွေတောင်လို့ ခေါ်ကြတာဖြစ်မယ်၊ ဒီနေ့တော့ အချိန်လည်း မရှိတော့ဘူး၊ ဒီတောင်ထဲမှာပဲ တစ်ညဝင်နားမှ ဖြစ်မယ်"

ဟု တွေးတောကာ အထဲသို့ ဝင်ခဲ့လေသည်။

သူ ထိုဂူထဲသို့ ရောက်သွားချိန်မှာ နေဝင်ရီသရော အချိန် ဖြစ်သည်။

ရာသီဥတုက အေးလှသောကြောင့် မီးဖိုရန် ပြင်ဆင်နေစဉ် ဂူထဲမှ အဘိုးအိုတစ်ဦး ထွက်လာလေသည်။

"မင်း... ဘယ်သူလဲ"

"ကျုပ်နာမည် ဖမုန်းထန်လို့ခေါ်တယ်၊ တစ်ကိုယ်တော် သွားလာနေတဲ့ မုဆိုးတစ်ယောက်ပဲ"

အဘိုးအိုက ဖမုန်းထန်၏ သွင်ပြင် လက္ခဏာနှင့် ပြောဟန် ဆိုဟန်ကို သဘောကျသွားဟန် ရှိလေသည်။

"သူများတွေက တောထဲ တောင်ထဲသွားရင် အဖော်ပါပြီး သွားကြတယ်၊ မင်းကျမှပဲ တစ်ယောက်တည်း ဘာကြောင့် သွားလာနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လူတွေက သစ္စာရှိတာမှမဟုတ်တာ၊ ဒီလိုသစ္စာမရှိတဲ့ လူတွေနဲ့ အတူသွားတာနဲ့စာရင် တစ်ယောက်တည်းသွားတာက ပိုကောင်းမယ် ထင်လို့ပါ၊ နောက် ရွာကလူတွေကလည်း ကျုပ်နဲ့ဆိုရင် ဘယ်သူမှ အပေါင်းအသင်း မလုပ်ချင်ကြဘူး"

ဟု ပြောဆိုကာ မီးမွေးရန် ပြင်ဆင်နေလေသည်။

"ဒါဖြင့် မင်းကိုကြည့်ရတာ လူတွေကို အတော်မုန်းတီးနေပုံရတယ်၊ ဟုတ်လား"

"ကျုပ်အဖို့ကတော့ ဘယ်သူနဲ့မှ မခင်တာ အကောင်းဆုံးပါပဲ၊ တစ်ယောက်တည်း နေရတာ လွတ်လပ်ပါတယ်လေ၊ ဒါထက် ခင်ဗျားက ဘယ်သူလဲ"

"ငါလည်း မင်းလိုလူ တစ်ယောက်ပေါ့ကွာ"

"ဘယ်မှာနေတာလဲ၊ ဒီဂူထဲမှာ ဘာလုပ်နေတာလဲ"

"ငါက ဒီဂူထဲမှာပဲနေတယ်၊ မင်းလိုပဲ လူတွေကို မုန်းတီးနေတဲ့ လူတစ်ယောက်ပေါ့ကွာ၊ တကယ်ဆိုရင် မင်း ဒီဂူထဲကို ဝင်လာကတည်းက အန္တရာယ်မကင်းဘူး။ အန္တရာယ်တွင်းထဲကို ဆင်းလာတာနဲ့ အတူတူပဲ၊ ဒါပေမယ့် မင်း ငါ့စကားကို နားထောင်မယ် ဆိုရင်တော့ မင်းအတွက် ဘာမှ မဖြစ်စေရပါဘူး"

အသက်အရွယ် ကြီးရင့်လှပြီ ဖြစ်သော အဘိုးအိုတစ်ယောက်ထံမှ ထိုကဲ့သို့သော စကားမျိုး ကြားရသဖြင့် ဖမုန်းယန်က အံ့အားသင့် ဖြစ်သွားလေသည်။





"ခင်ဗျားက ကျုပ်ကို ဘာလုပ်နိုင်မှာမို့လဲ"

"ငါကတော့ မင်းကို ဘာမှမလုပ်နိုင်ပါဘူး။ ဒါပေမယ့် ငါ့သားတွေကတော့ မင်းကို မိနစ်ပိုင်းအတွင်း တစ်စစီဖြစ်အောင် လုပ်နိုင်ကြတယ်"

"ခင်ဗျားသားတွေက ဘယ်မှာလဲ"

"ဂူနံရံမှာရှိတဲ့ အပေါက်တွေထဲကို မင်းလှမ်းကြည့်လိုက်ပါလား"

ဟု ပြောသဖြင့် လှမ်းကြည့်လိုက်သောအခါ အမှောင်ရိပ်သမ်းနေသော ဂူပေါက်ဝများထဲမှာ ရဲရဲနီနေသော မျက်လုံးများကို မြင်ရလေသည်။

"ဟင်"

မှဆိုးသက် ရင့်လှပြီဖြစ်သော ဖမုန်းယန်အဖို့ ထိုမျက်လုံးများကို မြင်လိုက်ရုံနှင့်ပင် ဝံပုလွေများ၏ မျက်လုံးဖြစ်မှန်း ချက်ချင်းသိလိုက်လေသည်။

"ခင်ဗျားသားတွေဆိုတာ ဒီဝံပုလွေလား၊ ဒီသတ္တဝါတွေက ခင်ဗျား မွေးထားတာလား"

"ဆိုပါတော့ကွာ... ဒီကောင်တွေက အရိုင်းအစိုင်းတွေဆိုပေမယ့် ငါ့စကားကိုတော့ နားထောင်ကြတယ်၊ နောက်သူတို့က ဒေါသကြီးကြသလို အစားကလည်း ကြမ်းတယ်၊ လူမပြောနဲ့ တော်ရုံ သတ်ကောင်လောက် ဆိုရင်တောင် မိနစ်ပိုင်းအတွင်း အရိုးစုဘဝ ရောက်သွားတာကွ၊ သိပ်ကြောက်စရာ ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် စိတ်ကြမ်း လူကြမ်းဖြင့် သတ္တိရှိလှပါသည်ဆိုသော ဖမုန်းထန်ပင် နည်းနည်းတော့ လန့်သွားသည်။

"ကျုပ်က ဘာတွေ လုပ်ပေးရမှာလဲ"

"တခြား မဟုတ်ပါဘူးကွာ၊ မင်းနဲ့ ငါနဲ့ အပေးအယူ လုပ်ကြရုံပါပဲ"

"ဘယ်လို အပေးအယူမျိုးလဲ"

"ဝံပုလွေဂူထဲမှာ လူတွေလိုချင်တဲ့ မချစ်ဥတွေ အများကြီးရှိတယ်၊ နောက်ပြီး ခန်းတောက်မြစ်တွေလည်း ရှိတယ်၊ ဒါ့အပြင် အဖိုးတန်တဲ့ ကျောက်မျက် ရတနာတွေလည်း ရှိတယ်ကွ"

"ဟင်"

ထိုစကားများသည် လောဘကြီးနေသော ဖမုန်းထန်အတွက် မက်မောလောက်သည့် စကားများ ဖြစ်ကြလေသည်။

ဖမုန်းထန်လို လူစားမျိုးက သူ့အတွက် အကျိုးရှိသည်ဆိုလျှင် ဘာပဲလုပ်ရလုပ်ရ လုပ်မည့်သူမျိုး ဖြစ်သည်။

"ကျုပ်က ဘာလုပ်ပေးရမှာလဲ"

"တခြားတော့ မဟုတ်ဘူး၊ ဒီဂူထဲမှာရှိတဲ့ မချစ်ဥတွေ၊ ခန်းတောက်မြစ်တွေ၊ ရတနာတွေ ရှိတယ်ဆိုတဲ့ အကြောင်းကို မင်းက ရွာကလူတွေ သိအောင် ပြောပေး၊ သတင်းလွှင့်ပေးရုံပါပဲ"





"ဒီလိုသတင်းလွှင့်ပေးရင် သူတို့က ဒီဂူထဲကို လာရှာကြမှာပေါ့"

"အဲဒါကတော့ သူတို့လောဘနဲ့သူ၊ သူတို့အကြောင်းနဲ့သူပေါ့ကွာ၊ သူတို့ ဒီဂူထဲရောက်လာပြီးရင် မင်းတာဝန်ကပြီးပြီ"

"သူတို့ ဒီဂူထဲ ရောက်လာရင်တော့ ခင်ဗျားတို့က ဘာလုပ်ကြမှာလဲ"

"ငါကတော့ ဘာမှ မလုပ်ပါဘူး၊ တခြားတော့ သူ့ကံကြမ္မာနဲ့ သူပေါ့ကွာ"

"ကျုပ်က အဲဒီလိုလုပ်ပေးတော့ ဘာတွေ အကျိုးအမြတ်ရမှာလဲ"

"ဒီဂူထဲမှာရှိတဲ့ ခန်းတောက်မြစ်၊ မချစ်ဥတွေနဲ့ ရတနာပစ္စည်းတွေကို မင်းအတွက် ရမှာပေါ့ကွာ"

"ကောင်းပြီလေ၊ ခင်ဗျားပြောတဲ့အတိုင်း ကျုပ် လုပ်ပေးမယ်၊ ခင်ဗျား ကတိသာ တည်ပါစေ"

ဟု ပြောဆိုကာ ဖမုန်းထန်က ဝံပုလွေဂူထဲမှာ ဆေးမြစ်၊ ဆေးဥနဲ့ ရတနာပစ္စည်းများရှိကြောင်း သတင်းလွှင့်သည်။ တွေ့သမျှလူကို ပြောသည်။

စိတ်ဝင်စားသူများကို လမ်းညွှန်ပေးလေသည်။

ထိုသတင်းကြောင့် ကိုထွန်းခ တို့လို မအူမလည်နှင့် လောဘစိတ် ရှိသူများက ဝံပုလွေဂူသို့ အရဲစွန့်ကာ သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့လည်း ဝံပုလွေများလက်ချက်ကြောင့် သေဆုံးသွားကြသည်။

အချို့လည်း ကံအားလျော်စွာ အန္တရာယ်ဘေးမှ လွတ်ကင်းပြီး ဆေးမြစ်၊ ဆေးဥနှင့် ရတနာပစ္စည်းအချို့ ရရှိကြလေသည်။

ဘာပဲဖြစ်ဖြစ်...

ဖမုန်းထန် တစ်ယောက်ကတော့ ဝံပုလွေဂူထဲသို့ သွားပြီး မချစ်ဥရှာလိုက်၊ ရတနာပစ္စည်းရှာလိုက်ဖြင့် အဆင်ပြေနေလေသည်။

တစ်နေ့သောအခါ တမူးနယ်ဘက်မှ ကုန်သည်အဖွဲ့ တစ်ဖွဲ့ ရောက်လာသည်။

သူတို့သည် ဖမုန်းထန်နှင့်တွေ့ပြီး လမ်းပြ ငှားကြလေသည်။

"ဘယ်ဘက်ကို သွားကြမှာလဲ"

"စပ်ဖနွယ်လုံ တောင်ကြောပေါ်မှာရှိတဲ့ ဝံပုလွေဂူ ဆိုတဲ့ နေရာကို သွားချင်တယ်"

ထိုစကားကြောင့် ဖမုန်းထန်စိတ်ထဲမှာ ကြိတ်ရှုံ့မဲ့သွားလေသည်။

သို့သော် ဟန်မပျက်ပင် ပြန်မေးလိုက်သည်။

"ကျုပ်က သိပ်မအားဘူး...၊ တခြားလူတွေ ငှားလို့ မရဘူးလား"





"ဝံပုလွေဂူဘက်ကို ဘယ်သူမှ မလိုက်ချင်ကြဘူး၊ သူတို့က အဲဒီနယ်ဘက်မှာ နယ်မြေကျွမ်းတဲ့ ခင်ဗျားပဲရှိတယ်ဆိုလို့ ဒီကိုလာခဲ့ကြတာ၊ လိုက်နိုင်မလား"

အဖွဲ့ခေါင်းဆောင် ဖြစ်ဟန်ရှိသော လူက လူရွယ်တစ်ယောက်မို့ သွက်သွက်လက်လက် ရှိသည်။

သူတို့အဖွဲ့မှာ ရှစ်ယောက်ဖြစ်ပြီး အားလုံး လူငယ်လူရွယ်တွေချည်း ဖြစ်သည်။

ဖမုန်းထန်က အတန်ငယ် စဉ်းစားနေဟန်ပြုနေပြီးမှ...

"ကြိုက်ဈေးရရင်တော့ လိုက်ပေးနိုင်ပါတယ်"

ဟု ပြန်ပြောလေသည်။

"ခင်ဗျားကို ဘယ်လောက်ပေးရမလဲ၊ ဈေးညှိကြတာပေါ့"

ထိုသို့ပြောပြီး လမ်းပြခအတွက် ဈေးညှိကြရာ သင့်မြတ်ကြလေသည်။

"မသွားခင်တော့ တစ်ခု ကြိုပြောထားမယ်၊ အဲဒီဘက်တွေက အန္တရာယ်တော့ များတယ်၊ လက်နက်တွေကောင်းမှ ဖြစ်မယ်၊ ခင်ဗျားတို့မှာ ဘာလက်နက်တွေပါသလဲ"

"ဒီအတွက် စိတ်မပူနဲ့၊ သေနတ်တွေပါတယ်၊ သေနတ်မှ တစ်ချက်ချင်းပစ်တဲ့ သေနတ်မျိုးတင်မကဘူး၊ ဘရင်းဂန်းတွေရော၊ စတင်းဂန်းတွေရော၊ မောင်းပြန် သေနတ်တွေပါ ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားသောအခါ ဖမုန်းထန် စိတ်ထဲမှာ…

"အင်း… ဒီလူတွေကြည့်ရတာ ရိုးရိုးကုန်သည်တွေမှ ဟုတ်ရဲ့လား"

ဟု တွေးလိုက်မိသည်။

ဤသို့ဖြင့် နောက်တစ်ရက် နှစ်ရက်ခန့် ကြာသောအခါ ထိုအဖွဲ့ကို ဖမုန်းထန်က ဦးဆောင်လမ်းပြပြီး ခရီးထွက်သွားကြလေတော့သည်။

ဝံပုလွေတောင်မှာ ဆန်ဂေါင်ရွာမှ သွားလျှင် ခရီးသိပ်မဝေးလှသော်လည်း ဖမုန်းထန်က အန္တရာယ်ကင်းသောလမ်းမှ သွားမည်ဟု အကြောင်းပြကာ အခြားလမ်းများမှ သွားလေသည်။ တကယ်တော့ ခရီးသည်များ လမ်းမမှတ်မိစေရန် ဉပါယ်တံမျဉ်ဖြင့် ခေါ်သွားခြင်းဖြစ်၏။

ဝံပုလွေတောင် ရောက်သောအခါ မွန်းလွဲပိုင်းအချိန်ပင်ဖြစ်သည်။ သူတို့သည် ဂူအပြင်ဘက်မှာ ပါလာသော အစားအသောက်များကို ချက်ပြုတ် စားသောက်ကြပြီးနောက် ညနေပိုင်းအချိန်၌ ဂူထဲသို့ဝင်ရန် ပြင်ကြသည်။

"ဂူပေါက်ဝက ဘယ်မှာလဲ"

"ဟိုမှာ မြင်နေရတဲ့ ဝံပုလွေပါးစပ်နဲ့တူတဲ့ နေရာမှာ အပေါက်ဝ ရှိတယ်၊ အဲဒီနေရာက ဝင်ရမှာ"

"အဲဒီဂူထဲကို ခင်ဗျား ရောက်ဖူးလား"

"အရင်က တစ်ခေါက် နှစ်ခေါက်တော့ ရောက်ဖူးတယ်"





"ကျုပ်တို့ သတင်းကြားတဲ့အတိုင်း ဂူထဲမှာ ရတနာပစ္စည်းတွေ ရှိတယ်ဆိုတာ အမှန်ပဲလား"

ခေါင်းဆောင်လုပ်သူက ယေနတ်ကိုပြွင်ရင်း မေးလိုက်သည်။

"ကျုပ် ဝင်တုန်းက အထဲကို သိပ်မရောက်ခဲ့တော့ မသိဘူး၊ ဒါပေမယ့် အထဲမှာ မချစ်ဥတွေတော့ အများကြီး ရှိတယ်"

ဖမုန်းထန်က ထိုစကားကို အရေးမကြီးလှသည့်ဟန်ဖြင့် ပြောလိုက်သည်။

"ဒီစကား အမှန်ပဲလား၊ မချစ်ဥဆိုတာ ရွှေထက်ရှားပြီး ရွှေလို တန်ဖိုးရှိတာပဲ၊ တခြားရတနာ မရရင်တောင် မချစ်ဥများများရရင် ပြီးတာပါပဲ"

"ဒီလိုဆိုရင် ခင်ဗျားတို့ သွားချင်တဲ့ ဝံပုလွေတောင်ကို ရောက်ပြီဆိုတော့ ကျုပ်တာဝန်ပြီးပြီ၊ ကျုပ်ကို ပေးရမယ့် လမ်းပြခငွေကို ပေးပေတော့"

"ဒီလိုမလုပ်နဲ့လေ…၊ ခင်ဗျားတာဝန်က ကျုပ်တို့ကို-ဂူထဲရောက်အောင် လိုက်ပို့ပေးရဦးမှာ၊ မချစ်ဥတွေ ရှိတဲ့နေရာက ခင်ဗျားပဲ သိတာဆိုတော့ အထဲလိုက်ခဲ့ရဦးမှာ"

"ဒီလိုဆိုရင်တော့ ခင်ဗျားတို့ ကတိပျက်ကြတာပဲ၊ ကျုပ်ကိုပြောပြီး ငှားတုန်းက ဝံပုလွေတောင်ရောက်ရင်ပြီးပြီလို့ ပြောလို့ လိုက်ပို့ပေးတာ၊ ခင်ဗျားတို့ ကတိမတည်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့မှာ ကတိမရှိဘူး၊ ကျည်ဆန်ပဲ ရှိတယ်၊ တကယ်တော့ ကျုပ်တို့က ခင်ဗျားထင်သလို ကုန်သည်အဖွဲ့တွေလည်း မဟုတ်ဘူး၊ ဒီနယ်တစ်ဝိုက်မှာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လုပ်ရှားနေတဲ့ လူပဲ့တွေပဲ၊ ကျုပ်တို့ပြောတာကို လက်မခံရင် ခင်ဗျားအတွက် လမ်းပြခ မရဘဲ ကျည်ဆန်ပဲ ရလိမ့်မယ်"

ဟု ပြောလိုက်သဖြင့် ဖမုန်းထန်မှာ ဘာမှ မတတ်နိုင်တော့ပေ။

သို့ကြောင့်...

"ကိုင်း... ဒီလိုဆိုရင်လည်း အထဲ ဝင်ကြရအောင်၊ အထဲမှာ အခြားအန္တရာယ်တော့မရှိဘူး၊ ပင့်ကူနက်တွေတော့ ရှိတယ်၊ ဒါပေမယ့် အဲဒီပင့်ကူတွေက အနီရောင်မြင်ရင် ထွက်ပြေးကြတယ်၊ ခင်ဗျားတို့မှာ အနီရောင် များများပါတဲ့ အကျႌအဝတ်အစားတွေပါရင် လဲဝတ်ခဲ့ကြ"

ဟု ပြောသဖြင့် ထိုအဖွဲ့မှ လူများသည် ၎င်းတို့မှာ ပါလာသော အနီရောင်ပါသည့် အဝတ်အစားများကို လဲလှယ်ဝတ်ဆင်ကြလေသည်။

ထိုသို့ လဲလှယ် ဝတ်ဆင်နေသည်ကိုကြည့်ပြီး ဖမုန်းထန်က...

"တွေ့ကြပြီပေါ့ကွာ"

ဟု ကြိတ်၍ ရေရွတ်လိုက်လေသည်။





ထို့နောက်...

သူက ရှေ့ဆုံးမှ ဦးဆောင်ပြီး ဝံပုလွေဦးခေါင်းသဏ္ဍာန်ရှိသော တောင်ကြောပေါ်သို့ တက်ခဲ့ကြလေသည်။

ထိုလူစုက နောက်မှ တစ်ယောက်ပြီး တစ်ယောက် အစဉ်အတိုင်း တက်လာကြသည်။

အချိန်မှာ ညနေစောင်း ဆိုသော်လည်း တောင်စွယ်မှာ နေရောင်ခြည် ကွယ်သွားပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များ လွှမ်းလာချေပြီ။

ဂူပေါက်ထဲ ရောက်တော့ အတော်မှောင်နေပြီ။

ဖမုန်းထန်က ဝံပုလွေသားရဲတွင်းနှင့် နီးသောနေရာဘက်၌ရှိသည့် နေရာတစ်ခုသို့ ခေါ်သွားသည်။

ထိုနေရာမှာ လေးဖက်လေးတန် ကျောက်တုံးကြီးများသာရှိပြီး အတော်အတန် ကျယ်ဝန်းလေသည်။

"ဒီညတော့ အချိန်မရှိတော့ဘူး၊ ဒီနေရာမှာ ခဏနားကြမှ ဖြစ်မယ်၊ မနက် အလင်းရောင်ရတော့မှ မချစ်ဉတွေ အများကြီးရှိတဲ့ နေရာကို ပို့ပေးမယ်"

"ခင်ဗျား... မလိမ်နဲ့နော်"

"မနက်ဖြန်ရောက်လို့ ကျုပ်ပြောတဲ့အတိုင်း မမှန်ရင် တစ်ခါတည်း သတ်ပစ်လိုက်ပေါ့ဗျာ"

"ကောင်းပြီ... ဒီလိုဆိုရင် ဒီည ဒီနေရာမှာ နားကြမယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသဖြင့် နီမောင်က ကန်တော့ပွဲများ ရှေ့မှာ လက်အုပ်ချီပြီး ဦးဇန်ကောင်း တိုင်ပေးသော သစ္စာပြုချက်များကို လိုက်ဆိုရသည်။

"ကျွန်ုပ်သည် ဤလက်နက်ဖြင့် မတရားသောနည်းဖြင့် အနိုင်မယူပါ။

မတရားမှု မှန်သမျှကို ဤလက်နက်ဖြင့် ချေမှုန်း တိုက်ခိုက်ပါမည်။

တရားသဖြင့် တိုက်ခိုက်ရသော တိုက်ပွဲများတွင် ဤလက်နက်ကို အသုံးပြု၍ တိုက်ခိုက်ပါမည်။

ဤမှန်သော သစ္စာစကားကြောင့် ရန်ဟူသမျှ အောင်မြင်ပါစေသတည်း..."

ဟု သုံးကြိမ်သုံးခါ ရွတ်ဆိုပြီး ဦးဇန်ကောင်း ကမ်းပေးသော ဓားလုံကို လက်နှစ်ဖက်ဖြင့် လှမ်းယူလိုက်သည်။

ဓားလုံမှာ သံရိုး တပ်ထားသောကြောင့် သာမန်ထက် အလေးချိန်ပိုသည်။

ဖြက် ခြောက်လက်မခန့်ရှိပြီး အသွားမှာ တစ်ပေခွဲခန့် ရှည်သည်။ အသွား၏ အရောင်မှာ ငှက်ခါးရောင်ကဲ့သို့ အနက်ရောင်နှင့် အပြာရောင်၊ ခရမ်းရောင်များ သမ်းနေသည်။

ဓားသွားမှာ မြနေပြီး လုံဦးမှာလည်း ချွန်ထက်နေသည်။ ခုတ်ချလိုက်လျှင် တိခနဲပြတ်သွားပြီး ထိုးလိုက်လျှင်လည်း အိခနဲ ဝင်သွားလောက်သော လက်နက်မျိုး ဖြစ်သည်။





"ဘယ်လို အစိရင်မျိုးတွေပဲ လုပ်ထား လုပ်ထား ဒီလက်နက်နဲ့ တွေ့ရင်တော့ တိခနဲပြတ်သွားမှာပဲ၊ မင်းဆိုထားတဲ့ သစ္စာကတိသာ တည်အောင် ထိန်းပေတော့"

"စိတ်ချပါ အဘ...၊ ကျွန်တော် ပေးထားတဲ့ ကတိကို တည်အောင် ထိန်းပါ့မယ်၊ ကျွန်တော် အဘရဲ့ ကျေးဇူးကို ကန်တော့ပါရစေ"

ဟု ပြောကာ နီမောင်က ဓားလုံကို ရှေ့ချပြီး ဦးဇန်ကောင်းကို ကန်တော့လိုက်လေသည်။

အပြင်ဘက်မှာတော့ နေရောင်ခြည်က ကောင်းစွာရနေပြီ။ နီမောင့်ရင်ထဲမှာလည်း အားသစ် အလင်းရောင်များဖြင့် တက်ကြွလျက် ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၁၅ ]

## သားရဲတွင်းမှ အကျဉ်းသား

လရောင်သည် ညအမှောင်ကို ဖောက်ကာ ဆန်ဂေါင် ရွာကလေးပေါ်သို့ ဖြာကျလျက်ရှိသည်။

သို့သော်လည်း မြူနှင်းများက ဝေ့ဆိုင်းနေသောကြောင့် မှုန်မှုန်မှိုင်းမှိုင်းတော့ ရှိနေသည်။

ညဦးပိုင်းအချိန်ကျော်ရုံ ရှိသေးသည်။ ဆန်ဂေါင် တစ်ရွာလုံး တိတ်ဆိတ် ငြိမ်သက်လျက် ရှိနေသည်။

ယခင်က ထိုကဲ့သို့ လပြည့်ညဆိုလျှင် ညဦးပိုင်း တစ်ချိန်လုံး လူသံ သူသံများဖြင့် စည်ကားနေတတ်သော ရွာကလေးမှာ ယခုတော့ တစပြင်လို တိတ်ဆိတ်ငြိမ်သက် လျက် ရှိနေသည်။





ယုတ်စွအဆုံး ကြက်တွန်သံ၊ ခွေးဟောင်သံပင် မကြား ရပေ။ ခွေးရှိတဲ့လူက ခွေးကို ခြံဝင်းထဲမှာ ကြိုးချည်ထားပြီး ကြက်ရှိသူက ကြက်များကို လှောင်အိမ်ထဲသို့ ထည့်လှောင် ထားကြသည်။ တစ်ရွာလုံး မည်သည့်အိမ်မှ မီးရောင်မရှိသလို လူရိပ် လူခြည်လည်း မတွေ့ရပေ။

အကယ်၍သာ အခြားမှ ဧည့်သည်တစ်ယောက်ယောက် ရောက်လာပါက ဆန်ဂေါင်တစ်ရွာလုံး ရွာလုံးကျွတ် နေရာ ရွှေ့သွားပြီဟု ထင်စရာ ရှိပေသည်။

ထိုသို့ ရှိနေကြစဉ် သန်းခေါင်ယံ အချိန်လောက် ရောက်သောအခါ တောင်တန်းများဘက်မှ ဝံပုလွေအူသံများ ပေါ်ထွက်လာသည်။

အဝေးဆီမှ ဆွဲဆွဲငင်ငင် အူလိုက်သော ဝံပုလွေအသံ များက ကြားရသူများ၏ အသည်းနှလုံးကို လက်အေးကြီးဖြင့် ဆုပ်ကိုင်လိုက်သလို စိမ့်ခနဲ ဖြစ်သွားလောက်အောင် ကြောက် မက်ဖွယ်ရာ ကောင်းလှပေသည်။

ထိုအချိန်၌ နှင်းများကလည်း အဆုပ်လိုက်၊ အခဲလိုက် ကျလာသောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း မှုန်မှုန် မှိုင်းမှိုင်း ဖြစ်လာလေသည်။

တိတ်ဆိတ်နေသော အချိန်တွင် ပတ်ဝန်းကျင်တစ်ခုလုံး နှင်းကျသံ တဖြောက်ဖြောက် ကျသံများကသာ နေရာအနှံ့ ပေါ်ထွက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝံပုလွေ အော်သံများက နေရာအနှံ့ဆီမှ ကြားရပြီး ရွာခြေဆီသို့ နီးသထက် နီးလာချေပြီ။

သေမင်းတမန် ဝံပုလွေများ လာနေလေပြီ။

ထိုအခိုက်မှာပင်...

အထဲမှ မင်းတုံးချထားသည့် ရွာတံခါးဆီသို့ မည်းမည်း သဏ္ဍာန်တစ်ခု ချဉ်းကပ်လာနေသည်။

ထိုသဏ္ဍာန်သည် အဝတ်နက်ကြီးကို တစ်ကိုယ်လုံး ခြုံထားသောကြောင့် အဝေးမှ လှမ်းကြည့်လျှင် မကောင်းဆိုးရွား တစ်ကောင်နှင့်ပင် တူနေတော့သည်။

ထိုအချိန်မှာ အဝေးမှလာနေသော ဝံပုလွေအသံများက နီးသည်ထက် နီးလာသည်။

မှုန်ဝါးဝါး လရောင်အောက်မှာ နှင်းတောထဲ၌ လွှားခနဲ လွှားခနဲ ပြေးလာသော ဝံပုလွေ သဏ္ဍာန်များက ထင်ထင် ရှားရှား ပေါ်လာလေပြီ။ ထိုအခိုက်မှာပင် ရွာအပြင်ဘက် တစ်နေရာဆီမှ ပုစဉ်းရင်ကွဲ အော်သံကဲ့သို့ အချက်ပေးသံ တစ်သံ ပေါ်ထွက်လာသည်။

"ပြီ...ပြီ...ပြီ..."

ထိုကဲ့သို့ အသံပေါ်လာသောအခါ ရွာတံခါးနား ရောက် နေသော သဏ္ဍာန်ဆီမှ "ပြီ...ပြီ" ဟူသော အချက်ပေးသံ ပြန်ပေါ်လာပြီးနောက် တံခါးမကို ပိတ်ထားသော မင်းတုံးကို ဖြုတ်ရန် လက်လှမ်းလိုက်စဉ်...





"ဗိုး..."

"ဒုတ်..."

ဟူသော မြားပစ်သံတစ်ချက် ကြားလိုက်ရပြီး တံခါး မင်းတုံးဖွင့်ရန် ပြင်နေသည့် မည်းမည်းသဏ္ဍာန်မှာ နေရာတွင် လဲကျသွားလေတော့သည်။ ထိုအခါမှ မလှမ်းမကမ်း၌ ပုန်း အောင်းနေကြသည့် ရွာသူ၊ ရွာသားများ နေရာမှထွက်ကာ ထိုနေရာသို့ ပြေးသွားကြသည်။

အနားရောက်၍ မီးရောင်ဖြင့် ထိုးကြည့်လိုက်သောအခါ ထိုသူမှာ တစ်ကြိမ်မှ မမြင်ဖူးသော သူစိမ်းတစ်ယောက် ဖြစ်နေသည်ကို အံ့ဩစွာ တွေ့ရလေသည်။

နီမောင်စိတ်ထဲမှာ ဖမုန်းထန် ဖြစ်လိမ့်မည်ဟု တစ်ထစ်ချ တွက်ထားရာမှ ယခု မဟုတ်မှန်း သိရသောအခါ များစွာ အံ့ဩသွားလေသည်။

"မင်းဘယ်သူလဲ... ဘယ်ရွာကလဲ"

"ကျုပ်...ကျုပ် တောင်ညိုတောင်တန်းဘက်က ရွာသား တစ်ယောက်ပါ"

"ဘာကြောင့် ရွာတံခါးကို ခိုးကြောင်ခိုးဝှက် ဖွင့်တာလဲ"

"ကျုပ်ကို လူတစ်ယောက်က ငွေပေးပြီး ခိုင်းလို့ပါ"

"မင်းကို ခိုင်းတာ ဘယ်သူလဲ"

"ဖ... ဖမုန်းထန်ဆိုတဲ့ လူပါ"

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



ဒါပဲပြောနိုင်ပြီး ထိုလူမှာ ဖက်ကျိုးကျသွားတော့သည်။

ထိုစကား ကြားသောအခါမှ ရွာသူ၊ ရွာသားများမှာ ဖမ္မန်းထန်၏ ယုတ်မာပက်စက်သော အကြံအစည်ကို သိရလေတော့သည်။

ထိုအခိုက်မှာပင် ဝံပုလွေအုပ်စုများက ရွာတံခါးပေါက်နားသို့ ရောက်လာပြီး သဲကြီးမဲကြီးဖြင့် အထဲဝင်ရန် ကြိုးစားနေကြသည်။

ဝံပုလွေ အုပ်စုများနှင့်အတူ လူအချို့ ပါလာသည်ကိုလည်း လှမ်းမြင်နေရသည်။

နီမောင်၊ ဦးဗန်ကောင်း၊ ကိုအောင်နိုင်၊ ဦးထန်ဖုန်းရှိန်၊ စောထီး၊ ငမဲအောင်တို့မှာ ရွာခြံစည်းရိုး ပတ်ပတ်လည်နေရာများတွင် ရွာသားများနှင့်အတူ သူ့နေရာနှင့်သူ စောင့်ဆိုင်းနေကြသည်။ ၎င်းတို့တွင် ဓားလှံ လေးမြား လက်နက်များ အပြည့်အစုံဖြင့် တစ်ကြိမ်က ရွာသူ၊ ရွာသားများကို ဝင်ရောက်ဒုက္ခပေးသွားသော ဝံပုလွေများအား လက်စားချေရန် စိတ်အားထက်သန်လျက် ရှိနေကြသည်။

"ပြီ...ပြီ...ပြီ..."

ရွာတံခါးအပြင်ဘက်မှ အချက်ပေးသံ ပေါ်လာသည်။

နီမောင်က လေးနှင့်မြားကို ကောက်ယူပြီး အသင့်ထိုးထားသောစင်ပေါ် တက်လိုက်သည်။





ထိုအခါ ရွာဖျားဘက်ဆီမှ ခွေးဟောင်သံ သဲ့သဲ့ကို ကြားရသည်။ နီမောင် နံဘေးနားမှာ ဓားလှံက အဆင်သင့်ရှိနေသည်။

ယခင်တစ်ကြိမ်က လက်နက်များနှင့် အဆင်သင့် မရှိသောကြောင့် ဝံပုလွေများ၏ တိုက်ခိုက်မှုကို အလူးအလဲခံကြရပြီးနောက် ဘယ်သွားသွား ဘယ်လာလာ လက်နက်များကို ကိုယ်နှင့်မကွာ ဆောင်ထားလေတော့သည်။

ထိုအချိန်မှာပင် ခွေးဟောင်သံများက တစ်စတစ်စနှင့် မိမိတို့အိမ်ရှိရာ ခြံဝင်းဘက်သို့ နီးလာသည်။

သို့ကြောင့် စိတ်ထဲမှာ မသင်္ကာဖြစ်လာပြီး ဘေးနားမှာ ချထားသော လက်စွဲတော်ဓားလှံကို ယူပြီး နေရာမှ ထသည်။

အပြင်ဘက်ရောက်တော့ အအေးဓာတ်က ထွေးပတ်လာသည်။

ခြံတံခါးဝနား ရောက်သောအခါ မိမိတို့ ခြံဝင်းတံခါးအပြင်ဘက်နားမှာ ရပ်နေသော မည်းမည်းသဏ္ဌာန် တစ်ခုကို လှမ်းမြင်လိုက်ရသည်။

"ဟင်"

လရောင်က ခပ်ဝါးဝါးသာ ရှိသော်လည်း ထိုရပ်နေသော သဏ္ဌာန်ကိုမူ သဲသဲကွဲကွဲ လှမ်းမြင်နေရသည်။

သူကလည်း ရှေ့ဆက်မတိုးတော့ဘဲ ဓားလှံကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း နေရာမှာ ရပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်းမည်း သဏ္ဌာန်ကလည်း ရှေ့ဆက်တိုးမလာဘဲ ခြံဝင်းတံခါးပေါက်နှင့် မလှမ်းမကမ်းမှာ ရပ်တန့်နေမြဲ။

နီမောင်က အကဲစမ်းသည့်သဘောဖြင့် ရှေ့သို့ တစ်လှမ်း နှစ်လှမ်း တိုးသွားပြီး...

"ဘယ်သူလဲဟေ့"

ထိုသို့ မေးလိုက်ရာ သူ့အသံကြားတော့မှ မည်းမည်း သဏ္ဌာန်က ရှေ့သို့ တစ်လှမ်း နှစ်လှမ်း တိုးလာသည်။

"မင်း... ဘယ်သူလဲ"

"ကျွန်... ကျွန်မ နှင်းဖြူပါ"

"ဟင်"

နှင်းဖြူ ဆိုသော အမည်ကို ကြားလိုက်ရသောအခါ နီမောင့်စိတ်ထဲမှာ ဒေါသစိတ်က ဝုန်းခနဲ တက်လာသည်။

"မင်းတို့ ရွာကလူတွေနဲ့ ငါတို့မိသားစုကို ဘယ်လို ဒုက္ခမျိုး ထပ်ပေးမလို့ လာပြန်တာလဲ"

"ကျွန်မ ဒုက္ခပေးမလို့ လာတာမဟုတ်ပါဘူး။ အစ်ကိုကို အရေးကြီးတာ ပြောစရာရှိလို့ လာခဲ့တာပါ"

ထိုစကား ကြားသောအခါ နီမောင်က အတန်ကြာ အောင် စဉ်းစားလိုက်ပြီး ပတ်ဝန်းကျင်ကို သတိထား ကြည့် လိုက်တော့လည်း တိတ်ဆိတ်ငြိမ်သက်နေသည်ကို တွေ့ရ သဖြင့်...

"အခုလာတာ မင်းတစ်ယောက်တည်းလား"





ဟု မေးလိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်မ တစ်ယောက်တည်းပါ"

ဟု ပြန်ပြောတော့မှ တံခါးဖွင့်ပေးလိုက်သည်။

နှင်းဖြူက တံခါးပေါက်မှ ဝင်လာသည်။

အနားရောက်တော့မှ သူမသည် အဝတ်မည်းကြီး တစ်ထည်ကို ခြုံထားသောကြောင့် နှင်းစက်နှင့် ချွေးများက ရွှဲနစ်နေသည်။ သူမကို ကြည့်ရသည်မှာလည်း ခရီးဝေးမှ မရပ်မနား လာခဲ့ဟန်ဖြင့် တစ်ကိုယ်လုံး မောဟိုက် ပင်ပန်း နေလေသည်။ နီမောင် သူမကို မီးဖိုနံဘေးသို့ ခေါ်သွားသည်။

"မင်း... အခု ဘယ်ကလာတာလဲ"

"ဝံပုလွေတောင်က လာတာပါ"

"ဟင်... ဝံပုလွေတောင် ဆိုတော့ အဝေးကြီးပါလား၊ နောက် ညအချိန်မတော်ကြီး တစ်ယောက်တည်း ဘာလာ လုပ်တာလဲ"

"ကျွန်မ အရေးကြီးလို့ အရဲစွန့်ပြီး လာခဲ့တာပါ"

ထိုအခါမှ နီမောင်က အနည်းငယ် ယုံကြည်မှုရှိလာပြီး နှင်းဖြူကို မီးပုံနံဘေးသို့ ခေါ်လာလေသည်။

"တကယ်တော့ မင်း ဒီရွာကို အခုလို တစ်ယောက်တည်း မလာသင့်ဘူး၊ တလောက ဖြစ်တဲ့ကိစ္စမှာ မင်းပယောဂ မကင်းဘူးလို့ အားလုံးကထင်နေကြတယ်၊ တကယ်လို့ ရွာသား တစ်ယောက်ယောက်က မင်းကိုမြင်သွားရင် မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သိပါတယ်၊ ဒါပေမယ့် တလောက ဖြစ်တဲ့ ကိစ္စမှာ ကျွန်မ ပယောဂ မပါဘူးဆိုတာတော့ အစ်ကိုယုံပါ"

နှင်းဖြူ မျက်နှာကို ကြည့်ပြီး နီမောင်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။ သူ့စိတ်ထဲမှာ သူမ၏ အမူအရာကိုကြည့်ပြီး အမှန်ပြောနေသည်ဟုလည်း ထင်နေမိသည်။

"အစ်ကို့ကို ကျွန်မ အမှန်အတိုင်း ပြောပြပါ့မယ်၊ အဘက ကျွန်မကို ဒီရွာကို လွှတ်လိုက်တာ အခြေအနေတွေကို သိချင်လို့ စုံစမ်းဖို့ လွှတ်လိုက်တာပါ"

"ဟင်... မင်းအဘက ဘယ်သူလဲဟင်"

နီမောင်က အလောတကြီး ဝင်မေးလိုက်သည်။

"ကျွန်မ ဒီအကြောင်းတွေကို နောက်တော့ ပြောပြပေးပါ့မယ်၊ အဘက အသည်လို့လွှတ်လိုက်ပေမယ့် ကျွန်မက ဘာတစ်ခုမှ ပြန်မပြောခဲ့ပါဘူး"

"ဒါဖြင့် ရွာတံခါးကို ဖွင့်ပေးတာ ဘယ်သူလဲ"

နီမောင် မေးသောအခါ နှင်းဖြူက အတန်ကြာအောင် စဉ်းစားနေပြီးမှ...

"အဲဒီညက ရွာတံခါးကို ဖွင့်ပေးခဲ့တာ အစ်ကိုတို့ရွာက လူတစ်ယောက်ပါပဲ"

"ဟင်"

ထိုစကားကြောင့် နီမောင့် စိတ်ထဲမှာ အံ့သြခြင်းနှင့် အတူ ထိတ်လန့်တုန်လှုပ်မှု ဖြစ်သွားလေသည်။





"အဲဒီလူက ဘယ်သူလဲ"

"အဲဒါ နောက်တော့ အစ်ကို သိရပါလိမ့်မယ်၊ အခု ကျွန်မ တောထဲ တောင်ထဲမှာ ညအချိန်မတော်ကြီး တစ်ယောက်တည်း အရဲစွန့်လာတာ အစ်ကို့ကို အရေးတကြီး ပြောစရာရှိလို့ပါ"

"ဘာကိစ္စလဲ"

"တခြားတော့ မဟုတ်ဘူး၊ အခုလာမယ့် လပြည့်နေ့ ညမှာ အစ်ကိုတို့ရွာကို ဝံပုလွေတွေ နောက်တစ်ခေါက် လာတိုက်ကြလိမ့်ဦးမယ်၊ အဲဒီသတင်းကို ပြောဖို့ လာခဲ့တာပါ"

"မင်းပြောတာ သေချာရဲ့လား"

"မဟုတ်ဘဲနဲ့ ကျွန်မက ဒီလောက်ဝေးတဲ့ ခရီးကို အပင်ပန်းခံပြီး လာပြောပါ့မလား"

"သူတို့က ဒီရွာကို ခဏခဏ ဘာကြောင့် လာတိုက်ရတာလဲ"

"အစ်ကိုတို့သုံးယောက် ဝံပုလွေတောင်ဂူထဲကို ရောက်ကြတုန်းက ဝံပုလွေသုံးကောင်ကို သတ်ခဲ့ကြတယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ တို့တစ်တွေကို ရန်ရှာလို့ သတ်ခဲ့ရတာပဲ"

"အဘက ဝံပုတွေကို သတ်တဲ့လူတွေကို သူ့ရန်သူလို့ပဲ သဘောထားပြီး အမျိုးမျိုး ဒုက္ခပေးလေ့ရှိတယ် ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုတို့ရွာကို ဝံပုလွေတွေနဲ့ လာတိုက်တာပဲ၊ အခုလည်း လပြည့်နေ့ညမှာ တစ်ကျော့ပြန်လာပြီး တိုက်ကြလိမ့်ဦးမယ်၊ အဲဒါ အစ်ကိုတို့ ပြင်စရာရှိတာ ပြင်ထားဖို့ လာပြောတာပါ”

“ငါ မင်းကို အထင်လွဲမိတာ တောင်းပန်ပါတယ် နှင်းဖြူရယ်၊ အခုလို လာပြောတာကို ကျေးဇူးတင်ပါတယ်၊ ဒါထက် ခင်မြမူကို ဘယ်သူ ကယ်ထားတာလဲ၊ မင်း ကယ်ထားတာလား၊ ငါ့ဆီကို စာရေးပြီးပို့တာလည်း မင်းပဲမဟုတ်လား”

“ဟုတ်ပါတယ်၊ မမကို ကျွန်မ ကယ်ထားတာပါ၊ အစ်ကို့ဆီကို ဝံပုလွေရှင်မဆိုပြီး စာရေးပို့တာလည်း ကျွန်မပါပဲ”

“ကိုယ် မင်းကို ထပ်ပြီး တောင်းပန်ပါတယ်၊ အစက မသိလို့ အထင်လွဲမိတာတွေကိုလည်း စိတ်မကောင်း ဖြစ်ရပါတယ်၊ ဒါထက် မင်း အခုလိုလာပြောတာ မင်းအဘ သိသွားရင် ခွင့်လွှတ်မယ် မထင်ဘူး”

“အဘသိရင်တော့ ကျွန်မကို သတ်ပစ်မှာပါပဲ၊ ဒါပေမယ့် ကျွန်မ အစ်ကိုတို့အပေါ်မှာ အခုလို အကူအညီပေးရတဲ့အတွက် သေသွားရင်တောင်မှ ကျေနပ်ပါတယ်၊ ကဲ... ကျွန်မပြန်တော့မယ်၊ မိုးမလင်းခင် ဝံပုလွေတောင်ကို ပြန်ရောက်မှ ဖြစ်မယ်”

ဟု ပြောကာ နှင်းဖြူက နေရာမှထသည်။

“မင်းတစ်ယောက်တည်း ပြန်လို့ ဖြစ်ပါ့မလား၊ ကိုယ် လိုက်ပို့ပေးရမလား”

ရွှေသမင်စာပေ



နီမောင်က စိတ်ထဲမှာရှိသည့်အတိုင်း ပြောလိုက်လေသည်။

“ရပါတယ်... ကျွန်မဘာသာ ပြန်ပါ့မယ်၊ ဒါပေမယ့် အစ်ကို့ကို တစ်ခုတော့ မှာခဲ့မယ်၊ ရွာတံခါးပေါက်ကို ဂရုစိုက်ပါ၊ ရွာတံခါးကို အထဲက ဖွင့်ပေးမယ့်လူဟာ ဒီရွာက လူတစ်ယောက်ပဲ”

ဟု ပြောဆိုကာ နှင်းဖြူသည် အဝတ်မည်းကြီးကို ခေါင်းပေါ်မှာ အုပ်ခြုံပြီး နှင်းတောထဲသို့ ပြန်လည် ထွက်ခွာသွားလေတော့သည်။

ထိုအခါမှ နီမောင်မှာ နှင်းဖြူအတွက် စိတ်မကောင်း ဖြစ်ကာ ကျန်ရစ်ခဲ့လေသည်။

ထိုညက နှင်းဖြူ ပြန်သွားပြီး အိပ်မပျော်နိုင်လောက်အောင် အတွေးကောင်းစွာဖြင့် ကျန်ရစ်ခဲ့ပြီး နောက်တစ်နေ့ နံနက်လင်းသောအခါ ဦးဇန်ကောင်းဆီ အရင်သွားသည်။

ဘုရားရှိခိုးနေသော ဦးဇန်ကောင်းကို အကျိုးအကြောင်း ပြောပြခဲ့သည်။

နောက် ကိုကျော်စွာတို့ဆီ သွားပြီး ပြောပြန်သည်။

အိပ်ရာမှ မထကြသေးသော စောထီးနှင့် ငမဲအောင်တို့ကိုလည်း အိပ်ရာမှနှိုးကာ ပြောထားခဲ့သည်။

နောက်ဆုံးမှ ရွာလူကြီး ဦးထန်ဖုန်းရှိန်ဆီ သွားပြီး အကြောင်းစုံ ပြောပြလိုက်သည်။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ဦးဇန်ကောင်း၊ ကိုကျော်စွာ၊ စောထီးနှင့် ငမဲအောင်တို့ပါ ရောက်လာကြသည်။

"သူတို့က တို့ရွာကို အပြုံးတကြီးနဲ့ နောက်တစ်ခေါက် လာတိုက်ဦးမှာဆိုတော့ တို့ကလည်း အဆင်သင့် ပြင်ထားရုံ ရှိတာပေါ့ကွာ"

"ဟုတ်တယ်အဘ...၊ အရင်တစ်ခေါက် တုန်းကတော့ မမျှော်လင့်ဘဲ အလစ်ဝင်တိုက်လို့ ကျုပ်တို့တစ်တွေ အထိနာခဲ့ ရတာ၊ ဒီလိုသာ ကြိုသိလို့ကတော့ လာစမ်းပါစေ"

"ဒါထက် အဲဒီမိန်းကလေး ပြောသွားတဲ့ တို့ရွာထဲက သစ္စာဖောက်ဆိုတာ ဘယ်သူဖြစ်မလဲ"

"ဘယ်သူရှိရမလဲကွာ၊ မုန်းထန်ပဲ ဖြစ်မှာပေါ့၊ မုန်းထန် အဲဒီဝံပုလွေတောင်ဘက် ခြေကြောင်းကျနေတာ ငါရိပ်မိနေ တာ ကြာပါပြီ"

"ဒါဖြင့် ခုတလော သူ့ကို ရွာထဲမှာ တွေ့မိသေးလား"

"မတွေ့မိဘူး... တကယ် ဟုတ်ရိုးမှန်ရင် လပြည့်နေ့ မတိုင်ခင် သူ ရွာကို ပြန်ရောက်လာမှာ သေချာတယ်"

"ဘာပဲဖြစ်ဖြစ် သူ ရွာပြန်ရောက်လာရင်တော့ သတိနဲ့ စောင့်ကြည့်နေဖို့တော့ လိုလိမ့်မယ်"

"ဒါတင် ဘယ်ကမလဲ၊ တို့တစ်တွေ ပြင်ဆင်နေတာကို လည်း သူ လုံးဝမရိပ်မိဖို့လည်း အရေးကြီးတယ်၊ သူ ရိပ်မိ သွားရင် ဟိုကိုသတင်းပို့လိုက်ရင် ခက်မယ်"





"ကဲ... ဒီတော့ ဆရာ ကိုအောင်ခိုင်တို့ အဖွဲ့သား တွေကလည်း စခန်းမှာရှိတဲ့ အဖွဲ့သားတွေကို သေနတ်တွေ၊ လက်နက်တွေပေးပြီး အဆင်သင့်ပြင်ထား၊ ကျုပ်တို့ကလည်း ရွာသူ၊ ရွာသားတွေကို တစ်အိမ်တက်ဆင်း လိုက်ပြီးတော့ သတိပေးထားလိုက်မယ်"

ဟု ပြောဆို တိုင်ပင်ကြလေသည်။ ထို့နောက်...

ဦးဇန်ကောင်းက နီမောင့်ကို သူ့အိမ်၌ရှိသော ဗိုခန်းထဲ သို့ ခေါ်သွားလေသည်။

ဗိုခန်း၏ ခေါင်းရင်းဘက်၌ ကန်တော့ပွဲ သုံးပွဲတင်ထားပြီး ထိုကန်တော့ပွဲများပေါ်၌ ဓားလုံတစ်လက် တင်ထားသည်ကို လှမ်းမြင်ရသည်။ ကန်တော့ပွဲများရှေ့တွင် ဖယောင်းတိုင် ခုနစ်တိုင် မီးထွန်းထားသည်။ ထိုမီးရောင်ကြောင့် ဓားလုံ၏ အသွားမှ အရောင်တလက်လက် ထွက်နေလေသည်။

ဓားလုံ၏ အရိုးမှာ သာမန်ကဲ့သို့ သစ်သားရိုးဖြင့် တပ် ထားခြင်းမဟုတ်ဘဲ သံရိုးဖြင့် တစ်ဆက်တည်း တပ်ထားလေ သည်။

ဦးဇန်ကောင်းက ကန်တော့ပွဲများကို လက်အုပ်ချီ ဦးတိုက်ပြီး ပွဲပေါ်မှ ဓားလုံကို မ,ယူလိုက်သည်။

"ဒါ ကိုးသချိုင်းသံနဲ့ လုပ်ထားတဲ့ ဓားလုံပဲ၊ မင်းအတွက် ရည်စူးပြီး လုပ်ထားတာပဲ၊ မင်း သစ္စာဆိုပြီး ဒီလက်နက်ကို လက်ခံယူပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသဖြင့် နီမောင်က ကန်တော့ပွဲများ ရှေ့မှာ လက်အုပ်ချီပြီး ဦးဇန်ကောင်း တိုင်ပေးသော သစ္စာပြုချက်များကို လိုက်ဆိုရသည်။

“ကျွန်ုပ်သည် ဤလက်နက်ဖြင့် မတရားသောနည်းဖြင့် အနိုင်မယူပါ။

မတရားမှု မှန်သမျှကို ဤလက်နက်ဖြင့် ချေမှုန်း တိုက်ခိုက်ပါမည်။

တရားသဖြင့် တိုက်ခိုက်ရသော တိုက်ပွဲများတွင် ဤလက်နက်ကို အသုံးပြု၍ တိုက်ခိုက်ပါမည်။

ဤမှန်သော သစ္စာစကားကြောင့် ရန်ဟူသမျှ အောင်မြင်ပါစေသတည်း...”

ဟု သုံးကြိမ်သုံးခါ ရွတ်ဆိုပြီး ဦးဇန်ကောင်း ကမ်းပေးသော ဓားလွံကို လက်နှစ်ဖက်ဖြင့် လှမ်းယူလိုက်သည်။

ဓားလွံမှာ သံရိုး တပ်ထားသောကြောင့် သာမန်ထက် အလေးချိန်ပိုသည်။

ဖြက် ခြောက်လက်မခန့်ရှိပြီး အသွားမှာ တစ်ပေခွဲခန့် ရှည်သည်။ အသွား၏ အရောင်မှာ ငှက်ခါးရောင်ကဲ့သို့ အနက်ရောင်နှင့် အပြာရောင်၊ ခရမ်းရောင်များ သမ်းနေသည်။

ဓားသွားမှာ မြနေပြီး လွံဦးမှာလည်း ချွန်ထက်နေသည်။ ခုတ်ချလိုက်လျှင် တိခနဲပြတ်သွားပြီး ထိုးလိုက်လျှင်လည်း အိခနဲ ဝင်သွားလောက်သော လက်နက်မျိုး ဖြစ်သည်။





“ဘယ်လို အစီရင်မျိုးတွေပဲ လုပ်ထား လုပ်ထား ဒီလက်နက်နဲ့ တွေ့ရင်တော့ တိခနဲပြတ်သွားမှာပဲ၊ မင်းဆိုထားတဲ့ သစ္စာကတိသာ တည်အောင် ထိန်းပေတော့”

“စိတ်ချပါ အဘ...၊ ကျွန်တော် ပေးထားတဲ့ ကတိကို တည်အောင် ထိန်းပါ့မယ်၊ ကျွန်တော် အဘရဲ့ ကျေးဇူးကို ကန်တော့ပါရစေ”

ဟု ပြောကာ နီမောင်က ဓားလွံကို ရှေ့ချပြီး ဦးဇန်ကောင်းကို ကန်တော့လိုက်လေသည်။

အပြင်ဘက်မှာတော့ နေရောင်ခြည်က ကောင်းစွာရနေပြီ။ နီမောင့်ရင်ထဲမှာလည်း အားသစ် အလင်းရောင်များဖြင့် တက်ကြွလျက် ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၁၅ ]

## သားရဲတွင်းမှ အကျဉ်းသား

လရောင်သည် ညအမှောင်ကို ဖောက်ကာ ဆန်ဂေါင် ရွာကလေးပေါ်သို့ ဖြာကျလျက်ရှိသည်။

သို့သော်လည်း မြူနှင်းများက ဝေ့ဆိုင်းနေသောကြောင့် မှုန်မှုန်မှိုင်းမှိုင်းတော့ ရှိနေသည်။

ညဦးပိုင်းအချိန်ကျော်ရုံ ရှိသေးသည်။ ဆန်ဂေါင် တစ်ရွာလုံး တိတ်ဆိတ် ငြိမ်သက်လျက် ရှိနေသည်။

ယခင်က ထိုကဲ့သို့ လပြည့်ညဆိုလျှင် ညဦးပိုင်း တစ်ချိန်လုံး လူသံ သူသံများဖြင့် စည်ကားနေတတ်သော ရွာကလေးမှာ ယခုတော့ တစ်ပြင်လို တိတ်ဆိတ်ငြိမ်သက် လျက် ရှိနေသည်။





ယုတ်စွအဆုံး ကြက်တွန်သံ၊ ခွေးဟောင်သံပင် မကြား ရပေ။ ခွေးရှိတဲ့လူက ခွေးကို ခြံဝင်းထဲမှာ ကြိုးချည်ထားပြီး ကြက်ရှိသူက ကြက်များကို လှောင်အိမ်ထဲသို့ ထည့်လှောင် ထားကြသည်။ တစ်ရွာလုံး မည်သည့်အိမ်မှ မီးရောင်မရှိသလို လူရိပ် လူခြည်လည်း မတွေ့ရပေ။

အကယ်၍သာ အခြားမှ ဧည့်သည်တစ်ယောက်ယောက် ရောက်လာပါက ဆန်ဂေါင်တစ်ရွာလုံး ရွာလုံးကျွတ် နေရာ ရွှေ့သွားပြီဟု ထင်စရာ ရှိပေသည်။

ထိုသို့ ရှိနေကြစဉ် သန်းခေါင်ယံ အချိန်လောက် ရောက်သောအခါ တောင်တန်းများဘက်မှ ဝံပုလွေအူသံများ ပေါ်ထွက်လာသည်။

အဝေးဆီမှ ဆွဲဆွဲငင်ငင် အူလိုက်သော ဝံပုလွေအသံ များက ကြားရသူများ၏ အသည်းနှလုံးကို လက်အားကြီးဖြင့် ဆုပ်ကိုင်လိုက်သလို စိမ့်ခနဲ ဖြစ်သွားလောက်အောင် ကြောက် မက်ဖွယ်ရာ ကောင်းလှပေသည်။

ထိုအချိန်၌ နှင်းများကလည်း အဆုပ်လိုက်၊ အခဲလိုက် ကျလာသောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း မှုန်မှုန် မှိုင်းမှိုင်း ဖြစ်လာလေသည်။

တိတ်ဆိတ်နေသော အချိန်တွင် ပတ်ဝန်းကျင်တစ်ခုလုံး နှင်းကျသံ တဖြောက်ဖြောက် ကျသံများကသာ နေရာအနှံ့ ပေါ်ထွက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝံပုလွေ အော်သံများက နေရာအနှံ့ဆီမှ ကြားရပြီး ရွာခြေဆီသို့ နီးသထက် နီးလာချေပြီ။

သေမင်းတမန် ဝံပုလွေများ လာနေလေပြီ။

ထိုအခိုက်မှာပင်...

အထဲမှ မင်းတုံးချထားသည့် ရွာတံခါးဆီသို့ မည်းမည်း သဏ္ဌာန်တစ်ခု ချဉ်းကပ်လာနေသည်။

ထိုသဏ္ဌာန်သည် အဝတ်နက်ကြီးကို တစ်ကိုယ်လုံး ခြုံထားသောကြောင့် အဝေးမှ လှမ်းကြည့်လျှင် မကောင်းဆိုးရွား တစ်ကောင်နှင့်ပင် တူနေတော့သည်။

ထိုအချိန်မှာ အဝေးမှလာနေသော ဝံပုလွေအသံများက နီးသည်ထက် နီးလာသည်။

မှုန်ဝါးဝါး လရောင်အောက်မှာ နှင်းတောထဲ၌ လွှားခနဲ လွှားခနဲ ပြေးလာသော ဝံပုလွေ သဏ္ဌာန်များက ထင်ထင် ရှားရှား ပေါ်လာလေပြီ။ ထိုအခိုက်မှာပင် ရွာအပြင်ဘက် တစ်နေရာဆီမှ ပုစဉ်းရင်ကွဲ အော်သံကဲ့သို့ အချက်ပေးသံ တစ်သံ ပေါ်ထွက်လာသည်။

"ပြီ...ပြီ...ပြီ..."

ထိုကဲ့သို့ အသံပေါ်လာသောအခါ ရွာတံခါးနား ရောက် နေသော သဏ္ဌာန်ဆီမှ "ပြီ...ပြီ" ဟူသော အချက်ပေးသံ ပြန်ပေါ်လာပြီးနောက် တံခါးမကို ပိတ်ထားသော မင်းတုံးကို ဖြုတ်ရန် လက်လှမ်းလိုက်စဉ်...





"ဗိုး..."

"ဒုတ်..."

ဟူသော မြားပစ်သံတစ်ချက် ကြားလိုက်ရပြီး တံခါး မင်းတုံးဖွင့်ရန် ပြင်နေသည့် မည်းမည်းသဏ္ဌာန်မှာ နေရာတွင် လဲကျသွားလေတော့သည်။ ထိုအခါမှ မလှမ်းမကမ်း၌ ပုန်း အောင်းနေကြသည့် ရွာသူ၊ ရွာသားများ နေရာမှထွက်ကာ ထိုနေရာသို့ ပြေးသွားကြသည်။

အနားရောက်၍ မီးရောင်ဖြင့် ထိုးကြည့်လိုက်သောအခါ ထိုသူမှာ တစ်ကြိမ်မှ မမြင်ဖူးသော သူစိမ်းတစ်ယောက် ဖြစ်နေသည်ကို အံ့သြစွာ တွေ့ရလေသည်။

နီမောင်စိတ်ထဲမှာ ဖမုန်းထန် ဖြစ်လိမ့်မည်ဟု တစ်ထစ်ချ တွက်ထားရာမှ ယခု မဟုတ်မှန်း သိရသောအခါ များစွာ အံ့သြသွားလေသည်။

"မင်းဘယ်သူလဲ... ဘယ်ရွာကလဲ"

"ကျုပ်...ကျုပ် တောင်ညိုတောင်တန်းဘက်က ရွာသား တစ်ယောက်ပါ"

"ဘာကြောင့် ရွာတံခါးကို ခိုးကြောင်ခိုးဝှက် ဖွင့်တာလဲ"

"ကျုပ်ကို လူတစ်ယောက်က ငွေပေးပြီး ခိုင်းလို့ပါ"

"မင်းကို ခိုင်းတာ ဘယ်သူလဲ"

"ဖ... ဖမုန်းထန်ဆိုတဲ့ လူပါ"

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



ဒါပဲပြောနိုင်ပြီး ထိုလူမှာ ဖက်ကျိုးကျသွားတော့သည်။

ထိုစကား ကြားသောအခါမှ ရွာသူ၊ ရွာသားများမှာ ဖမုန်းထန်၏ ယုတ်မာပက်စက်သော အကြံအစည်ကို သိရလေတော့သည်။

ထိုအခိုက်မှာပင် ဝံပုလွေအုပ်စုများက ရွာတံခါးပေါက်နားသို့ ရောက်လာပြီး သဲကြီးမဲကြီးဖြင့် အထဲဝင်ရန် ကြိုးစားနေကြသည်။

ဝံပုလွေ အုပ်စုများနှင့်အတူ လူအချို့ ပါလာသည်ကိုလည်း လှမ်းမြင်နေရသည်။

နီမောင်၊ ဦးဇန်ကောင်း၊ ကိုအောင်နိုင်၊ ဦးထန်ဖုန်းရှိန်၊ စောထီး၊ ငမဲအောင်တို့မှာ ရွာခြံစည်းရိုး ပတ်ပတ်လည်နေရာများတွင် ရွာသားများနှင့်အတူ သူ့နေရာနှင့်သူ စောင့်ဆိုင်းနေကြသည်။ ၎င်းတို့တွင် ဓားလှံ လေးမြား လက်နက်များ အပြည့်အစုံဖြင့် တစ်ကြိမ်က ရွာသူ၊ ရွာသားများကို ဝင်ရောက်ဒုက္ခပေးသွားသော ဝံပုလွေများအား လက်စားချေရန် စိတ်အားထက်သန်လျက် ရှိနေကြသည်။

"ပြီ...ပြီ...ပြီ..."

ရွာတံခါးအပြင်ဘက်မှ အချက်ပေးသံ ပေါ်လာသည်။

နီမောင်က လေးနှင့်မြားကို ကောက်ယူပြီး အသင့်ထိုးထားသောစင်ပေါ် တက်လိုက်သည်။





ထိုနေရာမှ လှမ်းကြည့်လျှင် ရွာအပြင်သို့ ကောင်းစွာမြင်နေရသည်။

ရွာတံခါးနှင့် မလှမ်းမကမ်းမှာ မတ်တတ်ရပ်ပြီး အချက်ပေးနေသူ တစ်ယောက်ကို မြင်ရသဖြင့် မြားဖြင့် ပစ်ချလိုက်သည်။

"ပြီ...ပြီ..."

ဟုသာ ကြားလိုက်ရပြီး နောက်သို့ လဲကျသွားတော့သည်။

ထိုအချိန်မှာပင် အသင့် စောင့်ဆိုင်းနေကြသည့် ရွာသားများကို အချက်ပေးလိုက်သောအခါ စင်ပေါ်တက်လာကြပြီး ခြံစည်းရိုးနားသို့ ရောက်နေကြသည့် ဝံပုလွေများ၊ လူများကို မြားဖြင့် ပစ်ခတ်ကြလေတော့သည်။

တစ်ပြိုင်နက်တည်း ပစ်ခတ်လိုက်သောကြောင့် မြားမိုးရွာချသကဲ့သို့ ရှိလေရာ မနီးမဝေးမှာ ရောက်နေကြသည့် ဝံပုလွေများမှာ အထိနာလေတော့သည်။

ထိုအခါ အပြင်ဘက်မှလည်း မြားများဖြင့် ပြန်လည်ပစ်ခတ်ကြရာ ခြံစည်းရိုး ကာရံထားသည့် သစ်လုံးများကို တဒုတ်ဒုတ်ဖြင့် လာရောက် ထိမှန်လေသည်။

အချို့ မြားတံများမှာ အပေါ်မှ တဝီဝီဖြင့် ကျော်သွားကြသည်။

သို့စေကာမူ...



www.burmeseclassic.com

www.burmeseclassic.com



နီမောင်တို့က ခြံစည်းရိုးအတွင်းဘက် အကာအကွယ် နောက်ဘက်တွင် ရောက်နေသောကြောင့် တစ်ပန်းသာနေလေသည်။ အကာအကွယ် မရှိသော ရန်သူများသာ သူတို့မြားချက်များကြောင့် အထိနာကြလေသည်။

အချို့ဝံပုလွေများမှာ ခြံစည်းရိုးကာထားသော သစ်လုံးတိုင်များကို ကိုက်ဖဲ့ ဖျက်ဆီးကာ အထဲသို့ဝင်ရန် ကြိုးစားကြရာ အထဲမှ အဆင်သင့် စောင့်နေသော ရွာသူ၊ ရွာသားများ၏ ဓားလှံ လက်ချက်များကြောင့် သေဆုံးကြလေသည်။

နောက်ဆုံးတော့ ရန်သူများမှာ မခံနိုင်တော့ဘဲ ဝံပုလွေတောင်သို့ ပြန်ပြေးကြရလေတော့သည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်တွင် ဂူထဲသို့ ပြန်ရောက်လာကြသော ဦးရယ်တန်တို့ အဖွဲ့မှာ လူအနည်းငယ်နှင့် ဝံပုလွေ အနည်းငယ်သာ ကျန်တော့သည်။

အချို့ဝံပုလွေများမှာ ဒဏ်ရာဒဏ်ချက်များ ရထားသည်။ အချို့မှာ မြားတန်းလန်းစူးကာ ပါလာသည်။

မြားချက် ထိထားသော ဝံပုလွေအချို့မှာ မြားဆိပ်တက်နေသောကြောင့် ချက်ချင်း မသေသေးသော်လည်း မလှုပ်နိုင်တော့ပေ။

အချို့ဝံပုလွေများမှာ ဒဏ်ရာဒဏ်ချက် ပြင်းထန်စွာ ရထားသော်လည်း သူတို့နေသောဂူ ရောက်အောင် အားတင်းကာ ပြန်လာကြပြီး ဝံပုလွေတောင်ဂူထဲသို့ ပြန်ရောက်တော့မှ





စိတ်လျှော့လိုက်သည့်အလား ဗုန်းဗုန်းလဲကျကာ သေဆုံးသွားကြသည်။

"သေကုန်ပြီ... သေကုန်ပြီ... ငါ တစ်သက်လုံး မွေးထားတဲ့ ငါ့သားတွေ သေကုန်ပြီ၊ ဆန်ဂေါင်ရွာသားတွေကို ကလဲ့စား မချေရမချင်း ငါ မကျေနပ်နိုင်ဘူးဟေ့"

ဦးရယ်တန်က သွေးရူးသွေးတန်းဖြင့် အော်ဟစ်ပြောဆိုနေစဉ် ဖမုန်းထန် အနားသို့ ရောက်လာသည်။

"ဖမုန်းထန်... မင်းလွှတ်လိုက်တဲ့လူက ဘယ်လိုဖြစ်တာလဲ"

ဟု ဒေါသသံဖြင့် မေးလိုက်သည်။

"အဲဒီလူလည်း သေလောက်ပြီထင်တယ် ဆရာကြီး၊ ဘာကြောင့်လဲဆိုတော့ ရွာသားတွေက ကျုပ်တို့ လာမှာကို ကြိုသိလို့ စောင့်နေကြတဲ့ ပုံမျိုးပဲ"

"အဲဒါ ဘယ်လိုဖြစ်တာလဲ"

"ကျုပ်အထင် ပြောရရင်တော့ ဒီအစီအစဉ်တွေကို ကြိုတင်သိတဲ့ ကျုပ်တို့ အထဲက တစ်ယောက်ယောက်က သစ္စာဖောက်လို့ ဒီလိုဖြစ်ရတာပဲ"

"တို့အထဲက သစ္စာဖောက်တာ ဟုတ်လား၊ ဘယ်သူဖြစ်မလဲ"

ထိုအခါ ဖမုန်းထန်က ဦးရယ်တန်အနားသို့ ကပ်ကာ တစ်စုံတစ်ခု ပြောလိုက်ရာ ဦးရယ်တန်၏ အမူအရာမှာ



www.burmeseclassic.com

www.burmeseclassic.com



တတ်ဆီကို မီးဖြင့်တို့လိုက်သလို 'ဝုန်း'ခနဲ ဖြစ်သွားတော့သည်။

"ဟော့...နှင်းဖြူကို အခုချက်ချင်း သွားခေါ်ခဲ့စမ်း"

ဟု အမိန့်ပေးလိုက်ရာ တစ်ယောက်က ခင်မြမှ ထားရာ အခန်းထဲ ရောက်နေသော နှင်းဖြူကို ခေါ်လာသည်။

ဦးရယ်တန်၏ ဒေါသထွက်နေသောပုံစံကို မြင်လိုက်ရသောအခါ နှင်းဖြူစိတ်ထဲမှာ နည်းနည်းတော့ ထိတ်လန့်သွားလေသည်။

"နှင်းဖြူ... အမိုက်မ... နင်က ငါ တစ်သက်လုံး ကျွေးမွေး စောင့်ရှောက်လာတဲ့ ကျေးဇူးကိုမှ မထောက်ဘဲ ငါ့ကျေးဇူးတွေကို ချေဖျက် ပစ်လိုက်တာပေါ့လေ ဟုတ်လား"

ဦးရယ်တန်အသံမှာ ဝံပုလွေတစ်ကောင်၏ မာန်ဖီသံကဲ့သို့ ဂူထဲမှာ ဟိန်းထွက်နေသည်။

"ကျွန်မ ဘာလုပ်မိလို့လဲ"

"နှင့်အပြစ်ကို နင်မသိဘူးလား၊ နင် ဟိုတစ်ညက ည အချိန်မတော် တစ်ယောက်တည်း ဆန်ဂေါင်ရွာကို ဘာသွားလုပ်တာလဲ၊ ငါ့ကို မှန်မှန်ပြောစမ်း"

"ကိစ္စရှိလို့ သွားတာပါ"

"နင့်ကိစ္စက ဘာလဲ၊ ဒီကသတင်းတွေကို ဟိုက ရွာသားတွေကို အကြောင်းကြားဖို့ သွားတာ မဟုတ်လား၊ မှန်မှန်ပြောစမ်း အမိုက်မ"





နှင်းဖြူက ဦးရယ်တန် နံဘေးမှာ ရပ်နေသော ဇမုန်းထန်ကို တစ်ချက် လှမ်းကြည့်လိုက်တော့ ဇမုန်းထန်က မသိဟန်ဆောင်နေသည်။

"ဟဲ့...ပြောလေ"

"ဟုတ်တယ်"

နှင်းဖြူက စိတ်ကို ယတိပြတ် ဆုံးဖြတ်ချက် ချလိုက်ပြီး အမှန်အတိုင်း ပြောလိုက်သည်။

"ဟင်"

ထိုစကားကြောင့် ဦးရယ်တန်၏ အဖြူရောင် မျက်လုံးများမှာ ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် ရှေ့သို့ပြူးထွက်လာသည်။

"ဟုတ်တယ်၊ အဘလုပ်နေတာတွေ မတရားလို့ ကျွန်မ အကြောင်းကြားခဲ့တာ၊ အရင်တစ်ခါတုန်းကလည်း အဘတို့ကြောင့် အပြစ်မရှိတဲ့ ရွာသူ၊ ရွာသား အတော်များများ သေခဲ့ရတယ်၊ အခုတစ်ကြိမ်လည်း ထပ်သေရဦးမယ် ဆိုရင်တော့ အဘ လုံးဝမတရားဘူး"

"အမိုက်မ တစ်ခါတည်းသား သေပေတော့"

ဟု ပြောကာ နံဘေးမှာရှိသောဓားကို ကောက်ကိုင်ပြီး နှင်းဖြူကို ပိုင်းခုတ်မည်ပြုရာ ဇမုန်းထန်က ဆွဲထားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"လွန်မယ် ဆရာကြီး... လွန်မယ်၊ သူ့ကို နောက်မှ အပြစ်ပေးရင် ရပါတယ်၊ အခု ရွာသားတွေ လိုက်မလာခင် စီစဉ်စရာရှိတာတွေ အရင်စီစဉ်ထားရင် ကောင်းမယ်"

ဟု တားလိုက်မှ ဓားကို ပြန်ချလိုက်သည်။

"နေနှင့်ဦးပေါ့... ကိစ္စတွေပြီးတော့မှ နင့်ကို ငါ့သားတွေအတွက် ဝံပုလွေသားရဲတွင်းထဲချပြီး အစာ ကျွေးပစ်မယ်၊ ဟေ့... သူ့ကို ဂူထဲမှာ ဖမ်းထားလိုက်ကြ"

ဟု အမိန့်ပေးလိုက်ရာ ဝံပုလွေမျက်နှာနှင့် တူသော လူသားများက နှင်းဖြူကို တစ်ဖက်တစ်ချက်စီ ဆုပ်ကိုင်ပြီး ဆွဲခေါ်သွားကြလေတော့သည်။





အခန်း [ ၁၆ ]

## မစ္ဆရိယာနိဂုံး

နှင်းဖြူကို ခင်မြမှူထားသော ကျောက်ဂူအခန်းထဲမှာပင် အတူထည့်ထားပြီး အခန်းပေါက်ဝမှ ကျောက်တုံးဖြင့် ပိတ်ထားသည်။ ထို့ပြင်...

ဝံပုလွေ လူသားနှစ်ယောက်ကလည်း စောင့်နေကြသည်။ နှင်းဖြူ အခန်းထဲသို့ ရောက်လာတော့ ခင်မြမှူက အံ့ဩနေလေသည်။

"ဘယ်လိုဖြစ်ရတာလဲ ညီမရယ်"

ဟု မေးသဖြင့် နှင်းဖြူက အကြောင်းစုံ ပြောပြလိုက်သည်။

"ငါ့ညီမကို အစ်မ စောစောပိုင်းက အထင်လွဲမိတာ ခွင့်လွှတ်ပါကွယ်၊ အခုလို တွေ့မြင်ရတာ စိတ်မကောင်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအတွက် ဘာမှစိတ်မကောင်းဖြစ်မနေနဲ့ အစ်မ၊ ကျွန်မက မမ အန္တရာယ်ဖြစ်မှာကို စိုးရိမ်နေတာ"

"ကံတရားပေါ့ ညီမလေးရယ်. . .၊ လူတစ်ယောက်ရဲ့ ဘဝကံကြမ္မာကို ဘယ်သူမှ ကြိုတင်ခန့်မှန်းလို့ မရနိုင်ပါဘူး၊ ဒီဘဝမှာ ဒီကံအကြောင်းတရားနဲ့ သေရမယ့်လူဟာ ဘယ်လိုမှ ရှောင်လို့ မလွတ်နိုင်ပါဘူး၊ ကံအကြောင်း မပါသေးရင်လည်း ကယ်မယ့်သူ တွေ့လာရမှာပါ"

ဟု နှစ်သိမ့်စကား ပြောလေသည်။

"ဒါပေမယ့် စိတ်မပူပါနဲ့၊ အစ်ကိုတို့ကလည်း အစ်မ ဒီဂူထဲမှာ ရှိနေပြီဆိုတာ ကျွန်မ ပြောပြထားလို့ သိနေကြပြီ ဆိုတော့ မကြာခင် ရောက်လာကြမယ် ထင်တယ်"

ဟု တစ်ယောက်နှင့် တစ်ယောက် ပြောဆို အားပေးနေကြသည်။ ခင်မြမူနှင့် နှင်းဖြူတို့နှစ်ယောက် ဝံပုလွေဂူထဲမှာ ဒုက္ခရောက်နေကြစဉ် နီမောင်တို့ တစ်တွေမှာလည်း ဝံပုလွေဂူသို့ လိုက်ကြရန် ပြင်ဆင်နေကြလေပြီ။

ကိုအောင်နိုင်က သစ်တောဝန်ထောက် ကိုဘဖုန်နှင့် ပူတာအို ဂတ်တဲမှ ဦးထင်ကျော်တို့ထံ အကြောင်းကြားသော အခါ ဦးထင်ကျော်က ၎င်း၏ ပုလိပ်အဖွဲ့သားများနှင့် လိုက်လာပြီး သစ်တောရုံးမှလည်း လက်နက်ကိုင် အစောင့်လိုက် တပ်ဖွဲ့များအား စေလွှတ်ပေးလိုက်သဖြင့် လက်နက်အင်အား ရော လူအင်အားပါ တောင့်တင်းသွားလေတော့သည်။





နီမောင် ကိုယ်တိုင်ကပင် ဦးဇန်ကောင်း ပြုလုပ်ပေးသော ဓားလှံလက်နက်အပြင် လေးနှင့် မြားဘူးကို ယူလာခဲ့သည်။

သူတို့တစ်တွေသည် လက်နက်အင်အား၊ လူအင်အား ပြည့်စုံသောအခါ သန်းခေါင်ယံ ကျော်ကျော်လောက်တွင် ဆန်ဂေါင်ရွာမှ စထွက်ကြလေသည်။

ထိုအဖွဲ့ထဲမှ အတက်ကြွဆုံးမှာ ကိုအောင်နိုင် ဖြစ်နေ လေသည်။ သူသည် ပြောင်းရှည်သေနတ်ကို ထမ်းကာ ရှေ့ဆုံးမှ တက်တက်ကြွကြွ သွားနေသည်ကို မြင်သောအခါ ဦးထင်ကျော်က. . .

"ကိုအောင်နိုင် ခင်ဗျားကြည့်ရတာ ဒီကနေ့ အရမ်း တက်ကြွနေပါလား၊ ပုံစံကလည်း မုဆိုးကြီး အလန်ကွာတာမိန်း အမဲပစ် ထွက်လာတဲ့ အတိုင်းပါလား"

ဟု ပြောသည်။

"ဒီဝံပုလွေတွေဟာ လူတွေရော တိရစ္ဆာန်တွေကိုပါ အတော် ဒုက္ခပေးနေတာဗျ၊ သစ်တောဝန်ထမ်းတွေ ဆိုရင် လည်း အဲဒီဘက်ကို မသွားဝံ့အောင် ဖြစ်နေတာဗျ၊ ဒီလောက် အန္တရာယ်များတဲ့ သတ္တဝါတွေ မရှိမှအေးမှာ. . ."

ဟု ပြန်ပြောလေသည်။

ထိုအခါ တောအုပ်ကြီး ဦးမွန်ထော်က. . .

"မင်း. . . ဝံပုလွေတွေကို သတ်ချင်တာ တခြား အကြောင်းတွေလည်း ပါလိမ့်ဦးမယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကွမ်းတမြုံ့မြုံ့ဖြင့် ပြောလိုက်ရာ ကိုအောင်နိုင်က ဘာမှပြန်မပြောဘဲ ပြုံးရုံသာ ပြုံးနေလေသည်။

နီမောင်ကတော့ ထိုစကားများကို မကြားဟန်ပြုကာ ရှေ့မှ ခပ်သွက်သွက် လျှောက်နေလေရာ သူ့ဘေးသို့ ရောက်လာသော စောထီးက...

"နီမောင်"

ဟု ခေါ်လိုက်သည်။

"ဘာလဲ"

"မင်းပြောတော့ ဝံပုလွေတွေက အနီရောင် မကြိုက်ဘူးဆို၊ အနီရောင် တွေ့ရင် သဲကြီးမဲကြီး ဝိုင်းကိုက်ကြတယ်ဆို"

"အေး... ဟုတ်တယ်"

"ဒါဖြင့် မင်း ဘာကြောင့် အနီရောင်ပါတဲ့ အဝတ်အစားတွေကို ဝတ်လာရတာလဲ"

"တမင် ဝတ်လာတာ"

"ဘာကြောင့်လဲဟ..."

"ငါက အရင်တစ်ပတ်က သေနတ်နဲ့ပစ်လို့ မထိတဲ့ အကြီးဆုံး ဝံပုလွေကြီးကို တိုက်ချင်တာ၊ ဒါကြောင့် မြင်တာနဲ့ ငါ့ဆီလာအောင် အနီရောင်ပါတဲ့ အဝတ်အစားတွေ ဝတ်လာရုံမကဘူး ဟောဒီမှာ နဖူးမှာစည်းဖို့ အနီရောင် ပဝါတောင် ပါလာသေးတယ်"





ဟု ပြောကာ အိတ်ထဲမှာ ထည့်ယူလာသော ပဝါကို ထုတ်ယူပြီး နဖူးမှာ ပတ်စည်းလိုက်သည်။

"အဲဒီ ဝံပုလွေကြီးက သေနတ်နဲ့ ပစ်တာတောင် ကျည်ဆန် မထိဘူးဆိုတော့ မင်းမှာပါတဲ့ လက်နက်လောက်နဲ့ နိုင်ပါ့မလား"

"စိတ်မပူနဲ့... တိုက်ပွဲတစ်ခုဆိုတာ လျင်မြန် ဖျတ်လတ်မှုနဲ့ အခွင့်အရေးကို အသုံးချတတ်တဲ့လူက အနိုင်ရတာပဲ၊ ငါ အဘ ဦးဗန်ကောင်းရဲ့ ပညာကို အကြွင်းမဲ့ယုံကြည်တယ်၊ ငါယူလာတဲ့ လက်နက်နဲ့ ဒီပွဲမှာ တို့တစ်တွေ အောင်ပွဲခံနိုင်မှာပါ"

ဟု တက်ကြွစွာ ပြောလိုက်လေသည်။

သန်းခေါင်ယံ အချိန်လောက်ကတည်းက ခရီးထွက်ခဲ့ကြသည့် သူတို့တစ်တွေမှာ နောက်တစ်နေ့ နံနက်လင်းသော အချိန်တွင် ဝံပုလွေတောင်သို့ လှမ်းမြင်ရသည့် နေရာသို့ ရောက်ကြသောအခါ အရိပ်အာဝါသ ကောင်းသော တောင်ကုန်းတစ်ခုပေါ်မှာ ခေတ္တနားကြရင်း ပါလာသော အစားအသောက်များကို စားသောက်ကြသည်။

ထိုအခိုက်မှာပင် ဦးဗန်ကောင်းက လိုအပ်သော အစီအစဉ်များကို ပြောပြလေသည်။

"ရန်သူတွေဟာ ကျုပ်တို့ နောက်က လိုက်လာမယ်ဆိုတာ ကျိန်းသေ တွက်ထားကြမှာပဲ၊ ဒါကြောင့် ပြင်စရာရှိတာတွေ ပြင်ဆင်ထားကြမှာ သေချာတယ်၊ အရေးကြီးဆုံးက ကျုပ်တို့တစ်တွေ ယောင်ချောက်ထဲကို မဝင်မိကြဖို့ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ချက်က ဝံပုလွေဆိုတာ တောခွေး အမျိုး အနွယ်တွေဆိုတော့ သူတို့ရဲ့ ကျင်ငယ်ရည် မျက်စိထဲ အဝင်မခံရအောင် သတိထားကြပါ"

"ဝံပုလွေဆိုတာ အကောင်သေးသေးပဲ၊ သူတို့ရဲ့ ကျင်ငယ်ရည်က မျက်လုံးထဲကို ဘယ်လို ရောက်နိုင်မှာလဲ"

တောအတွေ့အကြုံ သိပ်မရှိသော ဦးထင်ကျော်က မေးလိုက်သည်။

"လူမပြောနဲ့ တောရဲ့ဘုရင် ဆင်တို့၊ ကျားတို့တောင် မြေခွေး၊ တောခွေး၊ ခွေးအ၊ ဝံပုလွေတွေရဲ့ ကျင်ငယ်ရည် မျက်လုံးထဲဝင်ရင် မခံနိုင်ဘူး"

"ဘယ်လိုရောက်အောင် ပန်းတာလဲ"

"သူတို့က ဆင်လိုမြင့်တဲ့ သတ္တဝါဆိုရင် တောင်ကုန်း ဒါမှမဟုတ် သစ်ပင်ပေါ်က တက်စောင့်နေလေ့ ရှိတယ်၊ အနားရောက်လာတော့မှ အမြီးကို ကျင်ငယ်ရေ ဆွတ်ပြီး ခါလိုက်တာပဲ၊ အဲဒီအချိန်မှာ အောက်ရောက်နေတဲ့ တိရစ္ဆာန်က မော့အကြည့်နဲ့ ဆိုတော့ မျက်လုံးထဲ ကျင်ငယ်ရည် ဝင်သွားပြီး ကန်းတာပဲ၊ သူတို့ ကျင်ငယ်ရည်က အနံ့ကလည်းပြင်း၊ ပူကလည်းပူတော့ မျက်လုံးထဲဝင်ရင် ပြန်ဖွင့်မရအောင်ဖြစ်ပြီး ချာလည်လည်နေတော့တာပဲ၊ အဲဒီအချိန်ရောက်မှ အုပ်စုလိုက် ဝိုင်းကိုက်ပြီး သတ်စားတာပဲ"

"အတော် ကြောက်စရာကောင်းတဲ့ သတ္တဝါတွေပါလား"





"ဒါကြောင့် သူတို့နဲ့ တိုက်တဲ့အခါမှာ အနားကပ်မခံဘဲ သတိနဲ့သာ တိုက်ကြပေတော့"

"ကောင်းပါပြီ"

"ဝံပုလွေဂူထဲမှာ နောက်ထပ် အန္တရာယ်တစ်ခု ရှိသေးတယ်"

"ဘာများပါလိမ့်"

"ဝံပုလွေဂူရဲ့ အပေါက်တွေထဲမှာ ကြောက်စရာကောင်းတဲ့ ပင့်ကူနက်တွေရှိတယ်၊ အဲဒီပင့်ကူနက်ရဲ့ အဆိပ်ရည်တွေက ထိလိုက်တာနဲ့ အသားထဲစိမ့်ဝင်ပြီး သေစေနိုင်တယ်၊ ဒီတော့ ရွာမှာတုန်းက ကြိုတင်ပေးထားတဲ့ မရှော်ရွက်တွေကို အဆင်သင့် ဆောင်ထားပါ၊ အဆိပ်ရည် ထိတဲ့နေရာကို မရှော်ရွက်အရည် ချက်ချင်းသုတ်လိမ်းဖို့ မမေ့ပါနဲ့"

"စိတ်ချပါ"

"ပင့်ကူဆိုတာ မီးကြောက်တဲ့ သတ္တဝါဆိုတော့ သူတို့နဲ့ တွေ့တာနဲ့ မီးကွင်းတွေ၊ မီးတုတ်တွေနဲ့ ကာကွယ်ကြပါ"

ဟု မှာကြားပြီးနောက် စားသောက်ပြီးသည်နှင့် ဝံပုလွေတောင်သို့ ခရီးဆက်ကြလေသည်။

ဝံပုလွေတောင် အနီးသို့ ရောက်သောအခါ ဦးဗန်ကောင်းက...

"နို့မောင် တက်ရိုးတက်စဉ် လမ်းကမတက်ဘဲ ဘယ်လမ်းက တက်လို့ရသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။

"ဝံပုလွေ ဦးခေါင်းနဲ့တူတဲ့ အပေါ်ဘက်မှာ အောက်ကို ဆင်းလို့ရတဲ့ အပေါက်ကြီး တစ်ပေါက် ရှိသေးတယ်၊ အဲဒီ အပေါက်ကနေ ဂူထဲကို ဝင်လို့ရတယ်"

"ဒီလိုလုပ်ကြမယ်၊ သေနတ်ရှိတဲ့လူတွေက ဂူအဝဘက်က ဝင်ကြမယ်၊ တို့တစ်တွေက အပေါ်ပေါက်ကနေ ကြိုးတွေနဲ့ ဆင်းကြမယ်၊ မကောင်းဘူးလား"

"ကောင်းတယ်... အဘ"

ဟု ပြောဆိုကာ သေနတ်ရှိသော ကိုအောင်နိုင်တို့အဖွဲ့နှင့် ဦးထင်ကျော်တို့အဖွဲ့က အရှေ့ဘက်သို့ ဆက်တက်သွားပြီး နီမောင်တို့က ဘေးဘက်မှ အပေါ်သို့ တက်ကြလေသည်။

အပေါ်ဘက် ရောက်တော့ အပေါက်ကြီးကို လှမ်းမြင်ရသည်။

ထိုအပေါက်ကြီးမှ အောက်ဘက်သို့ လှမ်းကြည့်လိုက်တော့ စမ်းချောင်းလေးကို အတိုင်းသား လှမ်းမြင်ရသည်။

အပေါ်မှ လှမ်းကြည့်တော့ အောက်ဘက်မှာ လှုပ်ရှားမှု တစ်စုံတစ်ရာ မတွေ့ရသောကြောင့် ကြိုးဖြင့် နီမောင် အရင်ဆင်းသွားသည်။

စမ်းချောင်းဘေးသို့ ရောက်သည့်တိုင် သက်ရှိသတ္တဝါဟူ၍ တစ်ကောင်တလေမှ မတွေ့ရဘဲ ဂူကြီးတစ်ဂူလုံး တိတ်ဆိတ် ငြိမ်သက်လျက် ရှိနေသည်။





သို့ကြောင့်...

အပေါ်မှ မိမိအဖွဲ့သားများကို အချက်ပြလိုက်တော့ အပေါ်မှ တစ်ယောက်ပြီး တစ်ယောက် အောက်ဆင်းလာကြသည်။

"ဝုစ်...ဝုစ်...ဝုစ်..."

သူတို့ အောက်ရောက်သည်နှင့် ဘယ်နေရာက ထွက်လာမှန်း မသိရသော မြားတံများ ထွက်လာသောကြောင့် ကျောက်တုံးများကြားသို့ အလျင်အမြန် ပြေးဝင်ကြရသည်။

ဒါတောင် တစ်ယောက်၊ နှစ်ယောက် မြားထိပြီး လဲကျသွားကြလေသည်။

နီမောင်တို့လည်း ဒဏ်ရာရသူများအား ကျောက်တုံးအကွယ်သို့ ဆွဲယူကာ ဒဏ်ရာများကို မရှေ့ရွက်များဖြင့် အလျင်အမြန် ကုသပေးရသည်။

ဒါတောင်မှ ဒဏ်ရာများမှာ ချက်ချင်းဆိုသလို ညိုမည်းတက်လာလေသည်။

သို့သော်...

အချိန်မီ ဆေးကုပေးနိုင်သဖြင့် အသက် မသေသော်လည်း မလှုပ်နိုင်ကြတော့ပေ။

နီမောင် လှမ်းကြည့်လိုက်တော့ အပေါ်ဘက်ရှိ ကျောက်ဝမှား၌ လူရိပ်လူခြည် အချို့ကို လှမ်းမြင်ရသဖြင့် မိမိအဖွဲ့သားများကို လက်ဖြင့် အချက်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်အတိုင်းတော့ဖြင့် သူတို့ အပေါ်သို့ ဆက်တက်လို့ မရသေးပေ။ သို့ကြောင့် အခြေအနေကို စောင့်ကြည့်နေကြစဉ် ဂူပေါက်ဝ အချို့တွင် ပိတ်ထားသော ကျောက်တုံးကြီးများ လိမ့်ကျလာပြီး ထိုဂူပေါက်ဝများထဲမှ ဆေးအမည်းရည်များ သွန်ချလိုက်သလို မည်းမည်းသတ္တဝါများ ထွက်လာလေတော့သည်။

"ပင့်ကူနက်တွေ ထွက်လာပြီ၊ မီးတုတ်တွေကို အဆင်သင့် လုပ်ထားကြပေတော့"

ဟု နီမောင်က သတိပေးလိုက်တော့မှ ကျန်လူများက မီးတုတ်၊ မီးကွင်းများကို မီးရှို့လိုက်ကြရာ ဂူတစ်ဂူလုံး မီးနီးငွေ့များဖြင့် မည်းမှောင် သွားလေတော့သည်။

မီးခိုးငွေ့များက တစ်နေရာနှင့် တစ်နေရာကို လှမ်းမမြင် ရလောက်အောင် ဖုံးလွှမ်းသွားလေတော့သည်။

ထိုအခွင့်ကောင်းကိုယူကာ နီမောင်တို့ အပေါ်ဆင့် ရောက်အောင် အလျင်အမြန် ပြေးတက်ကြသည်။

အပေါ်ဆင့်သို့ ရောက်သွားတော့ ရန်သူများ၏ မြားချက် များ လွတ်သွားသော်လည်း ဂူကြမ်းပြင်၏ နေရာအနှံ့အပြားမှာ တော့ ပင့်ကူနက်များက ပြည့်နေလေပြီ။

သို့ကြောင့်... မီးတုတ်များကို ဝှေ့ယမ်းကြရသည်။

ပင့်ကူများသည် မီးတောက်များကို မြင်သောအခါ လွတ်အောင် ရှောင်ပြေးကြသော်လည်း အကောင်အရေ





အတွက် များသောကြောင့် အကောင် အတော်များများမှာ မီးလောင်ခံထားရသောကြောင့် ဂူထဲမှာ ညှော်နံ့များ လှိုင်နေ တော့သည်။

အချို့ မလွတ်နိုင်သော ပင့်ကူနက်များမှာ လူများရှိရာ သို့ အတင်းဝင်လာပြီး ကိုက်ခဲကာ အဆိပ်ရည်များ ညှစ်ချ ကြလေသည်။ အဖြူရောင် အဆိပ်ရည်များမှာ လူအသားနှင့် ထိလိုက်သည်နှင့် မီးလောင်ခံရသော ဒဏ်ရာကဲ့သို့ ညိုမည်း သွားလေတော့သည်။ နီမောင်တို့တစ်တွေမှာ ပင့်ကူနက်များ ရန်မှ လွတ်ကင်းအောင် သုတ်သင်ဖယ်ရှားရင်း ဆက်သွား ကြရာ အတော်များများမှာ သားရဲတွင်းရှိရာသို့ ရောက်သွား ကြသည်။

အချို့ကတော့ ပင့်ကူနက်များ၏ အဆိပ်ဒဏ်ကြောင့် နေရာမှာတင် လဲကျန်နေခဲ့သည်။

သားရဲတွင်းသို့ ရောက်သည်နှင့် ဂူပေါက်များထဲမှ ဝံပုလွေများ ပြေးထွက်လာပြီး တရကြမ်း ဝင်ရောက် တိုက်ခိုက် ကြသဖြင့် အဖွဲ့သားများကလည်း ယူဆောင်လာသော လက်နက်များဖြင့် တက်ညီလက်ညီ ပြန်လည် တိုက်ခိုက်ကြ လေရာ ဂူတစ်ခုလုံး ငရဲပွက်သံအလား ဆူညံနေတော့သည်။ ဝံပုလွေများ၏ မာန်ဖီသံ...

ကိုက်ခဲသံ...

ဓားလှံ လက်နက်တို့၏ ထိခတ်သံ...



www.burmeseclassic.com

www.burmeseclassic.com



နာကျည်းစွာ အော်ဟစ်သံ၊ ညည်းညူသံ . . .

တစ်ယောက်နှင့် တစ်ယောက် သတိပေးသံ၊ အားပေးသံများတို့မှာ ဂူတစ်ခုလုံး ဆူညံလျက် ရှိနေတော့သည်။

ထိုအခိုက်မှာပင် ဝံပုလွေ ဂူပေါက်ဝဘက်မှ ဆူညံသော သေနတ်သံများ ပေါ်ထွက်လာသည်။

အပြင်ဘက်မှ ပန်းတက်လာသော အဖွဲ့များ ဂူထဲသို့ ဝင်လာကြဟန် ရှိသည်။

ထိုအသံများကို ကြားလိုက်ရသဖြင့် ဂူထဲမှ အဖွဲ့သားများမှာ အားတက်လာပြီး တရကြမ်းတိုက်ခိုက်ကြရာ ဝံပုလွေများမှာ တစ်ကောင်ပြီးတစ်ကောင် သေဆုံးသွားလေသည်။

နီမောင် ကိုင်ထားသော ဓားလှံကြီးမှာ တစ်ချက်ထိုးလိုက်သည်နှင့် လှံဖျားမှာ ကားခနဲပါလာပြီး တစ်ချက်ခုတ်လိုက်သည်နှင့် တိခနဲ ပြတ်ကျသွားလေသည်။

နီမောင်သည် ဝံပုလွေ အတော်များများကို သုတ်သင်ရှင်းလင်းပြီး ခင်မြမှ ရှိနိုင်မည်ထင်သော နေရာများကို လိုက်လံ ရှာဖွေနေစဉ် တစ်နေရာ ရောက်သောအခါ သူ့ရှေ့ဘက်မှ လူတစ်ယောက် ထွက်လာပြီး ပိတ်ရပ်နေသည်။

မီးခိုးငွေ့များကြောင့် လူလုံး သိပ်မကွဲလှသော်လည်း အရပ်အမောင်းနှင့် ကိုယ်လုံးကိုယ်ထည်ကို ကြည့်ရုံနှင့် ဖမုန်းထန်မှန်း သိလိုက်သည်။

သို့ကြောင့် . . .





စိတ်ထဲမှာ ဒေါသစိတ်များ ချက်ချင်းတက်လာသည်။

"အသားထဲက လောက်ထွက်တဲ့ သစ္စာဖောက်"

ဟု ရေရွတ်ကာ ရှေ့သို့ ပြေးတက်သွားသည်။

ဖမုန်းထန် လက်ထဲမှာလည်း အရှယ်အစား ကြီးမားလှသည့် ဓားလှံကြီးတစ်ချောင်း ပါလာသည်။

သူကလည်း နီမောင်ဆီသို့ ပြေးဝင်လာသည်။

လူချင်း မတွေ့ရခင်မှာ ဓားလှံချင်း ထိခတ်သံများက ကြောက်မက်ဖွယ်ရာ ပေါ်ထွက်လာသည်။

သံ သံချင်း ထိခတ်သံ၊ ပွတ်ကြိတ်သံတို့မှာ ဆူညံနေတော့သည်။

ဒေါသစိတ်၊ အာဃာတစိတ်တို့ကြောင့် တစ်ဦးနှင့်တစ်ဦး အကြိတ်အနယ် တိုက်ခိုက်ကြသည်။

ဖမုန်းထန်က အရပ်အမောင်းနှင့် ခွန်အားဗလ သာသလို နီမောင်က တိုက်ရည် ခိုက်ရည်နှင့် လျင်မြန် ဖျတ်လတ်မှု သာလေသည်။

ဖမုန်းထန် ကိုင်သော ဓားလှံကြီးက သံကောင်းများဖြင့် ပြုလုပ်ထားသောကြောင့် ကြံ့ခိုင်မှု ကောင်းလှသလို နီမောင်ကိုင်သော ဓားလှံကလည်း အစွမ်းထက်လှသည်။

ဓားသွားချင်း၊ သံ သံချင်း ထိခတ်မိသည်နှင့် ဖမုန်းထန်ဓားလှံ၏ ဓားသွားများမှာ အဖျားကျိုးထွက်သွားသလို တန်ချက်ပျက်သွားသော နီမောင်မှာလည်း ကျောက်တုံး တစ်တုံးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တိုက်မိပြီး ဘေးသို့ လဲကျသွားရာမှ ကျောက်နံရံနှင့် ဦးခေါင်းဆောင့်မိကာ မူးဝေသွားလေတော့သည်။

ထိုအခွင့်ကောင်းကိုယူပြီး ဖမုန်းထန်က ဓားကိုထုတ်ပြီး ခုတ်ပိုင်းရန် ပြေးဝင်လာသည်။

နီမောင်က နေရာမှ မထနိုင်သေး။

မလှမ်းမကမ်းသို့ ရောက်လာသောအခါ...

"ဒိုင်း...ဒိုင်း..."

ဟူသော သေနတ်သံ နှစ်ချက် ထွက်ပေါ်လာပြီး ဖမုန်းထန်မှာ မြေပေါ်သို့ ပစ်ကျသွားလေတော့သည်။

ခဏကြာတော့ ထိုနေရာကို ကိုအောင်နိုင် ရောက်လာသည်။ သူ့လက်ထဲမှာ သေနတ်တစ်လက် ကိုင်ထားသည်။

"ကိုနီမောင်... ကိုနီမောင်"

အနားမှာထိုင်ပြီး လှုပ်ခေါ်လိုက်တော့မှ နီမောင် သတိပြန်ရလာသည်။

"ကိုအောင်နိုင်... အခြေအနေဘယ်လိုလဲ"

"အဝဘက်မှာ အခြေအနေ ကောင်းပါတယ်၊ ဝံပုလွေတွေနဲ့ ရန်သူတွေ အတော်များများကို သုတ်သင်ပြီးလို့ တချို့ဆိုရင် ဂူထဲကိုတောင် ဝင်လာနေကြပြီ"

"ကောင်းတယ်၊ ကျွန်တော်တို့ ခင်မြမှူ ရှိတဲ့နေရာကို လိုက်ရှာကြရအောင်၊ သူ ဒီဂူထဲက တစ်နေရာမှာ ရှိမှာပဲ"





"ကျွန်တော် ဝံပုလွေမျက်နှာနဲ့ လူတစ်ယောက်ကို စစ်ကြည့်တော့ သားရဲတွင်း အထက်နားက ဂူပေါက်တစ်ခုထဲမှာ ရှိတယ်လို့ ပြောတယ်"

"ဒီလိုဆိုရင် သွားကြစို့"

နှစ်ယောက်သား အပေါ်ဘက်သို့ ပြေးတက်လာကြသည်။ ဂူထဲမှာတော့...

သေနတ်သံ၊ ဓားခုတ် လှံထိုးသံ၊ မြားပစ်သံ၊ မာန်ဖီသံ၊ အော်ဟစ် ကြိမ်းမောင်းသံ၊ နာကျင် ညည်းညူ အော်ဟစ်သံ၊

မီးခိုးငွေ့များ၊ ယမ်းနံ့၊ သွေးညှီနံ့တို့ဖြင့် လွှမ်းနေလေတော့သည်။

နှစ်ယောက်သား အပေါ်ဘက်ရောက်တော့ သူတို့သွားမည့် လမ်းဘက်တွင် လူတစ်ယောက် ရပ်နေလေသည်။

ဝံပုလွေများနှင့် ယှဉ်ပါးနေသော ဦးရယ်တန်ပင် ဖြစ်သည်။

"ငါ့ရဲ့ အကြံအစည်တွေကို ဖျက်ဆီးတဲ့လူတွေ၊ ငါ့သားတွေကို သတ်တဲ့ လူမိုက်တွေ၊ သင်းတို့ကို အခုချက်ချင်း ငရဲပြည်ကို ရောက်အောင် ပို့ပစ်မယ်"

ဟု ပြောပြီး ၎င်းနံ့ဘေးနားမှာ ရှိသည့် ခံတံခါးကို ခြေဖြင့် ဝုန်းခနဲ ကန်ဖွင့်လိုက်ရာ တံခါးပွင့်သွားသည်နှင့် မရှေးမနှောင်းမှာပင် ဂူထဲမှ သတ္တဝါကြီးတစ်ကောင် ပြေးထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်မက်ဖွယ် ကောင်းလှသည့် ဝံပုလွေကြီး ဖြစ်၏။

ဝံပုလွေကြီးက သူတို့နှစ်ယောက်ကို မြင်သောအခါ ပါးစပ်ကြီးကို အစွမ်းကုန်ဖြဲပြီး ပြေးချလာသည်။

ကိုအောင်နိုင်က သေနတ်ဖြင့်ချိန်ကာ နှစ်ချက် သုံးချက် ပစ်လေသည်။

"ဒိုင်း...ဒိုင်း...ဒိုင်း"

ပစ်ကွင်းက မဝေးလှသော်လည်း ကိုအောင်နိုင် ပစ်လိုက်သော ကျည်ဆန်များက ဝံပုလွေကြီးအား တစ်ချက်မျှ မထိချေ။

"သူ့ကို သေနတ်နဲ့ပစ်လို့မရဘူး ကိုအောင်နိုင်၊ ဘေးကို လွတ်အောင်ရှောင်နေ"

ဟု ပြောကာ ကိုအောင်နိုင်အား ဘေးသို့ တွန်းထုတ်လိုက်သည်။ နီမောင့်ကိုယ်ပေါ်မှာ အနီရောင်ပါသော အကျီ ဘောင်းဘီများ ဝတ်ထားသည့်အပြင် နဖူးမှာလည်း အနီရောင် ပဝါစကို စည်းထားသော နီမောင်ကို မြင်သည်နှင့် အနီရောင် မကြိုက်သော ဝံပုလွေကြီးက သူ့ဆီသို့ ဒေါသတကြီး ပြေးချ လာလေသည်။

နီမောင်က ဓားလှံကို ရှေ့မှာခင်းထားပြီး အဆင်သင့် စောင့်နေသည်။

"မိုးစွာကောင်ကြီး... ဒီနေ့ဟာ မင်းအတွက် နောက်ဆုံး နေ့လို့သာ မှတ်လိုက်ပေတော့"





မလှမ်းမကမ်းသို့ ရောက်သောအခါ ဝံပုလွေကြီးက နီမောင့်ကိုယ်ပေါ်သို့ လွှားခနဲ ခုန်အုပ်လိုက်သည်။

ထိုအခါ နီမောင်က ဆတ်ခနဲ ဒူးထောက် ထိုင်ချလိုက်ပြီး ကိုယ်ပေါ်မှ ကျော်ဝင်လာသည့် ဝံပုလွေကြီး၏ ဝမ်းဗိုက်ကို ကိုးသချိုင်းဓားလှံဖြင့် အားကုန် ဆောင့်ထိုးကာ ခွဲချလိုက်သည်။

"ဗျို..."

"ဂါး...ဂါး...ဂါး..."

သုံးထိသံ၊ ကြောက်မက်ဖွယ်ရာ အော်သံဖြင့် နောက်ဘက်သို့ ကျော်ကာ ပစ်ကျသွားသည်။

နီမောင့် ကိုယ်ပေါ်မှာ သွေးစက်များ စွန်းပေကုန်သည်။

ဝမ်းဗိုက်ပွင့်သွားပြီး အူများ ထွက်ကျလာနေသော်လည်း ဝံပုလွေကြီးက နေရာမှ ပြန်ထလာပြီး နီမောင့်ကို ရန်ပြုရန် ပြေးလာရာ နီမောင်က ကိုယ်ကို တစ်ပတ်လှည့်ပြီး လှံဖြင့် ဆီးထောက်ကာ ဝံပုလွေကြီး လည်ပင်း၌ ပတ်ထားသော သားရေပြားကို ဖြတ်ထုတ်လိုက်လေသည်။ ထိုအခါ ကိုအောင် နိုင်က ဒဏ်ရာများဖြင့် သွေးရူးသွေးတန်း ဖြစ်နေသည့် ဝံပုလွေကြီးအား သေနတ်ဖြင့် နှစ်ချက်ဆင့်ပစ်ကာ ပွဲသိမ်း လိုက်လေသည်။

"ဒိုင်း...ဒိုင်း..."

ဦးခေါင်း တစ်ချက်၊ ရှေ့လက်ပြင်နေရာ တစ်ချက် သေနတ် ကျည်ဆန်ထိမှန်လိုက်သော ဝံပုလွေကြီးမှာ တဂိီးဂိီး တဂဲဂဲ မာန်ဖီရင်း ဘေးသို့ လဲကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ နီမောင်က ဝံပုလွေကြီးဆီမှ ပြုတ်ကျနေသော လည်ပတ်ကြိုးကို ကောက်ယူပြီး ကြည့်လိုက်သောအခါ သားရေပြားကြားမှာ ထည့်ထားသော ဝက်တောင်းမာန်စွယ်ကို တွေ့ရလေတော့သည်။

"ဒါ... ဘာလဲ"

"ဒါ... ဝက်တောင်းမာန်စွယ်ပဲ၊ ဒါရှိနေသရွေ့ ဓားလှံ လက်နက်တွေနဲ့ ထိုးခုတ်လို့မရဘူး၊ သေနတ်နဲ့ ပစ်လို့ မမှန်နိုင်ဘူး"

"ဟင်... အဆန်းပါလား၊ ကိုနီမောင် ဓားလှံနဲ့တော့ ထိုးခုတ်လို့ ရပါလား"

ကိုအောင်နိုင်က တအံ့တသြ မေးလိုက်သည်။

"ဒါထက် ဟိုအဘိုးကြီး ဘယ်ရောက်သွားပြီလဲ"

"သူ ထွက်ပြေးသွားရောပေါ့၊ ဒါပေမယ့် ဒီဂူထဲက မထွက်နိုင်ပါဘူး၊ တစ်ယောက်ယောက်နဲ့တော့ တွေ့မှာပဲ၊ လာ... ခင်မြမူ တို့ကို သွားရှာရအောင်"

နှစ်ယောက်သား အပေါ်နားသို့ ဆက်တက်လာသော အခါ ပိတ်ထားသော ဂူပေါက် နှစ်ပေါက်ကို တွေ့ရသည်။

ဂူပေါက် နှစ်ပေါက်စလုံးကို ကျောက်တုံးကြီးများဖြင့် ဦးရယ်တန်က ဂူပေါက်ဝ တစ်ခုကို ပိတ်ထားသော ကျောက်တုံး ကြီးကို တစ်ယောက်တည်း ကြိုးစားဖွင့်နေလေသည်။ နီမောင် တို့က မိမိတို့နှင့် မနီးမဝေးမှာရှိသည့် ဂူပေါက်ဝနားကပ်ကာ...





"အစ်မရေ... အစ်မရေ"

"ခင်မြမူရေ... ခင်မြမူရေ"

အော်ခေါ်သောအခါ ဂူအထဲမှ ပြန်အော်သော အသံ သဲ့သဲ့ကို ကြားရသဖြင့် နှစ်ယောက်အားဖြင့် ပိတ်ထားသော ကျောက်တုံးကြီးကို တွန်းဖယ်ကြရာ အတန်ကြာအောင် အားစိုက်ပြီး ဖွင့်တော့မှ ကျောက်တုံးကြီးပွင့်သွားပြီး အထဲမှာ ခင်မြမူရော နှင်းဖြူကိုပါ တွေ့ရသည်။

ထိုအခိုက်မှာပင် ဦးရယ်တန် တွန်းဖွင့်နေသော ကျောက်တုံးကြီးမှာလည်း တစ်ဝက်တစ်ပြက် ပွင့်နေပြီဖြစ်ရာ အထဲမှ ပင့်ကူနက်များ ထွက်လာနေလေပြီ။

ဂူထဲမှ ခင်မြမူနှင့် နှင်းဖြူတို့ အပြင်သို့ ထွက်လာကြ သည်။

နီမောင်နှင့် ကိုအောင်နိုင် တို့ကို မြင်သောအခါ အံ့သြ ဝမ်းသာ ဖြစ်နေကြသည်။

နှင်းဖြူက ဦးရယ်တန်လက်ချက်ကြောင့် ကျောက်တုံး ကြီးပွင့်လာပြီး အထဲမှ ပင့်ကူနက်များ ထွက်လာသည်ကို မြင်ရသောအခါ အထိတ်တလန့် ဖြစ်နေလေသည်။

ထိုအခိုက်မှာပင်...

ကျောက်တုံးကြီးက ဘေးဘက်သို့ ဝုန်းခနဲ လိမ့်ဆင်း သွားလေရာ ဂူပေါက်ထဲမှ အမည်းရောင် မင်ရည်အလုံးကြီး သွန်ချလိုက်သကဲ့သို့ ပင့်ကူနက်များ ထွက်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပင့်ကူနက်များက အပေါက်ဝ၌ရှိနေသော ဦးရယ်တန် အပေါ်သို့ ရောက်သွားရာ တစ်ကိုယ်လုံး ဖုံးအုပ်သွားပြီးနောက် ကြောက်မက်ဖွယ်ရာ အော်သံကြီး ပေါ်ထွက်လာတော့သည်။

"အစ်ကို ဒီဂူထဲက အမြန်ထွက်ကြစို့၊ ဒီလောက်များတဲ့ ပင့်ကူတွေဆိုရင် နိုင်မှာ မဟုတ်တော့ဘူး"

ဟု နှင်းဖြူက သတိပေးလိုက်သဖြင့် လေးယောက်သား အောက်ဘက်သို့ ပြန်ဆင်းကြရလေတော့သည်။

အနည်းငယ် ဝေးသောနေရာသို့ ရောက်သောအခါမှ နောက်ဘက်သို့ လှည့်ကြည့်လိုက်သောအခါ ဂူနေရာအနှံ့ အပြား၌ ပင့်ကူနက်များဖြင့် မည်းနက်လျက် ရှိနေချေပြီ။

သားရဲတွင်းရှိရာသို့ ပြန်ရောက်တော့ အပြင်ဘက်မှ ဝင်လာကြသော အဖွဲ့များနှင့် ဆုံတွေ့ကြလေသည်။

သူတို့အဖွဲ့သားများထဲမှ ဝံပုလွေများ လက်ချက်၊ အဆိပ်လှုံးမြားချက်၊ ပင့်ကူနက်များ၏ အဆိပ်များကြောင့် လူအချို့ သေဆုံးသွားပြီး အချို့မှာ ဒဏ်ရာ ဒဏ်ချက်များ ရကြလေသည်။

ဒဏ်ရာ ရသူများကို ဦးပန်ကောင်းတို့က ပြုစုကုသ ပေးကြလေသည်။

ဌာနာအုပ် ဦးထင်ကျော်က...

"ကုန်သည်ငါးယောက် အသတ်ခံရတဲ့ ကိစ္စအတွက် အမှုမှန်မပေါ်လို့ ကျုပ်ကို အထက်လူကြီးတွေက ကြိမ်းမောင်း





ချင်နေကြတယ်၊ အခုလို အဖြေမှန်သိရပြီး လူသတ်တရားခံကို တွေ့တော့လည်း ကျုပ်အတွက် သက်သာတာပေါ့၊ ကံကောင်းရင် ရာထူးတွေ၊ ဘာတွေတောင် တက်ချင် တက်နေဦးမှာ"

ဟု လွန်စွာ စိတ်ပေါ့ပါးသော လေသံဖြင့် ပြောနေလေသည်။ ထိုသို့ ဂူထဲမှာ အဖွဲ့သားများဆုံနေခိုက်မှာ ကိုအောင်နိုင်က ခင်မြမူ လက်ကိုဆွဲ၍ တစ်နေရာသို့ ခေါ်သွားလေသည်။

"ကိုယ်ဖြင့် မြကို သေပြီမှတ်လို့ ပူဆွေးသောက ရောက်လိုက်ရတာ အခုမှပဲ စိတ်အေးရတော့တယ်"

ဟု တုန်ယင် လှိုက်လှဲသော လေသံဖြင့် ဗလုံးဗထွေး ပြောလိုက်လေသည်။

"မြလည်း ဒီလိုပါပဲ အစ်ကိုရယ်၊ အစ်ကိုနဲ့ ဝေးရတော့ မယ်ထင်ပြီး စိုးရိမ်သောက ရောက်လိုက်ရတာ အခုမှပဲ စိတ် သက်သာရာ ရတော့တယ်၊ မြနဲ့ အစ်ကိုနဲ့ ခုလို ပြန်ဆုံခွင့် ရတာ ဘယ်သူ့ကျေးဇူးကြောင့်လို့ အစ်ကိုထင်သလဲ"

"ဘယ်သူ့ကြောင့်လဲ"

"နှင်းဖြူ ဆိုတဲ့ မိန်းကလေးကြောင့်ပေါ့"

"ဟင်... သူက မြတို့ကို ဒုက္ခပေးခဲ့တာ မဟုတ် ဘူးလား"

"မဟုတ်ပါဘူး၊ မြ ပြောပြမယ်"

ဟု ခင်မြမူက အကြောင်းစုံ ပြောပြလိုက်တော့မှ ကိုအောင်နိုင်မှာ သဘောပေါက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါက အရေးမကြီးဘူး၊ အားလုံး အခြေအနေတွေ ပြီးသွားလို့ ရွာပြန်ရောက်ရင် ကိုယ်နဲ့ မြနဲ့ မင်္ဂလာထပ်ဆောင် ရဦးမှာနော်"

"ဟင်... တစ်ခါဆောင်ပြီးပြီ မဟုတ်လား"

"အို... အဲဒီ တစ်ခါတုန်းက အနှောင့်အယှက်တွေ ဝင်သွားလို့ အ.ထ မမြောက်ခဲ့ဘူး၊ ဒီတစ်ခါမှ အ.ထ. မြောက်အောင်ကို မင်္ဂလာပြန်ဆောင်ရမှာ"

"အို... အစ်ကိုကလည်း နားရှက်စရာ"

ထိုသို့ ကိုအောင်နိုင်နှင့် ခင်မြမူတို့ ချစ်သူနှစ်ဦး စကားလက်ဆုံ ပြောမကုန်ရှိနေကြစဉ် နှင်းဖြူ ခမျာမှာတော့ ကျောက်တုံးအကွယ် နံဘေးနားမှာ ထိုင်၍ ငိုနေသည်။

ခဏကြာတော့ ထိုနေရာသို့ နီမောင် ရောက်လာလေသည်။

"ဟင်... နှင်းဖြူက ဒီနေရာမှာ တစ်ယောက်တည်း လာငိုနေတယ်"

"ကျွန်မဘဝမှာ အဘကိုပဲ အားကိုးပြီးနေရတာ၊ အခု အဘလည်း မရှိတော့ ဘယ်သွားပြီး ဘယ်သူနဲ့ နေရတော့မှာလဲ အစ်ကိုရယ်"

ထိုစကား ကြားသောအခါ နီမောင်က အသာပြုံးလိုက်သည်။





"ဒီအတွက် စိတ်မပူပါနဲ့ နှင်းဖြူရယ်၊ အစ်ကိုတို့မှာလည်း မောင်နှမ နှစ်ယောက်တည်း ကျန်တော့မှာဆိုတော့ နှင်းဖြူ အစ်ကိုတို့နဲ့ လိုက်နေဖို့ ခေါ်သွားပါ့မယ်"

"တကယ်ပြောတာလား အစ်ကို"

"တကယ်ပါကွယ်... တကယ်တော့ နှင်းဖြူက ဘဝ ကြမ်းပေမယ့်၊ မလှပတဲ့ ဘဝခြားမှာ နေရပေမယ့် စိတ်ထား လှတဲ့ မိန်းကလေး တစ်ယောက်ပါပဲ၊ အစ်ကို မင်းကို တစ်သက်လုံး စောင့်ရှောက်သွားဖို့ ဆုံးဖြတ်လိုက်ပါပြီ"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာ အစ်ကိုရယ်"

ထိုသို့ ပြောနေကြစဉ် သူတို့ရှိရာသို့ စောထီးနှင့် ငမဲအောင်တို့ ရောက်လာကြသည်။

"ဩော်... တို့က ပျောက်လို့ လိုက်ရှာနေတယ်၊ ကိုယ်တော်ချောက ဒီမှာ နှစ်ယောက်တည်း အကြည်ဆိုက်နေ တာကိုး"

"ကဲ...ကဲ... ဇာတ်က ဆက်ကမယ် ဆိုရင်လည်း ရွာကျမှ မိုးအလင်း ဆက်ကပေတော့၊ အခုတော့ ဂူထဲက ထွက်ကြရအောင်၊ အပေါ်က ပင့်ကူနက်တွေ ဆင်းလာကုန်ပြီ"

"မင်းတို့ကလည်းကွာ"

နီမောင်မှာ ရှက်ကိုးရှက်ကန်း အမူအရာဖြင့် ပြောရင်း နှင်းဖြူ လက်ကလေးကိုဆွဲပြီး ဂူအပြင်ဘက်သို့ ထွက်ခဲ့ကြလေသည်။


www.burmeseclassic.com

www.burmeseclassic.com



သူတို့တစ်တွေအားလုံး အပြင်ဘက်သို့ ရောက်ကြပြီး အတန်ကြာသောအခါ ဝံပုလွေတောင်တစ်ခုလုံး ပင့်ကူနက်များက နေရာအနှံ့ ပြည့်နေသည်ကို တွေ့ကြရသည်။

ထိုပင့်ကူနက်များကို မြင်သောအခါ ဦးဗန်ကောင်းက...

"ဒီလောက်များတဲ့ ပင့်ကူတွေ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်၊ ဒီလို ပင့်ကူမျိုးတွေနဲ့ တွေ့လို့ကတော့ ဘယ်လို လက်နက်နဲ့ တိုက်လို့မှ ရမယ် မထင်ဘူး"

ဟု ပြောလိုက်စဉ် နီမောင်နှင့် နှင်းဖြူက အနားသို့ ရောက်လာသည်။ ဦးဗန်ကောင်းက အကဲခတ်သလို တစ်ချက် ကြည့်ပြီး...

"မင်းက သူ့ကို ခေါ်ခဲ့မှာလား"

ဟု မေးလိုက်တော့ နီမောင်က ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

"နာမည်က ဘယ်သူတဲ့လဲ"

"နှင်းဖြူ"

"အင်း... နှင်းဖြူ ဆိုတော့ စနေနဲ့ ကြာသပတေး၊ မင်းကလည်း နီမောင်ဆိုတော့ စနေနဲ့ ကြာသပတေး၊ ရန်သကခေတ်နှစ်ခု ကက်ကင်းထပ်ထားတော့ ရန်ငြိမ်းတာပေါ့ကွာ"

ဟု ပြောဆိုလိုက်ရာ နီမောင်မှာ သဘော အကျကြီး ကျသွားကာ နှင်းဖြူ မျက်နှာလေးကို အပြုံးရိပ် လွှမ်းသော





ပီတိမျက်နှာဖြင့် လှမ်းကြည့်လိုက်သည်တွင် ကျွန်ုပ်ရေးသားသော "ဝံပုလွေအသည်းနှင့်ချစ်သူ" အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုမှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့ သတည်း။

အနိစ္စဿဿဟောတု သုခီအတ္တာနံ ပရိဟာရတု။

တြိစက္က

စာပြီးချိန် ✍ ၂၀၀၆-ခုနှစ်၊ ဧပြီလ (၂၆)ရက်၊
ဗုဒ္ဓဟူးနေ့ နေ့လယ် (၃း၀၅)နာရီ

BURMESE CLASSIC .com



www.burmeseclassic.com